www.burmeseclassic.com

# ကုန်းဘောင်ခေတ်မှကြိုးတစ်ချောင်း

## လောကီသိပ္ပံဂမ္ဘီရမှတ်တမ်းများ နှင့်

ဆရာကြီး

# နတ်စက်ရောင်



BURMESE CLASSIC

www.burmeseclassic.com

www.burmeseclassic.com

# ကုန်းဘောင်ခေတ်မှ ကြိုးတစ်ချောင်း

# နှင့်

# လောကီသိပ္ပံဂမ္ဘီရမှတ်တမ်းများ

ဆရာကြီး နတ်စက်ရောင်

www.burmeseclassic.com

www.burmeseclassic.com

ငြိမ်းချမ်းစာအုပ်တိုက်

အမှတ် – ၅၊ ၆၊ ၇ ပြည်ထောင်စုလမ်း
၆၄–ရပ်ကွက်၊ စက်မှုဇုန် (၃)၊ မြို့နယ် သာမရေး၊
တောင်ဒဂုံမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း – ဖုန်း – ၆၆၀၁၄၅၊ ၇၀၀၆၀၂

www.burmeseclassic.com

www.burmeseclassic.com

## ပုံနှိပ်မှတ်တမ်း


| | |
|---|---|
| စာမူခွင့်ပြုချက်အမှတ် | ၅၀၀၁၆၉၀ ၂၀၇ |
| မျက်နှာဖုံးခွင့်ပြုချက်အမှတ် | ၅၀၁၅၈၁၁၀၈ |
| ထုတ်ဝေသူ | ဦးချစ်ညွန့်<br>ဇင်ရတနာစာပေ<br>၂၀၅၊ မြို့သစ်၊ အင်းစိန်။ |
| ပုံနှိပ်သူ | ဦးစံလှမောင်<br>စန္ဒာဝင်းပုံနှိပ်တိုက်။ |
| ထုတ်ဝေသည့်ကာလ | ၂၀၀၉ခုနှစ်၊ ဩဂုတ်လ |
| တန်ဖိုး | ၁၀၀၀ကျပ် |


www.burmeseclassic.com

www.burmeseclassic.com

# နာမ်ချင်းဆက်သွယ် ပရနယ်

အနံ့ကတော့ ဘယ်လိုမှ မမှားနိုင်သော မေ့ဆေးအနံ့ပင် ဖြစ်လေသည်၊ ဝိလီယံဆင်သည် ကြောက်လန့်သွား၏၊ အာနိုးက သူ့ကိုယ်သူမှား သတ်သေ လိုက်ပြီလားဟူသော စိုးရိမ်စိတ်ဖြင့် သူ့ ခုတင်ဘေးသို့ ကမန်းကတန်း တိုးသွားလိုက်၏၊ မေ့ဆေးအနံ့က ပို၍ စူးရှပြင်းထန် လာ၏၊ အခိုးအနံ့များကြောင့် မွန်းကြပ် ကြပ်ဖြစ်လာသဖြင့် သူသည် အာနိုးကို အော်ခေါ်လိုက်၏၊ သူ့ကိုယ်လုံးကိုလည်း ကိုင်၍ လှုပ်လိုက်၏၊ အာနိုးသည် လှုပ်ရှား မှုလည်းမရှိ၊ တုံ့ပြန်မှုလည်း မရှိတော့ပေ၊

www.burmeseclassic.com

www.burmeseclassic.com

# ဆနိုးကြွယ်သောသမင်ချို

စက္ကန့်နှင့်မိနစ်လက်တံများ ရွေ့လျားနေသလို နောက်ဆုံး၌ နေရောင်ခြည်တန်းကြီးသည် သမင်ဦးခေါင်းကြီးတစ်ခုလုံးပေါ်သို့ စူးစူးရှရှ လင်းထိန်ပြီး ထိုးကျရောက်သည်နှင့် တစ်ပြိုင် နက် ချိုအလက်အခက်များ၏ပုံရိပ်မှာ နံရံပေါ်၌ အစွန်းအထွက်မရှိဘဲ မျက်နှာတစ်ခု၏ သဏ္ဍာန် ပုံရိပ်ကောက်ကြောင်းကြီးကို ထင်ထင်ရှားရှား မြင်နေရတော့၏။

www.burmeseclassic.com

www.burmeseclassic.com

# ကုန်းဘောင်ခေတ်မှ ကြိုးတစ်ချောင်း

ထို့နောက် စားပွဲသို့ သွားပြီး စာအုပ်ကို ပိတ်လိုက်၏။ ထိုအခါ စာကြည့်စားပွဲဘေးရှိ ကုလားထိုင်ပေါ်တွင် လူရိပ် သဏ္ဌာန်တစ်ခု မှုန်ဝါးဝါး ပေါ်နေလေ၏။ ထိုသဏ္ဌာန်ကို တွေ့တွေ့ချင်း ထိတ်လန့်သွားသဖြင့် သတိ လစ်မတတ်ဖြစ်သွား၏။ နောက်မှ သတိ ဝင်လာသဖြင့် ယောင်ပြီး လန့်မအော်မိစေ ရန် အတော်ထိန်းလိုက်ရ၏။ တံဖြည်းဖြည်း ကြည့်နေရင်းပင် ကုလားထိုင်ပေါ်မှ ပုံရိပ် သည် ထင်ရှားလာ၏။

www.burmeseclassic.com

www.burmeseclassic.com

# သင်္ကန်းရေစိုနေသော ရဟန်းတစ်ပါး

"တျူပ်တောင်မှ ဆွမ်းလောင်းပြီး ဒီကိုယ်တော်ကြီးဟာ ထူးခြားတယ်လို့ဆိုပြီး ခေါင်းတောင် ငုံ့ကြည့်လိုက်သေးတယ်၊ ဝါးစပ်ကလဲ ဘာဆုမှ ပေးမသွားဘူး၊ နောက်ပြီး ထူးခြားတာက ပေါင်လယ်လောက်ကစပြီး သင်္ကန်းတွေ အောက်ပိုင်း တစ်ခုလုံးရေစိုရွှဲနေတယ်၊ ရွှဲနေတာမှတော်တော့်ကို ရွှဲနေတယ်၊ ရေစက်တွေဘောင် အောက်ကို တောက်တောက်နဲ့ ကျနေသေးတယ်တော့..."

www.burmeseclassic.com

www.burmeseclassic.com

# ကာလယန္တရားတွင် အမဲလိုက်ခြင်း

ဒိုင်နိုဆောသတ္တဝါကြီးသည် သူ၏ပြောင် ချောပြီး ပျော့စိစိဖြစ်နေသည့် ကြီးမားသော ခြေထောက်ကြီးကိုမြှောက်၍လှမ်းလာလေ၏။ အဆိုပါသတ္တဝါကြီး၏ အရွယ်ပမာဏမှာအတော်ကြီးမား၏။ တောနက်ကြီးအတွင်းရှိ သစ်ပင်ကြီးများထက်ပင် ပေ ၂၀ ကျော်မြင့်မားနေလေ၏။ ထိုသတ္တဝါကြီး၏ အရေပြားတို့သည် ဆီများ စိုစွတ်နေသော မြွေအရေခွံကဲ့သို့ ရှိပြီးလက်သဲချွန်များရှိသောလက်နှစ်ဘက်ကိုကွေးထားသဖြင့် နတ်မိစ္ဆာရုပ်ကြီးသဖွယ် ဖြစ်နေလေ၏။ သူ၏ခြေထောက်ကြီးနှစ်ဘက်မှာ စက်ယန္တရားကြီးများ၏မောင်းတံ သဖွယ်ဖြစ်နေ၏။ အရေပြားအောက်တွင်ပေါင်ချိန်ထောင်ပေါင်းများစွာရှိသောအသားစိုင်ကြီးများက အရိုးကြီးများကို ပိုက်ကွန်သဖွယ် မိုးအုပ်ထားပြီး သူ၏ အရေပြားပေါ်တွင် အကြေးကွက် များထနေလေ၏။

www.burmeseclassic.com

www.burmeseclassic.com

# ကလေးတစ္ဆေ

ကျွန်မလဲ အိပ်ရာဝင်ပြီး
အိပ်ပျော်သွားလိုက်တာ
နာရီပေါင်းအတော် ကြာတော့
ကျွန်မ လန့်နိုးသွားပါတယ်၊
စိတ်ထဲမှာလဲ အိမ်ရဲ့ဝင်းခြံ ထဲမှာ
ကလေးတစ်ယောက်ယောက်
အော်ငိုနေတဲ့အသံကို ကြား နေရသလိုပါပဲ"
"အသံကတော့ နားထောင်လေ၊
ပိုပြီး ထင်ရှားလေပါပဲ၊ ငိုနေတဲ့ ကလေးဟာ
ဘယ်သူ့ကလေးလဲဆိုတာကိုလည်း...

www.burmeseclassic.com

www.burmeseclassic.com

## မရကာရကော်ျှန်းပြောင်းစေသူ

ထောင်ပိုင်ကြီးသည် ရာဇဝတ်သား အခြေအနေကို သိရှိရန် လာကြည့်သေး၏။ သို့သော် လူနာ၏ ခုတင်နား အထိကား မသွား ခဲ့ပေ။ လေးလေးပင်ပင်ကြီး အသက်ရှူရှိုက်နေ ရသော လူနာကို အဝေးမှသာ ကြည့်သွားခဲ့၏။ လူနာ၏တစ်ကိုယ်လုံးတွင် အညိုစင်းများပေါ်နေ ပြီ ဖြစ်၏။ ထိုအခါ ထောင်ပိုင်ကြီးသည် သူ၏ နာခေါင်း၊ ပါးစပ်ပေါက် တို့ကို လက်ကိုင် ပဝါဖြင့် ပိတ်ပြီး ခပ်သွက်သွက် ပြန်လှည့် ထွက်သွားလေ တော့၏။

နောက်တစ်နေ့တွင် လူနာ၏ ပြင်းထန် ဆိုးဝါးသော ညည်းညူသံကြီးကို ထောင်ကြီး တစ်ခုလုံး နီးပါး ကြားနေ ကြရ၏။ ထို့ကြောင့် မည်သည့် ထောင်အမှုထမ်းမှ အကျဉ်းသား ထားရာ နေရာမှ ကိုက်တစ်ရာ အတွင်းသို့ ဖြတ်သန်းခြင်းမပြုကြတော့ပေ။

www.burmeseclassic.com

www.burmeseclassic.com

# ရုပ်ပြောင်းရုပ်လွဲအတတ်ပညာ

သူတွေးနေစဉ်မှာပင် ဆာဗိုင်းလ်၏ ကိုယ်ပေါ်၌ ပြောင်းလဲမှုကို တွေ့လိုက်ရသည်။ သူ့ကုတ်အင်္ကျီအဝါတွင် အနက်လုံးများပေါ်လာလေ၏။ သေးသွယ်၍ ငုံကျနေသော သူ့လက်ချောင်းများမှာ ရှည်လျား၍ ကောက်ကွေးလာ၏။ သူ့နားရွက်များသည်လည်း ဦးခေါင်းထိပ်သို့ ရောက်လာပြီး သေး၍ ချွန်နေလေ၏။ သူ့မျက်နှာတစ်ခုလုံးလည်း ရှေ့သို့ ထွက်လာပြီး တောရိုင်းတိရစ္ဆာန် တစ်ကောင်၏ မျက်နှာဖြစ်လာသည်။

www.burmeseclassic.com

www.burmeseclassic.com

# အနော်ရထာဝတ္တုသိုက်

အဲဒီတော့ ကျွန်တော်လဲ အသံကြားရာကို
လက်နှိပ်ဓာတ်မီးနဲ့ ထိုးကြည့်လိုက်တော့
လား...လား ...
ရောမမြွေကြီး တစ်ကောင် ဖြစ်နေတာကိုးဗျ၊
ဒီမြွေကြီးဟာ မြွေဟောက်လို
ပါးပျဉ်းထောင်ထားပြီး၊ စပါးကြီးမြွေထက်လဲ
အများကြီးကြီးတယ်၊ ခမာလူမျိုးတွေရဲ့
ဒဏ္ဍာရီထဲက မြွေနဂါးကြီးထင်ပါရဲ့ဗျာ ...

www.burmeseclassic.com

www.burmeseclassic.com

# မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁။ | နာမ်ချင်းဆက်သွယ် ပရနယ် | ၁ |
| ၂။ | ဆန်းကြယ်သောသမင်ချို | ၁၄ |
| ၃။ | ကုန်းဘောင်ခေတ်မှ ကြိုးတစ်ချောင်း | ၅၆ |
| ၄။ | သင်္ကြန်းရေစိုနေသော ရဟန်းတစ်ပါး | ၇၉ |
| ၅။ | ကာလယန္တရားတွင် အမဲလိုက်ခြင်း | ၈၈ |
| ၆။ | ကလေးတစ္ဆေ | ၁၀၉ |
| ၇။ | မရဏာရက်ချိန်းပြောင်းစေသူ | ၁၃၄ |
| ၈။ | ရုပ်ပြောင်းရုပ်လွှဲအတတ်ပညာ | ၁၅၃ |
| ၉။ | အနန္တကောဝပ်ရတနာသိုက် | ၁၈၂ |


www.burmeseclassic.com

www.burmeseclassic.com

# နာမ်ချင်းဆက်သွယ် ပရနယ်

မိခင်ဖြစ်သူ အိန္ဒိယနိုင်ငံကြီးက သူ၏ မွေးစားသားသမီးများဖြစ်ကြသည့် မျက်နှာဖြူများ၏ နှလုံးသည်းပွတ်အတွင်းသို့ သွတ်သွင်းပေးသည့် သင်ခန်းစာတစ်ရပ်မှာ ဒုက္ခတစ်ခု၊ ပြဿနာတစ်ရပ် ကြုံတွေ့လာလျှင် ကြီးသည်ဖြစ်စေ၊ သေးငယ်သည်ဖြစ်စေ တစ်ဦးနှင့်တစ်ဦး စာနာရိုင်းပင်း ကူညီရန်ပင် ဖြစ်ပါတော့သည်။

ယူဆာပိုးမှ စုဆောင်းရေးအရာရှိကတော် မစ္စစ်အာနိုးအား သူ၏ ဆရာဝန်က ရုတ်တရက် အင်္ဂလန်ကို ပြန်လာပါရန် ညွှန်ကြားလိုက်၏။ ထိုအခါ ခင်ပွန်းဖြစ်သူ မစ္စတာအာနိုးမှာ ဇနီးသည်နှင့်အတူ အင်္ဂလန်သို့လိုက်ပါရန် ခွင့်မရသဖြင့် တစ်ယောက်တည်း စိတ်မချမ်း မသာ ဖြစ်နေလေ၏။ ထို့ကြောင့် မစ္စတာအာနိုး ခံစားနေရသော စိတ်ဒုက္ခများကို စာနာပြီး



www.burmeseclassic.com

www.burmeseclassic.com



ရိုင်းပင်းကူညီသောအားဖြင့် မစ္စတာဝီလီယံဆင် သည် အာနိုး၏ ဘန်ဂလိုသို့ ပြောင်းရွှေ့လာပြီး သူ၏အထီးကျန်ဘဝကို ဖေးမ စောင့်ရှောက်လေ၏။

ဝီလီယံဆင်၏ အကူအညီပေးသော ကမ်းလှမ်းမှုကို အာနိုးကလည်း ကျေးဇူးတင်စွာဖြင့် လက်ခံခဲ့လေ၏။ အကြောင်းမှာမူ အာနိုးတို့ ဇနီးမောင်နှံသည် မကြာသေးမီကမှ လက်ထပ်ခဲ့ကြခြင်းဖြစ်သဖြင့် ခင်ပွန်းဖြစ်သူမှာ ဇနီးသည်ကို လွန်စွာလွမ်းဆွတ်နေလေ၏။ ဇနီးသည်၏ ကျန်းမာရေးကို စိတ်ပူရလွန်းသဖြင့် သူသည် စိတ်ကျရောဂါ ဖြစ်လုမတတ် ရှိနေလေတော့သည်။

ထို့ကြောင့်လည်း မစ္စတာဝီလီယံဆင်သည် အလွန်ကြီးမား၍ ပဲ့တင်သံပင်ထွက်နေသည့် ဘန်ဂလိုကြီး၏အဆောက်အဦတစ်ခြမ်းဘက်ဆီသို့ ပြောင်းရွှေ့ အခြေချလာခဲ့ခြင်း ဖြစ်သည်။ ပြောင်းရွှေ့ နေထိုင်ရသဖြင့် သူ့အတွက် အဆင်မပြေလှသော်လည်း ဝီလီယံဆင်မှာမူ လုံးဝကိုယ်ကျိုးမငဲ့သူ၊ စိတ်နှလုံးကောင်းရှိသူဖြစ်သဖြင့် သူ၏ ဆန္ဒထက် အပေါင်းအသင်းမိတ်ဆွေဖြစ်သူကို ပျော်ရွှင်စေလိုသည့် အတွက် အာနိုးအတွက် အင်္ဂလန်သို့ စာပို့သည့်ကိစ္စများကို နေ့စဉ် အကူအညီ ပေးနေလေ၏။

မစ္စတာအာနိုးသည် နေ့စဉ်ရောက်ရှိလာသည့် 'စာ'ပေါ်တွင်သာ အားပြု၍ အသက်ရှင်နေရလေတော့သည်။ သူ့ဇနီးထံမှစာများ ရောက်လာသည့်အခါတွင်လည်း ဖွင့်၍ ဖောက်ဖတ်ရန်



www.burmeseclassic.com

www.burmeseclassic.com



ကြောက်နေ ပြန်၏။ သူ့ဇနီး၏အခြေအနေမှာ ပိုမိုဆိုးဝါးနေပြီလား၊ ဆိုးဆိုးဝါးဝါး တစ်စုံတစ်ရာများ ဖြစ်နေပြီလားဟု တွေးတောပြီး စိတ်ပူနေတော့သည်။

ဝီလီယံဆင်အနေဖြင့်လည်း သူ့မိတ်ဆွေ၏ စိတ်ဓာတ်ကို ပေမှိဒေါက်မှီ မြှင့်တင်ပေးရန် ခဲယဉ်းနေကြောင်း တွေ့ရှိရလေ၏။ ရှုထောင့်တိုင်းတွင် အခြေအနေအရပ်ရပ်မှာ အဆင်မချောလှချေ။

စ၍ပြောရလျှင် မစ္စတာအာနိုးကိုယ်တိုင်ပင် ကျန်းမာရေး ကောင်းသူမဟုတ်ပေ။ ပြီးခဲ့သည့်နှစ်က အကြီးအကျယ် 'အူရောင်ငန်းဖျား' ရောဂါဖြစ်ခဲ့ဖူး၏။ သူ့အလုပ်ကလည်း ပေါ့ပေါ့ပါးပါး မဟုတ်ဘဲ တာဝန်ကြီးလှ၏။ ခရိုင်တစ်ခုလုံးကို တာဝန်ယူထားရသောကြောင့်ပင် ဖြစ်၏။

ယူဆာပိုးဒေသကလည်း စိတ်ပျက်စရာကောင်းလှ၏။ အလွန် သဲပေါလှ၏။ အချုပ်ဆိုရပါမူ ထိုဒေသတွင် မိုးသည် အချိန်အခါမရွေး ရွာသွန်းနိုင်ပြီး အပူချိန်ကလည်း အတိအကျ ပြောရန်ပင် ခက်ခဲပါသည်။

သို့သော် သူတို့နှစ်ဦးသည် နေ့လယ်ပိုင်း၊ မွန်းလွဲပိုင်း အချိန်များတွင် တင်းနစ် အနည်းငယ်ကစားကြ၏။ ညနေနှင့် ညဦးပိုင်းတွင် 'ဝှစ်'ဖဲ ကစားကြ၏။ သူတို့နှစ်ဦးတည်းရှိနေလျှင် မစ္စစ်အာနိုးထံမှ နောက်ဆုံးရောက်လာသည့်စာအကြောင်းကို ဆွေးနွေးပြောဆိုကြ၏။

ငြိမ်းချမ်းစာအုပ်တိုက်

www.burmeseclassic.com

www.burmeseclassic.com



အာနိုးက စာများကို ဝီလီယံဆင်အား အသံကျယ်ကျယ်ဖြင့် ဖတ်ပြပြီး နောက်ဆုံးတွင်မူ သူ၏ ညံ့ဖျင်းသော ကံတရားနှင့်သာ သူ့စကားကို အဆုံးသတ်တတ်လေ၏။

"ကျွန်တော် ခွင့်ရနိုင်ရက်သားနဲ့ ပြီးခဲ့တဲ့ (၆) လတုန်းက ဘာဖြစ်လို့ ခွင့်မယူခဲ့ပါလိမ့်၊ အဲဒါဆိုရင် 'လီလာ'လဲ အခုလို မကျန်းမမာ ဖြစ်မှာမဟုတ်ဘူး၊ ကျွန်တော်လဲ ခုလို ဒုက္ခရောက်မှာ မဟုတ်ဘူး၊ ဒါပေမယ့် ဒီလိုပူပြင်းလှတဲ့ နွေခေါင်ခေါင်ကို လွတ်အောင်လို့လဲ ဆက်နေမိတာပါ၊ ကျွန်တော် 'အူရောင်ငန်းဖျား' ဖြစ်ပြီးကတည်းက တင်းပြည့်ကျပ်ပြည့်ပြန်ပြီး မကျန်းမာ တော့ဘူး၊ ကျွန်တော့်နှလုံးကို အဲဒီကတည်း က ထိခိုက်သွားခဲ့တယ်လို့ ကျွန်တော်ထင်တယ်၊ နောက်ထပ် လီလာနဲ့ ပတ်သက်တဲ့ စိတ်သောကတွေကြောင့်လဲ ကျွန်တော်တော့ ရူးသွပ်သွားမလားပဲ၊ ကျွန်တော်ဟာ သိပ်ကြောက်တတ် စိုးရိမ်တတ်တာကို သိတဲ့ လီလာက ကျွန်တော် စိတ်ပူမှာစိုးပြီး ဘာမဆို ခပ်ပေါ့ပေါ့ပဲ ပြောတယ်၊ ဆိုတယ်၊ ဆရာဝန်တွေက သူ့ကို တကယ်ပြောတဲ့ စကားတွေကိုလဲ ကျွန်တော့်ကို ပြန်မပြောဘူး"

သို့သော် မစ္စစ်အာနိုး၏စာများမှာမူ ဆက်လက်၍ ကျေနပ်ဖွယ်ရာ ရှိနေလေ၏။ စာထဲတွင် သူ့ရောဂါသက်သာကြောင်း၊ သူမ၏ မိခင်နှင့် အတူတူနေထိုင်ကြောင်း၊ ဒိဗာမြို့၏ လေကောင်းလေသန့်များကြောင့် သူကျန်းမာလာကြောင်း၊ နောက်ရက်သတ္တပတ် လေးငါးပတ်လောက်ကြာလျှင် နာတာရှည်

www.burmeseclassic.com



ဒုက္ခိတအဆင့်ကို လုံးဝစွန့်လွှတ်နိုင်ပြီဟု ဆရာဝန်က မျှော်လင့်ထားကြောင်း စသည့်ဖြင့် ရေးသားထားလေ၏။

ဤနည်းအတိုင်း အင်္ဂလန်မှ စာအစောင်ရေပေါင်းများ စွာလာနေခဲ့၏။ တစ်ခါတစ်ရံတွင် အာနိုးသည် ပျော်ရွှင်တက်ကြွနေတတ်၏။ သူ့ဇနီးပြန်လာချိန်ဆိုလျှင် ဆောင်းဦးပေါက်ဖြစ်မည်။ အခြားကိစ္စများကိုတော့ သူသည် စိတ်ဓာတ် ကျဆင်းမှုထဲသို့ ချပစ်လိုက်လေ၏။

နောက်ဆုံး တစ်ခုသောညနေခင်း၌ မစ္စစ်အာနိုးထံမှ စာတစ်စောင် ရောက်ရှိလာလေ၏။ စာထဲတွင် သူမသည် ပါရဂူကို တွေ့ဆုံပြသရန် လန်ဒန်သို့ တက်သွားရမည်ဖြစ်ကြောင်း ပါရှိလာလေ၏။

ခင်ပွန်းဖြစ်သူအား စိတ်မပူပါရန်နှင့် ယခုကဲ့သို့သွားရခြင်းမှာ ဆရာဝန်က သူ၏ ကျန်းမာရေးတိုးတက်မှု နှေးကွေးလွန်းသဖြင့် အားလုံးခြုံပြီး ကောက်ချက်ချကာ ပါရဂူနှင့်တွေ့ဆုံခြင်းမှာ အကောင်းဆုံး ဖြစ်သည်ဟု အကြံပေးထားကြောင်း ရေးသားလေ၏။

တကယ်တန်းတွင်မူ အာနိုးသည် စိတ်ပျက်လက်ပျက်ဖြစ်နေပြီ ဖြစ်၏။ ထိုညက သူသည် ညစာလည်းမစားတော့ပဲ အိမ်ရှေ့ရှိ မြက်များခြောက်နေသည့် မြေကွက်ပေါ်တွင်ထိုင်နေကာ ကြေကွဲဖွယ် အကောင်းဆုံးမြင်ကွင်းများကို ကြည့်နေလေ၏။ အိပ်ချိန်ရောက်သော အခါတွင်လည်း သူသည် အိပ်ပျော်မည်မဟုတ်ဟုဆိုပြီး အိပ်ရာဝင်ရန် ငြင်းဆန်လေ၏။ ထိုအခါ



www.burmeseclassic.com

www.burmeseclassic.com



ဝိလီယံဆင်လည်း နောက်ထပ် ဆေးတံတစ်ဆုံ ထပ်ဖြည့်ကာ မီးညှိပြီး ထိုနေရာတွင်ပင်နေရန် စိတ်ကို ဆုံးဖြတ်လိုက်တော့၏။ အကြောင်းမူကား အိန္ဒိယနိုင်ငံ၌ ဤလိုညမျိုး တွင် စိတ်မချမ်းသာသူတစ်ဦးသည် ခြောက်လုံးပြူးသေနတ်ကို လက် တွင် ကိုင်ပြီး ရှုံ့နှံ့ထဲဆင်းကာ မဲမဲမြင်ရာကို ပစ်ချင်ပစ် သို့မဟုတ်လျှင် သေနတ်ကို ပါးစပ်ထဲငုံပြီး မောင်းဖြုတ်ချကာ ကိုယ့်ကိုယ်ကို သေ ကြောင်း ကြံချင်ကြံနိုင်သောကြောင့် ဖြစ်လေသည်။ ထို့ကြောင့် လည်း ဝိလီယံဆင်သည် အာနိုးကို သေချာစွာ စောင့်ကြည့်နေပြီး တိတ်ဆိတ် နေမည့်အစား စကားပြောရန် ဆွဲဆောင်ရလေသည်။ အားပေးစကား များကိုလည်း ပြောရလေ၏။

"စိတ်ဓာတ်မကျစမ်းပါနဲ့ ကိုယ့်လူရာ၊ အခြေအနေ ဆိုးရင် သံကြိုးစာ ရောက်လာမှာပေါ့"

ထိုအခါ အာနိုးက ပြန်ပြောလိုက်၏။

"သူက အခုထိ ပြန်ဒန်ကို မြင်ရသေးတာမဟုတ်ဘူး၊ သူ့စာထဲမှာက နောက်နှစ်ပတ်လောက်ရှိမှ လန်ဒန်ကို ရောက်မှာ တဲ့ဗျ"

"အင်းလေ . . . ဂါက နှစ်ပတ်စောပြီး ရေးလိုက်တာ ကိုး၊ ခင်ဗျားကလည်း အဆိုးမြင်စိတ်တွေ သိပ်များနေတယ်။ ပြီးတော့လည်း သူ့ရဲ့တစ်ခုတည်းသောဆန္ဒက ခင်ဗျား စိတ် မပူဖို့ပဲ"

အာနိုးသည် ခါးကို ဆန့်လိုက်၏။ ပြီးနောက်တွင်မှ သူ့အားနည်းချက်နှင့်ပတ်သက်၍ ရှက်ကိုးရှက်ကန်းဖြင့် ပြော လိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



"သိပါတယ်ဗျာ၊ ဒါပေမယ့် မိန်းမတစ်ယောက်ကို အသည်း နှလုံးနဲ့ရော အသက်နဲ့ပါ ဂရုစိုက်ပြီဆိုမှတော့ အဲဒီ မိန်းမကို ဆုံးရှုံးရရင် လဲ ငရဲမှာ ခံစားရသလိုပဲ ခံစားရတာပေါ့ဗျာ၊ လီလာဟာ ကျွန်တော့် အတွက် ဟောဒီလောကကြီးထဲမှာ အရာခပ်သိမ်းပါပဲ။ သူနဲ့ ခွဲခွာရရင် ကျွန်တော် တအားခံစား ရတယ်။ ကိုယ်တကယ်ချစ်ရတဲ့ ဇနီးတစ်ယောက် သေဆုံးသွားရင် ယောကျ်ားဆိုတဲ့လူဟာ ဘယ်လိုနေမလဲဆိုတာ ကျွန်တော် သိချင်တယ်ဗျာ"

သူသည် ခပ်လေးလေးပင် ဆက်၍ပြောနေလေသည်။

"ကျွန်တော်ပြောတာကို ခင်ဗျားအနေနဲ့တော့ ရယ်ချင် ရယ်မှာပေါ့၊ သူသွားတုန်းက ပြောသွားတယ်ဗျ၊ သူသေသွားခဲ့ရင် သူဟာ ကျွန်တော့်ဆီကို ပထမဆုံး တိုက်ရိုက်လာမယ်တဲ့၊ ကျွန်တော်ကလဲ သူ့ကို အဲဒီလိုမျိုးကတိကို ပြန်ပေးလိုက်ရဘယ် လေ၊ လီလာ တစ်ခုခုဖြစ်ရင် သူကိုယ်တိုင် ကျွန်တော့်ဆီကိုလာပြီး ပြောမှာပါ၊ သူကိုယ်တိုင် လာခေါ်မှာ၊ အဲဒါတော့ ကျွန်တော် လုံးဝယုံကြည်တယ်ဗျာ"

ဢဢဢ

ဝီလီယံဆင်က မရယ်ပေ။ ကျောထဲမှ အနည်းငယ် စိမ့်သွားလေသည်။ သူသည် အယူသီးသူတစ်ဦး မဟုတ်ပါ။ သို့သော် အာနိုး၏အသံမှာ သဘာဝမကျပေ။ ပတ်ဝန်းကျင်



www.burmeseclassic.com

www.burmeseclassic.com



ကလည်း ထွက်လာသည့် လနှင့်အတူ ထူးကူးခြားခြားဖြင့် ကြောက်မက်ဖွယ် ကောင်းနေလေ၏။ ဝါးရုံပင်၏အရိပ်ကလည်း မညီညာသည့်မြက်ခင်းပေါ်တွင် ကျနေလေသည်။

ဝီလီယံဆင်က သူ့ကိုယ်သူ စိတ်ထဲက "မြည်း"ဟု ခေါ် လိုက်၏။

သူက တုံးတိတိပင် ပြောလိုက်တော့၏။

"ကဲ . . . တော်ပြီ၊ ခင်ဗျား အိပ်ဖို့ကောင်းနေပြီ အာနိုး၊ နာမကျန်းခွင့် တင်ရင်လဲ ခင်ဗျားရမှာ သေချာပါတယ်ဗျာ"

ထိုအခါ အာနိုးသည် အတန်ငယ် ရယ်မောလိုက်၏။

"ဟို . . . ကျွန်တော် နေကောင်းပါတယ်၊ ဒီမှာ ရိက္ခာ တွေ ပြတ်ခါနီးမှ ကျွန်တော်က ခွင့်မတင်ချင်ပါဘူးဗျာ၊ အလုပ် မလုပ်နိုင်လောက်အောင် မကျန်းမာသေးရင်လဲ ဟုတ်သေးရဲ့ . . . ခုတော့ . . . ဘယ်ဆရာဝန်ကမှ ကျွန်တော့်ကို ရိုးရိုးသား သားနဲ့ ဆေးလက်မှတ် ပေးမှာ မဟုတ်ပါဘူး"

ဝီလီယံဆင်က တခြားနည်း တွေးရပြန်ပါသည်။ နောက် တစ်နေ့ မနက်ကျလျှင်ကား ခရိုင်ဆရာဝန်ကြီးကိုတွေ့ပြီး ပြောရပေလိမ့်ဦးမည်။ လောလောဆယ်တွင်မူကား သန်းခေါင် ဖြစ်နေလေ၏။ အာနိုး အိပ်ရာဝင်လျှင် ကျွန်တော်တို့နှစ်ယောက် စလုံးအတွက် ကောင်းပေမည်။

"ကဲ . . . လာစမ်းပါဗျာ၊ ခု အိပ်ရာဝင်လိုက်လေ၊ အိပ်ပျော်သွားမှာပါ၊ လေကလဲ မကြာခင် အေးလာတော့မှာဗျ"



www.burmeseclassic.com

www.burmeseclassic.com



သူတို့နှစ်ယောက်လည်း ထိုင်ရာမှထပြီး သူတို့ အခန်းများဆီသို့ ဝင်သွားကြလေသည်။ မကြာမီအချိန်တွင် တစ်အိမ်လုံး၊ တစ်ခြံလုံး၊ တစ်ဝင်းလုံး တိတ်ဆိတ်သွားလေတော့၏။

ဝီလီယံဆင်ကလည်း အကျီကိုချွတ်ပြီး ခုတင်ပေါ် လှဲချလိုက်လေ၏။ ပထမ၌ သူသည် နားစွင့်ရင်း ကြေနပ်လေ၏။ အကြောင်းမူကား အာနိုးသည် ဟိုဟိုဒီဒီ လှုပ်ရှားသွားလာခြင်း မရှိပေ။ တစ်ကြိမ်တွင် သူသည် အိပ်ရာမှထပြီး အာနိုး၏ အခန်းတံခါးကို အသံမကြားအောင် ခြေကို ခပ်ဖွဖွနင်း၍ သွားကြည့်ပါသည်။ သို့သော် ဘာမျှထူးထူးခြားခြား မရှိပေ။ အရာအားလုံး တိတ်ဆိတ်နေလေ၏။ ထို့ကြောင့် သူလည်း သူ့အခန်းသူ ပြန်ပြီး အိပ်ချလိုက်လေတော့၏။

တစ်နာရီ နှစ်နာရီမျှကြာပြီးနောက်တွင် အော်ခေါ်နေသည့် အသံတစ်သံကြောင့် သူသည် လန့်ဖျပ်၍နိုးလာရလေ၏။ သူသည် အိပ်ရာမှ ထထိုင်လိုက်၏။ ခေါ်သံကား နားထဲတွင် စွဲမြဲနေ၏။

"လီလာ . . . လီလာ . . ."

အာနိုးသည် အိပ်ပျော်နေစဉ်မှာပင် သူ့ဇနီး၏အမည်ကို တမ်းတမ်းတတ အော်ခေါ်နေသည်ဟုထင်မိပြီး ခေတ္တခဏ စောင့်ကြည့်သေး၏။ သူသည် သေသေချာချာ နားစိုက်ထောင်လိုက်၏။ နောက်ဆုံးတွင် သူအိပ်ရာမှ ထလိုက်လေတော့၏။ သူသည် အိမ်တွင်းစီး ဖိနပ်ကိုစီး၍ မီးအိမ်ကိုကိုင်ကာ အာနိုး



www.burmeseclassic.com

www.burmeseclassic.com



အခန်း၏ ပွင့်နေသော တံခါးသို့ သွားရောက်လေ၏။ ဝီလီယံဆင် လည်း စကားမပြောပေ။ အကယ်၍ အာနိုးအိပ်ပျော်နေလျှင် နိုးသွားမည်ကို စိုးရိမ်မိသောကြောင့် ဖြစ်လေ၏။ သို့သော် သူသည် ကာန့်လန့်ကာကို တစ်ဖက်သို့ တွန်းပြီး အခန်းထဲသို့ ကြည့်လိုက်လေသောအခါ ပန်ကာသည် ဖြည်းညှင်းစွာဖြင့် ဟိုဒီရွေ့လျားလည်ပတ်နေလေ၏။ အာနိုးသည် ပက်လက် လှဲနေပြီး အိပ်ရာဖုံးကို ခြုံထား၏။ သူ့ကို ကြည့်ရသည်မှာ နေကောင်းနေပုံရလေသည်။ သို့သော် ဝီလီယံဆင်အာနေဖြင့် လုံးဝကြေနပ်မှု မရှိသေးပေ။ သူသည် တဖြည်းဖြည်း ရှေ့တိုး လာပြီး ကြည့်လေ၏။ ပြီးနောက် နှာခေါင်းရှုံ့၍ အနံ့ခံကြည့် လေ၏။

အနံ့ကတော့ ဘယ်လိုမှ မမှားနိုင်သော မေ့ဆေးအနံ့ပင် ဖြစ်လေသည်။ ဝီလီယံဆင်သည် ကြောက်လန့်သွား၏။ အာနိုး က သူ့ကိုယ်သူများ သတ်သေလိုက်ပြီလားဟူသော စိုးရိမ်စိတ်ဖြင့် သူ့ ခုတင်ဘေးသို့ ကမန်းကတန်း တိုးသွားလိုက်၏။ မေ့ဆေးအနံ့ က ပို၍ စူးရှပြင်းထန်လာ၏။ အခိုးအနံ့များကြောင့် မွန်းကြပ် ကြပ်ဖြစ်လာသဖြင့် သူသည် အာနိုးကို အော်ခေါ်လိုက်၏။ သူ့ကိုယ်လုံးကိုလည်း ကိုင်၍ လှုပ်လိုက်၏။ အာနိုးသည် လှုပ်ရှား မှုလည်းမရှိ၊ တုံ့ပြန်မှုလည်း မရှိတော့ပေ။

ထိုအခါ ဝီလီယံဆင်သည် မူးမေ့ချင်သလိုလို ခေါင်းမူး သလိုလို ဖြစ်လာပြီး အခန်းထဲမှ ပြေးထွက်လာခဲ့၏။ အစေခံများ ကိုနှိုး၍ ဆရာဝန်ကိုပင် ပင့်ခိုင်းရလေသည်။ ဆရာဝန် ရောက်ရှိ



www.burmeseclassic.com

www.burmeseclassic.com



လာသောအခါ ဝီလီယံဆင်၏ ထင်မြင်ချက်မှန်ကြောင်းနှင့် အာနိုးတွင် အသက်မရှိတော့ကြောင်း ပြောကြားလေ၏။ ဆက်ပြီး ဆရာဝန်က မေးလေ၏။

"အဲဒီဆေးပုလင်းက ဘယ်မှာလဲ"

ထိုအခါ ဝီလီယံဆင်သည် ထမင်းလုံးတစ္ဆေခြောက်ခံရသည့်ပမာ ခံစားရင်း ပြန်ဖြေလိုက်၏။

"ကျွန်တော်တော့ ဘာပုလင်းမှ မတွေ့မိဘူး၊ ရှာတာပဲဗျ၊ ဒါပေမယ့် မတွေ့ဘူး၊ အန်နီကတော့ သူ့အခန်းထဲကို ဝင်လိုက်တာနဲ့ ထောင်းခနဲ ထွက်လာတာပါ၊ လွန်ခဲ့တဲ့ လေးငါးမိနစ်လောက်ကပဲ သူအိပ်နေရက်ကနေပြီး အော်နေသေးတယ်၊ အဲဒီသူ့အော်သံကြောင့် ကျွန်တော် နိုးလာတာပဲ၊ ဒီကိစ္စဟာ လျှို့ဝှက်မြန်ဆန်တဲ့အလုပ်ပဲ ဖြစ်ရမယ်" ဟုပြောလိုက်ရာ ဆရာဝန်ကလည်း ထောက်ခံလိုက်၏။

"ဖြစ်နိုင်ပါလိမ့်မယ်၊ နှလုံးကလဲ သိပ်အားနည်းနေတယ်၊ သေဖို့ရာတော့ ဆေးများများ မလိုလောက်ပါဘူး"

"ဒါဆိုရင်တော့ သူ့ကို နာမကျန်းခွင့်နဲ့ နေခိုင်းသင့်တာပေါ့"

"ရိုးရိုးခွင့်မပေးနိုင်လို့ အဲဒီခွင့်ကိုယူပါလားလို့ အကြံပေးတာကို သူက ငြင်းဆန်တယ်လေ၊ သူက ဒီလောက်လဲ မဆိုးပါဘူးတဲ့၊ နောက်ပြီး သူဘာဖြစ်နေမှန်းလဲ ကျွန်တော်မသိဘူး၊ သူ့ဟာသူ တစ်ယောက်တည်းဖြစ်နေတာ သူ့မှာ ဆေးသေတ္တာရှိသလား"



www.burmeseclassic.com

www.burmeseclassic.com



"မရှိဘူးလို့တော့ ထင်ပါတယ်၊ ဒါပေမယ့် ကြည့်လိုက်ဦးမယ်" အားလုံးက ဝိုင်းရှာကြသော်လည်း မတွေ့ရ၍ ပန်ကာကြိုးဆွဲသည့် အလုပ်သမားကို မေးမြန်းကြ၏။ ထိုအလုပ်သမားကလည်း သူအိပ်ပျော် သွားပြီးနောက် အာနိုး၏အော်သံကို ကြားလိုက်တော့ သူ့ကိုနှိုးသည်ဟု ထင်ကြောင်းဖြင့် ဖြေလေ၏။

ထို့ကြောင့် ဤလျှို့ဝှက်ဆန်းကြယ်မှုသည် မည်သည့်အခါမျှ ရှင်း၍ရမည်မဟုတ်ကြောင်း ဆရာဝန်က ပြောလေ၏။ အာနိုးသည် တကယ်ပင် သူ့ကိုယ်သူ မေ့ဆေးတင်၍ သတ်ခဲ့ပေပြီ။ သို့သော် သူသည် ဆေးပုလင်းကို ရှာမတွေ့စေရန် ကြိုတင်၍ စီစဉ်ထားခဲ့ပေမည်။

နောက်တစ်နေ့နံနက်တွင်မူ အာနိုးအတွက် လန်ဒန်မှ သံကြိုးစာတစ်စောင် ရောက်ရှိလာ၍ ဝီလီယံဆင်နှင့် ဆရာဝန်တို့က ဖွင့်၍ ဖတ်ကြ၏။

ကြေးနန်းစာထဲတွင် မစ္စစ်အာနိုးသည် မခွဲမဖြစ်၍ မေ့ဆေးပေးပြီး ခွဲစိတ်ကုသရာတွင် လုံးဝ မအောင်မြင်သဖြင့် သေဆုံးသွား ကြောင်း ပါရှိလေသည်။

ဤတွင် ဝီလီယံဆင်သည် သူ့ကိုယ်သူ မထိန်းသိမ်းနိုင်ပဲ သူ့လက်များကို အရူးတစ်ယောက်ကဲ့သို့ ရိုက်နှက်ပြီးပြောလိုက်၏။

"ခုမှပဲ ရှင်းတော့တယ်၊ ဒါကြောင့် ဆေးပုလင်း ရှာမတွေ့တာကိုး၊ ပျောက်နေတဲ့ သဲလွန်စဟာ သူ့မိန်းမက သူ့ဆီသွားပြီး သူ့ကို ခေါ်တာပေါ့၊ သူကလဲ ပြောဖူးပါတယ်၊ သူ့မသာ



www.burmeseclassic.com

www.burmeseclassic.com



တစ်ခုခုဖြစ်ရင် သူ့ဆီ ရောက်လာလိမ့်မယ်လို့ သူမဆုံးခင် လေးငါးနာရီလောက်ကပဲ ကျွန် တော့်ကို ပြောပါသေးတယ်၊ အို ဘုရားသခင်" ဟု ပြောပြီး ဝီလီယံဆင် သည် ကုလားထိုင်ပေါ် ပစ်လှဲချကာ တုန်ရီနေလေ၏။ ဆရာဝန်က လည်း သူ့ကို ဘရန်ဒီ အနည်းငယ် တိုက်လိုက်၏။ ပြီးတော့ အားပေး လိုက်၏။

"ကဲ . . . ကိုယ့်လူ အားယူလိုက်ပါအုံး၊ ခင်ဗျား သိပ်ပင် ပန်းနေပြီ၊ ဒါလေးကိုသောက်ပြီး သွားအိပ်လိုက်တော့နော်၊ ဒီလိုမှ မလုပ်ရင်တော့ ခင်ဗျားကို နာမကျန်းခွင့်ပေးပြီး ဌာနေကို ပြန်ပို့ ရလိမ့်မယ်"

အမှန်တကယ်လည်း နောက်ပိုင်းတွင် ဝီလီယံဆင် သည် ဤအတိုင်းပင် ဖြစ်သွားပါသည်။ အကြောင်းမူကား သူသည် အလွန်မကျန်းမမာဖြစ်လာပြီး ရက်သတ္တပတ်ပေါင်း များစွာ ကြာမြင့်အောင်ပင် သူဤရောဂါမှ လွတ်မြောက်ပါမည် လောဟု သံသယဖြစ်နေလေသည်။ သို့သော် သူသည် ရောဂါမှ လွတ်မြောက်သွားခဲ့ပါသည်။ သူ့အား ဌာနေသို့ ပြန်မပို့မီ ဤ ဇာတ်လမ်းကို သူက ကျွန်ုပ်အား ပြောသွားခဲ့ခြင်း ဖြစ်ပါသည်။

**The Summoning of Arnold**

by Alice Perrin

◆ ● ◆



www.burmeseclassic.com

www.burmeseclassic.com

## ဆန်းကြယ်သောသမင်ချို

"ဆရာ ဘယ်တော့အိမ်ပြန်မလဲ၊ ကျွန်တော် ကားပါတယ်၊ ဆရာ့အိမ် ဝင်ပို့ပေးပါမယ်"

မိတ်ဆွေကြီး ဦးလှဝေ၏ ဆွမ်းကျွေးပွဲသို့ ရောက်ရှိကာ စားသောက်ပြီးသည်နှင့် မိတ်ဆွေများနှင့် စကားဝိုင်း ဆက်ထိုင်၏။ ဗိုလ်တထောင်မြို့နယ်၌ နေထိုင်သော ခင်မင်သည့် ကိုသိန်းလွင်က ပုစွန်တောင်၌ နေထိုင်သော ကျွန်တော့်အား လှမ်း၍ အကြောင်းကြားနေ၏။

"ကိုင်း . . . ဒီလိုဆိုရင် ကားကြုံတုန်း အခုပဲ ပြန်ကြရအောင်၊ ဟုတ်ဖူးလား"

ဤသို့နှင့် သုဝဏ္ဏမြို့ရှိ ဦးလှဝေ အိမ်ပေါ်မှ ဆင်းလာကြ၏။ ကားမောင်းထွက်လာစဉ် ရုတ်တရက် သတိရလိုက်မိ၍ ကိုသိန်းလွင်အား မေတ္တာရပ်ခံလိုက်မိသည်။

**ငြိမ်းချမ်းစာအုပ်တိုက်**

www.burmeseclassic.com

www.burmeseclassic.com



"ဒါနဲ့ ကိုလွင်ရေ၊ ဒီဘက်ကို ရောက်ခဲလွန်းလို့ လမ်းကြုံ တုန်း ကျွန်တော့်ညီရဲ့ အိမ်ကို ခဏဝင်ပြီး နှုတ်ဆက်ချင်တယ်၊ အချိန်ရပါ့မလား"

"ဟာ . . . ဆရာ ရပါတယ်၊ ကနေ့ ဘယ်မှသွားစရာ မရှိပါဘူး၊ ဝင်လေ . . . ဆရာ"

ဟန်ကျသွား၏။ သုဝဏ္ဏမြို့ရှိ ညီဝမ်းကွဲတော်စပ်သော ညီငယ်မောင်ထွန်းမြိုင်၏ အိမ်သို့ ဝင်ခဲ့ကြသည်။ ဝင်းခြံထဲတွင် တစ်ထပ်တိုက်လှလှလေး ဆောက်ထား၏။ ခြံရင်း၌ ကားဂိုဒေါင်ရှိ၏။ ခြံစည်းရိုးပတ်လည်တွင် ပန်းပင်များ စိုက်ထားသည်။ သူတို့အိမ်သို့ မရောက်ဖြစ်ခဲ့သည်မှာ ခြောက်လခန့် ရှိပေရော့မည်။

အိမ်ရှေ့၌ ကားရပ်ထားပြီး ခြံဝင်းထဲ ဝင်လာ၏။ လက်ဆွဲဘာဂျာတံခါးအတွင်းမှ သော့ခတ်ထားသဖြင့် လူခေါ်ဘဲလ်ကို နှိပ်လိုက်၏။ တိုက်ခန်းအတွင်းမှ ခယ်မဖြစ်သူ နုနု ထွက်လာ၏။ ဝမ်းသာအားရ တံခါးသော့ဖွင့်ပေး၏။

"ဟော . . . အစ်ကိုကြီးပါလား၊ ညီမတောင် တစ်နေ့က သတိရပြီး ကိုမြိုင်ကို ပြောမိသေးတယ်"

ည့်ခန်း၌ ဝင်ထိုင်ကြ၏။

"မနက်စာ ဒီမှာစားနော်၊ အေးအေးဆေးဆေးပေါ့"

"ငါတို့ ဟိုဘက်နားကမိတ်ဆွေရဲ့ ဆွမ်းကျွေးကို လာတာ၊ ဒန်ပေါက်ထမင်းစားခဲ့ပြီးပြီ၊ မင်းတို့ဆီ မရောက်တာ ခြောက်လ လောက် ရှိသွားရောပေါ့၊ သားကြီးနဲ့ သမီးငယ်ကော"



www.burmeseclassic.com

www.burmeseclassic.com


"နေထိုင်ကောင်းကြပါတယ်၊ သားနဲ့ သမီးက ကွန်ပျူတာသင်တန်း သွားတက်နေကြလေရဲ့"

"အလုပ်ရုံကော ဟန်ကျရဲ့လား"

"လုပ်ငန်းကောင်းပါတယ်၊ ပုံမှန်အတိုင်းပါပဲ၊ ဒါနဲ့ ကော်ဖီဖျော်လိုက်ဦးမယ်"

နုနုက မီးဖိုချောင်ဘက် ဝင်သွားလေ၏။ ကျွန်တော်နှင့် ကိုသိန်းလွင်မှာ ဧည့်ခန်းပတ်ဝန်းကျင်ကို အကဲခတ်ကြည့်မိလိုက်ကြ၏။ တီဗွီ အပေါ်စက်၊ အောက်စက်၊ ကက်ဆက်၊ ရေဒီယို၊ စာအုပ်စင်၊ စာကြည့်စားပွဲ၊ ရှိုးကေ့စ်မှန်ဗီရိုနှင့် ဘုရားစင်။ ပြီးနောက် ဧည့်ခန်းတိုက်နံရံများတွင် ချိတ်ဆွဲထားသော ရုပ်ပုံများ၊ ဓာတ်ပုံ၊ သမင်ခေါင်းနှင့် ဦးချိုကြီးကို အလှချိတ်ဆွဲထားကြလေသည်။

"ထွန်းမြိုင်ဟာ ကိုလွင်နဲ့ သက်တူရွယ်တူ အသက် ၄၀ ကျော်ပဲ ရှိသေးတာ၊ ဒီကောင်ဟာ အသောက်အစားကင်းပြီး ငွေဘယ်လိုရှာပြီး ချမ်းသာရမလဲလို့ အမြဲစဉ်းစားနေတဲ့ စီးပွားရေးမျက်စိရှိတဲ့ကောင်ပဲ၊ အခု တောင်ဒဂုံစက်မှုဇုန်မှာ ရာဘာဖိနပ်စက်ရုံ ထောင်ထားတယ်လေ၊ သူတို့လင်မယားနှစ်ယောက်စလုံး အကြွားအဝါ မရှိကြဘူး၊ ငွေကြိတ်စုပြီး ကျစ်ကျစ်လစ်လစ် သိုသိုသိပ်သိပ် အနေအထိုင်တတ်တဲ့ မိသားစုပါပဲ"

ကျွန်တော်ပဲ ထွန်းမြိုင်နှင့် နုနုတို့အပေါ် ချီးမွမ်း၍ ကြွားပြလိုက်လေ၏။ ခဏကြာလျှင် နုနုသည် ကော်ဖီနှင့်မုန့်များ လင်ပန်းနှင့်ယူ၍ ရှေ့ချပြီး ဧည့်ခံ၏။

ငြိမ်းချမ်းစာအုပ်တိုက်

www.burmeseclassic.com

www.burmeseclassic.com



"သောက်လိုက်ပါဦးရှင်"

"ဟုတ်ကဲ့"

"ညီမလေး . . . သူ့နာမည်က ကိုသိန်းလွင်တဲ့ မှတ်ထား၊ ဗိုလ်တထောင်မှာ နေတယ်၊ အရင်က ကောလိပ်မှာ ကျောင်းဆရာ လုပ်တယ်၊ နောက် ထွက်ပြီး ပိုက်ဆံချမ်းသာတော့ ဘဏ်တိုးနှုန်းစားပြီး အေးအေးဆေးဆေးနေတဲ့ လူပျိုကြီးပဲ ဟား . . . ဟား . . ."

ကျွန်တော်က အရွှမ်းဖောက်လိုက်ရာ ရယ်မိလိုက်ကြ၏။

"ဒါနဲ့ ထွန်းမြင့် အလုပ်ရုံသွားလား၊ ကနေ့ တနင်္ဂနွေ၊ မပိတ်ဘူးလား"

"အလုပ်ရုံကတော့ ပိတ်ပါတယ်၊ အစ်ကိုကြီးညီက အရင်နဲ့ မတူတော့ဘူး၊ အိမ်သိပ်မကပ်ဘူး၊ သူ့အပေါင်းအသင်းတွေနဲ့ ချိန်းပွဲတွေကလဲ ရှိတယ်ဆိုပြီး အပြင်ထွက်နေတာ များပါတယ်"

နုနုက မျက်နှာမသာမယာနှင့် စကားအပိုင်းအစကလေး များ ပွင့်လွင့်ထွက်လာသဖြင့် . . .

"ဟုတ်လား၊ ငါ့ပြောစမ်းပါဦး၊ ဒီကောင် ဘာတွေလုပ်နေသလဲဟာ၊ အရင် ငါလာတုန်းက ဒီလိုအသံမျိုး မကြားရပါကလား"

ကျွန်တော်က သိချင်သဖြင့် မေးလိုက်၏။

"ကိုမြင့် ဘာတွေဖြစ်နေမှန်းတော့ ညီမလဲ သေသေချာချာ မသိပါဘူး၊ လွန်ခဲ့တဲ့ သုံးလလောက်ကစပြီး အရင်ကဆို



www.burmeseclassic.com

www.burmeseclassic.com



မိသားစုအပေါ် သိပ်ဂရုစိုက်တာ၊ အခု အပေါင်းအသင်းတွေကို ခင်နေတယ်၊ အသောက် အစားလေးလဲ နည်းနည်းလုပ်တတ်လာနေတယ်၊ ညီမနဲ့လဲပြောမိရင် စကားများရတယ်၊ မပြောဘဲ လွှတ်ထားရတော့တယ်"

တဖြည်းဖြည်းနှင့် နုနုက ဝမ်းနည်းသံကလေးနှင့် ရင်ဖွင့်နေ ရှာပါတော့သည်။ သူ့ခမျာ တစိမ်းဧည့်သည် ကိုသိန်းလွင်ရှေ့တွင် ရှိနေသဖြင့် မဝံ့မရဲနှင့် မြိုသိပ်ထားနေရပုံ ပေါ်လွင်နေပေပြီ။ ကိုသိန်းလွင်က အကဲခတ်မိလိုက်သဖြင့် လွတ်လပ်စွာစကားပြောခွင့်ရရန် တမင်ရှောင်၍ ထလျက် စာအုပ်စင်ပေါ်မှ စာတစ်အုပ် သွားယူ၍ မလှမ်းမကမ်းထိုင်ခုံ၌ သီးသန့်သွားထိုင်ပြီး စာအုပ်ဖတ်နေ၏။

"မင်းတို့ဆီလဲ တစ်ခါတလေမှ ငါက ရောက်တာ၊ ဒီကောင်အကြောင်း ငါ့ကို အဖြစ်မှန်တွေ ပြောစမ်း၊ အကျိုးအကြောင်းသိရမှ ငါကသူ့ကို ပြောစရာရှိ ပြောလို့ရမှာ"

နုနုမှာ ကျွန်တော့်အပေါ် အားကိုးတကြီး ဖြစ်လာပုံရ၏။ သူ့ခမျာ ပြောရမည့်သူကလည်းမရှိ၍ ကြိတ်မှိတ်ခံစားနေရပုံရနေသည်။ တကယ်တော့ ထွန်းမြိုင်သည် အဖေ့ညီမက မွေးသည့် သားဖြစ်၏။ ကျွန်တော်နှင့် ညီတစ်ဝမ်းကွဲတော်သော်လည်း ကျွန်တော့် ဩဇာမကင်းနိုင်သူပင်။

"ဒီလိုပါ အစ်ကိုကြီး၊ လွန်ခဲ့တဲ့သုံးလလောက်ကစပြီး ကိုမြိုင်ဟာ အမျိုးသမီးတစ်ယောက်အပေါ်မှာ စွဲစွဲလမ်းလမ်းနဲ့ အဆက်အသွယ်တွေ လုပ်နေတယ်၊ အဲဒီကောင်မလေးက ညီမ့်ထက် အသက်ငယ်တယ်၊ အသားဖြူဖြူ ရုပ်ချောချောလေးပါ"



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော့်မှာ ထွန်းမြိုင် လူမှုရေးဖောက်ပြန်နေကြောင်း သိရချေပြီ။ ဒါကတော့ မဆန်းပါ။ ငွေကြေးချမ်းသာပြီး အပေါင်းအသင်း လူစုံနှင့်တွဲမိလျှင် အသောက်အစားနှင့် မိန်းမပွေ့ရှုပ်တတ်လေ့ရှိကြသည်မှာ သဘာဝပင်။ ယခု ထွန်းမြိုင်မှာ အပေါင်းအသင်းများနေလေပြီလော မပြောတတ်။ နုနုအပေါ်၌ သနားသွားမိ၏။

"ဒါဆိုရင် မိန်းမပွေ့တတ်တဲ့အုပ်စုနဲ့ တွဲမိနေလို့ပဲ ဖြစ်မယ်"

"အဲဒါလဲ ပါပါလိမ့်မယ်၊ ဒါပေမယ့် အစ်ကိုကြီးရယ် . . . ဘယ်သူမပြု မိမိမှုပါ၊ ကာယကံရှင် သူကိုယ်တိုင် စိတ်မဖောက်ပြန်ရင် ဒီအလုပ်မလုပ်ပါဘူး၊ အပေါင်းအသင်းအားလုံးကိုလဲ အပြစ်တင်လို့ မဖြစ်ပါဘူး၊ ခုဟာက သူကိုယ်တိုင်ကိုက အဖြစ်သည်းနေတာပါ"

"အခု သူတို့နှစ်ယောက် ဘယ်အခြေအနေအထိ ခြေလွန်လက်လွန်တွေ ဖြစ်နေကြပြီလဲ"

"ညီမလဲ သူတို့အခြေအနေကို သတင်းစုံစမ်း ရသလောက်ဆိုရင် ဆိုးဆိုးဝါးဝါး မဖြစ်နိုင်ကြသေးဘူးလို့ ထင်တယ်၊ ဘာပြုလို့လဲဆိုတော့ အဲဒီမိန်းကလေးဟာ လက်ရှိလင်ယောက်ျားရှိပြီး အတူနေထိုင်တယ်၊ ကိုမြိုင်ကသာ စွဲစွဲလမ်းလမ်းဖြစ်ပြီး သွေးဆောင်စည်းရုံး နေပုံရတယ်၊ ဟိုကလဲ မိန်းမပျက်မှ မဟုတ်တာ၊ သူ့သွေးဆောင်မှုကို လွယ်လွယ်နဲ့ မရလေ၊ သူက ဒေါသစိတ်တွေ မွှန်ထူနေပုံရတယ်"



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် စိတ်လှုပ်ရှားသွားမိ၏။ လင်ရှိမိန်းမအပေါ် ထွန်းမြိုင် စိတ်ဖောက်ပြန်နေသည့်စကားကို ကြားရသဖြင့် ဒေါသ ထွက်လာမိတော့၏။ အမျိုးအဆွေ မိသားစုများကြား၌ ဤကဲ့သို့ လူမှုဖောက်ပြန်သွားသူ တစ်ဦးမှ မရှိကြသေးချေ။ ငယ်စဉ် ကတည်းက လူရိုးလူအ လူအေးကလေးမို့ ကျွန်တော်ကိုယ်တိုင် ထွန်းမြိုင်အပေါ်၌ သူ့ညီအစ်ကိုထဲတွင် အချစ်ဆုံးဖြစ်ခဲ့သည်။

"တောက် . . . ဒီကောင် ဒီလောက်တောင် မိုက်မဲနေပြီ ကိုး"

"ယောကျ်ားဆိုတာ အပေါင်းအသင်း မင်တယ်၊ အသောက်အစား၊ လောင်းကစားနဲ့ အပျော်မိန်းမလိုက်စားကြ တယ်ဆိုတဲ့သဘာဝကို ညီမလေး ကြိုတင်နားလည်ထားမိပြီးသူပါ။ အခု သူဇွတ်မိုက်မဲနေပုံက သူ့မိုက်ပြစ်ဒဏ်ကို သူခံရမှာ သိပ်စိုး ရိမ်နေမိတယ် . . . ဟို မိန်းကလေးရဲ့လင်ယောကျ်ားသိသွားရင် သူ့အသက်အန္တရာယ် . . ."

နုနု၏စကားသည် ကျွန်တော့် နှလုံးသားထဲ၌ စိုးရိမ် စိတ်များ ပိုမိုပြင်းထန်လာပါတော့၏။

"အေး . . . ဟုတ်တယ်၊ မင်းပြောတာ မှန်ကိုမှန်တယ်၊ အရိုက်ခံရမယ်၊ ဓားထိုးခံရမယ်၊ တရားစွဲဆိုခံရမယ်၊ အဆိုးဆုံးက လူသိရှင်ကြား အရှက်တကွဲ အကျိုးနည်းခံရမယ့် သူ့လုပ်ရပ်ပဲ၊ ကိုင်း၊ ငါ့ညီမလဲ စိတ်အေးအေးထားနေပါ၊ သားနဲ့ သမီးကလေး တွေကို အထူးဂရုစိုက်ပြုစုပါ၊ ငါ အမြန်ဆုံး ဒီကိစ္စ ငါဝင်ဆောင် ရွက်ပေးမယ်၊ စိတ်မပူနဲ့နော်၊ ကဲ . . . ပြန်ဦးမယ်"



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်က အားပေးလိုက်၏။ နုနုမှာ မချိတရိလေး ပြုံးပြလိုက်ရှာ၏။ ခေါင်းညိတ်နေရှာ၏။ နောက်ကျောဘက် တစ်နေရာ၌ ထိုင်စောင့်နေရှာသော ကိုသိန်းလွင်ဆီသို့ လှည့်ကြည့်မိ၏။ သူသည် ဧည့်ခန်းနံရံ၌ ချိတ်ဆွဲထားသော သမင်ချိုကောင်ကြီးကို အာရုံစူးစိုက်စွာ ကြည့်နေသည်ကို တွေ့ရ၏။ ကျွန်တော် ထိုင်ရာမှထလျှင် သူလည်း ထလာလျက် နုနုအား ပြုံး၍ နှုတ်ဆက်၏။

"ပြန်ခွင့်ပြုပါဦး ခင်ဗျာ"

"ဟုတ်ကဲ့ရှင်၊ နောင်လဲ လာလည်ပါဦးနော်"

"ဒါနဲ့ ဒီသမင်ချိုကြီးက အရမ်းလှတယ်၊ ဘယ်ကရလာတာလဲ ခင်ဗျာ"

"ဪ . . . ဒါလား၊ ကျွန်မတို့အလုပ်ရုံက အလုပ်သမားလေးက ရောင်းလို့ ငွေသုံးထောင်နဲ့ ကိုမြိုင်က ဝယ်ထားလိုက်တာ၊ သုံးလကျော် လေးလလောက်ပဲ ရှိသေးတယ်၊ ဟုတ်တယ် . . . အရမ်းလှတယ်၊ လာသမျှဧည့်သည်တွေဆိုလဲ အရမ်းသဘောကျကြ တယ်လေ"

ကျွန်တော်လည်း အလွန်လှပသော ချိုကြီးများကို ကြည့်မိ၏။ တချို့တိုက်ဧည့်ခန်းများ၌ စိုင်ချို၊ ပြောင်ချို၊ သမင်ချို အစရှိသော ဦးခေါင်းချိုများကို အလှအပချိတ်ဆွဲသော ဝါသနာပါကြလေ၏။ ထို့နောက် ကားပေါ်သို့ တက်ကြ၏။

"အစ်ကိုကြီးလဲ အိမ်ကို မကြာခဏ လာခဲ့ပါဦးနော်"



www.burmeseclassic.com

www.burmeseclassic.com



"အေး . . . လာခဲ့မယ်၊ ကဲ . . . ကလေးတွေကို ဂရုစိုက်ဦးနော်၊ သွားပြီ"

ကိုသိန်းလွင်ကိုယ်တိုင် ကားမောင်းနှင်လျက် သုဝဏ္ဏမြို့မှ ထွက်ခွာလာခဲ့ကြတော့၏။ လမ်းတစ်လျှောက်လုံး ထွန်းမြိုင် အကြောင်းကို စဉ်းစားမိလာနေသည်။

"လူ့လောကကြီးကလဲ ဆန်းကြယ်ပါပေ့၊ မနေ့က လူ့စိတ်နဲ့ ကနေ့လူ့စိတ် ချက်ချင်းပြောင်းလဲနေတာပဲ၊ အသက်တစ်ရာ သာမနေရ၊ အမှုပေါင်းတစ်ရာ မကဘူး၊ ကိုယ်က မဖြစ်ချင်လဲ သူကဖြစ်၊ သူက မဖြစ်ချင်လဲ ကိုယ်က အတင်းဖြစ်အောင် လုပ်မိကြ၊ ဒါကြောင့် ထူးဆန်းအံ့ဩဖွယ်ကောင်းလှတဲ့ သက်ရှိတွေထဲမှာ လူဟာအားလုံးထက် ပိုပြီး ထူးဆန်းတဲ့သူလို့ မနုဿပညာရှင်ကြီးတွေက အဆိုပြုထားကြတာ ပဲလေ"

"ဟုတ်တယ် ဆရာ၊ လူအကြောင်းတော့ အထူးပြောဖွယ်ရာ မရှိဘူးပေါ့၊ တိရစ္ဆာန်သတ္တဝါကောင်တွေကို ကျွန်တော် လေ့လာစူးစမ်း ကြည့်မိတော့မှ အလွန်အံ့ဩစရာကောင်းတာတွေ တွေ့ရတယ်၊ မနုဿဗေဒပညာရှင် ဒါဝင်က လူဟာ မျောက်က ဆင်းသက်တယ်ဆိုတော့ မျောက်တိရစ္ဆာန်တွေအပေါ် အလွန် စိတ်ဝင်စားစရာ အချက်တွေ အများကြီး စုဆောင်းရရှိထားတယ်၊ နောက်ပြီး အလွန်လှပတဲ့ ပန်းခက် ပန်းလက်ကြီးသဖွယ် ဦးခေါင်းထဲက ထွက်ပြီးပေါက်နေတဲ့ သမင်ကောင်တွေလဲ ကျွန်တော် လေ့လာ စူးစမ်းနေဆဲပဲ၊ တစ်ခုက တိရစ္ဆာန်ဆိုတာ ကလဲ တော့ တောင်ကို မှီရတဲ့ သဘာဝမို့ တောတောင်သဘာဝ မတူကြသလို



www.burmeseclassic.com

www.burmeseclassic.com



တိရစ္ဆာန်မျိုးတူချင်းလဲ ကွဲပြားကြပါတယ်၊ စောစောက သမင်ချို ဆိုရင် တခြားချိုနဲ့မတူဘူး၊ ဘယ်တောတောင်ကို မှီပြီး မွေးဖွား ကြီးပြင်းခဲ့သလဲဆိုတာ ကျွန်တော် သိချင်လာတယ်၊ ဆရာ တဆိတ်လောက် ရောင်းလိုက်တဲ့ အလုပ်သမားလေးကို မေးကြည့် ရင်း မကောင်းဘူးလား"

"မေးကြည့်လေ၊ နောက်နေ့ သွားကြတာပေါ့"

ကိုသိန်းလွင်၏ တောတောင်သဘာဝကို လေ့လာ စူးစမ်းနေသော သုတေသနလုပ်ငန်းအတွက် ကျွန်တော်က အကူ အညီပေးရန် ကတိပြုပေးလိုက်၏။

ဆဆဆ

ကျွန်တော်သည် ကိုသိန်းလွင်အား မောင်ထွန်းမြိုင်၏ အလုပ်ရုံသို့ ခေါ်ဆောင်ခဲ့သည်။

"ဟော . . . အစ်ကိုကြီး၊ ဘယ်က လှည့်လာကြသလဲ"

ထွန်းမြိုင်က ရုတ်တရက် အံ့အားသင့်သွား၏။ ထိုင်ခင်း နေရာများပေး၏။ သူ၏သီးသန့်အခန်းထဲတွင် စာရွက်စာတမ်း များနှင့် တယ်လီဖုန်းနှင့် အလုပ်ရှုပ်နေ၏။

"မင်းနဲ့တွေ့ချင်လို့ လာတာ . . . တစ်နေ့က အိမ်ကို တောင် လမ်းကြုံလို့ ဝင်ခဲ့သေးတယ်"

ကျွန်တော်၏စကားသံကြောင့် ထွန်းမြိုင်မှာ မျက်နှာ အမူအရာ ပျက်သွားသည်ကို ရိပ်မိလိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



"နုနု . . . အစ်ကိုကြီး လာသွားတယ် ပြောတယ်၊ သူ ဘာတွေ ပြောသေးလဲ"

အိုးမလုံ၍ အုံပွင့်နေရှာလေပြီ။ သူ စိတ်လှုပ်ရှားနေမှန်း သိ၏။ တမင်စကားဖြတ်လိုက်၏။

"မင်းဆီလာတဲ့ကိစ္စက ဟောဒီက မိတ်ဆွေ ကိုသိန်းလွင်တဲ့ မှတ်ထား၊ သူ့ကိစ္စပါ"

ကျွန်တော်က သူ့အကြောင်းကို လုံးဝလမ်းကြောင်း လွှဲပေးလိုက်သဖြင့် သူ့မျက်နှာ၌ စိုးရိမ်သောကစိတ်များ ပျောက်ကွယ်ကာ ပြုံးပြုံးရွှင်ရွှင် ဖြစ်လာပြီး လက်ဆွဲနှုတ်ဆက်ကြ၏။ အအေးပုလင်းကို အခန်းထဲရှိ အအေးသေတ္တာထဲမှ ထုတ်ပြီး ဧည့်ခံ၏။

"ဘာအကူအညီပေးရမလဲခင်ဗျာ"

"ဒီလိုကွ၊ ဟိုနေ့က မင်းအိမ်ရောက်တော့ ကိုလွင်လဲ ပါတယ်၊ မင်းဝယ်ချိတ်ထားတဲ့ သမင်ဦးချိုခေါင်းကို သူက စိတ်ဝင်စားနေတယ်၊ ပြီးတော့ သူက တောတိရစ္ဆာန်ကောင်များ အကြောင်းကို စူးစမ်းလေ့လာ ပြီး စာအုပ်စာတမ်းလဲ ပြုစုနေ သူလဲဖြစ်တယ်၊ မင်းရဲ့ သမင်ဟာ ဘယ်တောတောင်မှာ ကျင်လည်ကျက်စားတဲ့ အကောင်ဖြစ်ခဲ့လဲ ဆိုတာကို သူသိချင်လို့ မင်းဆီ လာမေးမြန်းတာပဲ"

ကျွန်တော်ကပဲ ဝင်၍ လိုရင်းကို ပြောပြလိုက်၏။

"ဘယ်တောတောင်ကမှန်းတော့ မသိဘူး၊ ဒီက အလုပ် သမား တစ်ယောက်ဆီက ငွေသုံးထောင်ပေးပြီး ဝယ်ထားခဲ့တာ၊



www.burmeseclassic.com

www.burmeseclassic.com



သူ့မိသားစု ငွေကြေးအဆင်မပြေလို့ ကူညီတဲ့သဘောနဲ့ပါ၊ ချစ်တိုးကို ခေါ်ပေးပါမယ်၊ အစ်ကိုကြီးတို့ သိချင်တာ မေးကြည့်ပါ"

ထွန်းမြိုင်က သူ၏ အလုပ်သမား ချစ်တိုးကို ခေါ်ခိုင်းလိုက်၏။ အသက်သုံးဆယ်ကျော်ပတ်ဝန်းကျင်ရှိ လူငယ်တစ်ဦးသည် ရောက်ရှိလာ၏။ အလုပ်ပိုင်ရှင်သူဌေးရှေ့မို့ လက်နှစ်ဖက်နောက်ပစ်ကာ မတ်တတ်ရပ်နေရှာသည်။

"ဟုတ်ကဲ့ . . . ဆရာ"

"ဪ . . . အေး၊ ဟောဒီကပုဂ္ဂိုလ်က ငါ့ရဲ့အစ်ကိုကြီး၊ ဒီဘက်က ငါ့မိတ်ဆွေ ဦးသိန်းလွင်တဲ့၊ ငါ့ကိုရောင်းလိုက်တဲ့ သမင်ဦးချိုခေါင်းအကြောင်း သိချင်လို့ မင်းကို ခေါ်မေးတာ၊ မင်း ဘယ်လို ရခဲ့တာလဲဆိုတာ သူတို့ သိချင်တာ မင်းပြောပြလိုက်ပါ"

"ဟုတ်ကဲ့ခင်ဗျာ၊ ဒီသမင်ခေါင်းဟာ ကျွန်တော့်အမေပစ္စည်းပါ၊ ငွေကြေးလိုလို့ ဆရာ့ကို ရောင်းခဲ့တာပါ"

ချစ်တိုးက အကဲခတ်ပြီး ပြောလိုက်၏။ ကိုသိန်းလွင်က . . .

"မင်းအမေက ဘယ်လိုရခဲ့တာလဲ"

"ဒီသမင်ကို အမေရဲ့အဖေ ကျွန်တော့်အဘိုးတို့ ကိုယ်တိုင် အနောက်ရိုးမတောင်ပေါ်က ပစ်ခဲ့တာလို့ ပြောဖူးပါတယ်၊ အဘိုးက အမေ့ကိုပေးခဲ့တာ ကြာပါပြီ"

"အခု အဘိုးကော ရှိသေးလား"

"ရှိပါတယ်ခင်ဗျာ၊ အသက် ရှစ်ဆယ်ကျော်ပါပြီ၊ မြောက်ဒဂုံမှာ အဘွားလေးနဲ့ နေကြပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဟာ . . . ဒါဆို ဟန်ကျတာပဲ"

ကိုသိန်းလွင်မှာ အလွန်အားတက်ပြီး ကျေနပ်သွားလေ၏။ ချစ်တိုး၏အဘိုးနှင့် သွားရောက်တွေ့ဆုံလိုသဖြင့် ကျွန်တော်နှင့် တိုင်ပင်၏။

"ထွန်းမြိုင်ရေ . . . ငါ့ကို ကူညီစမ်းပါ၊ သူ့အဘိုးနဲ့ ငါတို့တွေ့ချင်လို့၊ သူ့ကို ငါတို့ ခေါ်သွားချင်တယ်၊ ပြီးရင် သူ့ကို ပြန်လာ ပို့ပေးပါမယ်"

"ရပါတယ် အစ်ကိုကြီး ဟိုမှာလဲ အေးအေးဆေးဆေး အချိန်ယူပြီးမှ လာပါ"

ထွန်းမြိုင်က ချစ်တိုးအား သေသေချာချာ မှာကြားလိုက်၏။ ကျွန်တော်တို့သည် အလုပ်စက်ရုံမှနေ၍ မြောက်ဒဂုံရှိ ချစ်တိုး၏ အဘိုးဖြစ်သူဦးစောလူး၏အိမ်သို့ ကားမောင်းနှင်လာကြသည်။ နောက်ဆုံးတွင် အိမ်သို့ရောက်ရှိပြီး အိမ်ပေါ်သို့ တက်လာမိကြ၏။ သားသမီးမြေး မိသားစုနှင့်ပင် အဘိုးနှင့်အဘွားကို တွေ့မြင်ရသည်။

ဦးစောလူးသည် အသက်ရှစ်ဆယ့်ငါးနှစ်ကျော်ခန့် ရှိပြီး ငယ်စဉ်က သန်မာထွားကြိုင်းပုံလက္ခဏာ ရှိလေ၏။ မျက်နှာထားမှာ မာန်တင်းမဲ့ပုံရှိ၏။ အသံသြဇာမှာ မာကြောနေဆဲပင်။ ချစ်တိုးက အဘိုးဖြစ်သူအား ကျွန်တော်တို့နှင့် မိတ်ဆက်ပေး၏။ စက်ရုံပိုင်ရှင် သူဌေး၏ အစ်ကိုဖြစ်ကြောင်း ပြောပြသဖြင့် ကြည်ကြည်ဖြူဖြူ ရှိသွားပုံ ပေါ်၏။



www.burmeseclassic.com

www.burmeseclassic.com



"အေး . . . ချစ်တို့ရဲ့ ဆရာတွေဆိုတော့ ကျုပ် ပြောပြရမှာပေါ့၊ သမင်အကြောင်း ဘာသိချင်တုန်း"

"ဒီလိုပါ အဘိုးခင်ဗျာ၊ ကျွန်တော်က တောတိရစ္ဆာန်ကောင် တွေအကြောင်း လေ့လာပြီး စာတမ်းတွေ ရေးသားနေပါတယ်၊ အဘိုးပစ်ခဲ့တဲ့ အဲဒီသမင်ခေါင်းကိုမြင်တွေ့ရတော့ သမင်အကြောင်း လေ့လာနေလို့ ဘယ်တောတောင်မှာ ကျက်စားတဲ့ သမင်ဆိုတာ သိချင်လို့ပါ၊ ရရှိလာပုံလေး သိချင်ပါတယ် အဘိုးရယ်"

ကိုသိန်းလွင်က တလေးတစား မေးမြန်းလိုက်ရာ ပါးစောင်၌ ကြိတ်ဝါးနေသော ကွမ်းကို ပက်လက်ကုလားထိုင်ဘေးရှိ ထွေးခံထဲသို့ ဗျစ်ခနဲထွေးလိုက်၏။ ပြီးနောက် ဆေးပြင်းလိပ်တိုကို မီးခြစ်၍ ညှိဖွာလိုက်ပြန်၏။ ဆေးပြင်းလိပ် အခိုးအငွေ့မှာ မွှန်ထူသွားသည်။

"ပြောရမယ်ဆိုရင် ဒီသမင်ကို ကိုယ်တိုင်ပစ်သတ်တဲ့သူဟာ ကျုပ်မဟုတ်ဘူး၊ ကျုပ်ရဲ့ဆရာ မစ္စတာသောမတ်စ် မော်ဂင်ပဲ ဖြစ်ခဲ့တယ်၊ ဒီလိုလေ . . . မြန်မာပြည် လွတ်လပ်ရေးရပြီးတဲ့နောက် ကျုပ်ဟာ ချောက်ရေနံမြေ ဘီအိုစီကုမ္ပဏီမှာ စာရေးဝင်လုပ်ကိုင်ခဲ့တယ်၊ နိုင်ငံခြား သား မစ္စတာသောမတ်စ်ဟာလဲ ကုမ္ပဏီမှာ အတတ်ပညာရှင်တစ်ဦး ဖြစ်တယ်၊ သူ့မိသားစုနဲ့ ကျုပ်ဟာ အလွန်ရင်းနှီးတယ်၊ သူဟာ ကျုပ်ရဲ့ ဆရာသခင်ဖြစ်သလို ဘယ်သွားသွားခေါ်တယ်၊ သူခိုင်းသမျှ ကျုပ်ကလဲ လုပ်ပေးတယ်ပေါ့"



www.burmeseclassic.com

www.burmeseclassic.com



အဘိုး ဦးစောလူးက ဆေးပြင်းလိပ်ငွေ့တန်းကို ကြည့်ပြီး အတိတ်က ပုံရိပ်များကို တဖြည်းဖြည်းချင်း စဉ်းစား၍ ပြောပြနေရှာသည်။

"အဲဒီအချိန်တုန်းက ကျုပ်တို့တစ်တွေဟာ ဧရာဝတီမြစ်ရဲ့ အနောက်ဘက်ကမ်းကို ကူးပြီး ရွှေစက်တော်ဘက်၊ ငဖဲ၊ အဲ . . . အနောက်ရိုးမတောင်ခြေတစ်ပိုက်တွေမှာ တောပစ်ထွက်လေ့ရှိတယ်၊ တစ်နေ့ မစ္စတာသောမတ်စ်မော်ဂင်ဟာ သူ့အား လပ်ခွင့်ရက်ရတုန်း ကျုပ်ကို ခေါ်ပြီး တောပစ်ထွက်ခဲ့ကြတယ်၊ ကျုပ်နဲ့ရင်းနှီးတဲ့ ငဖဲမြို့က မုဆိုးသမားမူဝံကို တောကျွမ်းလို့ ဝင်ခေါ်ခဲ့တယ်၊ ရိုးမတောထဲ ဝင်ခဲ့တယ်၊ တောင်ခြေနှမ်းခင်းထဲမှာနေတဲ့ ချင်းကြီးကို အခကြေးငွေပေးပြီး စားနပ်ရိက္ခာအထုပ်ထမ်းဌားဖို့ ခေါ်ခဲ့ကြတယ်"

လက်ဖက်သုပ်နှင့် ရေနွေးကြမ်းကို ချစ်တိုးက လာချပြီး ညှော့ခံလေ၏။

"မစ္စတာသောမတ်စ်ဟာ ရိုင်ဖယ်သေနတ်တကိုင်ကိုင်နဲ့ အလွန်စိတ်တက်ကြွနေတယ်လေ၊ ကျုပ်ကို နှစ်လုံးပြူးသေနတ်ပေးတယ်၊ မူဝံက ဘာလက်နက်မှ မကိုင်ဘူး၊ ဓားတိုတစ်ချောင်းပဲပါတယ်၊ သားကောင်ပစ်ချင်သူဖြစ်တဲ့ မစ္စတာသောမတ်စ်ကို အဓိက ဦးစားပေးကြရတာကိုး၊ သူ့ပွဲမဟုတ်လား"

ရှေးယခင်က ဆရာသခင်များအလိုကျ နေထိုင်ဆက်ဆံတတ်သော အဘိုးဦးစောလူးအား သဘောကျလာမိ၏။ လက်ဖက် ၏သုပ်နှင့် ရေနွေးကြမ်း စားသောက်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com


"တစ်နေကုန် သားကောင်ခြေရာခံပေမယ့် တစ်ကောင်မှ မမြင်မတွေ့ရဘဲ တဖြည်းဖြည်း မိုးချုပ်ခါနီး ရောက်လာတယ်၊ ခူဝံက တောကျွမ်းမှုဆိုးပီပီ သားကောင်အနံ့ရလာသလား မပြောတတ်ဘူး၊ ကျုပ်တို့သုံးယောက်ကို ဘယ်မှမသွားနဲ့၊ စောင့်ခိုင်းပြီး တစ်ဖက်တောအုပ်ထဲကို ဝင်သွားတယ်၊ သူထွက်သွားလို့ မကြာဘူး မစ္စတာသောမတ်စ်ဟာ သစ်ပင်တွေ ကြားထဲ သားကောင်တစ်ကောင် ဖြတ်သွားတာ မြင်ရတယ်ဆိုပြီး လိုက်ပစ်မယ်တဲ့၊ ကျုပ်က ခူဝံအလာကို စောင့်ပါဦးလို့ ပြောစကားကို နားမထောင်ဘူး၊ ဖွတ်လိုက်တော့တာပဲ၊ ကျုပ်လဲ အထမ်းသမား ချင်းကြီးကို မှာထားပြီး သူ့နောက် လိုက်ခဲ့ရတာပေါ့၊ အဲဒီတင် သားကောင်လဲ မတွေ့ရ၊ မျက်စိလည် လမ်းမှားပြီး ခြေဦးတည့်ရာတွေ လျှောက်ရောက်ကုန်တော့တာပဲ၊ မိုးချုပ်မှောင်လာပြီး တစ်နေရာအရောက်မှာ မမျှော်လင့်ဘဲ ရေအိုင်ငယ်တစ်ခုဆီ ရောက်လာကြတယ်၊ နှစ်ယောက်သား ကိုယ်လက်သန့်စင်ကြပြီး ရေအိုင်နဲ့ ကိုက်နှစ်ဆယ် ကျော်လောက်အကွာမှာရှိတဲ့ ကျောက်တုံးကြီးနဲ့ ကျောက်ဖျာကြီးမှာ စခန်းချ အနားယူကြတယ်၊ ရိက္ခာအထုပ်က အထမ်းသမားဆီ ကျန်ခဲ့တော့ ဘာမှ စားစရာမရှိ၊ ငတ်ကြတာပေါ့"

အဘိုး ဦးစောလူးက နားပြီး လက်ဖက်ဖတ်ကို နှိုက်စား၏။ ချစ်တိုးမှာ သူ့အဘိုး၏ စွန့်စားခန်းဇာတ်လမ်းကို နားထောင်ရင်း သဘောကျကာ အနားမှမခွာနိုင် ဖြစ်နေသည်။

ငြိမ်းချမ်းစာအုပ်တိုက်

www.burmeseclassic.com

www.burmeseclassic.com



"ခွဝံတို့နဲ့ လူချင်းကွဲတော့ တောမကျွမ်းတဲ့ ကျုပ်က စိတ်အားငယ်မိတာ အမှန်ပဲ၊ ဒါပေမယ့် မစွတာ သောမတ်စ်ဟာ စိတ်ပူပန်မှုမရှိဘူး၊ မကြာခင်ပဲ ကျောက်တုံးကြီးတွေ ကာရံထားတဲ့ ကျောက်ဖျာပေါ်မှာ စိတ်ချလက်ချ အိပ်သွားရော"

"ကျုပ်မှာ သူ့အတွက် စိတ်မချလို့ အသာလှဲပြီး မအိပ်ဘဲ စောင့်နေရတော့တယ်၊ မျက်စိမှိတ်ထားလို့ မှေးခနဲ ငိုက်သွားပြီး၊ အိပ် ပျော်မလို့ဖြစ်တုန်း အသံတွေ ကြားလိုက်ရတယ်၊ ကျုပ် မျက်စိဖွင့်ပြီး ကျောက်တုံးကြီးတွေကြားကနေ ပတ်ဝန်းကျင်ကို အကဲခတ်လိုက်ရင်ပဲ"

မောသွားသဖြင့် ခဏရပ်ပြီး ရေနွေးတစ်ကျိုက် ယူသောက်လိုက်၏။ အဘိုးသည် ပြောရင်းပြောရင်းမှ သူကိုယ်တိုင် စိတ်ပါလာ သလော မပြောတတ်။ လက်ဟန်ခြေဟန်များပါ လှုပ်ရှားလာ၏။

"ရေအိုင်စပ်မှာ သမင်မက ဝပ်လို့၊ သမင်ဖိုကြီးကတော့ ဦးချိုကားကားနဲ့ ရေအိုင်ထဲ ဆင်းပြီး သူ့ချိုနဲ့ရေကို ခပ်ပစ်လိုက် ကောင်းကင်ပေါ်က လကို မော့ကြည့်လိုက်နဲ့ ပျော်မြူးနေတာ တွေ့လိုက်ရတယ်၊ လမင်းကြီးကလဲ သာပြီး ရေအိုင်နဲ့ သမင်နှစ် ကောင်ကို ထင်ထင်ရှားရှားကြီး မြင်နေရတယ်၊ ကျုပ်လဲ အိပ်ငိုက်သွားတာ ဘယ်အချိန်က လထွက် လာပြီး သမင်တွေလဲ ဘယ်လိုရေအိုင်ဆီ ရောက်လာကြမှန်းတောင် မသိရတော့ဘူး"

အဘိုးဦးစောလူးက ချစ်တိုးအား ကွမ်းအစ်ထဲမှ ကွမ်းတစ်ယာ ယာခိုင်းလိုက်၏။ အသက်ကြီးပြီမို့ နား၍နား၍ ပြောနေရရှာ၏။

ပြီမ်းချမ်းစာအုပ်တိုက်

www.burmeseclassic.com

www.burmeseclassic.com



"ဒါနဲ့ မစ္စတာ သောမတ်စ်ရဲ့ပခုံးကို အသာအယာပုတ်ပြီး နှိုးလိုက်တယ်၊ သူနိုးလာတယ်၊ ကျုပ်က အသံမထွက်နဲ့ဆိုပြီး ကျောက်တုံးတွေကြားကနေ ရေအိုင်ဆီကို ညွှန်ပြလိုက်တယ် ဆိုရင်ပဲ သူဟာမျက်လုံးတွေ ပွတ်ပြီးကြည့်၊ ချက်ချင်း အသံမထွက်အောင် ရိုင်ဖယ်သေနတ်ကို မောင်းတင်လိုက်တယ်၊ ကျောက်တုံးကြီးတွေကြားကနေ သေနတ်ပြောင်းဝကို သေသေချာချာ ချိန်တော့တာပဲ၊ ဒီသမင်ဟာ ကံဆိုးချင်သလား မပြောတတ်ဘူး၊ ကျောက်တုံးကြီးတွေက ရင်ဘတ် အမြင့်လောက် ရှေ့က အကာအကွယ် ပေးထားတာရယ်၊ ပြီးတော့ ကျုပ်တို့ဟာ လေညာမဟုတ်ဘဲ လေတိုက်နေတဲ့အတွက် အနံ့မရတာ ရယ်၊ လရောင်က လင်းထိန်နေတာရယ်၊ ရေအိုင်နဲ့ ကျုပ်တို့ ဝပ်ကျင်း နေရာဟာ ကိုက်သုံးဆယ်လောက်ပဲရှိတယ်၊ ကြည့်ရတာ ဒီသမင်နှစ်ကောင်ဟာ ရန်သူကင်းတဲ့ ရေအိုင်မှာ အလွန်ပျော်မြူးနေကြပုံပဲ၊ ကျုပ်မျက်စိထဲမှာ ခုထက်ထိ မြင်နေတုန်းပဲ၊ သမင်ဖိုကြီးဟာ ရေထဲသူ့ချိုကြီးနဲ့ ခပ်လိုက်၊ လဝန်းကြီးကို မော့ကြည့်လိုက်နဲ့ဆိုတော့ ပစ်ကွင်းထဲမှာ သူ့ရင်အုံကြီးကို ကော့ကော့ပေးထားသလို ဖြစ်နေတယ်၊ လက်ယားနေတဲ့ မစ္စတာသောမတ်စ်ဟာ အချိန်မဆွဲဘဲ ဒိုင်းခနဲဆို ပစ်ချလိုက်ပြီး ချက်ချင်းမောင်းပြန်တင်လိုက်တယ်"

ကျွန်တော်တို့မှာ အဘိုးဦးစောလူးနှင့်အတူ စိတ်တွေလှုပ်ရှားမိလာကြ၏။

"သမင်မလဲ သေနတ်သံကြားတာနဲ့ သစ်ပင်အုပ်ထဲထွက်ပြေးရော၊ သမင်ဖိုကြီးဟာ ထွက်လဲမပြေးဘူး၊ ခွေလဲမကျဘူး



www.burmeseclassic.com

www.burmeseclassic.com



ကျည်ဆန်လွဲသွားပြီ၊ သမင်ကြီးက ခေါင်းတယမ်းယမ်းနဲ့ ကျုပ်တို့ ရှိမှန်း သိသွားပုံရတယ်၊ ရေအိုင်ထဲကနေ ခုန်ပေါက်ပြီး ပြေးတက် လာရော မစ္စတာသောမတ်စ်ဆိုတဲ့လူဟာ ပုန်းနေရာက ကျောက် တုံးကြီးပေါ် ခုန်တက် ပြီး သေနတ်နဲ့ တည့်တည့်ချိန်ထားတယ်၊ လရောင်အောက်မှာ ထင်းထင်းကြီးတွေ ဖြစ်ကုန်ကြပြီ၊ ကျုပ်က သူ့အတွက် စိုးရိမ်ပြီး အောက် ဆင်းခိုင်းတယ်၊ မတော်တဆ ကျည်ဆန် ဂျမ်းဖြစ်သွားရင် သမင်ချိုခတ်ခံပြီး ဗိုက်ပေါက်ထွက် သွားနိုင်တယ်လေ၊ တော်ပါသေးရဲ့၊ ဒိုင်းခနဲဆို လှမ်းပစ်လိုက် ရင်ပဲ သမင်ကြီးဟာ တံ့ခနဲ ဘုန်းခနဲခွေပြီး လဲကျသေသွားတယ်၊ ပြေးကြည့်လိုက်တော့ ရင်အုံတည့်တည့်မှာပဲ ကျည်ဆန် နှစ်တောင့်စလုံး ဝင်သွားတာကိုး"

ချစ်တိုးလှမ်းပေးသော ကွမ်းယာကိုယူပြီး ပါးစပ်ထဲ၌ အံကြိတ်၍ ဝါးနေ၏။ သူကွမ်းဝါးတုန်း ကျွန်တော်တို့လည်း လက်ဖက်ကို ဝါးလိုက်မိတော့သည်။

"ကျုပ်တို့ သမင်အသေကောင်ကို မိုးလင်းအထိ စောင့်ရ တော့မှာမို့ နာရီကြည့်လိုက်တော့ ဆယ့်တစ်နာရီလောက်ပဲ ရှိသေး တယ်၊ အကြာကြီး စောင့်ရဦးမှာ၊ တစ်နာရီလောက်ကြာတော့ သစ်ပင် တွေကြားထဲက မီးဆလိုက်တဝင်းဝင်းနဲ့ မူဝံနဲ့ ချင်းကြီးတို့ ရောက်လာကြတယ်၊ ဝမ်းသာလိုက်တာ၊ သေနတ်သံနှစ်ချက် ကြားလိုက်ရလို့ တောကျွမ်းတဲ့ မုဆိုးမူဝံဟာ ဒီနေရာမှာရှိမှန်း သူသိသွားတယ်တဲ့၊ မစ္စတာ သောမတ်စ်ဟာ ရိက္ခာထုပ်ထဲက စားစရာတွေ ထုတ်ပြီးတော့ ဝီစကီပုလင်းထောင်ပြီး လေးဦးသား



www.burmeseclassic.com

www.burmeseclassic.com



စားသောက်ကြ၊ အောင်ပွဲခံကြတယ်၊ အဲ . . . အတိုချုပ်ပြော ရရင် မစ္စတာ သောမတ်စ်က သူပစ်တဲ့ ဒီသမင်ခေါင်းကို ယူပြီး သူ့ညှော်ခန်းမှာ ချိတ်၊ လာသမျှ သူ့မိတ်ဆွေတွေကို ကြွားပြတာ ပေါ့လေ၊ ကိုင်း . . . အဲဒါပါပဲ”

အဘိုး ဦးစောလူးထံမှ သမင်ပစ်ခတ်ခဲ့ပြီး ရရှိလာပုံကို သိရှိ လိုက်ကြချေပြီ။

“ဒီလိုဆိုရင် ရွှေစက်တော် ငဖဲအထက် အနောက်ရိုးမ ထဲက သမင်ကြီးပေါ့နော်၊ ဒါနဲ့ မစ္စတာ သောမတ်စ်မော်ဂင် ဆီကနေ အဘိုးက ဘယ်လို ရရှိခဲ့တာလဲခင်ဗျာ”

ကိုသိန်းလွင်က ဆက်လက်မေးလေ၏။

“သူတို့မိသားစု ချောက်ဘီအိုစီကနေ ရန်ကုန်မြို့ကို ပြောင်းရွှေ့သွားတော့ ခင်မင်တဲ့သူတွေကို လက်ဆောင် အသီးသီး ပေးကြတယ်၊ ကျုပ်ကလဲ ပါးစပ်ရဲရဲနဲ့ ဒီသမင်ချိုကို အမှတ်တရ တောင်းကြည့်တာ၊ မမျှော်လင့်ဘဲ သူကိုယ်တိုင် ပေးခဲ့တယ်၊ မစ္စတာ သောမတ်စ်ဟာ တကယ်ချစ်မှန်း သက်သေပါပဲလေ”

ကိုသိန်းလွင်မှာ သူသိလိုသောစကားကို ဆက်မေးချင် ပုံရ၏။ ချိန်ဆနေပုံလည်း ရ၏။

“မစ္စတာသောမတ်စ်မော်ဂင်ဟာ ဒီသမင်ခေါင်းရဲ့ ဖန်တီးရှင်လို့ ဆိုရတော့မှာပဲနော်၊ ဒါနဲ့ သူက ဘာဖြစ်လို့ နယ်ပြောင်းသွား ရတာလဲခင်ဗျာ”

“ဒါ . . . မောင်ရင့်ကိစ္စမဟုတ်ဘူး၊ သမင်ကိစ္စ သိဖို့ပဲ မဟုတ်လား”



www.burmeseclassic.com

www.burmeseclassic.com



အဘိုး ဦးစောလူးမှာ ကိုသိန်းလွင်အား မကြေနပ်သံ ပေါ်ထွက်လာ၏။ အသံ၌ ဒေါသသံ ပါလာ၏။ ခပ်ပြတ်ပြတ် ပြောလာ၏။

"ကျွန်တော့်စကား အမှားပါရင် ခွင့်လွှတ်ဖို့ အဘိုးကို တောင်းပန်ပါတယ်၊ အဘိုးဆီက အများကြီး ဗဟုသုတတွေ ရပါတယ်၊ ထူးဆန်းတဲ့ အဘိုးရဲ့ ကိုယ်တွေ့စွန့်စားခဲ့တာတွေကို ကျွန်တော်တို့ နောင်အားရက်တွေမှာ လာနားထောင် ချင်ပါ သေးတယ် အဘိုးရယ်"

ကိုသိန်းလွင်က တောင်းပန်ရင်း ဦးချကန်တော့လိုက် သဖြင့် ကျွန်တော်ပါ မနေသာဘဲ ဦးချလိုက်ရတော့၏။ မိသားစု အားလုံးကို နှုတ်ဆက်ပြီး အိမ်ပေါ်မှ ဆင်းလာကြကာ ကားပေါ် သို့ တက်ကြသည်။

"ဟော့ . . . မောင်ရင်၊ ခဏ ကျုပ်ဆီ လာစမ်း"

အဘိုး ဦးစောလူးက အိမ်ပေါ်မှနေ၍ ကိုသိန်းလွင့်အား လှမ်းခေါ်သဖြင့် ကားပေါ်မှဆင်းပြီး သွားတွေ့၏။ အဘိုးက တဖွတ်တွတ် ပြောနေသည်။ ထို့နောက် ကားပေါ်သို့ ပြန်တက် ကာ မောင်းနှင်လျက် ထွက်ခွာလာခဲ့ကြ၏။

"ဘာတွေ ပြောပြလိုက်တာလဲ"

"နောက်သိချင်တာတွေရှိရင် လာခဲ့ဖို့ပြောတာ၊ အဘိုးမှာ ကိုယ်တွေ့ဇာတ်လမ်းကောင်းတွေ အများကြီးရှိပါတယ် ဆရာ . . . ဟား . . . ဟား . . ."

ပြီးချမ်းစာအုပ်တိုက်

www.burmeseclassic.com

www.burmeseclassic.com



"ချစ်တိုး၊ မင်းအဘိုးက စကားပြောကောင်းသလား မပြောနဲ့၊ ငါတောင် ငြိမ်ကျသွားတာပဲ"

"အဘိုးက စကားသိပ်ပြောတာ မဟုတ်ဘူး၊ စိတ်ကလဲ တို၊ ဒေါသကလဲ ကြီးတယ်၊ အခု အသက်ကြီးတာတောင် မာန်မလျော့ချင်ဘူး၊ အဘွားလေးတို့မိသားစုဆိုရင် အခုထက်ထိ သူ့ကို ကြောက်နေရတုန်းပဲ"

"ဟုတ်ပါ့ကွာ၊ ဒါနဲ့ အဘွားလေးတို့မိသားစုလို့ မင်းပြော လိုက်တာ ဘယ်လိုသဘောလဲ ချစ်တိုးရယ်"

"ကျွန်တော့်အမေရဲ့ ကမေရင်း အဘွားက ဆုံးသွားပြီ၊ အခု ဘွားလေးက အဘိုးနောက်ယူတဲ့သူ၊ အမေတို့ ငယ်ငယ် ကလေးတည်းက အဘိုးက ယူလိုက်တာပဲ"

"ဒီလိုဆို မင်းအဘိုးကြီးကလဲ မိန်းမနှစ်ယောက်နဲ့ ဘယ်ဆိုးလို့လဲကွ ဟား . . . ဟား . . ."

ကျွန်တော်နှင့် ကိုသိန်းလွင်က ရယ်မိကြ၏။ မကြာမီ ချစ်တိုးအား အလုပ်စက်ရုံသို့ ပြန်ပို့ပေး၏။ ထွန်းမြိုင်မှာ အပြင် ထွက်သွားသဖြင့် မတွေ့ခဲ့ရတော့ချေ။ ခရီးဆက်၍ ထွက်လာ ကြသည်။

"ဆရာ. . . အဘိုးပြောပြလို့ ဒီသမင်ခေါင်းကို ပိုစိတ်ဝင် စားစရာ ဖြစ်လာမိတယ်၊ ခဏ အိမ်ဝင်ပြီး ကြည့်ချင်သေးတယ်"

ကိုသိန်းလွင်က စိတ်ဝင်စားနေသဖြင့် ကျွန်တော်က သဘောတူလိုက်၏။ နှစ်ဦးသာ ထွန်းမြိုင်၏ သုဝဏ္ဏမြို့ရှိအိမ်ကို ရောက်လာ ကပြန်၏။ နုနုက ဝမ်းသာနေ၏။



www.burmeseclassic.com

www.burmeseclassic.com



"အခုပဲ ထွန်းမြိုင်ဆီက ပြန်လာတာ၊ ဒီကောင် ငါ့ကို တွေ့တော့ မလုံမလဲဖြစ်နေရှာတယ်၊ မင်းက ဘာတွေပြောထားလဲ ဆိုပြီး ငါ့ဆီမှာ ကြောက်နေပုံရတယ်၊ ငါ လုံးဝမပြောသေးပါဘူး၊ ကိစ္စက ချစ်တိုးခေါ်ပြီး သူ့အဘိုးဆီ သွားခဲ့ကြတယ်"

နုနုက သဘောကျ၍ ရယ်၏။ သားနှင့် သမီးကိုလည်း တွေ့ ရ၏။

"ဩော် . . . ချစ်တိုးပေါ့၊ ဒီသမင်ခေါင်းဟာ သူတို့ဟာ ပေါ့၊ သူတို့မောင်နှမဟာ အမေကို လုပ်ကျွေးနေကြတဲ့ သူငယ်တွေ၊ သူ့ အစ်မက စက်ချုပ်တယ်၊ သူ့အဖေက ဆုံးပြီတဲ့။

"ဘာရောဂါနဲ့လဲ နုနု"

"သူတို့နဲ့ တစ်ရပ်ကွက်သား အလုပ်သမားတွေလဲ ကျွန်မ တို့ အလုပ်ရုံမှာ ရှိကြပါတယ်၊ သူတို့ပြောသံကို ကြားမိရတာ ကတော့ သူ့ အဖေအကြောင်းဟာ သိပ်သတင်းမကောင်းဘူး၊ မိန်းမရှုပ်ပြီး အရှက်တကွဲနဲ့ အဖမ်းခံ၊ ထောင်ကျခဲ့တယ်တဲ့၊ ထောင်က လွတ်လာတော့ ရပ်ကွက်ထဲ မျက်နှာ မဖော်ရဲဘဲ စိတ်ညစ်ပြီး အရက်တွေသောက်ရင်းက ရောဂါရပြီး သေဆုံးသွား တယ်လို့ သိရတာပဲရှင်"

ကိုသိန်းလွင်မှာ ခေါင်းတညိတ်ညိတ်နှင့် စကားမပြော တော့ပေ။ ထို့နောက် ကျွန်တော်သည် နုနုကို အားပေးရင်း တူနှင့် တူမကို စကားပြောဆိုပြီးနောက် အိမ်မှ ပြန်လည်၍ ထွက်လာကြ တော့သည်။



www.burmeseclassic.com

www.burmeseclassic.com



"ကနေ့ ကျွန်တော့်အတွက်နဲ့ တော်တော်ပင်ပန်းသွားပြီနော်၊ ဆရာ့မှာ တခြားကိစ္စမရှိရင် ကနေ့ အိမ်လိုက်ခဲ့ပြီး အေးအေးဆေးဆေး အနားယူနိုင်ပါတယ်၊ ညစာကျွေးချင်လို့ပါ ဆရာရယ်၊ ပြီးတော့ ဆရာ့ကို ပြောစရာ ဆွေးနွေးစရာလေးတွေလဲ ရှိလို့ပါ"

ကျွန်တော့်မှာ သူနှင့် လူချင်း ခင်မင်မိနေသော်လည်း သူ့အိမ်သို့ မရောက်ဖူးခဲ့ချေ။ တခြားကိစ္စမရှိသဖြင့် ခေါင်းညိတ်လိုက်၏။ သူအလွန်ဝမ်းသာသွားရှာသည်။ ဗိုလ်တထောင်တွင် ခေတ်ပေါ် ရှစ်ထပ်ကန်ထရိုက်တိုက်သို့ ရောက်လေသည်။ သူ့စားအရ အောက်မြေညီထပ်နှင့် ပထမထပ်သည် မိဘနှင့် မိသားစုများနေ၏။ သူကတော့ ဒုတိယထပ် ခေါင်းရင်းတစ်ခန်းသုံး လူပျိုရိပ်သာအဖြစ် သီးသန့်နေ၏။ တိုက်ပိုင်ရှင်မိသားစုပင်။

အခန်းထဲတွင် တစ်ဦးတည်း လွတ်လွတ်လပ်လပ်နေသူမို့ အိမ်ထောင်ပရိဘောဂပစ္စည်းများ မရှိဘဲ စာအုပ်မျိုးစုံ ဗိုင်းရဲ့သျှက် ရှိနေသည်။ ကျွန်တော်သည် ဒရင်းဗက်ပေါ်တွင် ထိုင်လှဲပြီးအနားယူ မိသည်။ နံရံများပေါ်တွင်လည်း စကြာဝဠာ၏ ဗြိုဟ်တွေတ်ပုံများ၊ ကမ္ဘာ့ ဒဿနဗိုလ်ဆိုဖီပညာရှင်ကြီးများ၏ ပုံများ၊ အရှေ့တိုင်း အနောက်တိုင်းမှာ ထုတ်ဝေသော စာအုပ်စာတမ်းများလည်း စားပွဲပေါ်၊ စင်ပေါ်တွင်မက ကြမ်းခင်းပေါ်သို့ပင် ထားနေရသည်။ ကျွန်တော် အထူး စိတ်ဝင်စားဆုံး ဆေးရောင်စုံပန်းချီကားချပ်ကြီး၏ပုံမှာ ကာလီမယ်တော်၏ အံ့ဖွယ်ကောင်းသော တန်ခိုးပြပုံတော်ပင် ဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com



"အခန်းတစ်ခုလုံး ရှုပ်ပွနေလို့ ဆရာ စိတ်ညစ်သွားပြီလား . . . ဟား . . . ဟား . . ."

"ကျွန်တော့်အခန်းက ကိုလွင့်ထက် ပိုတောင်ဆိုးသေး"

သူသည် စကားပြောခွက်လေးကိုင်လျက် စားသောက်ခရာများ မှာကြားနေ၏။ မကြာမီ အခန်းထဲသို့ ကလေးမလေးတစ်ယောက်က ယူဆောင်လာချေ၏။ သူသည် သူကိုယ်တိုင်ချက်ပြုတ်မသားဘဲ မိသားစုနှင့်အတူ ဆင်းပြီး စားသောက်၏။ မဆင်းချင်လျှင် ပြောခွက်လေးနှင့် အပေါ်ထပ်ပို့ခိုင်း၏။ သူ့ဘဝမှာ အဆင်ပြေလှချေ၏။

"အခုလို အခန်းထဲမှာတွေ့တဲ့ စာအုပ်မျိုးတွေကြားမှာနေမှန်း ဆရာတွေ့ရတော့ ကျွန်တော့်အပေါ် အကဲခတ်လို့ရသွားပြီပေါ့နော်၊ ဆရာ့ကို ကျွန်တော် တောင်းပန်စရာတွေရှိပါတယ်"

"ဘာများလဲနော်"

"သမင်တိရစ္ဆာန်အကြောင်း လေ့လာစာတမ်းပြုနေတယ်ဆိုပြီး ဆရာ့အပေါ် ကျွန်တော် လိမ်ပြောမိခဲ့ပါတယ်၊ ဒီလိုမှ မပြောလဲ ကျွန်တော်သိချင်နေတဲ့ လျှို့ဝှက်ချက်ဟာ ဘယ်နည်းနဲ့မှ ခြေရာကောက်လို့ ရခဲ့မှာ မဟုတ်ဘူး၊ ဒါကလဲပဲ ဆရာနဲ့ ပတ်သက်နေတဲ့ မိသားစု အတွက်ပါပဲ"

ကိုသိန်းလွင်၏ စကားကို နားမလည်နိုင်သေးပါ။

"ပွင့်ပွင့်လင်းလင်း ကျွန်တော့်ဆန္ဒအရ ပြောရမယ်ဆိုရင် ဆရာ့ရဲ့ညီ ကိုထွန်းမြိုင်ဟာ မကြာမီသော ကာလအချိန်



www.burmeseclassic.com

www.burmeseclassic.com



အတွင်း ဘေးဒုက္ခ အသက်အန္တရာယ် ကျရောက်လိမ့်မယ်လို့ ယူဆထားတယ်၊ အဲဒီ ဘေးဆိုးကြီးက လွတ်မြောက်အောင် သူ့ အိမ်မှာရှိတဲ့ သမင်ချိုဦးခေါင်း ကြီးကို အမြန်ဆုံး ဖယ်ရှားပစ်ခိုင်း ပေတော့ ဆရာရေ"

"ဘယ်လိုကြောင့်တုန်း၊ ဘယ်လိုပတ်သက်နေသတုန်း"

"အဲဒီသမင်ရဲ့ လျှို့ဝှက်ချက် သဲလွန်စ တွေ့ထားမိလို့ပါ"

အလွန် ထူးခြားနက်ရှိုင်းသော ပညာရပ်တစ်ခုနှင့် ပတ်သက်နေသော စကားမျိုးကို ကိုသိန်းလွင်ထံမှ ထွက်ပေါ်လာ ခြင်း ဖြစ်၏။

"ဘယ်လိုလျှို့ဝှက်ချက်လဲ၊ ပြောပြစမ်းပါဦး"

"ကျွန်တော့်ယူဆချက်ဟာလဲ မှန်ချင်မှန်မယ်၊ မှားချင် မှားမယ်၊ ဒါပေမယ့် ကနေ့ ဆရာကိုယ်တိုင် တွေ့ဆုံကြားရတဲ့ အဖြစ်အပျက် စကားတွေကတော့ ထူးဆန်းနေတော့ အမှန်ပါပဲ၊ မစ္စတာ သောမတ်စ်မော်ဂင်ဟာ ဒီသမင်ကို ပစ်သတ်ခဲ့တယ်၊ ဒီဦးခေါင်းကို အိမ်မှာထားခဲ့တယ်၊ သူဟာ ဘာဖြစ်ခဲ့သလဲ၊ အဘိုးခေါ်ဖြီး ပြောပြလို့ သိရတာက နောက်ဆုံး သူတို့လို မျက်နှာဖြူအရာရှိကတော်တစ်ဦးနဲ့ ဖောက်ပြန်ပြီး ပြဿနာတွေ တက်ကုန်တယ်၊ အလုပ်ပြောင်းရွှေ့ခံခဲ့ရတယ်၊ နောက် ဒီသမင် ခေါင်းကို အဘိုး ဦးစောလှုးလက်ထဲ ရောက်တယ်၊ ချစ်တိုး ပြောစကားအရ အဘိုးကြီးက အဘွားကြီးရှိနေပါလျက် အဘွား လေးကို ယူခဲ့တဲ့အချက်ရယ်၊ ချစ်တိုးအမေလက်ထဲ ရောက်လာ တော့ သူ့အဖေ ကျော်မကောင်း ကြားမကောင်း မိန်းမပြဿနာ



www.burmeseclassic.com

www.burmeseclassic.com



နဲ့ ထောင်ကျ၊ နောက် သေသွားတယ်၊ အဲဒီလို ဘာကြောင့်ဖြစ်ခဲ့တာလဲ၊ ကျွန်တော်ကတော့ ဒီသမင်ခေါင်းအပေါ်မှာ သံသယရှိနေပြီ"

"ဒီလို လူမှုရေးဖောက်ပြန်မှုတွေဟာ အမြဲဖြစ်လေ့ရှိနေကြ တာပဲဗျ၊ ဒီသမင် မရှိတဲ့သူတွေလဲ ဖြစ်နေကြတာပဲ၊ ဒါဟာ တိုက်ဆိုင်မှုဖြစ်နေတယ် ဆိုရင်ကော"

"ဆရာပြောတာလဲ လက်ခံပါတယ်၊ ဟိုရှေးရှေးတုန်းကတည်းက ရွာကြီးတွေမှာ မြို့နယ်တွေမှာ အိမ်ကြီးအိမ်ကောင်းတွေရဲ့ ဧည့်ခန်းမှာ စိုင်ချို၊ ပြောင်ချို၊ သမင်ချိုကြီးတွေ အလှချိတ်ထားလေ့ ရှိခဲ့ပါတယ်၊ ကနေ့ မြို့ပေါ်က တချို့အိမ်ခန်းတွေမှာလဲ ချိတ်ဆွဲကြတာပါပဲ၊ အဲဒီ တိရစ္ဆာန် တောကောင်ချိုတိုင်း ဒီလို အဖြစ်ဆန်းတွေ ဖြစ်ချင်မှလဲဖြစ်ကြတယ်၊ ဒါပေမယ့်တောကောင်ချိုမှရယ်လို့ မဟုတ်ဘူး၊ သက်ရှိပဲဖြစ်ဖြစ် သက်မဲ့ပစ္စည်းပဲဖြစ်ဖြစ် အလွန်အုံ့ဖွယ်ကောင်းတဲ့ လျှို့ဝှက်ချက်ဆိုတဲ့ ဂမ္ဘီရနွယ်ဝင်တွေ ရှိတတ်ပါတယ်၊ ဘာပဲပြောပြော ဟောဒီ သမင်ချိုကြီးမှာတော့ လျှို့ဝှက်ချက်ရှိနေတယ်လို့ ယူဆထားမိတယ် ဆရာ"

"ဘယ်လို တွေ့ထားမိလို့လဲ"

"ဒီကိစ္စကလဲ အခက်သားပဲ၊ တိတိကျကျ မပြောနိုင်ဘူး၊ သာမန်လူသားတွေအနေနဲ့မမြင်စွမ်းနိုင်တဲ့ ဆက်သွယ်ရေးကူးလူးနေတဲ့ လျှို့ဝှက်ချက်တွေပဲ၊ အခု ဆရာ့ကို မရှင်းပြတတ်ဘူး၊ ဟုတ်ချင်မှလဲ ဟုတ်မယ်၊ ဟုတ်ချင်လဲ ဟုတ်နေမယ်၊ ကျွန်တော့် တွေ့ရှိချက်ကို ကျွန်တော်ဘာသာ ယူဆတွေးမိလို့ဒီသလို



www.burmeseclassic.com

www.burmeseclassic.com



ဆရာကလဲ ကိုယ်တွေ့ တွေ့ရှိချက်အပေါ် တစ်မျိုးယူဆတွေးရင် တွေးမှာပဲ၊ ဘာပဲဖြစ်ဖြစ်လေ . . . ဆရာကိုယ်တိုင် မြင်တွေ့ ကြည့်ကြတာပေါ့၊ မနက်ဖြန်မနက် ဆယ်နာရီ ဆရာ့ဆီ ဝင်ခေါ် ပြီး ကိုထွန်းမြိုင်ရဲ့ သမင်ဦးခေါင်းကို သွားကြည့်ကြတာပေါ့နော်"

ကိုသိန်းလွင်၏ ပြောစကားကြောင့် ကျွန်တော်သည် စိတ်လှုပ်ရှားလာမိသည်မှာ အမှန်ပင်။

"ဩော် . . . သမင်ချိုကြီးရဲ့ လျှို့ဝှက်ချက်ဆိုတာ ဘာများပါလိမ့်"

※※※

ထွန်းမြိုင်၏တိုက်သို့ နံနက် ဆယ်နာရီခန့်ကတည်းက ရောက်ရှိလာကြ၏။ ထွန်းမြိုင်မှာ ရှစ်နာရီကျော်က အလုပ်စက်ရုံ သို့ သွားချေပြီ။ သားနှင့် သမီးကလည်း ကွန်ပျူတာသင်တန်းသို့ သွားကြပြီ။ နုနုနှင့် အိမ်ဖော်ကောင်မလေး နှစ်ဦးမှာလည်း မီးဖိုချောင်၌ ချက်ပြုတ် ကြော်လှော်နေကြသည်။

ကျွန်တော် သူတို့အိမ်သို့ ဆက်တိုက်လာနေသဖြင့် နုနုမှာ အားရှိပြီး စိတ်ရွှင်လန်းနေမိသည်မှာ အမှန်ပင်။ ယခု လည်း ကျွန်တော်တို့နှစ်ဦးအား နံနက်စာကျွေးရန် ချက်ပြုတ် နေကြသည်။

ကိုသိန်းလွင်မှာ ကုလားထိုင်၌ ငြိမ်သက်စွာထိုင်ပြီး ဧည့်ခန်း၏ ပစ္စည်းမျိုးစုံထားရှိသည့် အနေအထားပုံစံများကို လေ့လာအကဲခတ် နေပုံရ၏။ ကျွန်တော်မှာ အုတ်နံရံနှင့် တစ်ပေ



www.burmeseclassic.com

www.burmeseclassic.com



အကွာ သစ်သားထောက် စင်ကလေးပေါ်တွင် တင်ပြီး၊ နံရံနှင့် ပလတ်စတစ်ကြိုးဆိုင်းလျက် ဆွဲချိတ်ထားသော သမင်ချိုဦးခေါင်းကို ဘေးကကြည့်လိုက်၊ နောက်က ကြည့်လိုက်၊ ရှေ့ကကြည့်လိုက်နှင့် ဘယ်လိုကြည့်ကြည့် ဘာထူးခြားမှုမှ မတွေ့ရချေ။

ချိုကြီးများမှာ အခက်အလက်အတက်များ ဖြာထွက်လျက် သဘာဝ၏ အလှအပများကို အံ့ဩမိ၏။ သမင်ရှေ့တည့်တည့်တွင် ထိုင်ခုံရွှေ့ပြီး ထိုင်လိုက်၏။

"ဆရာ အချိန်ကျဖို့ နည်းနည်းလေး လိုပါသေးတယ်၊ သမင်ခေါင်းနောက်ခံ အုတ်နံရံမှာ သမင်ခေါင်းက ဦးချိုအရိပ်တွေ ကျနေတယ် မှတ်လား၊ အဲဒီပုံရိပ်တွေဟာ ဟိုအထက်က မှန်ပြတင်းပေါက် ငယ်လေးကနေ အလင်းရောင် ပြောင်းလဲဝင်လာတိုင်း ပုံရိပ်တွေဟာ တဖြည်းဖြည်း ပြောင်းလဲသွားပါလိမ့်မယ်၊ အဲဒါသာ ကြည့်နေပါ"

ကိုသိန်းလွင် ပြောပြသည့်အတိုင်း ကြည့်ရာ အုတ်နံရံဖြူတွင် သမင်၏ ဦးချိုအရိပ်များသည် ရှုပ်ယှက်ခတ်စွာ ပေါ်နေ၏။ သို့သော် ပုံရိပ်များသည် မငြိမ်သက်ဘဲ အလင်းရောင်ထိုးသလို ပုံစံအမျိုးမျိုး ပြောင်းလဲလာနေသည်။ ချို၏ အခက်အလက် အတက်များ ရောနှောနေသည်။ မျက်နှာကျက်ထိပ်ရှိ မှန်ပြတင်းပေါက်မှ နေရောင်ခြည်သည် နံရံ၏ အထက်ဆီ၌ ထိုးနေရာမှ တဖြည်းဖြည်း အောက်ဘက်ဆီသို့ နိမ့်ဆင်းလာနေပြီကို သတိထားမိသည်။ ပြင်ပကောင်းကင်၌ နေလုံးသည် မြင့်တက်လာခဲ၍၊ နံရံပေါ်မှ နေရောင်ခြည်ဝန်းသည် နိမ့်ဆင်းလာလေ ဖြစ်လာ၏။



www.burmeseclassic.com

www.burmeseclassic.com


ဦးချို၏ ပုံရိပ်မှာလည်း ချိုချင်းရောထွေးရာမှ တဖြည်းဖြည်း ချိုအရိပ်ချင်း ထပ်လာလေတော့၏။

စက္ကန့်နှင့် မိနစ်လက်တံများ ရွေ့လျားနေသလို့ နောက်ဆုံး၌ နေရောင်ခြည်တန်းကြီးသည် သမင်ဦးခေါင်းကြီးတစ်ခုလုံးပေါ်သို့ စူးစူးရှရှ လင်းထိန်ပြီး ထိုးကျရောက်သည်နှင့် တစ်ပြိုင်နက် ချိုအလက်အခက်များ၏ပုံရိပ်မှာ နံရံပေါ်၌ အစွန်းအထွက်မရှိဘဲ မျက်နှာတစ်ခု၏ သဏ္ဌာန်ပုံရိပ်ကောက်ကြောင်းကြီးကို ထင်ထင်ရှားရှား မြင်နေရတော့၏။

"ဘီလူးလိုလို . . . လူလိုလို"

မျက်လုံးနှစ်လုံး၊ ပါးစပ်ဖြဲအစွယ်၊ နဖူး၊ ခေါင်း၊ နားကင်းစသော မျက်နှာပုံရိပ်သဏ္ဌာန်ကို ဖမ်းစားမိလိုက်၏။ ဖြစ်ဖို့များသည်က လူမျက်နှာထက် ဘီလူးယက္ခပုံသည် ပို၍နီးစပ်နေ၏။

"ဆရာ ဘယ်လိုလျှို့ဝှက်ချက်တွေ ခံစားမိလဲ"

"အင်း . . . ဘီလူးယက္ခမျက်နှာလိုလို ပုံရိပ်သဏ္ဌာန်ဟိုမှာ ပေါ်နေသလားလို့"

"ကျွန်တော်လဲ အဲဒီလိုပဲ ထင်တယ်၊ လူမျက်နှာတော့မဖြစ် ဘူး"

နှစ်ဦးသား စိုက်ကြည့်နေမိကြ၏။ ကျွန်တော်သည် ထိုင်နေရာမှ ထလျက် ဦးချို၏ဘေးကို မော့ကြည့်ရာ မူလထွက်နေသော ချိုအနေအထားအတိုင်းပင်။ ပျောက်သွားခြင်း၊ ထပ်မံပေါ်လာခြင်းမျိုးလည်း မရှိ။ သို့ပေသည့် နံရံပေါ်၌ ပုံရိပ်သဏ္ဌာန်



www.burmeseclassic.com

www.burmeseclassic.com



ကျတော့ ဘီလူးယက္ခ မျက်နှာလိုလို မြင်နေရပြန်၏။ ထို့နောက် နေရောင်ခြည်သည် တဖြည်းဖြည်း သမင်ခေါင်းပေါ်မှနေ၍ ရွေ့လျားကာ အောက်သို့ နိမ့်ဆင်းလာ သည်နှင့်အမျှ နံရံပေါ်၌ ပုံရိပ်သဏ္ဌာန်မှာ ရှုပ်ထွေးလာပြီး ကွယ်ပျောက် သွားလေတော့၏။

ထူးတော့ ထူးခြားနေလေပြီ။ ကိုသိန်းလွင်က ပထမ ဦးဆုံးနေ့ ရောက်ခဲ့စဉ်တုန်းက နေရောင်ထိုးကျချိန်နှင့် တိုက်ဆိုင်ပြီး ယခုလို မြင်တွေ့မိခဲ့ရကြောင်း ယခုမှ ဖွင့်ပြောပြ၏။ ထို့နောက် မှန်ဗီရိုပေါ်၌ ထောင်ထားသော ဆေးရောင်စုံ ဓာတ်ပုံ မှန်ဘောင်ကိုယူ၍ပြသ၏။ မကွေးမြို့သလွန် စေတီဘုရားတောင်မှ ဘီလူးရုပ်ထုကြီးများနှင့်အတူ ထွန်းမြိုင်သည် တွဲ၍ ဓာတ်ပုံရိုက်ထားသော ပုံဖြစ်လေ၏။

"ဆက်နွှယ်မှုများ ရှိမလားလို့ စဉ်းစားမိတယ် ဆရာ"

ကိုသိန်းလွင်၏ လျှို့ဝှက်ချက် သဲလွန်စကောက်နေသည့် ကိစ္စကို ယခုမှ ကျွန်တော် နားလည်သဘောပေါက်လာ၏။ စင်စစ် ဤတိုက်ထဲတွင် ဘီလူးယက္ခနှင့်ပတ်သက်သော လျှို့ဝှက်ချက် ဆက်နွှယ်မှုများ ရှိနေပြီလော မပြောတတ်ချေ။

"ဒါနဲ့ ကိုလွင်က လျှို့ဝှက်ဆန်းကြယ်တဲ့ပညာတွေကို ဝါသနာပါလို့ မေးရဦးမယ်၊ ဘီလူးယက္ခဂူမှာန် ဆိုတာကော တကယ်ရှိတယ်လို့ ထင်သလား"

"တကယ်တော့ ရှိတယ် မရှိဘူးဆိုတာ ကျွန်တော်တို့ အလုပ် မဟုတ်ဘူး ဆရာရယ်၊ ဖြစ်ပေါ်လာတဲ့ အကြောင်းတရား



www.burmeseclassic.com

www.burmeseclassic.com



ပေါ်မှာ အခြေခံပြီး တွေးမြင်တယ်၊ ခံစားကြည့်တယ်၊ ယူဆမိတယ်၊ မှန်တယ်မှားတယ် ဆိုတယ်ဆိုတဲ့ ဆုံးဖြတ်ချက်ကို ကျွန်တော်တို့ မလုပ်သင့်ပါဘူးလို့ ခံယူ ထားပါတယ်"

"ဒါဖြင့်ရင် ဘီလူးယက္ခလို့ ဘာလို့ပြောမလဲ"

"ဟုတ်ကဲ့ . . . ဒီပုံကဖြင့် လူ၊ ဒါကဖြင့် ဆင်၊ ဒါပုံက ခွေး စသည်ဖြင့် ရုပ်ပုံတွေနဲ့ ပညတ်ချက်နာမည်တွေကျတော့ တကယ် တွေ့မြင်ဖူးရဲ့လား၊ ဒါပေမယ့် မတွေ့ဖူးလဲ ဆရာတို့ ကျွန်တော်တို့တစ်တွေက ဘာလို့ စိတ်ထဲကနေ စွဲသိနေရတာလဲ၊ ဆိုလိုတာက ဒီသမင်ဟာ တကယ်ရုပ်ဝတ္ထုနဲ့ သက်ရှိထင်ရှားရှိတဲ့ အသိစိတ်၊ ဘီလူးယက္ခကျတော့ သက်ရှိထင်ရှား မရှိသော်လဲ ရုပ်အစွဲနဲ့ သိတဲ့ အသိစိတ်၊ ရှင်းရှင်း ပြောရရင် ရုပ်ရှိစိတ်နဲ့ ရုပ်မရှိစိတ်နှစ်ခုဟာ ဆက်နွယ်မှုရှိတဲ့ သဘောပါပဲ၊ ဒီတော့ သမင်နဲ့ ဘီလူးယက္ခဟာလဲ ဆက်နွယ်မှုရှိမလားလို့ ယူဆမိတယ်လေ"

တွေးတောစရာ အများကြီး ရှိလာ၏။ တောကြီး တောင်ကြီးများထဲ၌ ဘီလူးယက္ခစသော ပုဂ္ဂိုလ်များ စောင့်ရှောက်နေထိုင်ကြကြောင်းများကို စာပေကျမ်းမျိုးစုံ၌ ဖတ်ဖူး၏။ ရှေးအစဉ်အဆက် လူကြီး သူမများ၏ စကားများလည်း ကြားဖူး၏။ ဥပ္ပါးတောင်သည်ပင်လျှင် တစ်ချိန်က ပန်းစားဘီလူးမဖြစ်သော မယ်တော်ကြီး မယ်ဝဏ္ဏ စံမြန်းခဲ့သည်ဟု အဆိုရှိနေဆဲပင်။ ထို့ကြောင့် အနောက်ရိုးမတောထဲ၌လည်း ဘီလူးယက္ခသည် သို့ဝှက်ချက်တစ်ခု ဖြစ်နေရပြီ။ ဤသို့ဆိုလျှင် ရုပ်အရှိ သမင်



www.burmeseclassic.com

www.burmeseclassic.com



သည် သေခဲ့သော်လည်း ရုပ်မရှိဘီလူးယက္ခသည် ရှင်သန် နေဆဲလား။ ဘီလူး၏ဗီဇစိတ်သည် လွန်ကျူးခြင်းနှင့် ဒေါသခက်ထန်ခြင်းကို ဆောင်သည်ဟုလည်း အဆိုရှိပြန်၏။ ရာမမင်းလက်ထဲမှ မယ် သီတာကို အ,ဓမ္မလုယူခဲ့ဖူးသော ဒသဂီရိ၏စိတ်ကိုလည်း တွေးတော မိလာပြန်သည်။

"အစ်ကိုကြီး၊ ထမင်းပွဲပြင်ပြီးပြီ၊ စားလိုက်ကြရအောင်"

နုနုက လာခေါ်သံဖြင့် ကျွန်တော်တို့နှစ်ဦး အတွေးများရပ် လိုက်ကာ ထမင်းစားပွဲသို့ ဝင်ထိုင်ကြလေ၏။ ဖွယ်ဖွယ်ရာရာ အမျိုး စုံလင်စွာ ချက်ပြုတ်ထား၏။ နုနုမှာ မစားဘဲ ဘေးအနီးမှာ စောင့် ကြပ်ကြည့်ပေးရှာ၏။

ထိုစဉ် အိမ်ရှေ့၌ ကားရပ်သံကြား၏။ အိမ်ထဲသို့ ထွန်းမြိုင် ဝင်ရောက်လာသည်။

"အစ်ကိုကြီးတို့ ဘယ်တုန်းက ရောက်ကြလဲ"

"ဟော. . . အတော်ပဲဟေ့၊ လာ . . . တစ်ခါတည်း တို့နဲ့ ဝင်စားကွာ"

"စား . . . စား အစ်ကိုကြီး၊ ကျွန်တော် ကိစ္စရှိလို့ လုပ်လိုက် ဦးမယ်"

ထွန်းမြိုင်က နုနုအား ယခု မန္တလေးမြို့သို့ ကိုယ်ပိုင်ကားနှင့်ပင် ခရီးထွက်စရာရှိကြောင်း ပြောဆိုနေကြ၏။ စက်ရုံက ပို့ကုန်ပစ္စည်းများ ဝယ်ယူရောင်းချနေသော မန္တလေးမြို့ရှိ ဆိုင်များထံမှရရှိရန် ကျန်ငွေများကို လူကိုယ်တိုင်သွားပြီး တောင်းခံရန် ကိစ္စဖြစ်ကြောင်း ပြောဆိုနေကြသည်။



www.burmeseclassic.com

www.burmeseclassic.com



ဖြုန်းခနဲ ကြိုတင်ပြောဆို ဆွေးနွေးမှုမရှိဘဲ ခရီးထွက်မည် ဆိုသဖြင့် နုနုမှာ ဘဝင်မကျပုံရနေ၏။ စေခိုင်းသည့်အတိုင်း လက်ဆွဲ ခရီးဆောင် သားရေအိတ်ကြီးတွင် သူ၏ အဝတ်အစားများကို ထည့်ပေး နေရ၏။ ထွန်းမြိုင်သည် ကျွန်တော့်ဘေးတွင် ဝင်ထိုင်ပြီး ပန်းကန်ပြားထဲ၌ ထမင်းနည်းနည်း ဟင်းနည်းနည်း ခပ်ထည့်ကာ အတူဝင်စား လေ၏။

"ကျွန်တော် မန္တလေးကို လုပ်ငန်းကိစ္စနဲ့ အခုပဲ သွားမလို့ ဟိုမှာ သုံးလေးရက်လောက်ပါပဲ၊ အသွားအပြန် အလွှန်ဆုံး တစ်ပတ်ပေါ့၊ အစ်ကိုကြီး ဘာမှာလိုက်ဦးမလဲ"

"ဘာပစ္စည်းမှ မှာစရာမရှိပါဘူးကွာ၊ ဒါပေမယ့် စကားတော့ မှာလိုက်ချင်တယ်၊ ညီအစ်ကိုဆွေမျိုးတွေထဲမှာ မင်းကို ငယ်ငယ်လေး ကတည်းက ငါ အချစ်ဆုံးဆိုတာ မင်းသိပါတယ်ကွာ၊ အေး . . . အခု မင်းဟာ လုပ်ငန်းကြီးတွေလဲ လုပ်နေတယ်၊ သားသမီးတွေဆိုလဲ လူလားမြောက်လာနေကြပြီ၊ မင်းဟာ လူကြီးတစ်ယောက် ဖြစ်နေပြီ၊ ဒီတော့ ဘာပဲလုပ်လုပ် မြတ်စွာဘုရား ဟောကြားထားတဲ့အတိုင်း သတိဆိုတာ အမြဲထားရမယ်၊ စား သတိ၊ သွား သတိ၊ လာ သတိသာ မကဘူး၊ အပေါင်းအသင်း လူတွေအပေါ်မှာလဲ သတိတရား၊ ဆင်ခြင် တုံတရားကို အမြဲ သတိလက်မလွှတ်စေချင်ဘူး၊ ငါ့အနေနဲ့ကတော့ကွာ၊ မင်းတို့ အိမ်ကို ရောက်တိုင်း ဒီမိသားစုကို စုံစုံလင်လင်နဲ့ ငါ အမြဲမြင်ချင်တယ်၊ အဲဒါပါပဲ"



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်က သွယ်ဝိုက်၍ အခွင့်ရတုန်း ပြောလိုက်ရာ ထွန်းမြိုင်မှာ ပြုံးစိစိနှင့် ခေါင်းညိတ်ပြနေ၏။ ထို့နောက် ထမင်းဝိုင်းမှ ထကာ နုနုရှိရာ အိမ်ခန်းထဲသို့ ဝင်သွားလေ၏။ သူ မရှိတုန်း အလုပ်ရုံသို့ သွားကြည့်ရန် မှာကြားနေရ၏။ မန်နေဂျာဖြစ်သူထံသို့လည်း တယ်လီဖုန်းဆက်၍ မှာကြားနေပြန်သည်။ ပြီးနောက် လင်မယား စကားများသံသဲ့သဲ့ ထွက်လာသည်။

"မင်း ဘာမှ ငါ့ကို လျှာရှည်မနေနဲ့၊ စစ်လားဆေးလား လုပ်စရာလဲ မလိုဘူး၊ မင်းကို ငါ ရှာဖွေပေးထားတဲ့ ငွေတော၊ စည်းစိမ်တော နည်းသလားဟင်၊ ကြာတယ်ကွာ၊ မြန်မြန်ပေးစမ်း"

ထွန်းမြိုင်၏ ဒေါသသံ ခပ်ပြင်းပြင်းသည် အိမ်ခန်းထဲမှ ထွက်ပေါ်လာသဖြင့် ကျွန်တော်သည် ထမင်းစားရပ်လိုက်၏။ အခြေအနေကို ထိန်းသိမ်းရန်စောင့်ကြည့်မိ၏။ မကြာမီ ထွန်းမြိုင်သည် အခန်းထဲမှ အဝတ်သေတ္တာဆွဲပြီး ထွက်လာသည်။

"အစ်ကိုကြီး . . . ကျွန်တော် သွားတော့မယ်၊ ပြန်လာမှ ကိုသိန်းလွင်ရော အေးအေးဆေးဆေး ဆုံကြသေးတာပေါ့"

သူက ကမန်းကတမ်း နှုတ်ဆက်ပြီး တိုက်ထဲမှထွက်ကာ ကားမောင်း၍ သွားတော့၏။ နုနုသည် အခန်းထဲမှနေ၍ ဟန်မဆောင် နိုင်ရှာတော့ဘဲ ထွက်လာကာ စားပွဲပေါ်တွင် လက်မှောက်လျက် ငိုရှာ လေတော့သည်။

"အစ်ကိုကြီးညီဟာ ညီမကို သိပ်အနိုင်ကျင့်တာပဲ"



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော့်ရှေ့တွင် ပြောဆို ဆက်ဆံနေပုံ စရိုက်လက္ခဏာကို လုံးဝမကြိုက်ပါ။ ထွန်းမြိုင် စိတ်ခါတ်ပြောင်းလဲနေသည်မှာ သေချာနေပေပြီကော။

"သူ သူဟာ ညီမနဲ့ သူ့သားသမီးတွေကို လုံးဝမချစ်တော့ဘူး၊ အခု မန္တလေးသွားပြီး ငွေတောင်းမယ်ဆိုတာ အလကား လိမ်ပြော သွားတာ အစ်ကိုကြီး၊ အီး . . . အီး . . ."

နုနုမှာ ပြောရင်းမှ ပို၍ ရှိုက်ကြီးတငင် ငိုပြန်နေသည်။

"ကနေ့ အလုပ်ရုံကိုလဲ သူ မသွားခဲ့ဘူး၊ ဒီရောက်မှ မန်နေဂျာဘကျော်ဆီဖုန်းလှမ်းဆက်တာ၊ သူ. . .သူဟာမဟုတ်မှလွဲရော ဟိုကောင်မလေးနဲ့ သူ. . . သူတို့. . . ထွက်. . . ထွက်ပြေးကြပြီ . . . အီး . . . အီး"

"ညီမလေးရယ် စိတ်ထိန်းပါ၊ လျှောက်မတွေးပါနဲ့ဦးလေ"

"ညီမပြောတာ မှန်ကိုမှန်ရမယ်၊ သူ မန္တလေးကို သွားမယ် ဆိုတာ အစ်ကိုကြီးနဲ့ ညီမတို့အားလုံးကို လိမ်ပြောသွားတာ၊ အစ်ကိုကြီးရော၊ ကိုသိန်းလွင်ရော စဉ်းစားကြည့်စမ်းပါ"

"မန္တလေးရောက်ရင် ပစ္စည်းရောင်းထားတဲ့ ဆိုင်တွေဆီက ငွေတွေ သိန်းနဲ့ချီရမယ့်ဟာ၊ သူ ဘာမှ လမ်းခရီးမှာ သိန်းနဲ့ချီပြီး ခရီး စရိတ်မလိုပါဘူး၊ အခု သူ . . . သူက ညီမဆီက ငွေငါးသိန်း အတင်းတောင်းလို့ ပေးလိုက်ရတယ်၊ ခရီးလမ်းမှာ ဒီငွေငါးသိန်းကို သူဘာအတွက် သုံးမှာမို့လို့လဲ၊ ရှင်းရှင်းလေးပဲ၊ အဲဒီကောင်မလေးနဲ့ သုံးဖြုန်းဖို့ကလွဲလို့ . . . အီး . . . အီး . . ."



www.burmeseclassic.com

www.burmeseclassic.com



နုနုမှာ ပြော့လိုက် ငိုလိုက်နှင့် သူ့ထံမှ ငွေငါးသိန်း တောင်း သွားကြောင်း သိလိုက်ရလျှင် ကျွန်တော် စိတ်လှုပ်ရှား လာ၏။ ရင်ခုန်မြန်လာ၏။ နုနု တွေးထင်သလို ဖြစ်နိုင်စရာများ ဝင်လာ၏။ ဒေါသလည်း ထွက်၊ နုနုနှင့် ကလေးများ၏ ခံစားနေ ရသော ဝေဒနာများကို မြင်ရလေ ထွန်းမြိုင်ကို ရိုက်ပစ်ချင်စိတ် မီးဟုန်းဟုန်းတောက်လောင် လာမိ၏။ ထမင်းစားပွဲမှ ထကာ ဆောက်တည်ရာမရဘဲ ဧည့်ခန်း၌ လမ်းလျှောက်နေမိ၏။ မည်သို့ ဖြေရှင်းရမှန်းပင် မသိ။

"တောက် . . . ခွေးကောင်၊ မိုက်မဲလှတဲ့ ခွေးကောင်"

ရင်ထဲ၌ ဒေါသပေါက်ကွဲသံများကို ကျွန်တော် မထိန်း ထားနိုင်ဘဲ ကြိမ်းဝါးမိနေ၏။ သိစိတ်နှင့် မသိစိတ် အပြန်အလှန် မထိန်းချုပ်ထားနိုင်တော့ပါ။ ခေါက်တုံ့ခေါက်ပြန် လျှောက်မိနေ ရာမှ နီးရာကုလား ထိုင်၌ ဝင်ထိုင်လိုက်၏။ စိတ်မောပန်းလာ၏။ ထိုင်မိကာမှ ပို၍ဒေါသ ထွက်လာမိတော့၏။ ရှေ့တည့်တည့်၌ နံရံပေါ်မှ သမင်ချို ဦးခေါင်းကြီး ကြည့်မိရင်းမှ ဘီလူးရုပ်မျက်နှာ ပေါ်လာပြန်၏။

"ဒင်းကြောင့်"

ဓားတစ်ချောင်းယူကာ နံရံနှင့် ဆိုင်းဆွဲထားသော ကြိုး များကို ဖြတ်ပစ်၏။ သမင်ချိုကြီးကို နံရံပေါ်မှ ဖြုတ်ချကာ လက် နှစ်ဘက်နှင့် သယ်ပြီး တိုက်အပြင်သို့ ယူလာမိ၏။ ဒေါသ ထွက်ထွက်နှင့် ခြံပေါက်ဝဆီသို့ လှမ်းပစ်ပေါက်လိုက်မိ၏။ သမင် ချိုကြီးများမှာ လွင့်ပြီး မြေကြီးထဲသို့ ထိုးစိုက်နေသည်။ ကျွန်တော်



www.burmeseclassic.com

www.burmeseclassic.com



၏ လျှပ်တစ်ပြက် ဒေါသထွက်ပြီး လုပ်လိုက်ပုံကို နုနုနှင့် ကိုသိန်းလွင်မှာ အံ့အားသင့်၍ ကြည့်နေကြသည်။

"နုနု . . . ဒီကို လာစမ်း၊ နင် ဘာမှစိုးရိမ်ပြီး ဒီကိစ္စကို ဘယ်သူ့မှမပြောနဲ့၊ ကလေးတွေလဲ မသိစေနဲ့၊ သူပြောတဲ့အတိုင်း မန္တလေးသွားတဲ့ အကြောင်းပဲပြော၊ သူပြောခဲ့တဲ့စကား ဟုတ်မဟုတ် တစ်ပတ်လောက် စောင့်ကြည့်၊ ဒီကြားထဲ ဘုရားတရား အာရုံပြု၊ ဆုတောင်း၊ နောက်ဆုံးဖြစ်ပေါ်လာတဲ့အတိုင်း ဒီကောင့်ကို ငါတို့တွေ ဆုံးမပေးမယ်၊ နင် ဘာမှ စိတ်မပူနဲ့၊ ဒါပဲ . . . ၊ ကဲ . . . ပြန်မယ်၊ အရေးအကြောင်းရှိရင် ဖုန်းဆက်လိုက်"

ကျွန်တော့်စကားကြောင့် နုနုမှာ ခေါင်းလေးညိတ်၍ မျက်နှာ ငယ်လေးနှင့် အားကိုးနေရှာသည်။

"ဒီရက်အတွင်း အစ်ကိုကြီး လာပါဦးနော်"

တိုက်ထဲမှထွက်ပြီး ကားပေါ်သို့ တက်ကြ၏။ ကိုသိန်းလွင်က ကားစက်နှိုးလိုက်၏။ သတိရ၍ ကျွန်တော် ကားပေါ်မှ ပြန်ဆင်းကာ ခြံပေါက်ဝ၌ လွှင့်ပစ်ထားသော သမင်ချို ဦးခေါင်းကြီးကို ယူ၍ ကားပေါ်သို့ တင်လိုက်၏။

"သုဝဏ္ဏတံတားပေါ်က ပြန်ကြရအောင် ကိုလွင်"

ပြောလိုက်သည့်အတိုင်း အပြန်ခရီးတွင် သုဝဏ္ဏတံတားကို ဖြတ်ကျော်တက်လာသည်။ တံတားအလယ်ရောက်လျှင် ကားကို ခေတ္တ ရပ်ခိုင်း၏။ ကျွန်တော်သည် ကားပေါ်မှ ဆင်းကာ သမင်ချို ဦးခေါင်း ကြီးကို လက်နှစ်ဘက်ဖြင့် မ,လျက် တံတားပေါ်မှနေ၍ တသွင်သွင် စီးဆင်းနေသော ငမိုးရိပ်ချောင်းကြီး



www.burmeseclassic.com

www.burmeseclassic.com



ထဲသို့ ပစ်ချလိုက်တော့၏။ လေထဲဝယ် ဝှေ့ယမ်းပြီး ရေထဲကျသည်နှင့် ဝဲကတော့ပေါ်လာပြီး ရေအောက်ဆီသို့ ထိုးစိုက်နစ်မြုပ်သွားသည်ကို မြင်နေရ၏။

"အို . . . ဘီလူး၊ ဂုမ္ဘာန်၊ ယက္ခမင်း . . . သင့်အားရေအောက်သို့ သွားလိုရာ သွားပါလေလော့"

ကျွန်တော်သည် သုံ့ရှူးပမာ နှုတ်မှ ရွတ်ဆိုအော်မိလိုက်၏။ ရင်ထဲရှင်းသွား၏။ စိတ်ထဲရှင်းသွား၏။ ဒေါသမီးလည်းငြိမ်းအေးသလို ခံစားမိ၏။ မြစ်ချောင်းရိုးတစ်လျှောက်မှလေအေးများ တိုက်လာသည်။ ကားပေါ်သို့ ပြန်တက်၏။

"ဒီလောက်တောင်ဖြစ်တာ ရေအောက် နဂါးတိုင်းပြည်ကို ပို့ပစ်လိုက်ပါပြီ၊ မှတ်ကရော"

ကိုသိန်းလွင်က ကျွန်တော်၏စကားကို တစ်ချက် ပြုံးပြ၏။ ကားကို မောင်းလာ့ရင်း ငမိုးရိပ်ချောင်း၏ ရေမျက်နှာပြင်တစ်နေရာဆီသို့ လက်ညှိုးထိုးပြလိုက်လေ၏။

သမင်ချို ဦးခေါင်းကြီးသည် ရေအောက်သို့ စုန်းစုန်းမနစ်မြုပ်ဘဲ ရေပေါ်သို့ ပြန်ပေါ်လာကာ ပုစွန်တောင်ချောင်းဘက်ဆီသို့ ရေစုန်အတိုင်း မျောပါသွားနေတော့၏။

မြတ်စွာဘုရား . . .

ဳဳဳ

"ဒေါက် . . . ဒေါက် . . . ဒေါက် . . . ဒေါက်"



www.burmeseclassic.com

www.burmeseclassic.com



ညဉ့်ကိုးနာရီခွဲ ကျော်နေချေပြီ။ ကျွန်တော်သည် ကိုသိန်းလွင်ဆီမှ ခဏငှားယူလာသော ကမ္ဘာကျော်စာရေးဆရာကြီး အဂ္ဂါအာလန် ပိုး၏ အင်္ဂလိပ်ဝတ္ထုစာအုပ်ကို ဖတ်၍ကောင်းနေဆဲ၌ ခြေရင်းတိုက်ခန်း မှ မိုးမိုးက တံခါးလာခေါက်၍ခေါ်၏။

တံခါးဖွင့်ကာ သူတို့အခန်းရှိ တယ်လီဖုန်းကို သွားရောက် ကိုင်လျက် စကားပြော၏။

"ဘယ်သူလဲ"

"အစ်ကိုကြီးလား . . . ညီမလေး နုနုပါ"

"ဩော် . . . နုနု၊ ညကြီးမင်းကြီး ဘာဖြစ်လို့တုန်းဟ"

ကျွန်တော့်မှာ ရင်ထဲ ထိတ်ထိတ်ပျာပျာ ဖြစ်သွား၏။

"ကိုမြိုင် အိမ်ပြန်ရောက်နေပြီ၊ အခု သူအိပ်မောကျနေချိန် မှာ လှမ်းဆက်ရတာ"

"ဟေ . . . ပြောစမ်း၊ ဒီကောင် ဘယ်လိုပြန်ရောက်လာလဲ"

"သူ့ကြည့်ရတာ ညီမထင်တဲ့အတိုင်းပါပဲ၊ အခုည ရှစ်နာရီ လောက်က သူ့မိတ်ဆွေတွေ ကားတွေနဲ့ အိမ်ရောက်လာတယ်၊ အိမ်က ကားလဲ သူတို့ပဲ မောင်းလာတယ်၊ ကိုမြိုင်ဟာ အရက်တွေ လူမှန်းမသိအောင် အရမ်းမူးနေတာပဲ၊ သူတို့ပဲ ခုတင်ပေါ် ပွေ့ချီတင်ပေးကြတယ်၊ သူတို့က ပြောပြတယ်၊ ပျောက်တယ်မှာ သူ ဘယ်အချိန်ကတည်းက ရောက်နေမှန်း မသိကြဘူးတဲ့၊ ညနေမှာ အဲဒီကနေ သူတို့ အားလုံးဆီ ဖုန်းဆက်



www.burmeseclassic.com

www.burmeseclassic.com



ခေါ်လို့ သွားကြပြီး စားသောက်ကြတယ်၊ အခုံ အသောက် လွန်ပြီး လာပို့ကြတာပဲ၊ အဝတ်အစားနဲ့ ပါသွားတဲ့ ငွေ ငါးသိန်းလဲ ဒီအတိုင်း ပြန်ပါလာတယ်၊ ဟိုမိန်းကလေးနဲ့ ဘာပြဿနာတွေတက်ခဲ့ကြလဲ မပြောတတ်ဘူး၊ အဲဒီ မိန်းကလေး နာမည်ကို ရွတ်ပြီး ဆဲဆို မာန်မဲကြိမ်းမောင်းပြီး ဒေါပွနေတာ အခုမှ မောပန်းပြီး အိပ်ပျော်သွားတော့တယ်၊ ကြည့်ရတာ သူခေါ်တဲ့နောက် ဟိုကမလိုက်ဘဲ အစီအစဉ် ပျက်သွားပုံရ တယ်"

"ဒီလိုဆိုရင် မင်း ဘာမှမပြောနဲ့၊ ပုံမှန်အတိုင်း မသိ သလို ငြိမ်နေပါ၊ သူ့အလိုလိုက်နေပါ၊ မနက်ဖြန် ငါလာခဲ့ မယ်နော်"

တယ်လီဖုန်းချလိုက်၏။ တစ်နေကုန် စိတ်မချမ်းမြေ့ ဖြစ်နေရသည်မှာ ယခုမှ စိတ်လျော့သွားတော့၏။ သို့နှင့် ချက်ချင်း ကိုသိန်းလွင်ဆီ ဖုန်းလှမ်းဆက်လိုက်သည်။ အဆင်သင့်ပင် အဆက်အသွယ်ရ၏။

"ကိုလွင်. . . အခုပဲ နုနုဆီက ဖုန်းဆက်တယ်၊ ထွန်းမြိုင် အရက်တွေမူးပြီး အိမ်ပြန်ရောက်လို့ အိပ်နေတယ်တဲ့၊ ဟို မိန်းကလေးနဲ့ ခရီးထွက်မယ့် သူ့အစီအစဉ်တွေ ပျက်ကုန်လို့ ခွာပြကုန်ကြပြီလေ"

"ထူးဆန်းလိုက်လေခြင်း ဆရာရယ် . . . တိုက်ဆိုင် တယ်ပဲ ပြောပြော၊ နေ့လယ်က သမင်ချိုဦးခေါင်းကြီးကို ဆရာ ကိုယ်တိုင် သူတို့ အိမ်ထဲက ဖယ်ရှားပစ်ခဲ့တယ် မဟုတ်လား၊

www.burmeseclassic.com



ကျွန်တော့်အထင်ကတော့ ဆရာ စိတ်လိုက်မာန်ပါနဲ့ချက်ချင်းကြီး ထလုပ်ပစ်လိုက်တာ ဆရာ အချိန်လက်ဦးမှု ရသွားတာလားပဲ၊ မနုနုကို ပြောပြပါ၊ ဝမ်းသာပါတယ်လို့"

တယ်လီဖုန်းချလိုက်ပြီး အိပ်ခန်းဘက်သို့ ပြန်ဝင်လာ၏။ စီးကရက်တစ်လိပ် မီးညှိဖွာသောက်ရင်းမှ ပက်လက်ကုလားထိုင်ပေါ်တွင် စဉ်းစားတွေးတောစရာများစွာ ပေါ်ထွက်လာနေ၏။

သည်သမင်ချိုဦးခေါင်းကြီး၌ အသက်ဝင်နေခြင်း ဆိုသည်မှာ ဟုတ်ကော ဟုတ်ပါသလော . . .။

ထူးဆန်းအံ့ဖွယ်ကောင်းသော လျှို့ဝှက်ချက်များ ရှိနေခြင်း ဆိုသည်မှာ မှန်ကော မှန်ပါသလော . . .

သမင်ချိုကြီး ဖယ်ရှားခြင်းကြောင့် ထွန်းမြိုင် ပြန်ရောက်လာခြင်း ဖြစ်နိုင်သလော . . .

မည်သို့ဆိုစေ . . . လျှို့ဝှက်ချက်နှင့် ဆက်နွယ်သည်ပဲ ပြောပြော၊ ဖြတ်တောက်လိုက်သည်ပဲ ဆိုဆို၊ တိုက်ဆိုင်သည်ပဲ တွေးတွေး ကိုယ်တွေ့မျက်မြင် အပြောင်းအလဲများမှာမူ ထူးဆန်းအံ့ဖွယ် အဖြစ် အပျက်များပင် ဖြစ်နေပါတော့သည်။

ဩော် . . . သမင်ချိုဦးခေါင်းကြီးမှာ ရေစုန်မျောလျက် ဘယ်ကမ်းဆိုက်လေဦးမည် မသိ။ လူသတ္တဝါအားလုံး စိတ်၏ ချမ်းသာခြင်း၊ ကိုယ်၏ ကျန်းမာခြင်းနှင့် ပြည့်စုံကြပါစေသော်ဝ် . . .။

◆ ● ◆



www.burmeseclassic.com

www.burmeseclassic.com

# ကုန်းဘောင်ခေတ်မှ ကြိုးတစ်ချောင်း

လွန်ခဲ့သည့်အနှစ် ၃၀ ခန့်က ဖြစ်၏။ ရန်ကုန် စက်မှုတက္ကသိုလ်တွင် ဗိသုကာပညာရပ်များကို တက်ရောက်ပညာဆည်းပူးနေကြသော ကျောင်းသူများဖြစ်ကြသည့် လှကေခိုင်၊ လှမျိုးသွယ်၊ လှဝင်းမေတို့ သုံးဦးသည် အထူးခင်မင်ကြသည့် သူငယ်ချင်းများ ဖြစ်ကြ၏။ သူတို့ သုံးဦးစလုံးသည် တစ်မျိုးစီလှပြီး ချောမောပြေပြစ်ကြသဖြင့် လူသိလည်း များ၏။ ထင်လည်းထင်ရှား၏။ ချစ်ကြိုက်ပိုးပန်းကြသူလည်း များ၏။ သူတို့သုံးဦးအား 'လှညီအစ်မများ'ဟု အများက ခေါ်ဝေါ်ကြလေသည်။

သူတို့သည် ပဉ္စမနှစ် ဗိသုကာသင်တန်းတွင် တက်နေကြသူများ ဖြစ်ကြ၏။ သူတို့သည် အမျိုးသမီးများဖြစ်ကြသော်လည်း ဖွဲ့၊ လုံ့လ၊ ဝီရိယ၊ သတ္တိအရာတွင် အမျိုးသားများနည်းတူ စွမ်းဆောင် နိုင်ကြသူများ ဖြစ်၏။ သူတို့သည် မိမိတို့၏



www.burmeseclassic.com

www.burmeseclassic.com



အထူးပြု ဘာသာရပ်များ သာမက အနုပညာဆိုင်ရာတွင် လည်းကောင်း၊ ရေကူး၊ တင်းနစ်၊ ဘော်လီဘော၊ ဘတ်စကက် ဘောတို့တွင် လည်းကောင်း တက္ကသိုလ် လက်ရွေးစင်များ ဖြစ်ကြ၏။ ထို့အပြင် ရှေးဟောင်းဘာသာစကား၊ စာပေများကို လည်းကောင်း၊ ပြင်သစ်၊ ဂျပန်၊ တရုတ် စသည့် ဘာသာ စကား များကိုလည်းကောင်း သင်တန်းများတက်၍ သင်ယူတတ်မြောက် ကြလေ၏။ အထူးသဖြင့် သူတို့သည် ရှေးဟောင်းပစ္စည်းများ လေ့လာခြင်း၊ စုဆောင်းခြင်း တို့ကိုလည်း ဝါသနာထုံကြသူများ ဖြစ်၏။

သူတို့သည် ရန်ကုန်တက္ကသိုလ်၏ တစ်ခုတည်း သော အမျိုးသမီးကျောင်းဆောင်ဖြစ်သည့် ဂျီဆောင်တွင် အခန်း ချင်း ကပ်လျက် နေထိုင်ကြသူများ ဖြစ်၏။ အဆိုပါ ဂျီဆောင်ကို အခြားသူများက ဂျီဟောဟု ခေါ်ကြ၍ ထိုအဆောင်များတွင် နေကြသည့် ကျောင်းသူများကို 'ဂျီဟောသူ'ဟု ခေါ်ဆိုကြလေ၏။ ထို့ကြောင့် ဂျီဟောသူ၊ ဂျီဟောဆောင်တို့သည် ရန်ကုန်တက္ကသိုလ်ကျောင်းသားအပေါင်းတို့၏ အကြား၌ စိတ်ဝင်စားမှု အခံရဆုံး၊ ဖေးဖရိတ်အဖြစ်ဆုံးသော အရာများ ဖြစ်ကြလေ၏။

အဆိုပါ လှပဂေးသုံးဦးတို့သည် မြန်မာပြည်ဒေသ အသီးသီးမှ ဖြစ်ကြ၏။ လှကေခိုင်သည် ဧရာဝတီတိုင်း ပုသိမ် မြို့သူ ဖြစ်၏။ လှမျိုးသွယ်မှာ ရှမ်းပြည်နယ်၊ တောင်ကြီးမြို့မှ ဖြစ်ပြီး၊ လှဝင်းမေမှာ မန္တလေးတိုင်း၊ တံတားဦးမြို့မှ ဖြစ်ကြ လေသည်။ သူတို့သည် အသက် အားဖြင့် ၂၂ နှစ် ၂၃နှစ် အရွယ်



www.burmeseclassic.com

www.burmeseclassic.com



များ ဖြစ်ကြသော်လည်း ချစ်သူ သမီးရည်းစားဟူ၍ မရှိကြသေးပေ။

ထိုနှစ် နွေရာသီ ကျောင်းပိတ်ရက်တွင် ဖြစ်၏။ ထိုနှစ်တွင် သူတို့သူငယ်ချင်းသုံးဦးသည် တိုင်ပင်၍ ဗိသုကာပညာဆိုင်ရာ လေ့လာရေး သီးဇစ် (စာတမ်း) တစ်ခု လုပ်ရန်အတွက် အင်းဝဒေသဘက်သို့ သွားရန် ဆုံးဖြတ်လိုက်ကြ၏။ အဆိုပါ အင်းဝဒေသသည် ရှေးဟောင်း ဗိသုကာလက်ရာများပေါများပြီး၊ ရှေးဟောင်းပစ္စည်းများလည်း အထူးပေါကြွယ်လှသဖြင့် သူတို့၏ဗိသုကာပညာစာတမ်းအတွက်လည်းကောင်း၊ ရှေးဟောင်း ပစ္စည်းပေါကြွယ်ဝမှုအရ လည်းကောင်း၊ သုံးဦးစလုံးက စိတ်တူသဘောတူ ရွေးချယ်ခဲ့ကြခြင်း ဖြစ်၏။

အဆိုပါဒေသသည် လှဝင်းမေ၏ ဇာတိဖြစ်သည့် တံတားဦးဒေသနှင့် အထူးနီးကပ်စွာ တည်ရှိသောကြောင့်လည်း ရွေးချယ်ခဲ့ကြခြင်းဖြစ်သည်။ ထို့ကြောင့် လှညီအစ်မ ၃ ဦးတို့သည် မေလ နောက်ဆုံးပတ် ကျောင်းပိတ်ချိန်တွင် မန္တလေးတိုင်း ပံတားဦးရှိ လှဝင်းမေ၏အိမ်သို့ ထွက်ခွာခဲ့ကြလေ၏။ သူတို့သည် တံတားဦးတွင် နှစ်ရက်မျှ နားနေကြပြီးနောက် နောက်တစ်နေ့ နံနက်တွင် အင်းဝဘက်သို့ ရထားစီး၍ ထွက်လာကြ၏။ သူတို့နှင့်အတူ ခရီးလမ်းပန်းတွင် ရှေးဟောင်းပစ္စည်းများအကြောင်း၊ ဘုရားသမိုင်းအကြောင်း၊ သိုက်သမိုင်းအကြောင်း အရာများတွင် အထူးကျွမ်းကျင်လှသည့် ဘကြီး ဦးစံဆိုသူနှင့် အစောင့်အရှောက် ကူဖော်လောင်ဖက်ရစေရန် မောင်လှဆိုသူ လူရွယ် တစ်ယောက်



www.burmeseclassic.com

www.burmeseclassic.com



အား လှဝင်းမေ၏ မိဘဆွေမျိုးများက ထည့်ပေးလိုက်ကြ၏။ သူတို့သည် ညအိပ်တည်းခိုရန်အတွက်ကိုမူ တောင်ပလူအရပ်ရှိ ဆွေမျိုးများအိမ်တွင် တည်းခိုရန် စီစဉ်ထားကြလေ၏။ ထို့ကြောင့် သူတို့သည် အထုပ်အပိုးများဖြင့် တောင်ပလူအရပ်ရှိ ဆွေမျိုးများအိမ်သို့ ဦးစွာသွားရောက်ကြ၏။ ထိုနေ့ညတွင် တောင်ပလူ၌အိပ်ပြီး၊ နောက်တစ်နေ့ နံနက်တွင်မှ အင်းဝသို့ လေ့လာရေးစတင်ခဲ့ကြ၏။

သူတို့၏အဓိကရည်ရွယ်ချက်မှာ အင်းဝရှိ နန်းမတော်မယ်နု အုတ်ကျောင်း ဗိသုကာလက်ရာကို လေ့လာရန် ဖြစ်၏။ အဆိုပါ နန်းမတော်မယ်နုအုတ်ကျောင်းသည် မြန်မာသက္ကရာဇ် ၁၁၈၄ ခုနှစ်တွင် ဘကြီးတော် ဖလ်နန်းရှင်နှင့်နန်းမတော် မယ်နုတို့၏ ကောင်းမှုတော် ဖြစ်၏။

သူတို့သည် အင်းဝဘက်တွင် မယ်နုအုတ်ကျောင်းကြီး၊ မျှော်စင်၊ စရည်းပင်၊ ဟံသာဝတီပါ မင်းတရားကြီး တည်ခဲ့သော ဘုရားအပြင် ကြီးလေးကြီးဟုခေါ်သော ကျောက်တော်ကြီးဘုရား၊ ရွှေကျောင်းကြီး၊' လေးထပ်ကြီးဘုရားတို့အပြင် ဘားမုံကျောင်းဘိုက်ကြီးများသို့ သွားရောက်၍ အသေးစိတ် လေ့လာကြပါသည်။ အထူးအားဖြင့် သူတို့သည် မယ်နုအုတ်ကျောင်းကြီး၏ ဗိသုကာလက်ရာများကို လေ့လာတိုင်းထွာရင်း အချိန်ကုန်ခဲ့၏။

တစ်နေ့ နေ့လယ် ထမင်းစားပြီးချိန်တွင် လှဝင်းမေသည် မယ်နုအုတ်ကျောင်းနှင့် မနီးမဝေးရှိ စောင်ချမ်းပင်ကြီးတစ်ပင်အောက်ရှိ သစ်သားကွပ်ပျစ်ပေါ် ထိုင်ရင်း မေးခဲ့



www.burmeseclassic.com

www.burmeseclassic.com



တစ်ချက်မျှ အိပ်ပျော်သွားခဲ့၏။ ထိုသို့ အိပ်ပျော်သွားစဉ် အိပ်မက်ထဲ၌ နူနယ်ပျိုမျစ်သောအရွယ်ရှိသည့် လူရည်သန့်တစ်ဦး ရောက်ရှိလာပြီး စကားပြောလေ၏။ ထိုသူသည် ရှေးခေတ် မင်းညီမင်းသား ဝတ်စုံကိုလည်း ဝတ်ဆင်ထား၏။ အင်္ကျီ၊ ဘောင်းဘီနှင့် ခါးတောင်းကျိုက်ထားသော တောင်ရှည်ပုဆိုး၊ ခေါင်းပေါင်းတို့တွင် ရွှေချည်ထိုးများ တပ်ဆင်ထားသဖြင့် အရောင် တပြောင်ပြောင် ရှိလေ၏။ သူ့နာမည်အား 'ရဲမြတ်လှ' ဟု မိတ်ဆက်လေ၏။ သူ့ကိုယ်သူလည်း မြို့စားတစ်ဦး ဖြစ် ကြောင်း ပြောဆိုလေ၏။ ထို့နောက် သူက 'လက်ဆောင်ပေး လိုပါသည်၊ ဤနေရာမှ ဝါးနှစ်ရိုက်ခန့်အကွာ ထနောင်းပင် ခြေရင်း အုတ်ခဲသုံးလုံး ဆိုင်နေသည့်နေရာတွင် တူးယူပါ'ဟု တူးဖော်ရမည့်နေရာကိုပါ ညွှန်ပြလေ၏။ ချက်ချင်းပင် လှဝင်းမေ သည် အိပ်နေရာမှ ဖျတ်ခနဲလန့်နိုးလာ၏။ ထို့နောက် အိပ်မက် ထဲမှ ကိစ္စကို စဉ်းစားမိသဖြင့် အိပ်မက်ထဲမှလူ ညွှန်ပြသည့် နေရာသို့ သွားကြည့်ရာ သူ ညွှန်ပြခဲ့သည့်အတိုင်းပင် ထနောင်း ပင်ရင်း၌ အုတ်ခဲသုံးလုံးဆိုင်နေသည်ကို တွေ့ရလေ၏။ ထို့ ကြောင့် ကျန်သော သူငယ်ချင်းနှစ်ယောက်နှင့် သွားရောက်ပြော ဆို တိုင်ပင်ကြလေ၏။ တိုင်ပင်ပြီးနောက် တူးဖော်ကြည့်ရန် ဆုံးဖြတ်ကြသဖြင့် အတူပါလာသူ မောင်လှအား တူးခိုင်းလေ၏။ နှစ်တောင်သာသာခန့် တူးမိသောအခါ သေတ္တာငယ်တစ်လုံး ပေါ်လာလေ၏။ ထိုသေတ္တာသည် သစ်ကနက်သားဖြင့် ပြုလုပ် ထားဟန်ရှိပြီး အမြင့် ၈ လက်မ၊ အလျား ၁ ပေသာသာခန့် ရှိ



www.burmeseclassic.com

www.burmeseclassic.com



ပေ၏။ အဆိုပါ သေတ္တာလေး၏လျှာအား သစ်သားကလန့် တစ်ခုဖြင့် အကျပ်ပိတ်ထားသဖြင့် အဆိုပါ သစ်သားကလန့်လေး အား ရိုက်ဖြုတ်လိုက်ပြီး ဖွင့်ကြည့်သောအခါ အတွင်း၌ လုံးပတ် ကျပ်လုံး နီးပါးခန့်ရှိသော ကြိုးခွေတစ်ခွေနှင့် အင်းဝခေတ် လက်ရာ ကနုတ်ပန်း များဖြင့် ပုံဖော်ထားသည့် ကြုတ်ကလေး တစ်လုံးကို တွေ့ရှိရလေ၏။ ထိုမှတစ်ဖန် အဆိုပါကြုတ်လေးကို ဖွင့်ကြည့်လိုက်ရာ မာတ်လုံးဟု ယူဆရသော အလုံးလေးတစ်လုံး တို့ကို တွေ့လိုက်ရသဖြင့် သူတို့လည်း အဆိုပါပစ္စည်းများကို နေရာတကျ ပြန်စီပြီးနောက် အဆိုပါသေတ္တာ လေးအား သူတို့ စခန်းချရာသို့ သယ်ယူခဲ့ကြလေ၏။

ဤသို့ဖြင့် သူငယ်ချင်း ၃ ယောက်တို့သည် အင်းဝဒေသ တွင် ပြည့်စုံစွာလေ့လာမှတ်တမ်းပြုပြီးသောအခါ ပုဂံ၊ ညောင်ဦး၊ ပုပ္ပါး ဒေသသို့ ဆက်လက်ပြီး လေ့လာရေးခရီး ထွက်ခဲ့ကြလေ၏။ ထိုမှ တစ်ဆင့် သူတို့သည် ရန်ကုန်စက်မှုတက္ကသိုလ်သို့ ပြန်ခဲ့ကြ လေ၏။ သူတို့နှင့်အတူ သစ်ကနက်သေတ္တာလေးလည်း ပါလာ လေ၏။ သူတို့သည် ဂျီဟောဆောင်သို့ ရောက်သောအခါ ပစ္စည်းပစ္စယတို့ကို နေရာချ ကြလေ၏။ သေတ္တာနက်ကလေးကိုမူ လှဝင်းမေ၏ အခန်းထဲ၌ပင် သိမ်းထားလိုက်လေ၏။

ကျောင်းပြန်ဖွင့်ပြီး တစ်လကြာသောအခါ ညတစ်ည တွင် လှဝင်းမေသည် သူတို့သွားခဲ့သည့် အင်းဝဒေသ ခရီးစဉ်ကို အမှတ်ရသဖြင့် ထိုခရီးစဉ်မှ ပါလာသည့် သေတ္တာနက်ကလေး ကိုပါ တစ်ဆက်တည်း သတိရမိသဖြင့် ထသွားပြီး ဗီရိုထဲမှ



www.burmeseclassic.com

www.burmeseclassic.com



ထုတ်ကာ သေတ္တာနက် ကလေးကို ဖွင့်ကြည့်မိလေ၏။ ထို့နောက် သေတ္တာလေးကို ပြန်မပိတ်မိဘဲ ကျောင်းစာများဖတ်ရင်း အိပ်ချင်လာသဖြင့် သူသည် အိပ်ရာသို့ သွား၍ အိပ်ပျော်သွားခဲ့၏။

မည်မျှကြာအောင် အိပ်ပျော်သွားသည် မသိ။ သူမ ဖျတ်ခနဲ ပြန်နိုးလာ၏။ ထိုစဉ် နားထဲသို့ အသံတစ်သံ ဝင်လာ၏။

"ရှလွတ် . . . ရှလွတ် . . . ရှလွတ်" ဟူသည့် အသံဖြစ်၏။ အသံမှာ မတိုးလွန်း၊ မကျယ်လွန်းပေ။ သူ စဉ်းစားကြည့်၏။ 'ဘာသံ ပါလိမ့်'ဟု ကိုယ့်ကိုကိုယ် ပြန်မေးမိ၏။ နောက်မှ စဉ်းစားမိသည်မှာ သူမ၏ စာကြည့်စားပွဲပေါ်တွင် ကျောင်းစာအုပ်ဖွင့်ဖတ်ပြီး ပြန်မပိတ်မိခဲ့ပေ။ ထို့ကြောင့် လေတိုက်သဖြင့် စာရွက်များ လန်နေသောအသံဟု စဉ်းစားမိ၏။ ထို့ကြောင့် စာအုပ်ပိတ်ရန် အိပ်ရာမှ ထလိုက်၏။ စာကြည့်စားပွဲသို့ ကြည့်လိုက်သောအခါ စာရွက်များသည် လေတိုက်လန်ခြင်းမျိုးမဟုတ်ဘဲ တစ်စုံတစ်ယောက်က လှန်နေသကဲ့သို့ တစ်ရွက်ချင်း လှန်နေခြင်းဖြစ်၏။ ထို့ကြောင့် အံ့ဩပြီး အနားသို့ တိုးသွား လေ၏။

ထို့နောက် စားပွဲသို့ သွားပြီး စာအုပ်ကို ပိတ်လိုက်၏။ ထိုအခါ စာကြည့်စားပွဲဘေးရှိ ကုလားထိုင်ပေါ်တွင် လူရိပ်သဏ္ဌာန်တစ်ခု မှုန်ဝါးဝါး ပေါ်နေလေ၏။ ထိုသဏ္ဌာန်ကို တွေ့တွေ့ချင်း ထိတ်လန့်သွားသဖြင့် သတိလစ်မတတ် ဖြစ်သွား၏။ နောက်မှ သတိဝင်လာ သဖြင့် ယောင်ပြီး လန့်မအော်မိစေ



www.burmeseclassic.com

www.burmeseclassic.com



ရန် အတော်ထိန်းလိုက်ရ၏။ တဖြည်းဖြည်း ကြည့်နေရင်းပင် ကုလားထိုင်ပေါ်မှ ပုံရိပ်သည် ထင်ရှားလာ၏။

ထိုအခါတွင်မှ လှဝင်းမေသည် ပုံရိပ်ရှင်ကို မှတ်မိလာ၏။ သူတို့ အင်းဝသွားစဉ်က အိပ်မက်ထဲတွင် တွေ့ခဲ့ရသော ပုဂ္ဂိုလ်ဖြစ်၏။ ထို့နောက် ပုံရိပ်သည် ထင်ရှားသထက် ထင်ရှားလာပြီး ရိုးရိုးလူသား ပကတိသဏ္ဌာန် ဖြစ်လာ၏။ ထိုအချိန်တွင် ပုံသဏ္ဌာန်သည် လှုပ်ရှားလာပြီး လှဝင်းမေဘက် လှည့်လိုက်ပြီးနောက် . . .

"အို . . . ညီမတော်၊ နှစ်ပေါင်းများစွာ ကွဲကွာခဲ့ပြီး အခုမှ ကံစီမံလို့ပြန်တွေ့ရတာ ဝမ်းမြောက်ဝမ်းသာ ရှိလိုက်လေခြင်းကွယ်၊ ဘာကစပြီး ဘာပြောရမှန်းတောင် မသိတော့ဘူး" ဟု ပြောလာ၏။

အဆိုပါ ပုံရိပ်ရှင် ရဲမြတ်လှသည် တည်ကြည်ခန့်ညားလှ၏။ ယောကျ်ားပီသသော ရုပ်ရည်ရှိ၏။ လူကြီးလူကောင်းပုံဟန်လည်း ရှိ၏။ လှဝင်းမေသည် တဖြည်းဖြည်းနှင့် ထိုလူအပေါ်တွင် ကြောက်စိတ်များ လျော့နည်းလာ၏။ သူသည် အင်းဝတွင် တွေ့ခဲ့စဉ်က ဝတ်စုံအတိုင်းပင် ရှေးခေတ် မင်းညီမင်းသားဝတ်စုံကို ဝတ်ဆင်ထား၏။ ထို့နောက် လှဝင်းမေက . . .

"ရှင်ဘယ်လိုလုပ်ပြီး ကျွန်မအခန်းထဲ ရောက်လာရတာလဲ၊ တံခါးအားလုံးလဲ ပိတ်ထားရက်နဲ့ ဘယ်လိုဖြစ်တာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်ကမှ ဝင်လာတာ မဟုတ်ပါဘူး ညီမတော်ရယ်၊ အစ်ကိုတော်ဟာ ဒီအခန်းထဲမှာပဲ ရှိနေတာပါ"

"ဒီအခန်းထဲ ဟုတ်လား၊ ဘယ်နေရာမှာ နေတာလဲ"

"ဘယ်နေရာရမှာလဲ၊ ဟိုသေတ္တာနက်လေးထဲမှာပဲပေါ့" ဟု ပြောဆိုညွှန်ပြသဖြင့် ကြည့်လိုက်ရာ အင်းဝဒေသမှ တူးဖော်ယူလာသည့် ရှေးဟောင်းသေတ္တာလေး ဖြစ်နေ၏။

"ဟင် . . . ဒီလိုဆို မဖြစ်ဘူး၊ ဒီသေတ္တာလေးကို တခြားသွားပို့ပစ်မှ ကောင်းမယ်"ဟု လှဝင်းမေက ပြောလိုက်ရာ ပုံရိပ်ရှင် ရဲမြတ်လှသည် ပြူးတူးပျာတာ ဖြစ်သွားပြီး တောင်းပန်သော အမူအရာဖြင့် . . .

"ဟာ . . . အစ်ကိုတော်ကို တခြားနေရာတော့ သွားမပို့ပါနဲ့ ညီမတော်ရယ်၊ ဒီမှာပဲ ခေတ္တခဏနေပါရစေဦး၊ နောက်မှ လွတ်ရာကျွတ်ရာ သွားပါမယ်၊ ညီမတော်နဲ့ အစ်ကိုတော်ဟာ မောင်နှမတော် ကြပါတယ်၊ နှစ်ပေါင်း ၁၅၀ လောက် ကွဲကွာနေခဲ့ရတဲ့ ညီမတော်လေးနဲ့ ကံအကြောင်းသင့်လို့ ခုမှ ပြန်တွေ့ရတာ၊ ခေတ္တခဏတော့ နေပါရစေဦး"

"အို . . . ဒီမှာ ခေတ္တနေလို့ ဘယ်ရမလဲရှင့်၊ ရှင်နဲ့ ကျွန်မတို့က မျိုးမတူ ဘဝခြားနေတော့ ဘယ်နည်းနဲ့မှ မဖြစ်နိုင်ဘူး"

ဟု လှဝင်းမေက ငြင်းပယ်လိုက်ရာ ရဲမြတ်လှသည် မျက်နှာညိုမည်းပြီး ငိုတော့မယောင် ဖြစ်လာပြီး . . .

ငြိမ်းချမ်းစာအုပ်တိုက်

www.burmeseclassic.com

www.burmeseclassic.com



"ညီမတော်ရယ် . . . . အစ်ကိုတော့်အပေါ် ဒီလောက် မရက်စက်ပါနဲ့၊ အစ်ကိုတော့်အနေနဲ့ ညီမတော်အပေါ် ဘယ်လို အနှောင့်အယှက်မျိုး၊ ဘေးအန္တရာယ်ကျရောက်စေမှုမျိုးကို မပြု ပါဘူး၊ ကတိပေးပါတယ်၊ ညီမတော်အပေါ် ကျရောက်လာမယ့် ဘေးအန္တရာယ်တွေကိုပါ ကာကွယ်ပေးပါ့မယ်၊ လိုအပ်တဲ့ အကူအညီရှိလည်း တောင်းပါ၊ အစ်ကိုတော် ကူညီပါမယ်"

"ရှင် စကားပြောတာ ကောင်းကောင်းပြောပါ၊ အစ်ကိုတော်၊ ညီမတော်တွေနဲ့ ဘာဖြစ်နေတာလဲ"

"အစ်ကိုတော်က ဒီလိုပဲ ပြောတတ်ပါတယ်ကွယ်၊ ခုခေတ်စကားတွေကိုတော့ မပြောတတ်ဘူး၊ ဒီနေ့တော့ အစ်ကို တော်တို့ ဘဝ အကြောင်း ပြန်ပြောဖို့ အချိန်မရဘူး၊ နောက်နေ့မှ လာခဲ့မယ်၊ သေတ္တာလေးကိုတော့ ဒီအတိုင်းပဲ ဖွင့်ထားနော် ညီမတော်"ဟု ပြောပြီး ရဲမြတ်လှသည် ပျောက်သွားတော့၏။ ထိုအခါတွင်မှ လှဝင်းမေသည် ကိုယ့်အကြောင်း ကိုယ်ပြန် စဉ်းစားမိပြီး တစ်ခန်းလုံး လိုက်လံရှာဖွေသော်လည်း မည်သည့် အရာမှ မတွေ့သဖြင့် နာရီကြည့်လိုက်ရာ နံနက် လေးနာရီပင် ခွဲနေသဖြင့် မျက်နှာသစ်၊ ကိုယ်လက် သုတ်သင်ပြီးနောက် စာကြည့်စားပွဲတွင် ထိုင်၍ စာဖတ်နေလေတော့၏။

နောက်တစ်နေ့ညတွင် ရဲမြတ်လှသည် ရောက်မလာ သဖြင့် လှဝင်းမေသည် အိပ်ရာဝင်ခဲ့၏။ နောက်နေ့ နံနက် စောစော ၄နာရီတွင် စာကြည့်ထရန် နာရီအချက်ပေးသံ မြည်



www.burmeseclassic.com

www.burmeseclassic.com



လာသောအခါတွင်မှ နိုးတော့၏။ ထိုအခါ ရဲမြတ်လှသည် စာကြည့်ကုလားထိုင်တွင် ထိုင်နေသည်ကို တွေ့ရလေ၏။

"ဘယ်လိုလဲ ညီမတော် . . . အိပ်ရေးဝရဲ့လား၊ အစ်ကိုတော် ရောက်နေတာ ကြာပြီ၊ ညီမတော် အိပ်ရေးပျက်မှာစိုးလို့ ငြိမ်ပြီး ထိုင်နေခဲ့တယ်၊ အိပ်ရေးဝအောင်အိပ်တာ ကောင်းပါတယ်၊ ဒါမှ ကျန်းမာမယ်"

"ကဲ . . . ရှင် ဘာပြောချင်တာလဲ၊ မြန်မြန်ပြော၊ တော်ကြာ တခြားကျောင်းသူတွေ တွေ့မြင်ကြားသွားကြရင် ကျွန်မကို အရှုးလို့ ထင်ကြလိမ့်မယ်"

"ဟုတ်ပါတယ် ညီမတော်ရယ်၊ ဟိုတုန်းကအကြောင်းတွေကို ပြန်စဉ်းစားမိပြီး ရင်ထဲမှာ မကောင်းလွန်းလို့ပါ" ဟု ပြောဆိုပြီး ရဲမြတ်လှသည် အားယူလိုက်ပြီးမှ အောက်ပါအတိုင်း စတင်ပြောဆို လေ၏။

"ဒီလိုပါကွယ် . . . အစ်ကိုတော်တို့ မောင်နှမ နှစ်ယောက်ဟာ ဖလ်နန်းရှင် ဘကြီးတော်ဘုရားလက်ထက်၊ အရှင့်နန်းမတော်မယ်နုဆီမှာ အမှုတော်ထမ်းရွက်ခဲ့ကြတယ်၊ ညီမတော်လေးက နန်းမတော် မယ်နုရဲ့စာဇတော်ဖတ် မယ်ဒွေးလှပဲ၊ အစ်ကိုတော်က မယ်ဒွေးလှရဲ့ အစ်ကို မြို့စားရဲမြတ်လှပဲ၊ တို့မောင်နှမနှစ်ယောက်ရဲ့ဘဝဟာ အေးချမ်းသာယာလှပါတယ်၊ ညီမတော်လေးဆို အရှင် နန်းမတော်ကြီးမယ်နုထံမှာ စာပေပညာရှင်၊ စာတော်ဖတ် အဆင့်အတန်းရလို့ အဆင်ပြေခဲ့တယ်၊ အစ်ကိုတော်ဆိုရင်လဲ မြို့စားမင်း ဖလ်နန်းရှင်မင်းတရားရဲ့



www.burmeseclassic.com

www.burmeseclassic.com



လူယုံတော်နဲ့ စာပေဆိုင်ရာ၊ စစ်ဆင်ရေးဆိုင်ရာ အကြံပေးပုဂ္ဂိုလ်ပဲ၊ အဲ . . . ဖြစ်ချင်တော့ တစ်နေ့မှာ ရွှေဘိုမင်းက ပုန်ကန်ခြားနားပြီး ထီးနန်းအရိုက်အရာကို ဆက်ခံခဲ့တယ်၊ အဲဒီမှာတင် ရွှေဘိုမင်းနဲ့ နဂိုကတည်းက မသင့်မတင့်ရှိခဲ့ကြတဲ့ နန်းမတော်မယ်နုကို ရေမှာချပြီး ကွပ်မျက်ခဲ့တယ်၊ အဲဒီနောက်မှာတော့ နန်းမတော်မယ်နုရဲ့ အခြွေအရံ အသင်းအပင်းအားလုံးကိုလဲ ရွှေဘိုမင်းရဲ့လူတွေက လိုက်လံသတ်ဖြတ်ခဲ့ကြတယ်၊ အဲဒီမှာ ညီမတော်မယ်ဒွေးလှက နန်းမတော်မယ်နုရဲ့ စေခိုင်းချက်အရ အရှင့်နန်းမတော်ကြီးရဲ့ ဖလံခုန်ရွာမှာရှိတဲ့ သူ့ဆွေမျိုးတွေကို သွားပေးဖို့ ရွှေထည်လက်ဝတ်လက်စားတွေ၊ ရွှေပန်းကန် ခွက်ယောက် စတဲ့ အသုံးအဆောင်ပစ္စည်းတွေ သယ်ပြီးအသွားမှာ ရွှေဘိုမင်းလူတွေရဲ့ ဖမ်းဆီးတာခံခဲ့ရတယ်၊ အဲ . . . အဖမ်းမခံရမီလေးတင် တစ်နေရာမှာ အဲဒီပစ္စည်းတွေကို သိုဝှက်နိုင်ခဲ့တယ်၊ နောက်တော့ မယ်ဒွေးလှဟာ ရွှေဘိုမင်းလူတွေရဲ့ သတ်ဖြတ်ခြင်းကို ခံခဲ့ရတယ်၊ အဲဒီ မယ်ဒွေးလှဟာ အခု ညီမတော် လှဝင်းမေပဲ၊ အဲ . . . ညီမတော် လေးကိစ္စပြီးတော့ အစ်ကိုတော့်အကြောင်း ဆက်ပြောရဦးမယ်"

"အဲ . . . ညီမတော် မယ်ဒွေးလှ ဖလံခုန်ရွာဘက်သွားတယ်ကြားတော့ အစ်ကိုတော်လဲ စိတ်ပူပြီး နောက်ကလိုက်ရှာခဲ့တယ်၊ ဒါပေမယ့် ကံဆိုးချင်တော့ ညီမတော်ရဲ့ အသက်ကို မမီလိုက်ဘူး၊ သူတို့က လက်ဦးသွားကြတယ်၊ သိပ်မကြာခင်မှာပဲ အစ်ကိုတော်နဲ့ ရွှေဘိုမင်းလူတွေ တွေ့ပြီး တိုက်ခိုက်ခဲ့ကြ



www.burmeseclassic.com

www.burmeseclassic.com



တယ်၊ စားရေး၊ လုံရေးကျွမ်းတဲ့ အစ်ကိုတော်ကြောင့် ရွှေဘို မင်းလူတွေ အတော်ကျကုန်တယ်၊ နောက် တော့ အင်အားချင်း ဘယ်လိုမှမမျှတာနဲ့ အဖမ်းခံခဲ့ရတယ်၊ ဒါပေမယ့် အစ်ကိုတော် ဟာ တုတ်ပြီး၊ စားပြီးသူမို့ သူတို့ ကွပ်မျက်လို့မရဘဲ ဖြစ်နေတယ်၊ သူတို့ကလဲ အမျိုးမျိုးသတ်တယ်၊ မရဘူး၊ အစာရေစာလဲ ဖြတ်ထားတယ်"

"နောက်တော့ အစ်ကိုတော်လဲ စဉ်းစားတယ်၊ သူတို့ လက်က လွတ်ဖို့လမ်း မမြင်ဘူး၊ နောက် အစ်ကိုတော် သိပ်ချစ် ရတဲ့ ညီမတော် မယ်ဒွေးလှလဲ မရှိတော့ဘူးဆိုတော့ လောကကြီး မှာလဲ ဆက်မနေချင်တော့ဘူး၊ ဒါကြောင့် နောက်ဆုံးမှာ စိတ် လျှော့လိုက်တယ်၊ ပုံပျက် ပန်းပျက်မဟုတ်တဲ့ သေခြင်းကို ရွေးလိုက်တယ်၊ အဲဒီနည်းကတော့ ဖွဲကြိုးချပြီး သေတဲ့နည်းပါပဲ၊ ဒါကြောင့် အစ်ကိုတော်ကို သတ်ဖို့ တာဝန်ကျတဲ့ အာဏာ သားတစ်ယောက်ကို ညှိလိုက်တယ်၊ သူတို့က အစ်ကိုတော်ကို သတ်လို့မရလို့ စိတ်ညစ်နေတယ် မဟုတ်လား၊ အစ်ကိုတော်က ပြောလိုက်တယ်၊ ကျုပ်ကို ကြိုးနဲ့သာ ကွပ်မျက်ပါ၊ အသေခံပါ့မယ်၊ စိတ်လျှော့ပါမယ်၊ ဒါပေမယ့် အဲဒီ ကြိုးဖွဲချခဲ့တဲ့ကြိုးကိုတော့ ကျုပ် မြုပ်ခိုင်းတဲ့နေရာမှာပဲ ဘယ်သူမှမသိရအောင် မြုပ်ပေးရမယ်၊ သဘော တူလား၊ သဘောတူရင် ဆုတော်လာဘ်တော် ပေးမယ် ပြောလိုက်တော့ သူက သဘောတူတယ်၊ ဒါနဲ့ ညီမတော်ကို အင်းဝမှာ ဒီသေတ္တာနက်ကလေး တူးမြုပ်ထားတဲ့နေရာကို ညွှန် လိုက်တယ်၊ အဲဒီထဲမှာ ရွှေထည် လက်ဝတ်လက်စားအချို့ရှိတယ်၊



www.burmeseclassic.com

www.burmeseclassic.com



အဲဒါ သူ့ကို ယူခိုင်းလိုက်တယ်၊ အဲဒီ ထဲမှာရှိတဲ့ အစ်ကိုတော်တို့ရဲ့ ရှေးဘိုးစဉ်ဘောင်ဆက် အမွေခံပစ္စည်းအဖြစ် အခု အဲဒီသေတ္တာ နက်ကလေးထဲမှာရှိတဲ့ ပြဒါးခဲတလုံးကိုပဲ ချန်ထားခိုင်းတယ်၊ ကျန်တာ သူ့ကိုပဲပေးလိုက်တယ်၊ ဒါကြောင့် ဒီသေတ္တာနက်လေး ထဲမှာ အစ်ကိုတော်ကို ဇွဲကြိုးချခဲ့တဲ့ ကြိုးခွေရယ်၊ အစ်ကိုတော်တို့ ညီမလေးတို့ရဲ့ ဘိုးစဉ်ဘောင်ဆက်က ပစ္စည်းဖြစ်တဲ့ ပြဒါးခဲတ လုံးလေးရယ် ရှိတယ်"

"ဩော် . . . နောက်တစ်ခု ပြောရဦးမယ်၊ အစ်ကိုတော် ဟာ ဒီကြိုးနဲ့ ကွပ်မျက်ခံရခါနီး သစ္စာအဓိဋ္ဌာန်ပြုလိုက်တယ်၊ 'ဘဝတစ်ခုခုမှာ ညီမတော်နဲ့ ဒီကြိုး ပြန်တွေ့သောအခါမှ ကျွတ်လွတ်ရသောဘဝ၊ ညီမတော်နဲ့အတူ နေရတဲ့ဘဝကို ရပါလို၏'လို့ ဆုတောင်းအဓိဋ္ဌာန် ပြုခဲ့တယ်လေ၊ ဒါကြောင့် အခု ဒီဘဝမှာ ညီမတော်နဲ့ ပြန်ဆုံကြရပြီ၊ ဖြစ်ခဲ့သမျှကိုလဲ ပြန်ပြောပြ ရလို့ စိတ်ထဲမှာလဲ ပေါ့ပြီး၊ အစ်ကိုတော်တော့ ပျော်သွားပြီ၊ ဒါကြောင့် အစ်ကိုတော်အနေနဲ့ လူ့ဘဝကို ပြန်ဝင်စားမယ်၊ ဒါပေ မယ့် ညီမတော်ဆီမှာတော့ ဝင်စားလို့မရဘူး၊ ညီမတော်ဟာ ဘဝအဆက်ဆက်မှာ အပျိုကြီးဖြစ်ခဲ့တယ်၊ ခု ဒီဘဝမှာလဲ အပျိုကြီးလုပ်လိမ့်မယ်၊ ဟို မယ်ဒွေးလှဘဝတုန်းကလဲ အပျိုကြီးပဲ၊ ဒီတော့ ညီမတော်လေးရဲ့ အခင်မင်ဆုံးသူငယ်ချင်း တစ်ယောက် ယောက်ဆီမှာ ပြန်ဝင်စားချင်တယ်၊ အဲဒီတော့ သူတို့အိမ်ထောင် ပြုတဲ့အထိ စောင့်ပါရစေ ညီမတော်ရယ်"ဟု ရဲမြတ်လှက ပြောဆိုပြီးသောအခါ လှဝင်းမေက . . .

**ငြိမ်းချမ်းစာအုပ်တိုက်**

www.burmeseclassic.com

www.burmeseclassic.com



"အင်း . . . ရှင် ပြောပြတဲ့ဇာတ်လမ်း နားထောင်ရတာတော့ ယုတ္တိရှိပါရဲ့၊ ရှင်ပြောခဲ့တဲ့အတိုင်း ကောင်းကောင်းမှန်မှန်နေပါ၊ မဟုတ်လို့ကတော့ ရှင့်ရဲ့သေတ္တာလေးကို လွှင့်ပစ်ပြီးသာမှတ်ပါ၊ ရှင်ပြောတဲ့ အထဲမှာ တစ်ခုတော့ ဖြစ်နိုင်တယ်၊ ကျွန်မတို့မိသားစုရဲ့ နက္ခတ်ဗေဒင်ဆရာကြီးတစ်ဦးက ကျွန်မဇာတာကိုကြည့်ပြီး ဟောဖူးတယ်၊ ကျွန်မ ဇာတာက အပျိုကြီးဇာတာတဲ့"

"ဟုတ်ပါတယ်ဆို၊ ညီမတော်ကံကိုက အပျိုကြီးဖြစ်မှာပါ၊ အစ်ကိုတော်ပြောတာ မယုံဘူးကိုး"

ထိုသို့ လှဝင်းမေနှင့် ရဲမြတ်လှတို့ အချီအချ ပြောဆိုနေရင်း နံနက် မိုးစင်စင်လင်းသွားလေ၏။ ထိုအချိန်တွင် အနီးအနား အခန်းများရှိ လှကေခိုင်နှင့် လှမျိုးသွယ်တို့ ရောက်ရှိလာသဖြင့် တံခါးဖွင့်ပေးလိုက်ရ၏။ သူတို့က စတင်ပြီး . . .

"ဟော့ . . . မေ၊ မင်း ခုန ဘယ်သူနဲ့ စကားပြောနေတာလဲ၊ အပျိုကြီးဖြစ်မယ့်ဇာတာဆိုတာလဲ ပါတယ်၊ အခန်းတံခါးလဲ ပိတ်ထားတယ်၊ အခန်းထဲမှ ဘယ်သူမှမရှိဘူး၊ စာကျက်နေတာလဲ မဖြစ်နိုင်ဘူး၊ အဲဒါ ဘယ်လိုဖြစ်ကာလဲ မေ" ဟု မေးမြန်းကြလေ၏။ ထိုအခါ လှဝင်းမေသည် မျက်စိမျက်နှာပျက်သွားပြီး ရဲမြတ်လှအား လှမ်းကြည့်လိုက်ရာ ရဲမြတ်လှကလည်း ပြုံးပြီး လက်ကို ဝှေ့ယမ်းလိုက်ရာတွင်မှ ကျန်သောလှကေခိုင်နှင့် လှမျိုးသွယ်တို့က ရဲမြတ်လှအား မြင်တွေ့သွားပြီး 'အမလေး'ဟု ယောင်၍ ပြိုင်တူအော်လိုက်ကြ၏။ ထိုအခါ



www.burmeseclassic.com

www.burmeseclassic.com



လှဝင်းမေ က လက်ညှိုးကို ပါးစပ်ရှေ့ ထောင်လိုက်ပြီး 'ရှူး'ဟု ပြောလိုက်ပြီး ဘေးဘီကို ကြည့်လိုက်၏။ ပြီးမှ လှဝင်းမေက သူ့သူငယ်ချင်းများအား ဖြစ်ကြောင်းကုန်စင်ကို ပြန်ပြောပြလိုက်၏။

ထိုနေ့မှစ၍ လှဝင်းမေတို့ သူငယ်ချင်းသုံးယောက်နှင့် ရဲမြတ်လှတို့ ခင်မင်ရင်းနှီးသွားကြပြီး သွားအတူ လာအတူ ဖြစ်လာကြ၏။ တစ်ခါတစ်ရံ စာသင်ခန်းထဲသို့ပင် ရဲမြတ်လှ လိုက်လာတတ်၏။ တစ်ခါတစ်ရံ ကားပါကင်နားမှ စောင့်တတ်၏။ တစ်ခါတစ်ရံ စွယ်တော်ပင်ခြေရင်း၌ ထိုင်နေတတ်၏။ တစ်ခါတစ်ရံတွင် ရန်ကုန် စက်မှုတက္ကသိုလ် ပင်မဆောင်(၁) အလယ် ပန်းခြံလမ်းရှိ၏။ ရန်ကုန် စက်မှုတက္ကသိုလ်၌ ထိုလမ်းတွင် ဖြတ်လျှောက်သူများကို ကျောင်းသား အားလုံးက လက်ခုပ်တီးကြသော အစဉ်အလာရှိသဖြင့် သြဘာလမ်းဟု ခေါ်ကြ၏။ ထိုလမ်းကိုလည်း ရဲမြတ်လှက ဖြတ်လျှောက်ပြ၏။ သို့သော် ဘယ်သူကမျှ လက်ခုပ်မတီးကြပေ။ အဘယ့်ကြောင့် ဆိုသော် လှဝင်းမေတို့ သုံးယောက်မှလွဲ၍ ရဲမြတ်လှကို အခြားမည်သူကမျှ မတွေ့ကြရသောကြောင့် ဖြစ်၏။ အထူးသဖြင့် ရဲမြတ်လှသည် ဗိသုကာဌာန တည်ရှိရာ အဆောက်အဦ အမှတ် (၅)တစ်ဝိုက်၌သာ အများဆုံး နေထိုင်လေ၏။

တစ်နေ့တွင် လှဝင်းမေတို့ သူငယ်ချင်း ၃ ဦး ဘွတ်ရှော့ဘက်မှ အပြန်တွင် လှကေခိုင်အား ဇော်မိုးမြင့်ဆိုသူ အင်ဂျင်နီယာကျောင်းသား တစ်ဦးက ရည်းစားစကားလိုက်ပြော၏။



www.burmeseclassic.com

www.burmeseclassic.com



ဇော်မိုးမြင့်သည် လှကေခိုင်အား ယခင်ကလည်း စာ ၃ ကြိမ် ပေးဖူး၏။ စာသင်ခန်းအဝမှလည်း မကြာခဏ လာရောက်ကြည့် တတ်၏။ ကန်တင်း(အစားအသောက်ဆိုင်များ)ဘက် ဆင်းလျှင် ပင် နောက်မှ တကောက်ကောက် လိုက်တတ်၏။ ထိုဇော်မိုးမြင့် ကို ရဲမြတ်လှက လုံးဝမကြိုက်ချေ။ ထို့ကြောင့် လှကေခိုင်အား ဇော်မိုးမြင့်သည် ဖဲရိုက်တတ်သူ၊ ရံဖန်ရံခါ အရက် သောက်တတ် သူ၊ ရည်းစားများသူဖြစ်ကြောင်း၊ ထို့အပြင် အဆိုးဆုံးမှာ စိတ် သဘောထားပြည့်ဝသူ မဟုတ်သဖြင့် လှကေခိုင် တစ်သက်လုံး စိတ်ပျော်ရွှင်ချမ်းမြေ့မှု အပြည့်အဝ မရနိုင်ကြောင်းကိုပါ အကြံ ပေးလေ၏။ ထို့ကြောင့် လှကေခိုင်က ဇော်မိုးမြင့်ကို တွင်တွင်သာ ငြင်း လေ၏။

ထို့ကြောင့် လှကေခိုင်က ငြင်းလေ၊ ဇော်မိုးမြင့်က ပို၍အား ထုတ်လေ ဖြစ်လာလေ၏။ ထို့ကြောင့် လှဝင်းမေတို့၏ လွတ်လပ်စွာ သွားလာခွင့်များ အနှောင့်အယှက်ဖြစ်လာလေ၏။ ထို့ကြောင့် ရဲမြတ်လှက သူ ကြည့်စီစဉ်မည်ဖြစ်ကြောင်း ပြောဆို လေ၏။

ထို့ကြောင့် ဘွတ်ရှော့ (စာအုပ်အရောင်းဆိုင်)မှ အပြန် အတင်းပင် လိုက်စကားပြောနေသော ဇော်မိုးမြင့်၏ ခြေထောက် အောက်တွင် ငှက်ပျောခွံတစ်ခုကို ယူပြီးထားလိုက်၏။ ထိုအခါ ဇော်မိုးမြင့်သည် ခြေချော်၍ လဲသွားလေ၏။ ထို့ကြောင့် အတော်ပင် ရှက်သွား၏။ သို့သော် ဇွဲကြီးသူဖြစ်သဖြင့် ဖုတ်ဖုတ် ခါထပြီး လိုက်ပြန်၏။ ရဲမြတ်လှက ငှက်ပျောခွံ ထားပြန်၏။



www.burmeseclassic.com

www.burmeseclassic.com



ဇော်မိုးမြင့်သည် လဲပြန်၏။ ထိုအခါ ဇော်မိုးမြင့် လည်း စိတ်ဆိုးပြီး ငှက်ပျော့ခွံကို ကိုင်ပေါက်လေ၏။ ထိုအခါ လှဝင်းမေတို့က ဝိုင်းရယ်ကြ၏။ ဇော်မိုးမြင့်လည်း အတော်ရှက်သွား၏။ သို့သော် ဇွဲမလျော့။ ထပ်လိုက်ပြန်၏။ ထိုအခါ ရဲမြတ်လှလည်း ဇော်မိုးမြင့် ရှေ့မှ ခြေထိုးခံလိုက်၏။ ထိုအခါ ဇော်မိုးမြင့်လည်း လဲပြန်၏။ ဖိနပ်လည်း ကျွတ်သွားသဖြင့် ဖိနပ်တစ်ဖက်ကို ယူ၍ ဆွဲဖြတ် လိုက်၏။ ထိုအခါတွင်မှ ဇော်မိုးမြင့်လည်း တောင်ကြည့် မြောက်ကြည့်ဖြင့် ထွက်သွားလေတော့၏။ ထိုနောက်ပိုင်း ဤကဲ့သို့ ၃ ၄ ကြိမ်မျှ ဆက်တိုက် ဖြစ်သွားသောအခါတွင်မှ ဇော်မိုးမြင့်သည် လှကေခိုင်အား လက်လျှော့ သွားတော့၏။

ထို့အပြင် ရဲမြတ်လှ၏ပံ့ပိုးမှုကြောင့် လှဝင်းမေတို့ စက်မှု တက္ကသိုလ် ဘတ်စကက်ဘောအသင်းသည် တက္ကသိုလ်ကောလိပ် ပေါင်းစုံ ဘတ်စကက်ဘောပြိုင်ပွဲ ချန်ပီယံဖြစ်ခဲ့၏။ နောက်ဆုံး ဗိုလ်လုပွဲတွင် ရန်ကုန်ဝိဇ္ဇာသိပ္ပံ အမျိုးသမီး ဘတ်စကက်ဘော အသင်းနှင့် ရန်ကုန်စက်မှုတက္ကသိုလ် အမျိုးသမီးဘတ်စကက် ဘောအသင်းတို့ ယှဉ်ပြိုင်ကစားကြ၏။ ပထမပိုင်းတွင် ရန်ကုန် စက်မှုတက္ကသိုလ်အသင်းက ရှုံးနေ၏။ ထိုအခါ ပွဲကြည့်စင်တွင် ထိုင်ကြည့်နေသော ရဲမြတ်လှက ဝင်၍ လှမ်းပစ်လိုက်သော ဘောလုံး အပေါက်လွဲနေလျှင် ပိုက်ခြင်းထဲ ဝင်အောင် လမ်း ပေါက်တည့်ပေးလိုက်သဖြင့် အမှတ်များ တစ်ရှိန်ထိုးမြင့်သွားပြီး အနိုင်ရရှိကာ ချန်ပီယံဖြစ်သွားတော့၏။

**ငြိမ်းချမ်းအာအုပ်တိုက်**

www.burmeseclassic.com

www.burmeseclassic.com



ထို့အတူပင် လှဝင်းမေတို့ စာတမ်းတင်ရာတွင်လည်း ရဲမြတ်လှက များစွာအကူအညီပေး၏။ ရဲမြတ်လှသည် ရှေးခေတ် ဗိသုကာ လက်ရာများကို ပိုင်နိုင်သဖြင့် အထူးပင် အကြံဉာဏ်ပေး ကူညီနိုင်ပေ၏။ ထို့ကြောင့် လှဝင်းမေတို့ သုံးယောက်သည် ထိုနှစ် ပဉ္စမနှစ်ဗိသုကာတွင် ခရိုက်တစ်ခေါ် အဆင့်မြင့်ဖြင့် အောင်မြင် ခဲ့ကြလေ၏။

နောက်တစ်နှစ် နောက်ဆုံးနှစ်တွင် လှဝင်းမေတို့ ၃ဦး နှင့် ရဲမြတ်လှတို့သည် ပို၍ခင်မင်ရင်းနှီးပြီး ပို၍ပျော်ရွှင်ကြလေ ၏။ ထိုနှစ်တွင် လှကေခိုင်အား ကြိုက်နှစ်သက်သူများထဲတွင် စက်မှုအင်ဂျင်နီယာ နောက်ဆုံးနှစ်ကျောင်းသား ကိုကျော်ခင်လှ လည်း ပါ၏။ ထိုသူကိုကား ကိုရဲမြတ်လှက သဘောကျ၏။ သူသည် ပရဟိတစိတ်ရှိသူ ဖြစ်၏။ ထို့အပြင် သူသည် လူကြီး လူကောင်းဆန်၏။ စိတ်ရှည်၏။ သည်းခံစိတ် ရှိသူ ဖြစ်၏။ ထို့အပြင် အသောက်အစား၊ လောင်းကစား၊ မိန်းမပွေ့ရှုပ် ခြင်းကင်းသူဖြစ်၏။ ထို့အပြင် သူသည် ရန်ကုန်စက်မှုတက္ကသိုလ် ဗုဒ္ဓဘာသာအသင်း၏ အတွင်းရေးမှူးလည်း ဖြစ်၏။ ထို့ကြောင့် လှကေခိုင်အား ကိုကျော်ခင်လှ၏ မေတ္တာကို လက်ခံရန် လေ့လာ ပြီး တိုက်တွန်းပေး၏။ သူတို့နှစ်ယောက် မြန်မြန်နီးစပ်ရန်လည်း ဖန်တီးပေး၏။ ကိုကျော်ခင်လှ၏ မိဘများသည် မုံရွာတွင် ပွဲရုံ လုပ်ငန်း၊ အထည်စက်၊ ဆောင်စက်ရုံများရှိကြသဖြင့် စီးပွားရေး လည်း အထူး ပြေလည်လှ၏။ နောက် အခြားသောသူငယ်ချင်း



www.burmeseclassic.com

www.burmeseclassic.com



များ၏ တိုက်တွန်းမှု၊ ရဲမြတ်လှ၏ ထောက်ခံအားပေးမှုကြောင့် လှကေခိုင်နှင့် ကိုကျော်ခင်လှတို့ ချစ်သူဘဝသို့ ရောက်ရှိသွားကြလေ၏။ ထို့ကြောင့် ရဲမြတ်လှအား မြင်တွေ့ရသူတစ်ယောက် တိုးသွားပြီး စုစုပေါင်း ၄ ယောက် ဖြစ်သွား လေ၏။ သူတို့လေးယောက်စလုံးက ရဲမြတ်လှအား ကိုရဲလေးဟု ခေါ်ကြ၏။ ကိုရဲမြတ်လှ၏ မျက်နှာတွင် ထူးခြားမှုတစ်ခုရှိ၏။ ထိုထူးခြားချက်မှာ မျက်နှာပြင်မေးစပ်၌ မှဲ့နက်လေးတစ်လုံးရှိပြီး ထိုမှဲ့နက် လေးထဲတွင် အမွေးကလေးတစ်ပင် ပေါက်နေလေ၏။

ဤသို့ဖြင့် လှဝင်းမေတို့ ကျောင်းသားဘဝ နောက်ဆုံးနှစ် ပြီးဆုံးခဲ့၏။ သူတို့လေးယောက်စလုံး ထူးချွန်စွာဖြင့် အဆင့်မြင့်အောင်ဖြင့် အောင်မြင်ခဲ့ကြလေ၏။ ကျောင်းပြီးသောအခါ လှမျိုးသွယ်က ဗိသုကာဌာနတွင် ကျူတာပြန်လုပ်၏။ လှကေခိုင်နှင့် လှဝင်းမေက အစိုးရဌာနကြီးများတွင် အရာရှိများအဖြစ် ဝင်ရောက်လုပ်ကိုင်ကြ၏။ ကိုကျော်ခင်လှက နိုင်ငံခြားသင်္ဘော အင်ဂျင်နီယာအဖြစ် လုပ်ကိုင်ကြ၏။

နောက်နှစ်နှစ်ခန့်ကြာသောအခါ လှကေခိုင်နှင့် ကိုကျော်ခင်လှတို့၏ မင်္ဂလာအခန်းအနားကို နှစ်ဘက်သောမိဘများ၏ သဘောတူညီချက်ဖြင့် ထိမ်းမြားလက်ထပ်မင်္ဂလာပွဲကို ရန်ကုန်မြို့၊ အင်းလျားကန်ဟိုတယ်၌ စည်စည်ကားကား ကျင်းပကြလေ၏။ အဆိုပါ မင်္ဂလာ ညည့်ခံပွဲသို့ လှဝင်းမေ၊ လှမျိုးသွယ်တို့နှင့်အတူ ရဲမြတ်လှပါ အတူ တက်ရောက်လေ၏။

ငြိမ်းချမ်းစာအုပ်တိုက်

www.burmeseclassic.com

www.burmeseclassic.com



လှကေခိုင်တို့ မင်္ဂလာဆောင်ပြီးနောက်တစ်နေ့တွင် ရဲမြတ်လှ၏ ဆန္ဒအရ သူငယ်ချင်း(၄)ဦးသည် သူ့အား ဇွဲကြိုး ချရာတွင် အသုံးပြုခဲ့သည့် ကြိုးကို မီးရှို့ပေးရလေ၏။ သူတို့ အားလုံး စိတ်မကောင်း၊ မျက်ရည်ဖြိုင်ဖြိုင်ကျရလေ၏။ ထို့နောက် ဘုန်းကြီးငါးပါးပင့်၍ ဆွမ်းကပ်ပြီးနောက် ရဲမြတ်လှအတွက် ရည်စူးကာ အမျှအတန်း ပေးဝေကြလေ၏။

"အမျှ . . . အမျှ . . . အမျှ ယူတော်မူကြပါကုန်လော့"

"သာဓု . . . သာဓု . . . သာဓု"

ჯჯჯ

ဤသို့ဖြင့် နောက်တစ်နှစ်ခန့်ကြာသောအခါ လှကေခိုင် သည် ရန်ကုန်မြို့ ဗဟိုအမျိုးသမီးဆေးရုံကြီး၌ သားယောကျ်ား လေးတစ်ဦး မီးရှူးသန့်စင် ဖွားမြင်လေ၏။ ထို့နောက် မိခင်ရော ကလေးပါ ကျန်းမာသဖြင့် မီးဖွားပြီးဆောင်တွင် ထားရှိရန် မိခင် ရော ကလေးပါ ဘီးတပ်လှည်းပေါ်တင်၍ သူနာပြုဆရာမတစ်ဦး က တွန်းလာ၏။ ထိုအခါ အဆောင်ဝတွင် စောင့်နေကြသော ကိုကျော်ခင်လှ၊ လှဝင်းမေနှင့် လှမျိုးသွယ်တို့က ကလေးခေါင်း တွင် ပတ်ထားသော အနှီးစအား ဖြည်ကြည့်လိုက်သောအခါ အားလုံး အံ့ဩဝမ်းသာသွားကြပြီး သူတို့ နှုတ်ဖျားမှလည်း တစ်ပြိုင်နက် အသံတစ်သံ ထွက်သွားကြလေ၏။

ငြိမ်းချမ်းစာအုပ်တိုက်

www.burmeseclassic.com

www.burmeseclassic.com



"ဟယ် . . . ကိုရဲလေး"ဟု ခေါ်သံသည် တစ်ခဲနက် ဟိန်း ထွက်လာလေ၏။ အဆိုပါကလေးငယ်သည် အမှန်ပင် ရဲမြတ်လှနှင့် ချွတ်စွပ်တူလှပေသည်။ အထူးခြားဆုံးမှာ ကလေး ငယ်၏ မေးစပ်တွင် မှဲ့လေးတစ်လုံး ပေါက်နေသည်ကအစ တူလှပေ၏။ ထို့ကြောင့် သူတို့ အားလုံးက ဤကလေးငယ်သည် ရဲမြတ်လှ ဝင်စားသူဟု တစ်ထစ်ချ ယုံကြည်သွားကြပြီး ကလေး နာမည်ကိုလည်း တညီတညွတ်တည်းပင် "ရဲမြတ်လှ"ဟု မှည့်ခေါ် လိုက်ကြလေ၏။

နှောင်(၁၆)နှစ်ခန့် ကြာသောအခါ ရဲမြတ်လှလေးသည် ဆယ်တန်းစာမေးပွဲအောင်၍ ရန်ကုန်စက်မှုတက္ကသိုလ်သို့ တက် ရောက်ခွင့်ရလေ၏။ ထိုအချိန်တွင် ဒေါ်လှဝင်းမေနှင့် ဒေါ်လှ ကေခိုင်တို့သည် အစိုးရဌာနဆိုင်ရာတွင် ညွှန်ကြားရေးမှူးများ ဖြစ်နေကြပြီး၊ ဒေါ်လှမျိုးသွယ်သည် ရန်ကုန်စက်မှုတက္ကသိုလ် ဗိသုကာဌာနတွင် ကထိကတစ်ယောက်ဖြစ်နေကာ၊ ဦးကျော် ခင်လှသည် နိုင်ငံခြား သင်္ဘောကုမ္ပဏီတစ်ခုတွင် အင်ဂျင်နီယာ ချုပ် ဖြစ်နေကြ၏။

ရဲမြတ်လှလေး စက်မှုတက္ကသိုလ်သို့ ကျောင်းစတက် သည့် နေ့တွင် ဖခင်ဖြစ်သူ ဦးကျော်ခင်လှက ရန်ကုန်စက်မှု တက္ကသိုလ်၏ နာမည်ကျော် မော်လမြိုင်စားတော်ဆက်တွင် နေ့လယ်စာဖြင့် တည်ခင်း ကျွေးမွေးပြီး၊ မိခင်ဖြစ်သူ ဒေါ်လှ ကေခိုင်က စီကိုဖိုက်နာရီတစ်လုံး၊ ဒေါ်လှမျိုးသွယ်က ရွှေခေတ်



www.burmeseclassic.com

www.burmeseclassic.com



လက်ရာအတိုင်း ပြုလုပ်ထားသည့် ရွှေဆွဲကြိုးတစ်ကုံး၊ ဒေါ်လှဝင်းမေက ရွှေဖြင့် ကွင်းထားသည့် ပြဒါးခါတ်လုံး လက်စွပ်တစ်ကွင်းတို့ကို ဝတ်ဆင်ပေးလိုက်ကြ၏။ ရဲမြတ်လှလေးသည် ပြဒါးခါတ်လုံးလက်စွပ်လေးကို ရသောအခါ အထူးပျော်ရွှင်ကျေနပ်သွားပုံရပြီး ခါတ်လုံးလေးကိုသာ ပွတ်သပ်နေလေတော့၏။

◆ ● ◆



www.burmeseclassic.com

www.burmeseclassic.com

## သင်္ကန်းရေစိုနေသော ရဟန်းတစ်ပါး

အချိန်ကား ဒုတိယကမ္ဘာစစ်ပြီးစအချိန်ဖြစ်၏။ ထိုအချိန် ရန်ကုန်မြို့ကြီး၏ ဆင်ခြေဖုံး သင်္ကန်းကျွန်းအရပ်တွင် သင်္ကန်းကျွန်း ဈေးကြီးရှိလေ၏။ ထိုဈေးအနီးတွင် ခေါက်မုန့်လုပ်ရောင်းသော ကိုပိန်၊ မဘုတ်ဆုံ အမည်ရှိ လင်မယားနှစ်ယောက် ရှိကြလေ၏။ ယောကျ်ားဖြစ်သူ ကိုပိန်ကား နာမည်ဖြင့်လိုက်အောင်ပင် ပိန်ပိန်ရှည်ရှည် ဖြစ်၏။ ဇနီးဖြစ်သူ မဘုတ်ဆုံကလည်း နာမည်ဖြင့်လိုက်အောင်ပင် အသား ဖြူဖြူ ပုပုဝဝ ဖြစ်၏။

သူတို့၏ ကိုပိန်၊ မဘုတ်ဆုံ ခေါက်မုန့်ဆိုင်သည် အလွန်ပင် နာမည်ကြီးသောသဖြင့် အနီးအနားတစ်ဝိုက်တွင် မသိသူမရှိအောင်ပင် နာမည်ကြီးလှ၏။ သူတို့၏ ခေါက်မုန့်ဆိုင်သည် နံနက်



www.burmeseclassic.com

www.burmeseclassic.com



၄ နာရီမှစ၍ ဖွင့်လှစ်ပြီး ညနေမှောင်မှပင် ဆိုင်ပိတ်ရလေ၏။ ခေါက်မုန့်ဆိုင်သည် နာမည်ကြီးပြီး ရောင်းကောင်းလှသဖြင့် သူတို့၏စီးပွားရေးမှာ အတော်ပင် ချောင်ချောင်လည်လည် ရှိကြလေ၏။

သူတို့လင်မယားနှစ်ယောက်စလုံးသည် သဒ္ဓါတရားတွင် အလွန်ထက်သန်ကြ၏။ မိမိတို့ တတ်နိုင်သရွေ့ အလှူကို နေ့စဉ်ပင် မပြတ်တမ်း ပြုကြလေ၏။ ယုတ်စွအဆုံး သူတို့၏ခေါက်မုန့်ဆိုင်ရှေ့တွင် အလှူခံရပ်လာသော ရဟန်း၊ သီလရှင်၊ လူပုဂ္ဂိုလ်၊ ဖုန်းတောင်း ယာစကာမှန်သမျှတို့ကို မည်သည့်အခါတွင်မျှ ကန်တော့ဆွမ်းဟု ပြောလေ့မရှိ။ အနည်းဆုံး ခေါက်မုန့်တစ်ချပ် လုပ်၍ လောင်းလှူလေ့ ရှိပါသည်။

တစ်နေ့နံနက်တွင် ဖြစ်၏။ နံနက်စောစော ဆိုင်ခင်းကာစ အချိန်တွင် ဖြစ်၏။ ဆိုင်ခင်းပြီး မီးစမွှေးခြင်း ပြုလုပ်နေစဉ် ဆိုင်ရှေ့တွင် ရဟန်းတစ်ပါး အရဏ်ဆွမ်း လာရပ်လေ၏။ ထို အချိန်တွင် ဆိုင်၌ မဘုတ်ဆုံ တစ်ဦးတည်းသာ ရှိနေစဉ်ဖြစ်၏။

ထို့ကြောင့် မဘုတ်ဆုံလည်း ရဟန်းတော်အား . . .

"ခေတ္တသည်းခံပြီး စောင့်ဆိုင်းပေးပါ ဘုရား၊ တပည့်တော်မ တို့ ခုမှ ဆိုင်စခင်းပြီးစမို့ပါ ဘုရား၊ တပည့်တော်မ မုန့်အမြန်လုပ်ပေးပါမယ် ဘုရား" ဟု ဆိုပြီး မဘုတ်ဆုံသည် ခေါက်မုန့် ၃ ခုကို အမြန် လုပ်လေ၏။ မဘုတ်ဆုံသည် ရှေးဦးစွာ ခေါက်မုန့် မုန့်ရည်ကို ဒယ်အိုး ကင်းပေါ် ဖြန့်ခင်းလိုက်ပြီး ယောက်ချိုဇွန်းပင်ဖြဲ့ ပွတ်ဝိုင်းလိုက်၏။ ထို့နောက် မုန့်ဆီတွင်

www.burmeseclassic.com



ထန်းလျက်ရည်ထည့်ရန် ထန်းလျက်ရည် ဖျော်ထားသည့်အိုးကို ရှာဖွေရာ မတွေ့ဘဲရှိလေ၏။ ထိုအခါတွင်မှ သတိရမိသည်မှာ ယနေ့နံနက် ထန်းလျက်ရည်အိုး ကျန်ခဲ့သဖြင့် ကိုပိန် ပြန်ယူနေခြင်း ဖြစ်၏။ ထို့ကြောင့် မဘုတ်ဆုံသည် သူလုပ်နေသည့် ခေါက်မုန့်အား ထန်းလျက်ရည်မထည့်ဘဲ အဖြူလုပ်ရန် ဆုံးဖြတ်လိုက်၏။ ထို့ကြောင့် မုန့်ဖြူထဲတွင် အုန်းသီး၊ သကြားတို့ကို လှိုင်လှိုင် ဖြူးထည့်၍ ချိုဆိမ့်ခေါက်မုန့်ကြီး ၃ ချပ် အမြန်ပြုလုပ်လိုက်ပြီးပြီးချင်း ယူ၍ ဆိုင်ရှေ့၌ ရပ်နေသော ရဟန်းကြီး၏ သပိတ်ထဲသို့ သွားရောက် လောင်းလှူလိုက်လေ၏။

ထိုသို့ လောင်းလှူလိုက်စဉ်တွင် မဘုတ်ဆုံသည် သတိပြုမိသည်မှာ သပိတ်ထဲတွင် အခြားလောင်းလှူထားသော ဆွမ်းခဲဖွယ် ဘောဇဉ် တစ်စုံတစ်ရာမျှ မရှိသေးဘဲ ယခု မဘုတ်ဆုံ လောင်းလှူလိုက်သော ပူပူနွေးနွေးခေါက်မုန့်ကြီး ၃ ချပ်သာ ရှိနေခြင်း ဖြစ်၏။

ထို့နောက် ရဟန်းကြီးသည် တစ်စုံတစ်ရာကိုမျှသော ဆုပေးစကားကိုမျှ မပြောဘဲ သပိတ်ကို ပြန်ပိတ်၍ ကြွသွားတော့၏။ ထိုအခါ မဘုတ်ဆုံသည် ဤရဟန်း၏ ထူးခြားသော အပြုအမူ အနေအထိုင်ကြောင့် နောက်သို့ ခေါင်းကိုငဲ့၍ ကြည့်မိလေ၏။ ထိုအခါတွင်မှ ပို၍ အံ့ဩသွား၏။ အဘယ်ကြောင့်ဆိုသော် . . .

ရဟန်း၏ ဝတ်ထားသော သင်းပိုင် ကေသီကိုယ်ရုံ အောက် ပိုင်းတစ်ပိုင်းလုံးသည် ရေများစိုစွတ်နေပြီး ရေများ



www.burmeseclassic.com

www.burmeseclassic.com



တစက်စက်ကျနေသဖြင့် ပို၍အံ့ဩခြင်းမက အံ့ဩရလေ၏။ သူ့စိတ်ထဲတွင် ဤမျှနံနက် အစောကြီးတွင် ဤရဟန်းသည် မည်သည့်အတွက်ကြောင့် သင်္ကန်းများ စိုရွှဲနေရပါသနည်းဟု မစဉ်းစားတတ်အောင်ပင် ဖြစ်သွားလေ၏။ ထိုအချိန်တွင်ပင် ကိုပိန် ဝင်လာပြီး . . .

"ဟဲ့ . . . ဘုတ်ဆုံ၊ ဒီမှာရပ်ပြီး ဘာငိုင်နေတာလဲ၊ ဟိုဖိုပေါ်မှာလည်း မီးတွေတန်းလန်းနဲ့"

"ငိုင်နေတာမဟုတ်ပါဘူးတော်၊ အခုပဲ ရဟန်းကြီး တစ်ပါးကို ခေါက်မုန့်ဆွမ်းလောင်းပြီး ရပ်နေတာပါ၊ တော် အခုဝင်လာတာ အဲဒီ ရဟန်းကြီးကို မတွေ့လိုက်ဘူးလား၊ တော်နဲ့ ဆို အဝင်အထွက်ပဲ"

"အယ် . . . နင်ကလဲ တောက်တီးတောက်တဲ့၊ ဘယ် ရဟန်း တစ်ပါးမှ မတွေ့ပါဘူး" ပြောပြောဆိုဆို ကိုပိန်သည် ဆိုင်ရှေ့သို့ အနည်းငယ်ထွက်၍ ရှေ့နောက်ဝဲယာ လျှောက်ကြည့်လေ၏။ ကြည့် ပြီးနောက် ပြန်လာပြီး . . .

"ကဲ . . . ဘုတ်ဆုံ၊ ငါ ရှေ့နောက်ဝဲယာ အရပ်လေး မျက်နှာလုံး ကြည့်ပြီးပြီ၊ ဘယ်ရဟန်းတစ်ပါးမှ မတွေ့ရဘူးဟယ်၊ ဒီလမ်းမကြီးပေါ် ဆို ဝါးလေးငါးဆယ်ရိုက်လောက် မြင်ရတယ်၊ လမ်းမှာ ရှင်းလို့၊ လူသွားလူလာလဲ တစ်ဦးစ နှစ်ဦးစပဲ မြင်ရတယ်၊ နောက် ဒီအချိန်ဟာ သံဃာတော်တွေ အရုဏ်ဆွမ်း တန်းရပ်တဲ့အချိန်လဲ မဟုတ်သေးပါဘူး၊ စောပါသေးတယ်ဟ"

ဟု ပြောလိုက်ရာ မဘုတ်ဆုံက . . .



www.burmeseclassic.com

www.burmeseclassic.com



"တော်ကသာ စောတယ်လုပ်နေ၊ ကျုပ်ကိုယ်တိုင် မှန့်လုပ်ပြီး လောင်းလိုက်ရတာပဲတော်၊ အဲဒီရဟန်းတော်က ကျုပ်မှန့်လုပ်တာ မပြီးသေးလို့ ရပ်ပြီးတော့တောင် စောင့်သွားရသေးတယ်၊ ကျုပ်တောင်မှ ဆွမ်းလောင်းပြီး ဒီကိုယ်တော်ကြီးဟာ ထူးခြားတယ်လို့ဆိုပြီး ခေါင်းတောင် ငုံ့ကြည့်လိုက်သေးတယ်၊ ပါးစပ်ကလဲ ဘာဆုမှ ပေးမသွားဘူး၊ နောက်ပြီး ထူးခြားတာက ပေါင်လယ်လောက်ကစပြီး သင်္ကန်းတွေ အောက်ပိုင်းတစ်ခုလုံး ရေစိုရွှဲနေတယ်၊ ရွှဲနေတာမှ တော်တော့်ကို ရွှဲနေတယ်၊ ရေစက်တွေတောင် အောက်ကို တောက်တောက်နဲ့ ကျနေ သေးတယ်တော့၊ ကဲ . . . ကျုပ်ပြမယ်၊ တော်ဟိုနေရာကို ကြည့်လိုက်၊ ရေစိုကွက်ကြီး၊ မတွေ့ဘူးလား၊ အဲဒီနေရာမှာ ရဟန်းကြီး ရပ်တော်မူ သွားတာရှင့်၊ ကဲ . . . ရှင်းပြီလား"

"အေး . . . ဟုတ်တယ်ဟ၊ ရေစိုကွက်ကြီးပါလား၊ ငါ ပထမ အခေါက် မုန့်တောင်းလာထားတုန်းက မတွေ့ခဲ့မိဘူး၊ ခုအခေါက်မှ တွေ့တာ အတော့်ကို ထူးဆန်းတာပဲဟ၊ ဒါနဲ့ နေပါဦး၊ အဲဒီရဟန်းကြီးရဲ့ ဥပဓိရုပ်ကရော ဘယ်လိုပုံပန်း သဏ္ဌာန်ရှိလဲဟ" ဟု မေးလိုက်ရာ မဘုတ်ဆိုက . . .

"ရဟန်းကြီးရဲ့ ရုပ်သွင်ကတော့ ခပ်တင်းတင်းပဲတော့၊ မျက်နှာတော်ကလဲ ရှုတည်တည်နဲ့ လုံးဝအပြောင်းအလဲ မရှိဘူး၊ စကားလဲ တစ်ခွန်းမှ မပြောဘူး၊ ဘာဆုမှလဲ မပေးဘူး၊ အသားက အညိုဘက်ကို နည်းနည်းလုတယ်၊ ပုံစံကြည့်ရတာတော့ စိတ်ကြီး



www.burmeseclassic.com

www.burmeseclassic.com



မယ်၊ ပြတ်ပြတ်သား သားရှိမယ့်ပုံပဲတော့၊ နေပါဦး . . . တော်က ဘာဖြစ်လို့ အသေးစိတ် လိုက်မေးနေရတာလဲ"

"ဒါက ဒီလိုကြောင့်ပါဟာ၊ ရှေးလူကြီးသူမတွေပြောတာ ငါ တစ်ခု ကြားဖူးတယ်ဟာ အဲဒါများ ဖြစ်မလားလို့ စဉ်းစား နေတာ"

"ကဲ . . . တော်စဉ်းစားတာ မြန်မြန်ပြောစမ်းပါဦး၊ ဘာကြား ဖူးတာလဲဆိုတာကို"

"ဒီလိုပါဟာ၊ တို့သာသနာမှာ သေလေးပါး ရှင်လေးပါး ဆိုတာ ရှိတယ်၊ အဲဒီ ရှင်လေးပါးထဲမှာ အပါအဝင်ဖြစ်တဲ့ ရှင်ဥပဂုတ္တဆိုတဲ့ ရဟန္တာအရှင်သူမြတ်ဟာ တောင်သမုဒ္ဒရာ ထဲမှာ ကြေးပြသဒ်ဖောင်တော်နဲ့ စံတော်မူတယ်တဲ့၊ မကောင်း ဆိုးဝါးတွေ၊ သာသနာ့ရန်စွယ် ရန်ညှောင့်တွေကို အမိက တားဆီး နှိမ်နင်းပေးတော်မူတယ်တဲ့၊ အထင်ရှားဆုံး သာဓကတစ်ခု ကတော့ သီရိမဲ့မှာသောကမင်းလက်ထက်တုန်းက ဗုဒ္ဓ ဘာသာ မှာ အရေးပါတဲ့ တတိယသင်္ဂါယနာ တင်ကြတယ်၊ ဒါပေမယ့် မာန်နတ်က နှောင့်ယှက်လိုက်တာကြောင့် အခက်တွေ့နေရ တယ်၊ အဲဒီအချိန်မှာ အဲဒီ ရှင်ဥပဂုတ္တမထေရ်မြတ်က မာန် နတ်ရန်ကို နှိမ်နင်းပေးတော်မူခဲ့တယ်"

"ကဲ . . . တော်ကလဲ ရှင်းရှင်းပြောစမ်းပါ၊ အဲဒီ ရှင်ဥပဂုတ္တ မထေရ်နဲ့ ကျုပ်တို့ဆီ ဒီနေ့မနက် ဆွမ်းခံကြွလာတဲ့ ရဟန်းကြီးနဲ့ ဘယ်လိုပတ်သက်လို့လဲတော်"



www.burmeseclassic.com

www.burmeseclassic.com



"အေး . . . ခု အဲဒါပြောမလို့ပါဟ၊ ခုထက်ထိ အဲဒီအရှင် ဉပဂုတ္တမထေရ်မြတ်ဟာ တောင်သမုဒ္ဒရာထဲမှာ ၊ စံမြန်းနေသေးတယ်တဲ့၊ အဲဒီလိုရှိနေသေးတဲ့ အထောက်အထားတွေကို ပင်လယ်သွားခရီးသည်တွေနဲ့ ပင်လယ်ကူးသင်္ဘောသားတွေဟာ မကြာခဏ ဖူးတွေ့ကြရတယ်တဲ့ဟ၊ နောက် တစ်ခါတစ်ရံမှာလဲ ကုန်းပေါ်တက်ပြီး ဆွမ်းခံကြွတယ်တဲ့၊ အဲဒီပုဂ္ဂိုလ်ကြီး ဆွမ်းခံကြွလာရင် ထူးခြားတဲ့သင်္ကေတတစ်ခုက သင်္ကန်းအောက်ပိုင်းတစ်ခုလုံး ရေတွေ စိုရွှဲနေတတ်တယ်တဲ့၊ သူ့ရဲ့ ဉပမိရှုပ်ကလဲ ခပ်ကြမ်းကြမ်းရှိတယ်လို့ ဆိုကြတယ်၊ နောက်ပြီး ဘာစကားတစ်ခွန်းမှလဲ ဆိုလေ့မရှိဘူးတဲ့"

"ဟင်၊ ဒါဆို ကျွန်မဆီ ခုနက ဆွမ်းခံကြွလာတဲ့ ရဟန်းကြီးဟာ ရှင်ဉပဂုတ္တမထေရ်မြတ်များ ဖြစ်နေမလား မသိဘူးနော်"

"အေး . . ဖြစ်နိုင်တယ်ဟ၊ အများကြီးဖြစ်နိုင်တယ်၊ ဟုတ်လို့ကတော့ မကြာဘူး၊ နင်တော့ ကြီးပွားချမ်းသာလိမ့်မယ် ထင်တယ်"

"ဟုတ်လား၊ ဘယ်လိုကြီးပွားချမ်းသာမှာလဲ၊ ကျုပ်မှာတော့ ဝန်းခနဲကြီးပွားချမ်းသာဖို့ ဘာအခြေအနေမှ မရှိဘူးတော့"

"ဟ . . . ဒါကတော့ ဒီလိုပဲ တစ်နည်းနည်းနဲ့ မ,တတ်တာပဲ"

ဣဣဣ

ပြီးချုပ်စာအုပ်တိုက်

www.burmeseclassic.com

www.burmeseclassic.com



ဤအဖြစ်အပျက်များ ဖြစ်ပွားပြီး နှစ်ပတ်ခန့်အကြာတွင် ကိုပိန်နှင့် မဘုတ်ဆုံတို့၏ ၄ နှစ်ဒ႑ရွယ် သမီးလေးသည် သက်န်းကျွန်းဈေးကြီးအနီးတွင် ဆော့ကစားနေစဉ် ထီလက်မှတ်တစ်စောင်ကောက်ရလာလေ၏။ ကလေးငယ်သည် ကောက်ရလာသော ထီလက်မှတ်တွင် ရုပ်ပုံများပါနေသဖြင့် အထူးအဆန်းသဖွယ်ဖြစ်ကာ မိခင်ဖြစ်သူမဘုတ်ဆုံအား သွားပြလေ၏။ မဘုတ်ဆုံကလည်း ကြည့်ပြီး . . .

"ဟင် . . . ဒါက ထီလက်မှတ်တစ်စောင်ပဲ သမီး၊ ဒါပေမယ့် ဒီထီလက်မှတ်ဟာ အခု ဒီလဖွင့်မယ့် ထီလက်မှတ်လား၊ ဖွင့်ပြီးခဲ့တဲ့ ထီလက်မှတ်အဟောင်းများလား မသိဘူး၊ ဒီတော့ ထီဆိုင်ကို သွားမေးကြည့်မှပဲ သိတော့မယ်"ဟု ပြောပြီး မဘုတ်ဆုံသည် ကလေးလက်ကို ဆွဲကာ ထီလက်မှတ်လေးကို ကိုင်လျက် အနီးရှိ ထီဆိုင်တစ်ဆိုင်သို့ သွားကာ . . .

"ဒီထီလက်မှတ်လေးကို တဆိတ်ကြည့်ပေးပါရှင်၊ ဒီလက်မှတ်ဟာ အခုလဖွင့်မယ့် ထီလက်မှတ်လား၊ ဖွင့်ပြီးခဲ့တဲ့ ထီလက်မှတ်လားလို့"

"ဟုတ်ကဲ့ . . . ဒီထီလက်မှတ်ဟာ အခုအပတ်ဖွင့်မယ့် ထီလက်မှတ်ပါ"ဟု ပြောသဖြင့် မဘုတ်ဆုံလည်း အဆိုပါ ထီလက်မှတ်လေးကို သေချာစွာ သိမ်းဆည်းထားလေ၏။

လကုန်၍ ထီဖွင့်သောအခါ အဆိုပါ ထီလက်မှတ်သည် ကျပ်တစ်သိန်း ပထမဆု ပေါက်လေ၏။ ထိုခေတ်က ထီတစ်စောင်၏ တန်ဖိုးမှာ ၂ ကျပ် ဖြစ်ပြီး၊ ထိုရရှိသော ဆုငွေ



www.burmeseclassic.com

www.burmeseclassic.com



တစ်သိန်းမှာလည်း အတော်ပင်များပြားသည့် ငွေပမာဏ ဖြစ်ပါသည်။ အဘယ့်ကြောင့်ဆိုသော် ထိုခေတ်က ရွှေတစ်ကျပ်သား၏တန်ဖိုးမှာ ၁၂ ကျပ်ပတ်ဝန်းကျင်သာ ဖြစ်ပါသည်။ ထို့ကြောင့် ယခုခေတ် ငွေကြေးပမာဏအရဆိုပါလျှင် သိန်းပေါင်း တစ်သောင်းကျော်နှစ်သောင်းနီးပါး တန်ဖိုးရှိမည် ဖြစ်သဖြင့် အတော်ပင် ကြွယ်ဝချမ်းသာသည့် သူဌေးကြီး သူကြွယ်ကြီးများ နေ့ချင်းညချင်း ဖြစ်သွားကြ၏။ ထို့ကြောင့် . . .

သူဌေး ဦးပိန်နှင့် ဒေါ်ဘုတ်ဆုံလင်မယားတို့သည် သူတို့နေထိုင်ရာ သက်န်းကျွန်းအရပ်ရှိ ရွှေနားပန်ဘုရားတွင် ကြီးကျယ်သော အလှူအတန်းကြီးများကို ပြုလုပ်နေကြတော့၏။ အလှူအတန်း လာကြသော ပုဂ္ဂိုလ်များက ဒေါ်ဘုတ်ဆုံကြီးအား . . .

"ခင်ဗျားတို့ကြီးပွားတာ မြန်လှချည်လား၊ ဘယ်လိုလုပ်ပြီး ဒီလောက်မြန်မြန် ကြီးပွားရတာလဲဗျ"

"ကျုပ်ကတော့ ရှင်ဥပဂုတ္တမထေရ်မြတ်ကြီး မ,တယ်လို့ ယုံကြည်တာပါပဲတော်"

◆ ● ◆



www.burmeseclassic.com

www.burmeseclassic.com

# ကာလယန္တရားတွင် အမဲလိုက်ခြင်း

ကုမ္ပဏီတစ်ခုတွင် အောက်ပါအတိုင်း ကြော်ငြာတစ်ခု ကို ကြေညာထားလေ၏။

အတိတ်ကာလယန္တရားအတွင်းရှိ ကုန်လွန်ခဲ့သော မည်သည့် ခုနှစ်သို့မဆို သွားရောက်နိုင်သည်။ သင်တို့ ပစ်ခတ်လိုသည့် တိရစ္ဆာန်အမျိုးအစားကို ပြောပါက ကျွန်ုပ်တို့က အဆိုပါ တိရစ္ဆာန်ရှိသည့်ကာလ သို့ရောက်အောင် ကျွန်ုပ်တို့၏ယာဉ်က ပို့ဆောင်ပေးပါမည်။

ပုံ

ကာလယန္တရားအမဲလိုက်ကုမ္ပဏီ

မစ္စတာဖအက်ကင်းဆိုသူသည် စိတ်လှုပ်ရှားစွာဖြင့် ဖြိုး လိုက်၏။ ထို့နောက် စားပွဲတွင် ထိုင်နေသူအား သူ၏ ဒေါ်လာ



www.burmeseclassic.com

www.burmeseclassic.com



တစ်သောင်းတန် ချက်လက်မှတ်ကို ပေးလိုက်ပြီး နှုတ်မှ လည်း . . .

"အခုသွားမယ့် အမဲလိုက်ခရီးကနေပြီး အသက်မသေဘဲ ပြန်လာနိုင်ရမယ်ဆိုတာကိုကော အာမခံချက် ပေးနိုင်မလား" ဟု မေးလိုက်၏။ ထိုအခါ ကုမ္ပဏီအမှုထမ်းက . . .

"ကျွန်တော်တို့အနေနဲ့ အမဲလိုက်မယ့်လူတွေ ဒိုင်နိုဆောတွေကို တွေ့ဖို့တော့ အာမခံပါတယ်၊ ကျန်တာကိုတော့ အာမ မခံနိုင်ပါဘူး" ဟု အဖြေပေးပြီး အခြား တစ်ဖက်သို့ လှည့် ကာ . . .

"ဟောဒီပုဂ္ဂိုလ်က ကာလယန္တရားအမဲလိုက် လုပ်ငန်း အတွက် တောကျွမ်းတဲ့လမ်းပြ မစ္စတာ ထရားဗစ်ပါ။ သူက ခင်ဗျားတို့ကို ဘယ်နေရာမှာ ဘယ်သတ္တဝါကို ပစ်ရမယ်ဆိုတာ ညွှန်ပြပေးပါလိမ့်မယ်၊ တကယ်လို့ သူက မပစ်ပါနဲ့လို့တားမြစ်တဲ့ သတ္တဝါကို မပစ်ခတ်ရပါဘူး။ အဲဒီလိုမှ မဟုတ်ဘဲ သူ့စကားကို ခင်ဗျားတို့အနေနဲ့ နားမထောင်ဘူး ဆိုရင်တော့ ဒဏ်ကြေး အနေနဲ့ ဒေါ်လာတစ်သောင်း ထပ်ပေးရပါမယ်၊ ဒါ့အပြင် သက်ဆိုင်ရာအစိုးရအနေနဲ့ကလဲ အရေးယူတန် အရေးထပ်ယူ ပါလိမ့်မယ်၊ ဒါကြောင့် ဒီစည်းကမ်းချက်ကိုတော့ တင်းတင်း ကျပ်ကျပ် လိုက်နာရပါလိမ့်မယ်"

ဟု တစ်ဆက်တည်း ပြောဆိုရှင်းပြလေ၏။ ထိုအခါ မစ္စတာအက်ကင်းသည် ခန်းမကျယ်ကြီးကို ဖြတ်၍ အခြား တစ်ဖက်တွင်ရှိသော တပြိုးပြိုးတပြက်ပြက် အရောင်ဖြာတဲ့



www.burmeseclassic.com

www.burmeseclassic.com



နေသော ရွှေရောင်သေတ္တာကြီးပမာ ယာဉ်ကြီးတစ်ခုကို တွေ့ရလေ၏။ ထိုယာဉ်ယန္တရားကြီးမှ ထွက်ပေါ်လာသော အရောင်များသည် သူ့မျက်နှာပေါ်သို့ တဖျတ်ဖျတ် ကျရောက်နေလေ၏။ ထို့နောက် သူ၏နှုတ်မှ . . .

"အာပါးပါး. . . တကယ်ကောင်းတဲ့ ကာလယန္တရားသွား ယာဉ်ကြီးပါပဲလား" ဟု ခေါင်းကို ခါ၍ပြောလိုက်ပြီး ဆက်လက်၍-

"ဒီယာဉ်ကြီးမြင်တော့ ကျုပ်ခေါင်းထဲမှာ အတွေးတစ်ခုဝင်လာတယ်၊ တကယ်လို့ မနေ့က ရွေးကောက်ပွဲမှာ အဖြေဟာ ပြောင်းပြန်ဖြစ်သွားခဲ့လို့ကတော့ ကျုပ် ဒီကာလယန္တရားကြီးနဲ့ အတိတ်ကို ထွက်ပြေးသွားမှာပဲ၊ 'ကိတ်'နိုင်သွားတာ တကယ်ကံကောင်းလှပေတယ်၊ သူဟာ အမေရိကန်ပြည်ထောင်စုရဲ့ သမ္မတကောင်းတစ်ဦးပါပဲ" ဟု ပြောလိုက်ရာ အနီးရှိ ကုမ္ပဏီဝန်ထမ်းက . . .

"ဟုတ်ပါ့ဗျာ . . . ကျွန်တော်တို့ သိပ်ကံကောင်းပါတယ်၊ တကယ်လို့ လိုင်းမင်းသာ နိုင်သွားခဲ့ရင် ကျုပ်တို့ရဲ့ဘဝဟာ မတွေးရဲ့ စရာပဲ၊ ဒီလူဟာ စွတ်ရွတ်လုပ်တတ်တဲ့ဉာဉ်ရှိတယ်၊ လူတွေကပြောတယ်၊ တကယ်လို့ လိုင်းမင်းသာ နိုင်သွားရင် ၁၅ ရာစုကို ပြန်သွားပြီး နေပစ်လိုက်ချင်တာပဲလို့ ဆိုကြတယ်၊ ကျုပ်တို့ ကာလယန္တရားအမဲပစ်လုပ်ငန်းကတော့ လက်ရှိအခြေအနေကို ရှောင်ပြေးချင်နေတဲ့လူတွေအတွက်တော့ မဟုတ်ပါဘူး၊ အမဲလိုက်ဖို့ကောင်းမယ့် တောကြီးတွေ ရှာဖွေပေး ၏မယ့် လုပ်ငန်း



www.burmeseclassic.com

www.burmeseclassic.com



လုပ်တာပါ။ ဒါပေမယ့် ခုတော့ ကိတ်ဟာ သမ္မတ ဖြစ်သွားပြီ ဖြစ်တဲ့အတွက် ခင်ဗျားရဲ့ စိုးရိမ်သောကတွေဟာ . . .”ဟု ပြောလိုက်ရာ မစ္စတာ အက်ကင်းက ကြားဖြတ်၍ . . .

“ခုတော့ ရှေးခေတ်ကရှိခဲ့တဲ့ ဒိုင်နိုဆောကြီးတွေကို ပစ်ရဖို့ပဲပေါ့”

“ဟာ. . . စိတ်ချဗျို့၊ ခင်ဗျာအနေနဲ့ တိုင်ရင်နိုဆောရပ်ဘုရင်ကြီးကို ပစ်ကိုပစ်ရမယ်ဗျာ . . . ဒီသတ္တဝါကြီးက ကြောက်စရာ အကောင်းဆုံးနဲ့အဆိုးဝါးဆုံးအကောင်ကြီးပဲဗျ၊ ကဲ. . . လက်မှတ်ကို ဒီနေရာမှာ ထိုးပေးပါ၊ ဒါ စာချုပ်စာတမ်းသဘောပေါ့ဗျာ၊ တကယ်လို့ ကာလယန္တရားအမဲလိုက်လုပ်ငန်းမှာ ခင်ဗျား တစ်ခုခုမြင်ဖြစ်ခဲ့ရင် ကျုပ်တို့ကုမ္ပဏီမှာ တာဝန်မရှိကြောင်းပါ၊ ဒီသတ္တဝါကြီးတွေဟာ သိပ်ကြောက်ဖို့ကောင်းတယ်၊ အမြဲတမ်း ဆာလောင်မွတ်သိပ်နေကြလေရဲ့” ဟု ပြောလိုက်သောအခါ မစ္စတာ အက်ကင်း၏မျက်နှာသည် ဒေါသကြောင့် သွေးရောင်လွှမ်းသွားပြီး . . .

“ခင်ဗျားက ကျုပ်ကို လာပြီး ခြောက်လှန့်နေတာလား”

“အင်း - အဲဒီလိုဆိုရင်လဲ ရပါတယ်၊ ဒီခရီးမျိုးကို ပထမဆုံး အကြိမ် သွားရမယ့်လူမျိုးရဲ့ စိတ်ထဲမှာ ခပ်ပေါ့ပေါ့သဘောမထားစေချင် လို့ပါ၊ ဒီခရီးမှာ မနှစ်တုန်းကဆိုရင် တောလိုက်လမ်းပြ (၆) ယောက်နဲ့ တောပစ်မုဆိုး ၁၂ ယောက်လောက် သေကျေခဲ့ကြရတယ်၊ ဒီကိစ္စ ခင်ဗျားအနေနဲ့ ကြိုသိထားစေချင်ကောင်းမယ်ထင်လို့ ပြောတာပါ၊ ကျုပ်တို့အနေနဲ့က ခင်ဗျားတို့လို



www.burmeseclassic.com

www.burmeseclassic.com



တကယ့်မုဆိုးတွေ လိုချင်တောင့်တဆုံး ကြီးကျယ်တဲ့ စွန့်စားမှုကြီးကို ပေးတဲ့သဘောပါ။ တကယ်လို့ ခင်ဗျား စိတ်ပြောင်းသွားရင် ဟိုမှာ ခင်ဗျားရဲ့ချက်လက်မှတ် ရှိသေးတယ်၊ ပြန်ယူပြီး ဆုတ်ဖြဲလိုက်နိုင်ပါတယ်"

ထို့နောက် မစ္စတာ အက်ကင်းသည် သူ ချက်လက်မှတ်ကို အတန်ကြာ တွေပြီးကြည့်နေမိ၏။ ထို့နောက်တွင်မှ စိတ်ပြောင်းသွားပြီး လက်များကို ဆတ်ခနဲ နောက်သို့ ပြန်ရုပ်သိမ်းလိုက်၏။ ထိုအခါ ကုမ္ပဏီဝန်ထမ်းက . . .

"ခင်ဗျား ကံကောင်းပါစေဗျာ၊ ကဲ . . . မစ္စတာ ထရာဗစ် ခင်ဗျား၊ မစ္စတာ အက်ကင်းကို တာဝန်ယူပေတော့ဗျာ" ဟု တာဝန်ပေးလိုက်သည်နှင့် သူတို့နှစ်ဦး သေနတ်များကို ယူဆောင်ပြီးနောက် ကာလယန္တရားယာဉ်ကြီးထဲသို့ သွားကြ၏။ ကာလယန္တရားယာဉ်ကြီးသည် ငွေရောင်များဖြင့် တဖိတ်ဖိတ် တောက်ပြောင်နေ၏။ စက်ကြီး သည် စတင်လည်ပတ်တော့၏။ ပထမတွင် တစ်ရက်၊ နောက် တစ်ည၊ နောက်တစ်နေ့၊ နောက် တစ်ည၊ နောက်နေ့တစ်နေ့၊ နောက်နေ့တစ်ည၊ နောက်တစ်ပတ်၊ တစ်လ၊ တစ်နှစ်၊ ဆယ်နှစ်၊ အေဒီ ၂၀၅၆ ခုနှစ်၊ နောက် အေဒီ ၂၀၁၉နှစ်၊ နောက် အေဒီ ၁၉၉၉၊ နောက် အေဒီ ၁၉၅၇ခုနှစ် စသည်ဖြင့် တဖြည်းဖြည်း အတိတ်ကာလသို့ ပြန်သွားလေ၏။

ထိုအခါ သူတို့နှစ်ဦးသည် သူတို့၏ အောက်ဆီဂျင်ခေါင်းဆောင်းများ စွပ်ကာ အချင်းချင်းဆက်သွယ်ရသည့် ကိရိယာများကို စစ်ဆေးလိုက်လေ၏။ မစ္စတာအက်ကင်းသည် ထိုင်ခုံ



www.burmeseclassic.com

www.burmeseclassic.com



ပေါ်တွင် လှုပ်ယမ်း နေလေ၏။ သူ့မျက်နှာသည် ဖြူရော်ရော် ဖြစ်နေလေ၏။ သူ့လက်ထဲ၌လည်း သေနတ်အသစ်တစ်လက်ကို တင်းတင်းကျပ်ကျပ် ဆုပ်ကိုင်ထားလေ၏။ အဆိုပါ ကာလ ယန္တရားယာဉ်ကြီးအတွင်းတွင် အခြား လူလေးဦး ရှိနေ၏။ အဆိုပါအဖွဲ့တွင် တောလိုက်လမ်းပြ မစ္စတာ ထရားဗစ်၊ သူ့ လက်ထောက် လက်ပလင်နှင့် အခြားမုဆိုးနှစ်ဦး ဖြစ်သည့် ဘေလန်နှင့် ခရန်မာတို့ ဖြစ်ကြ၏။ အတိတ်ကာလနှစ်ပေါင်း များစွာတို့သည် တရိပ်ရိပ် ဖြတ်သန်းနေလေ၏။ ထိုအချိန်၌ သူတို့ သည် တစ်ယောက်ကိုတစ်ယောက် ကြည့်ရင်း ထိုင်နေကြလေ ၏။ ထိုအချိန် မစ္စတာ အက်ကင်းက . . .

"ဒီသေနတ်တွေဟာ ဒိုင်နိုင်ဆောတွေကို သေအောင် ပစ်နိုင်ပါ့မလား" ဟု မေးလိုက်ရာ ထရားဗစ်က သူ၏ ဦးခေါင်း ဆောင်းကိုရိယာ ထဲမှနေ၍ ဆက်သွယ်ရေးကိရိယာဖြင့် . . .

"ချက်ကောင်းမှန်အောင် ပစ်နိုင်ရင်တော့ သေတာပါပဲ၊ တချို့ ဒိုင်နိုဆောတွေဟာ ဦးနှောက်နှစ်ခု ရှိတယ်လို့ ဆိုနိုင်တယ်၊ ဦးနှောက် တစ်ခုက ခေါင်းထဲမှာ၊ နောက်တစ်ခုက ကျောရိုး အောက်ဘက်က အကြောဆုံနေရာမှာ ရှိတယ်၊ ဒီလိုသတ္တဝါမျိုးကို ကျုပ်တို့ လက်ရှောင်တယ်၊ သာမန်ဒိုင်နိုဆောတွေကိုပဲ ပစ်ကြ တယ်၊ ပထမဆုံးအနေနဲ့ ဖြစ်နိုင်ရင် မျက်လုံးနှစ်လုံးကို တစ်ချက်စီ ပစ်လိုက်တယ်၊ မျက်လုံးကန်းသွားမှ ဦးနှောက်ထဲကို ပစ်ကြတယ်"

ထိုအချိန်တွင် ကာလယန္တရားယာဉ်၏ စက်သံဖြင့် ဆူညံစွာ မြည်နေ၏။ အချိန်ကာလတို့သည် အရှိန်အဟုန်ဖြင့်



www.burmeseclassic.com

www.burmeseclassic.com



နောက်ပြန်သွားနေကြ၏။ နေစကြဝဠာများ တစ်ခုပြီးတစ်ခု တရိပ်ရိပ်ပြေးနေ၏။ နောက်မှ သန်းပေါင်းများစွာတို့ တရိပ်ရိပ် ပြေးသွားနေကြ၏။ ထိုအခါ အက်ကင်းက . . .

"ကျုပ်တို့ရဲ့ အရင့်အရင်ခေတ်က မုဆိုးတွေဟာ ကျုပ်တို့ကို မနာလိုဖြစ်ကြမှာပဲ၊ ခုပုံဆိုရင် အာဖရိက တောနက်ကြီးတွေဟာ အီလီနွိုက်မြို့ကြီးပြကြီးတွေလိုပါပဲလား" ဟု ရေရွတ်နေလေ၏။ ထိုအချိန် ကာလယန္တရားယာဉ်၏ စက်သံသည် တဖြည်းဖြည်း နှေးကွေး လာ၏။ စက်သံသည် အရှိန်အဟုန်ဖြင့် စူးစူဝါးဝါးမြည်သံမှ လှည်းသံသို့ ပြောင်းသွား၏။ ထို့နောက် စက်ကြီးရပ်သွား၏။ ကောင်းကင်မှ နေမင်းကြီးလည်း အသွား ရပ်သွား၏။

တဖြည်းဖြည်းနှင့် ကာလယန္တရားယာဉ်ကို လွှမ်းခြုံထားသည့် အခိုးအငွေ့များ လွင့်ပါးသွားလေ၏။ သူတို့လူစုသည် သေနတ်များကို ပေါင်ပေါ်တင်ထားကြရင်း အလွန့်အလွန် ရှေးကျသည့်ကာလသို့ ရောက်ရှိခဲ့လေတော့၏။ ဤတွင် လမ်းပြခေါင်းဆောင် ထရားဗစ်က . . .

"အခု ကျုပ်တို့ရောက်ရှိနေကြတဲ့ကာလဟာ အလွန့်အလွန်ကိုပဲ ရှေးကျပါတယ်၊ အဲဒီအချိန်မှာ ခရစ်တော်လည်း မမွေးသေး၊ မိုးဇက်တောင် ဘုရားသခင်နဲ့တွေ့ဖို့ ဆိုင်းနိုင်းတောင်ပေါ်ကို မသွားသေးဘူး၊ အီဂျစ်က ပစ်ရမစ်ကြီးတွေဟာလဲ မြေအောက်မှာပဲ ကျောက်တုံး ကျောက်ခဲဘဝနဲ့ ရှိနေသေးတယ်၊ အဲ . . . နောက်ပြီးတော့ ကမ္ဘာကျော် စစ်ဘုရင်ကြီးတွေဖြစ်တဲ့



www.burmeseclassic.com

www.burmeseclassic.com



အလက်ဇန္ဒြား သဂရိတ်တို့၊ ဂျူးလီးယက်ဆီဇာတို့၊ နပိုလီယန် ဘိုနာပတ်တို့၊ ဟစ်တလာတို့ စတဲ့ပုဂ္ဂိုလ်ကြီးတွေလည်း မမွေး ဖွားကြသေးဘူး၊ ဒါတွေကို သတိပြုကြရမယ်”

“နောက်ပြီး ဟောဟိုဘက်မှာရှိတဲ့တောကြီးဟာ သမ္မတ ကြီး ကိတ် မမွေးမီ နှစ်ပေါင်း ခြောက်ကုဋေနှစ်ထောင့်ငါးဆယ့် ငါးနှစ်က တောကြီးပဲ”ဟု ပြောပြီး မစ္စတာ ထရားဗစ်သည် သတ္တုဖြင့် ပြုလုပ်ထားသည့် စကြံလမ်းဆီသို့ ညွှန်ပြ၏။ အဆိုပါ လမ်းကလေးသည် စွတ်စို ထိုင်းမှိုင်းပြီး ကြီးမားလှသော ဆူးပင်၊ အုန်းပင်ကြီးများနှင့် စိမ်းလန်းနေသည့် တောအုပ်ကြီးဆီသို့ ဦးတည်နေ၏။

“ဟောဟိုမှာတွေ့ရတဲ့ စကြံလမ်းလေးဟာ ကုမ္ပဏီက လုပ်ပေးထားတဲ့ စကြံလမ်းလေးပဲ၊ အဲဒီစကြံလမ်းကို အသုံးပြု ရမယ်၊ အဲဒီ လမ်းတံတားလေးဟာ မြေပြင်အထက် ၆ လက်မ အမြင့်မှာ ရှိနေတယ်၊ ခင်ဗျားတို့အနေနဲ့ အထူးဂရုပြုရမှာက အဲဒီမှာ ပေါက်ရောက်နေတဲ့ မြက်ပင်လေးတစ်ပင်၊ ပန်းလေး တစ်ပွင့်၊ သစ်ပင်ငယ်လေးတစ်ပင်ကို တောင်မှ မထိမိ၊ မကိုင် မိပါစေနဲ့၊ ဒီစကြံတံတားလေးကို လုပ်ထားတဲ့ သတ္တုဟာ ကမ္ဘာ မြေဆွဲအားကို ဆန့်ကျင်နိုင်တဲ့ အစွမ်းသတ္တိရှိတဲ့ အထူး သတ္တုနဲ့ လုပ်ထားတယ်၊ ဒီလိုလုပ်ထားတဲ့ ရည်ရွယ်ချက်က ခင်ဗျားတို့ အနေနဲ့ ဒီမှာရှိတဲ့ အတိတ်ကာလမှာရှိတဲ့ ကမ္ဘာမြေကြီးနဲ့ မထိ တွေ့မိစေဖို့ပဲ၊ ဒါ အရေးအကြီးဆုံးပါပဲ၊ ဒါကြောင့် ထပ်သတိ ပေးပါရစေ၊ ဘာအကြောင်းကြောင့်မှ လမ်းပေါ်က မဆင်းကြပါနဲ့၊



www.burmeseclassic.com

www.burmeseclassic.com



လမ်းပေါ်မှာပဲ နေပါ၊ လမ်းပေါ်က မတော်တဆ ခြေချော်ကျရင်တောင် ဒဏ်ဆောင်ရပါမယ်၊ နောက်ပြီး ကျုပ်တို့ ခွင့်မပြုတဲ့ ဘယ်တိရစ္ဆာန်ကိုမှ မပစ်ခတ်ရဘူး" "ဘာဖြစ်လို့လဲဗျ"ဟု အက်ကင်းက မေးလိုက်၏။ သူတို့လူစုသည် အတိတ်ကာလ တောကြီးမျက်မည်းအလယ်တွင် ထိုင်နေကြ၏။ အဝေး မှ ငှက်များ၏ အော်သံတွေကို ကြားနေကြရ၏။ သူတို့၏နှာခေါင်းထဲ တွင် ပင်လယ်ဆားငန်ရေနံ့၊ စွတ်စိုထိုင်းနေသော မြက်နံ့များ၊ သွေးနီ ရောင် ပန်းရနံ့များက လွှမ်းခြုံနေလေ၏။ ထို့နောက် အက်ကင်း၏ အမေးကို ထရားဗစ်က ပြန်ဖြေရာတွင် . . .

"ဘာဖြစ်လို့လဲဆိုတော့ . . . အနာဂတ်ကို မထိခိုက်စေဖို့ မပြောင်းလဲစေဖို့ပေါ့ဗျ၊ ကျုပ်တို့ဟာ ဒီအတိတ်ကာလနဲ့ သက်ဆိုင်တဲ့ လူတွေ မဟုတ်ဘူး၊ ကျုပ်တို့ ဒီလိုအတိတ်ကာလကို လာတာ အစိုးရက မကြိုက်ဘူး၊ ဒီကိုလာရဖို့ ငွေအမြောက် အမြားကို ကုမ္ပဏီအနေနဲ့ အကုန်အကျ ခံခဲ့ရတယ်၊ အခွန်ပေး ဆောင်ခဲ့ရတယ်၊ ကာလယန္တရား ခရီးသွားလုပ်ငန်းဟာ အလွန်တရာကို အန္တရာယ်ကြီးမားတဲ့လုပ်ငန်းပဲဗျ၊ တကယ်လို့ ကျုပ်တို့ဟာ မသိနားမလည်ဘဲနဲ့ ဒီအတိတ်ကာလမှာ အရေး ပါတဲ့ တိရစ္ဆာန်တစ်ကောင်ကောင်၊ အိုဗျာ . . . ငှက်ကလေး တစ်ကောင်၊ ပိုးဟပ်ကလေးတစ်ကောင်၊ ပန်းပွင့်လေးတစ်ပွင့် စတဲ့ သဘာဝပတ်ဝန်းကျင်တစ်ခုခုကို ဖျက်ဆီးမိရင် နောင် ပွားများကြီးထွား လာမယ့် မျိုးဆက်တွေရဲ့ ကွင်းဆက်တွေကို ဖြတ်တောက်ပစ်ရာ ရောက် သွားလိမ့်မယ်"



www.burmeseclassic.com

www.burmeseclassic.com



"ခင်ဗျားပြောနေတာတွေကို ကျုပ် နားမရှင်းသေးဘူး" ဟု မစ္စတာ အက်ကင်းက ပြောလိုက်ရာ ထရားဗစ်က . . .

"ဟုတ်ပြီ . . . ဒါဆို ကျုပ် ဥပမာတစ်ခုပြောမယ်ဗျာ၊ အခု ဒီမှာဗျာ ကျုပ်တို့ ကြွက်တစ်ကောင်ကို သတ်ပစ်လိုက်တယ် ဆိုပါတော့၊ ဒါဟာ နောင်ပေါက်ဖွားလာမယ့် အကောင်တစ်ဒါဇင် ကို သတ်ရာ ရောက်မယ်၊ ဒါကြောင့် ကြွက်တစ်ကောင်သတ် တာဟာ နောင်နှစ်ပေါင်း များစွာအကြာမှာ ပွားများလာမယ့် ကြွက်အကောင် တစ်သန်း၊ တစ်ကုဋေကို ဖျက်ဆီးပစ်ရာ ရောက် သွားစေနိုင်ပါတယ်"

ထိုအခါ မစ္စတာ အက်ကင်းက . . .

"ကြွက်တွေ သေကုန်တာပဲ၊ ဒါ ဘာဖြစ်သလဲ" ဟု ပြန်ပြောလိုက်၏။ ထိုအခါ ထရားဗစ်က . . .

"အဲဒီတော့ သူနဲ့ ပတ်သက်တဲ့ ကွင်းဆက်တွေအားလုံး ကမောက်ကမဖြစ်ကုန်တာပေါ့ဗျာ၊ ဥပမာဗျာ . . . အဲဒီ ကြွက် တွေကို စားပြီး အသက်ရှင်နေရတဲ့ မြေခွေးတွေ ဘယ်လိုလုပ်ပြီး အသက်ရှင်တော့မှာလဲ၊ ကြွက်ဆယ်ကောင်မရှိလို့ မြေခွေး တစ်ကောင် အသက် မရှင်နိုင်ဘူး၊ ဒါကြောင့် များပြားလှတဲ့ ပိုးမွှားမျိုးစုံ၊ လင်းတစတဲ့ အသက် ပေါင်း အသချေ်အနန္တဟာ ပျက်စီးကုန်တော့မှာပေါ့၊ ဒီလိုဆို နောင် နှစ်ပေါင်း သန်း ၆၀ လောက်အကြာမှာ ပေါ်လာမယ့် ကျောက်ခေတ် ဂူအောင်း လူတွေကိုပဲ ကြည့်ဦး၊ တစ်ကမ္ဘာလုံးမှာမှ တစ်ဒါဇင်လောက် သာရှိတဲ့လူတွေထဲက လူသားတစ်ယောက်ကိုပဲ ကြည့်ပါ၊ သူစားဖို့



www.burmeseclassic.com

www.burmeseclassic.com



အတွက် တောဝက်ကြီးတွေ၊ ကျားကြီးတွေကို သတ်စားရတာလေ၊ ခင်ဗျားက အခု ဒီမှာရှိတဲ့ ကြွက်တစ်ကောင်ကို သတ်ပစ်လိုက်ခြင်းဖြင့် ဒီဒေသတစ်ဝိုက်မှာရှိတဲ့ ကျားတွေကို နင်းချေဖျက်ဆီးတာနဲ့ အတူတူပဲ၊ အဲဒီတော့ အစားအစာမရတဲ့ ဂူအောင်းလူဟာ ငတ်မယ်၊ ကြာရင် သေဆုံးနိုင်တယ်၊ ဒီကိစ္စကို ပေါ့ပေါ့တန်တန် မစဉ်းစားနဲ့နော်၊ အဲဒီ ခေတ်က ဂူအောင်းလူတစ်ယောက်ဟာ နောက်တစ်ချိန်မှာ ပေါ်ပေါက်လာမယ့် လူမျိုးကြီးတစ်မျိုးလုံး ဖြစ်လာမယ့် လူသားပဲ"

"အဲဒီ ဂူအောင်းလူတစ်ယောက်က သား ၁၀ ယောက်ကို မွေးမယ်၊ အဲဒီသား ဆယ်ယောက်က မြေး ၁၀၀ ကို ပေါက်ဖွားမယ်၊ ဒီတော့ ဒီဂူအောင်းလူသားတစ်ဦးကနေပြီး လူသားပေါင်းများစွာ ဆင့်ကဲ ဆင့်ကဲ ဖြစ်လာလိမ့်မယ်၊ ဒီလူတစ်ယောက်ကို သတ်လိုက်ရင် လူမျိုးနွယ်တစ်စု၊ လူမျိုးကြီးတစ်မျိုး၊ ရာဇဝင်တစ်ခုလုံးကို သတ်ပစ်တာနဲ့ အတူတူပဲ၊ ဒါကြောင့် ကြွက်တစ်ကောင်ကို သတ်လိုက်တာဟာ ငလျင် တစ်ခုကို အစပျိုးလိုက်တာပဲ၊ အဲဒီအရှိန်ကြောင့် နောင်ကာလတစ်ခုလုံးမှာ ဆင့်ကဲအကျိုးဆက်တွေ ဖြစ်ပေါ်လာနိုင်ပြီး အခြေခံများပါ ပျက်သွားနိုင်တဲ့ကိစ္စပဲ"

"ဂူအောင်းလူသားတစ်ဦး သေသွားရတဲ့ကိစ္စဟာ နောင်မွေးဖွားမလာရသေးတဲ့ လူပေါင်းဆယ်သန်းလောက် ပျက်စီးသွားရမယ့် ကိစ္စပဲ၊ အဲဒါဆို ရောမအင်ပါယာကြီးဟာ ပေါ်ပေါက်ချင်မှ ပေါ်လာပါတော့မယ်၊ ဥရောပတိုက်ကြီးဟာလဲ တောကြီး



www.burmeseclassic.com

www.burmeseclassic.com



မျက်မည်းတစ်ခု ဖြစ်သွားချင်ဖြစ်သွားနိုင်တယ်၊ ကျုပ်တို့ရဲ့ အမေရိကန်ပြည်ထောင်စုကြီးလဲ ပေါ်ပေါက်လာချင်မှ ပေါ် လာပါတော့မယ်၊ ဒါကြောင့်မို့လို့ အခုရှိနေတဲ့ စကြိုတံတား လေးပေါ်မှာပဲ နေပါ၊ အောက်ဘက်ကို လုံးဝမဆင်းမိပါစေနဲ့"

"အင်း. . . ခင်ဗျားဆိုလိုတာက မြက်ပင်လေးတစ်ပင်ကို ထိမိရင်တောင် ကျုပ်တို့အတွက် အန္တရာယ်အကြီးအကျယ် ရှိနိုင်တယ် ဆိုပါတော့"

"ဟုတ်ပါတယ်ဗျာ၊ အသေးအမွှား အမှားအယွင်းလေး တစ်ခုဟာ နောင်လာမယ့် နှစ်သန်းပေါင်းများစွာမှာ တဖြည်း ဖြည်း ဆပွားကြီးကျယ်တဲ့ အမှားကြီးတစ်ခုလဲ ဖြစ်သွားနိုင်ပါတယ်၊ ကျုပ်တို့ ယူဆတာ မှားယွင်းချင်လဲ မှားမယ်လေ၊ ဒီကိစ္စဟာ သိပ်ကို သိပ်မွေ့ပြီး နက်နဲလှပါတယ်၊ ဒီမှာ ကြွက်တစ်ကောင် သေတာဟာ နောင်ဖြစ်လာ လတ္တံ့သော ပိုးမွှားတွေကို ထိခိုက်ပြီး လူဦးရေ ဆုတ်ယုတ်တာတို့၊ ကောက်ပဲသီးနှံတွေ ပျက်စီးတာတို့၊ သတ္တဝါတွေမှာ ငတ်မွတ်ခေါင်းပါးတာတို့အပြင် အဆုံးစွန်မှာ တိုင်းပြည်တစ်ပြည်မှာရှိတဲ့ တိုင်းသူပြည်သားတွေရဲ့ စိတ် ဓာတ်တွေကိုပါ ပြောင်းလဲကောင်း ပြောင်းလဲသွား စေနိုင် ပါတယ်"

"ဒါကြောင့် ကျုပ်တို့ဟာ အချိန်ကာလယန္တရားရဲ့ အလုပ်မှာ ပြောင်းလဲအောင် ဝင်လုပ်တာဟာ မှန်ချင်မှန်မယ်၊ မှားချင်မှားမယ်၊ ဒါပေမယ့် ဒီကိစ္စတွေကို သေသေချာချာ မသိရမချင်းတော့ အသေးအမွှားပဲဖြစ်ဖြစ် ကျုပ်တို့ အထူး



www.burmeseclassic.com

www.burmeseclassic.com



ဂရုပြုရမှာပဲ၊ ဒါကြောင့် ဒီကာလ ယန္တရားကြီးကစပြီး ခင်ဗျား တို့ရဲ့ ကိုယ်ခန္ဓာတွေ၊ အကျီတွေ၊ မိုးပျံ တံတားတွေကို ပိုးသတ် ထားခဲ့ရတာပဲ၊ ကျုပ်တို့ ခုလို အောက်စီဂျင် အုပ်ဆောင်းကြီးတွေ အုပ်ထားရတာလဲ၊ ကျုပ်တို့ရဲ့ခန္ဓာကိုယ်ထဲမှာရှိတဲ့ ဘက်တီး ရီးယား ပိုးမွှားတွေ ဒီရှေးခေတ်ကို မရောက်စေချင်လို့ပဲ"

"ဒါဆို ကျုပ်တို့ အမဲပစ်ဖို့က ဘယ်ကောင်ကို ပစ်ရမယ် ဆိုတာ ဘယ်လိုလုပ်ပြီး သိနိုင်ပါ့မလဲဗျ"

"ြော် . . . ပစ်ရမယ့်အကောင်ကို ဆေးအနီနဲ့ မှတ် ထား ပေးပြီးပြီ၊ ဒီနေ့ ကျုပ်တို့ ဒီကို ခရီးမထွက်ခင်ကတည်းက လက်ပရန်ကို ဒီကာလယန္တရားနဲ့ပဲ လွှတ်ပြီး ဒီအချိန်ကာလမှာ ရှိတဲ့ တိရစ္ဆာန်အချို့ရဲ့ ဘ၀သက်တမ်းကို နောက်ကြောင်းခံ လိုက်ကြည့်ပြီးပြီ" ဟု လမ်းပြခေါင်းဆောင် ထရားဗစ်က ဖြေ လိုက်၏။

"ဒါဆို ကြိုတင်လေ့လာဖို့ လက်ပရန်ကို လွှတ်ခဲ့ တယ်ပေါ့"ဟု အက်ကင်းက မေးလိုက်ရာ လက်ပရန်ကပင် . . .

"ဟုတ်ပါတယ်၊ ကျုပ်ဟာ သူတို့ရဲ့ဘ၀သက်တမ်းတစ်ခု လုံးကို ခြေရာခံပြီးပြီ၊ ဘယ်သတ္တဝါဟာ သက်တမ်းဘယ်လောက် ရှည်သလဲလို့ ကြည့်ပါတယ်၊ သက်တမ်းရှည်တဲ့ သတ္တဝါဟာ အတော့်ကိုနည်းပါတယ်၊ သူတို့ဟာ မိတ်လိုက်တဲ့အကြိမ်က သိပ်ပြီးနည်းပါတယ်၊ ဒီတိရစ္ဆာန်တွေဟာ သက်တမ်းမကြာ ရှည်ပါဘူး"

"အဲဒီတိရစ္ဆာန်ကြီးတွေထဲက တစ်ကောင်ကောင်ဟာ သစ်ပင်လဲကျပြီး ပိသေတာပဲဖြစ်ဖြစ်၊ တွင်းကြီးထဲ ကျသေတာပဲ



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်ဖြစ် သေရတဲ့ အချိန် နာရီ မိနစ် စက္ကန့်တွေကို ကျွန်တော်တ အတိအကျ မှတ်ခဲ့ရပါတယ်၊ အဲဒီသတ္တဝါကြီးကိုလည်း အနီ ဆေးရောင်ဗုံးနဲ့ ပစ်ခဲ့ပါတယ်၊ ဒါကြောင့် ဒီတိရစ္ဆာန်ကြီးရဲ့ ခန္ဓာကိုယ်နှင့် ဘေးမှာ ဆေးနီကွက်ကြီး ထင်နေလိမ့်မယ်၊ မမြင်ရ မရှိပါဘူး၊ နောက်ပြီး ဒီဒိုင်နိုဆောကြီး သက်တမ်းမကုန်ခင် နှစ်နှစ်လောက်အလိုမှာ ကျွန်တော်တို့နဲ့ ဆုံတွေ့ နိုင်ဖို့ ဒီခရီးတို ကွက်တိတွက်ထားတယ်၊ ဒီနည်းစနစ်နဲ့ အနာဂတ် မရှိတော့တဲ့ သတ္တဝါကြီးတွေကို ကျုပ်တို့ ပစ်ခတ်သတ်ဖြတ်နိုင်တယ်၊ ကဲ . . . ကျွန်တော်တို့ဘက်က ဘယ်လောက်ထိ စေ့စေ့စပ်စပ် တွက်ချက် ပြီး စီစဉ်ထားသလဲဆိုတာ ခင်ဗျား ခန့်မှန်းနိုင်ရောပေါ့” ဟု ရှင်းပြလိုက်သောအခါ မစ္စတာအက်ကင်းက စိတ်ပါဝင်စား စွာဖြင့် . . .

“ဒါဆို ခင်ဗျား အဲဒီလိုပြန်လာခဲ့ဘော့ ဒီတောလိုက် စခန်းမှာ ကျုပ်တို့ကို တွေ့ခဲ့ပြီးဖြစ်မှာပေါ့၊ ကျုပ်တို့အခြေအနေ ဘယ်လိုနေလဲ၊ အောင်မြင်သလား၊ အားလုံး ကျန်းကျန်းမာမာပဲ ပြန်ရောက်ကြရဲ့လား” ဟု မေးလိုက်ရာ မစ္စတာ ထရားဗစ်နှင့် လက်ပရန်တို့သည် တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ပြီး နောက် လက်ပရန်က . . .

“ဒီကိစ္စမျိုးကျတော့ အတော့်ကို ကိုးယိုးကားယားနိုင်တဲ့ ကိစ္စပဲ၊ အချိန်ကာလက ဒီလိုကိစ္စမျိုးကို ခွင့်မပြုပေဘူး၊ ဒီကိစ္စမျိုးဆိုတာက လူတစ်ယောက်ဟာ သူ့ကိုယ်သူ ပြန်တွေ့တဲ့ ကိစ္စမျိုးပဲ၊ ဒီလိုကိစ္စမျိုးကို ကာလယန္တရားက ရှောင်တယ်ဗျ၊



www.burmeseclassic.com

www.burmeseclassic.com



ခုနက ကျွန်တော်တို့ယာဉ် စက်မရပ်ခင် ယန္တရားကြီး ဆောင့်သွားတာ သတိပြုမိမှာပေါ့၊ အဲဒါ ကျွန်တော်တို့ အပြန်ခရီးနဲ့ ကြုံကြိုက်သွားလို့ပါ၊ အဲဒီမှာ ကျွန်တော် ဘာမှမတွေ့လိုက် ရဘူး၊ ဒါကြောင့် ကျွန်တော်တို့ခရီးစဉ် အောင်မြင်နိုင်မလား၊ မအောင်မြင်နိုင်ဘူးလားဆိုတာတွေ၊ ဒီသတ္တဝါကြီးကို အောင်မြင်စွာ ပစ်နိုင်မှုရှိ မရှိဆိုတာတွေ အသက်ရှင်ပြီး ပြန်နိုင် မပြန်နိုင်ဆိုတာတွေကို ဘယ်လို နည်းနဲ့မှ မသိနိုင်ပါဘူးဗျာ"ဟု ပြောလိုက်ရာ မစ္စတာအက်ကင်းသည် မချိပြုံးပြုံးလိုက်ရ၏။ ထိုအချိန် ထရားဗစ်က ဝင်၍ . . .

"ကဲ. . . တော်ကြတော့၊ အားလုံး အဆင်သင့်ပြင်ထားကြပါ"ဟု ပြောလိုက်ရာ သူတို့အားလုံးသည် ကာလယန္တရားစက်ကြီးထဲမှ ပြင်ပလောကသို့ ထွက်ရန် အဆင်သင့်ပြင်ကြတော့၏။ ပြင်ပရှိ တောကြီးသည် နက်လည်း နက်၏။ ကျယ်ပြန့်ကြီးမားလွန်းလှ၏။ ကမ္ဘာကြီးတစ်ခုလုံးပင် ဤကဲ့သို့ တောကြီးမျက်မည်းအလား ထင်မှတ်ရ၏။ ကောင်းကင်တွင် သာယာသော ဂီတသံကဲ့သို့သော အသံများ ပျံ့လွင့်နေကြ၏။ ထို့ကြောင့် ကောင်းကင်သို့ မော့ကြည့်လိုက်ရာ ဖြူညစ်ညစ် အရောင်ရှိသော ကမ္ဘာဦးလင်းနို့ငှက်ကြီးများသည် ဦးဒဟိုပျံသန်းနေ ကြ၏။ ထိုအခါ အက်ကင်းသည် စကြိုလမ်းတံတားပေါ်မှ နေ၍ သေနတ်ဖြင့် နောက်သလို ပြောင်သလိုပြု၍ လှမ်းချိန်လိုက်၏။

ထိုအခါ ထရားဗစ်က ပျာပျာသလဲ ထ၍ အဲဒီသတ္တဝါတွေကို မပစ်ဖို့ တားမြစ်ထားတယ်ဗျ၊ အပျော်သဘောနဲ့တောင်



www.burmeseclassic.com

www.burmeseclassic.com



မကစားပါနဲ့၊ တော်ကြာ မတော်တဆ ခင်ဗျားသေနတ်က ကျည်ထွက်သွားရင် အားလုံး ရှုပ်ကုန်မယ်”ဟု ပြောဆိုသတိပေး လိုက်ရာ အက်ကင်းသည် မျက်နှာတစ်ခုလုံး နီရဲသွားပြီး . . .

“ကဲ. . . ဒါဆို ကျုပ်တို့ပစ်ရမယ့် တိုင်ရင်နိုဆောရပ် သတ္တဝါကြီးက ဘယ်မှာလဲ” ဟု မေးလိုက်၏။ ထိုအခါ လက် ပရန်က နာရီကို ကြည့်လိုက်ပြီး . . .

“ရှေ့နားကို နည်းနည်းတိုးသွားလိုက်ရင် သူလာမယ့် လမ်းကြောင်းကို ထိပ်တိုက်တွေ့ရလိမ့်မယ်၊ ဒါပေမယ့် သတ္တဝါ ကြီးရဲ့ ခန္ဓာကိုယ်ဘေးမှာရှိတဲ့ ဆေးနီရောင်ကိုတော့ အထူး ဂရုစိုက်ကြည့်ရလိမ့်မယ်၊ ကျွန်တော်တို့ အချက်မပေးမချင်းတော့ လုံးဝမပစ်ကြပါနဲ့၊ ဒီ တံတားလေးပေါ်မှာပဲ နေကြပါ”

ထို့ကြောင့် သူတို့သည် တံတားလေးပေါ်တွင် လမ်း လျှောက်ပြီး ရှေ့သို့ သွားကြလေ၏။ ထိုအချိန်တွင် အက်ကင်း သည် ခပ်တိုးတိုး ရေရွတ်လိုက်၏။

“အတော့်ကို အံ့သြစရာကောင်းတာပဲ၊ နောက်လာမယ့် နှစ် သန်းပေါင်း ၆၀ အကြာမှာ ရွေးကောက်ပွဲကြီး ပြီးသွားတယ်၊ ကိတ်ဟာ သမ္မတ ဖြစ်လာတယ်၊ လူတွေအားလုံး ပျော်ရွှင်ပွဲ ကျင်းပနေကြတယ်၊ အဲဒီအချိန်မှာ ကျုပ်တို့ဟာ ဒီနေရာကို ရောက်နေကြတယ်၊ ကျုပ်တို့ လပေါင်းများစွာ တွေးတောပူပန် ခဲ့ရတဲ့ ရွေးကောက်ပွဲကြီးဟာ ဖြစ်မလာသေးဘူး”ဟု ပြောလိုက် ၏။ ထိုအချိန် ထရားပစ်၏ သတိပေးသံ ထွက် ပေါ်လာ၏။

“ကဲ . . . အားလုံး ကိုယ့်သေနတ်ရဲ့ အထိန်းခလုတ်တွေ ဖြုတ်ထားကြ၊ သားကောင်တွေ့ပြီဆိုတာနဲ့ မစ္စတာ အက်ကင်းက



www.burmeseclassic.com

www.burmeseclassic.com



ပထမဆုံး ပစ်ပါ၊ ဒုတိယ ဘီလန်က ပစ်ပါ၊ တတိယအနေနဲ့ ကရီမင်က ပစ်ပါ"ဟု ပြောလိုက်ပြီးနောက် အက်ကင်း၏အသံက ထွက်ပေါ်လာ၏။

"ကျုပ်က ကျားတွေ၊ တောဝက်တွေ၊ ကျွဲရိုင်းတွေ၊ ဆင်တွေတော့ ပစ်ခဲ့ဖူးပါတယ်၊ ဒါပေမယ့် ဒီလိုမျိုး တိုင်ရင်နိုဆောရပ်ကြီးတွေကိုတော့ မပစ်ဘူးတော့ ကတုန်ကယင် ဖြစ်နေတယ်" ဟု ပြောလိုက်၏။ ထိုအချိန် ထရားဗစ်က "အားလုံးငြိမ်ကြ၊ ဟိုရှေ့မှာ လာနေပြီ၊ ဟိုရှေ့က မြူတွေကြားထဲမှာ တွေ့ရတာ တိုင်ရင်နိုဆောရပ်ဘုရင်ကြီးပဲ" ဟု လက်တစ်ဘက်ကို မြှောက်ပြ ပြောဆိုလိုက်၏။

ထိုအချိန် တောကြီးတစ်ခုလုံး လှုပ်ရှားသံ၊ ညည်းညူသံများ ပြည့်နှက်နေ၏။ ထိုအခိုက် ဆူညံနေသော အသံဗလံများ၊ လုံးဝ တိတ်ဆိတ်သွား၏။ ထိုအချိန်တွင် မိုးခြိမ်းသံများပမာ အသံကြီးမြည်ဟီး သွားလေ၏။ ထိုအခိုက် ကိုက်တစ်ရာခန့်အကွာ မြူများအကြားမှ တိုင်ရင်နိုဆောရပ်ဘုရင်ကြီး ထွက်လာတော့၏။ ထိုမြင်ကွင်းကို မြင်လိုက်ရသော အက်ကင်းသည် အသံထွက်ပြီး ယောင်၍ ဘုရားတ,မိ လေ၏။ ထို့ကြောင့် ထရားဗစ်က "ရှူး"ဟု တိတ်တိတ်နေရန် အချက် ပြလိုက်ရ၏။

ထိုအခါ အဆိုပါဒိုင်နိုဆောသတ္တဝါကြီးသည် သူ၏ပြောင်ချောပြီး ပျော့စိစိဖြစ်နေသည့် ကြီးမားသော ခြေထောက်ကြီးကို မြှောက်၍ လှမ်းလာလေ၏။ အဆိုပါသတ္တဝါကြီး၏ အရွယ်ပမာဏမှာ အံတော်ကြီးမား၏။ တောနက်ကြီးအတွင်းရှိ



www.burmeseclassic.com

www.burmeseclassic.com



သစ်ပင်ကြီးများထက်ပင် ပေ ၂၀ ကျော် မြင့်မားနေလေ၏။ ထိုသတ္တဝါကြီး၏ အရေပြားတို့သည် ဆီများ စိုစွတ်နေသော မြွေအရေခွံကဲ့သို့ ရှိပြီး လက်သဲချွန်များရှိသော လက် နှစ်ဘက်ကို ကွေးထားသဖြင့် နတ်မိစ္ဆာရုပ်ကြီးသဖွယ် ဖြစ်နေလေ၏။ သူ၏ ခြေထောက်ကြီးနှစ်ဘက်မှာ စက်ယန္တရားကြီးများ၏ မောင်းတံသဖွယ်ဖြစ်နေ၏။ အရေပြားအောက်တွင် ပေါင်ချိန်ထောင်ပေါင်းများစွာရှိသော အသားစိုင်ကြီးများက အရိုးကြီးများကို ပိုက်ကွန်သဖွယ် မိုးအုပ်ထားပြီး သူ၏ အရေပြားပေါ်တွင် အကြေးကွက်များ ထနေလေ၏။

ထိုသတ္တဝါကြီး၏ လည်ပင်းမှာ မြွေကဲ့သို့ ရစ်ခွေကွေးဆန့်နိုင်သော ဦးခေါင်းရှိလေ၏။ သူ၏ လက်များကလည်း သူ့ရှေ့ရှိ လူတစ်ယောက်ကို အရုပ်ကလေး တစ်ရုပ်သဖွယ် ကောက်ယူနိုင်ပေ၏။ တန်ချိန်ပေါင်းများစွာ လေးလံသော ကျောက်တုံးကြီးတစ်တုံးကို ထွင်းထုထားသည့် ပုံသဏ္ဌာန်နှင့်တူသော သူ၏ဦးခေါင်းကြီးသည် အလွယ်တကူပင် အထက်အောက် လှည့်လည်နိုင်၏။ သူ၏ ပါးစပ်ကြီးကိုလည်း ဖြဲထားသဖြင့် သူ့ပါးစပ်ထဲတွင် ဓားမြှောင်များ တန်းစီစိုက်ထားသည့်သဖွယ်သွားများကိုလည်း တွေ့ရ၏။ သူ၏ ငှက်ကုလားအုပ်ခုံကြီးများနှင့်တူသည့် မျက်လုံးကြီးများကို လှည့်၍လျှောက်ကြည့်နေ၏။ သူ၏ မျက်လုံးများထဲတွင် အလွန်တရာ ဆာလောင်မွတ်သိပ်နေကြောင်းကို ဖော်ပြနေလေ၏။

## ငြိမ်းချမ်းစာအုပ်တိုက်

www.burmeseclassic.com

www.burmeseclassic.com



ထိုသတ္တဝါကြီး ပြေးလွှားသွားလာမှုကြောင့် သူ၏ ဝမ်းဗိုက် တင်ပါးဆုံရိုးကြီးများ၏ ပိပြားစေမှုကြောင့် အနီးရှိ သစ်ပင်ချုံပင်များ ဘေးသို့ လွင့်စင်ပိပြားကုန်ကြလေ၏။ သူ၏ ခြေသည်း ကွေးကွေး ကောက်ကောက်ကြီးများရှိသော ခြေထောက်များ လှမ်းလိုက်တိုင်း စိုထိုင်းထိုင်းမြေကြီးပေါ်တွင် အတော်အတန်နက်သော ခြေရာကြီးများ ထင်ကျန်ရစ်လေ၏။ သူ၏ ဆယ်တန်ခန့် အလေးချိန်စီးသော ခန္ဓာကိုယ်ကြီးကို ဟန်ချက်ညီအောင် ထိန်းပြီး အပြေးကလေးသွားနေသည်ကို ကြည့်ရသည်မှာ တစ်မျိုးကြည့်ကောင်းနေ၏။ သူသည် နေရောင်ထိုးနေသော ကွက်လပ်အလယ်သို့ လျှောက်လာပြီး သူ၏ လက်ချောင်းများကို လေထဲတွင် ဝှေ့ယမ်းလှုပ်ရှားနေလေ၏။ ထိုအခါ မစ္စတာ အက်ကင်း၏ မျက်နှာသည် ရှုံ့မဲ့သွားလေ၏။

"အမလေး. . . လေး . . . လေး၊ ကောင်းကင်ကကြယ်ကို ဆွတ်ယူလို့က လွယ်ဦးမယ်"

"ရှူး" ဟု ထရားဗစ်က စိုးရိမ်တကြီး တားမြစ်လိုက်ပြီး. . .

"တော်သေးတယ်၊ သူက ကျုပ်တို့ကို မမြင်သေးလို့"ဟု ပြောလိုက်ရာ အက်ကင်းက ခေါင်းကို ခါယမ်းလိုက်ပြီး . . .

"ဒီကောင်ကြီးကို ဒါနဲ့ပစ်သတ်ဖို့ဆိုတာ မဖြစ်နိုင်ဘူး" ဟု အခြေအနေကို သုံးသပ်ပြီး ပြောလိုက်ပြန်၏။ အမှန်တကယ်ပင် အဆိုပါ တိုင်ရင်နိုဆောရပ်သတ္တဝါကြီးနှင့် သူတို့လက်ထဲမှ သေနတ်ကို နှိုင်းယှဉ်ကြည့်ပါက ကလေးကစားစရာလောက်သာ ရှိပါတော့၏။ ထို့ကြောင့် သူက ဆက်ပြီး. . .



www.burmeseclassic.com

www.burmeseclassic.com



"ကျုပ်တို့ ဒီနေရာကို လာမိတာ မှားပြီ၊ ဒါကြီးကို သတ်ဖို့ဆိုတာ လုံးဝမဖြစ်နိုင်ဘူး"

"တိတ်တိတ်နေစမ်းဗျာ"ဟု ထရားဗစ်က ထပ်မံသတိပေး လိုက်ရ၏။

"တကယ်အခြေအနေဆိုးကြီးပါပဲဗျာ"ဟု ထပ်ပြောပြန်ရာ မစ္စတာ ထရားဗစ်က . . .

"ကဲ. . . ဒီလောက်ဖြစ်လှတာ ကာလယန္တရားကြီးဆီပဲ ပြန်လှည့်တော့၊ တိုးတိုးတိတ်တိတ် သွားပါ၊ ခင်ဗျားရဲ့ ငွေတစ်ဝက်ကို ပြန်အမ်းမယ်"ဟု အမိန့်ပေးတော့၏။ ထိုအခါ အက်ကင်းက . . .

"ကျုပ်တို့ တွက်ကိန်းမှားတာပဲ၊ အစကတည်းက ဒီလောက် ကြီးမယ်မှန်း မသိဘူး၊ ပြန်လစ်မှ တော်မယ်"ဟု ညည်းညူပြောဆို၏။

"ဟော . . . သတ္တဝါကြီး ကျုပ်တို့ကို မြင်သွားပြီ၊ သူ့ရင်ဘတ်မှာလဲ ဆေးနီကွက်ကြီး မြင်ရတယ်"

ထိုအခါ တိုင်ရင်နိုဆောရပ်ကြီးသည် သူ့ခန္ဓာကိုယ်ကို မတ်လိုက်၏။ သူ၏အသားများသည် စိမ်းပုပ်ပုပ်အရောင်များ လက်နေ၏။ သူ၏ အသားစိုင်များသည် နေရာအနှံ့ ဆတ်ခနဲ ဆတ်ခနဲ လှုပ်ရှားနေ၏။ သူ၏ခန္ဓာကိုယ်မှ ထွက်ပေါ်နေသည့် ညှီစို့စို့အနံ့များက တစ်တောလုံး ပျံ့နှံ့နေလေ၏။

"ကဲ . . . ကျုပ်ကို ပြန်ခေါ်ပါတော့ဗျာ" ဟု အက်ကင်းက ပြောလိုက်ပြန်၏။ သူ့နှုတ်ခမ်းတို့သည် တဆတ်ဆတ် တုန်နေ၏။ သူ့ထံမှ စကားပြောသံ ဗလုံးဗထွေး ဆက်ထွက်နေသေး၏။



www.burmeseclassic.com

www.burmeseclassic.com



"တကယ့်အကောင်ကြီးပဲ . . . တကယ့်ဟာကြီး၊ တစ်ခါမှ ဒီလောက်ကြီးတာ မတွေ့ဖူးဘူး" ဟု အက်ကင်းက ပြောဆိုနေ၏။ ထိုအခါ လက်ပရန်က . . .

"ခင်ဗျား စိတ်ကို ငြိမ်ငြိမ်ထား၊ အပြင်ကို ထွက်ပြေးလို့ မရဘူး၊ ကာလယန္တရားယာဉ်ကြီးထဲမှာသာ ဝင်နေပေတော့၊ သွား. . . မြန်မြန်သွားတော့"

"ဟုတ်ပြီ၊ ဟုတ်ပြီ" ဟု ပါးစပ်ကသာ ပြောနေသော်လည်း အက်ကင်း၏ ခြေလက်တို့သည် လှုပ်မရဘဲ ဖြစ်နေ၏။ ထို့ကြောင့် သူ့ခြေထောက်များကို ငုံ့ကြည့်ပြီး လှုပ်ရှားနိုင်စေရန် အားထုတ်၏။ ထို့နောက် ပါးစပ်မှ တစ်ချက်အော်လိုက်ပြီး ကိုးယိုးကားယား ဖြင့် ပြေးတော့၏။ ထိုအခါ ထရားဗစ်က . . .

"မစ္စတာ အက်ကင်း . . . အဲဒီဘက်ကို ပြေးရမှာမဟုတ် ဘူး" ဟု လှမ်းအော်လေ၏။ ထိုအချိန်တွင် တိုင်ရင်နိုဆော ရပ်ကြီးသည် စတင် လှုပ်ရှားလိုက်ပြီး ကြောက်မက်ဖွယ်ရာ အသံ ကြီးဖြင့် အသံပြုလိုက်ပြီး ရှေ့သို့ တိုးလာလေ၏။ သူသည် ကိုက်တစ်ရာခန့် အကွာအဝေးကို စက္ကန့်အနည်းငယ် အတွင်း၌ ပင် ရောက်ရှိလာနိုင်၏။ ထိုအခါ သေနတ်များမှ မီးပွင့်ပစ်ခတ် သံများ ဆူညံစွာ ထွက်ပေါ်လာလေ၏။ ထိုအချိန် တိုင်ရင်နိုဆော ရပ်ကြီး၏ ပါးစပ်မှ သွေးပုပ်များ ထွက်လာသဖြင့် ပတ်ဝန်းကျင် တစ်ခုလုံး သွေးညှီနံ့များ ဖုံးလွှမ်းသွားလေတော့၏။ ထိုအချိန် အက်ကင်းသည် နောက်သို့ လှည့်မကြည့်တော့ဘဲ ရှေ့သို့သာ စမ်းစမ်းစမ်းစမ်းဖြင့် လျှောက်သွားလေ၏။ နောက်ဆုံး သူသည်



www.burmeseclassic.com

www.burmeseclassic.com



သတိ လက်လွှတ်ဖြစ်ကာ စကြိုတံတားပေါ်မှ အောက်သို့ဆင်းပြီး တောနက်ထဲ လျှောက်ဝင်သွားလေ၏။ သူ့လက်ထဲတွင်ကား သေနတ်ကြီးကို ကိုင် ထားလျက်ပင် ရှိ၏။

သူ့ခြေထောက်များသည် အစိမ်းရောင်မှော်ပင်များ အကြားတွင် နစ်ဝင်သွား၏။ သူသည် အခြားသူများနှင့် သီးခြား ဖြစ်ကာ တဖြည်းဖြည်းဝေးသွားလေ၏။ သေနတ်သံများက ဆူညံစွာ ထွက်ပေါ် လာပြန်သော်လည်း တိုင်ရင်နိုဆောရပ်ကြီး၏ အော်ဟစ်သံများအောက်တွင် ပျောက်ကွယ်နေ၏။ သူ၏ အမြီး ကြီးသည် မြွေကြီးတစ်ကောင်သဖွယ် ဘေးဘီများသို့ ခါယမ်းနေ လေ၏။ အနီးရှိ သစ်ပင်များသည် ပြိုလဲကျလာပြီး သစ်ရွက် သစ်ကိုင်းများက အစိတ်စိတ်အမွှာမွှာ ဝဲပျံ ကျနေလေ၏။ သူ၏ လက်နှစ်ဘက်သည် လူများကို ဖမ်းယူရန် လှမ်းလာလေ၏။ အကယ်၍ မိသွားပါက လူများကို ချိုးဖဲ့၍ ဝါးစားပစ်မည်သာ ဖြစ်၏။ သူ၏မျက်လုံးကြီးများဖြင့် လူများကို ငုံ့ကြည့်၏။

အောက်မှ ထရားဗစ်တို့လူစုလည်း ပြန်၍မော့ကြည့် နေကြရာ သတ္တဝါကြီးမျက်လုံးမှန်ထဲမှ သူတို့၏ပုံရိပ်ကို ၄ တို့ ပြန်မြင်နေရ၏။ ထို့နောက် အဆိုပါမျက်လုံးထဲသို့ သေနတ် များဖြင့် ထပ်မံပစ်ထည့်ကြ၏။ ထိုအခါ တိုင်ရင်နိုဆောရပ် သတ္တဝါကြီးသည် တောင်ကြီးပြိုသကဲ့သို့ ကျောက်ရုပ်ထုကြီး ပြိုသကဲ့သို့ လဲကျသွားလေ၏။

သတ္တဝါကြီး လဲကျသဖြင့် သစ်ပင်များလည်း ပြိုလဲပြီး ပါသွား၏။ စကြိုတံတားပေါ် ပြုတ်ကျသဖြင့် စကြိုတံတားလည်း ကျွေး ကောက် ကျိုးပဲ့သွားတော့၏။ ထိုအခါ မုဆိုးများလည်း



www.burmeseclassic.com

www.burmeseclassic.com



နောက်သို့ ပြန်ဆုတ်ကြလေ၏။ သတ္တဝါကြီးသည် မြေပေါ်သို့ ဗုန်းဗုန်း လဲကျသွား၏။ ထို့နောက် သေနတ်သံများ ထပ်မံထွက်ပေါ်လာပြန်လေ၏။ ထိုအခါ သတ္တဝါကြီးသည် အမြီးကိုသာ တွင်တွင်ရမ်းပြီး တွန့်လိမ်ကာ ငြိမ်သက်သွားတော့၏။

လည်ချောင်းမှ သွေးများ ပန်းထွက်လာ၏။ သူ့ခန္ဓာကိုယ်ထဲရှိ အရည်များလည်း ပေါက်ကွဲထွက်လာလေ၏။ ထိုအရည်တို့၏ အနံ့အသက်များသည် လွန်စွာဆိုးရွားလှ၏။ မုဆိုးများ၏ ကိုယ်ခန္ဓာတွင် အဆိုပါအရည်များ သွေးများဖြင့် စိုရွှဲကုန်ကြလေ၏။

အတန်ကြာသောအခါ ဆူညံလှုပ်ရှားနေသော အသံဗလံများ ငြိမ်သက်သွားလေ၏။ ပတ်ဝန်းကျင်သည် ပြန်၍ အေးအေးချမ်းချမ်းဖြစ်သွားလေတော့၏။ ကာလယန္တရားကြီးထဲတွင်မူကား. . . မစ္စတာ အက်ကင်းသည် ထိတ်လန့်တုန်လှုပ်လျက်ပင်ရှိ၏။ သူသည် ကံအား လျော်စွာပင် တောထဲမှ လမ်းတွေ့ပြီး ယာဉ်ပေါ်သို့ ပြန်ရောက်လာခဲ့ခြင်း ဖြစ်၏။

ထရားဗစ်သည် ယာဉ်ဆီသို့ လာပြီး သတ္တုသေတ္တာထဲမှ ပတ်တီးအဝတ်စများကို ထုတ်၍ စကြိုတံတားပေါ် ထိုင်နေသူများထံ သွားပြီး . . .

"ကဲ . . . ရော့၊ သွေးတွေကို သုတ်ပစ်လိုက်ကြ"

သူတို့သည် အောက်ဆီဂျင်ခေါင်းဆောင်းများတွင် ပေကျံနေသော သွေးများကို သုတ်ပစ်လိုက်၏။ ထိုအချိန်တွင်ပင် တိုင်ရင်နီဆောရပ်ကြီးသည် အသားတောင်ကြီးပမာ လဲလျောင်းနေ



www.burmeseclassic.com

www.burmeseclassic.com



၏။ အသားများမှာ တဆတ်ဆတ်လှုပ်နေ၏။ ထိုအချိန်တွင် အနီးရှိ ကြီးမားလှသည့် သစ်ပင်ကြီးတစ်ပင်သည် တဝုန်းဝုန်း အသံမြည်ဟီးပြီး သတ္တဝါကြီး၏ ဦးခေါင်းပေါ်သို့ လဲကျသွားသဖြင့် သတ္တဝါကြီးလည်း ဇီဝိန်ချုပ်သွားလေတော့၏။ ထိုအခါ လက်ပရန်သည် သူ့နာရီကို ကြည့်လိုက်ပြီး . . .

"အချိန်ကိုက်ပါပဲဗျာ၊ ဟိုတုန်းကတည်းက ဒီ အပင်ကြီးဟာ ဒီသတ္တဝါကြီးအပေါ် ဖိနေခဲ့တာလေ"ဟု ပြောပြီး သူသည် မုဆိုးများဘက်လှည့်၍ . . .

"ကဲ . . . ခင်ဗျားတို့ ပစ်ခဲ့တဲ့ အမဲကောင်ကြီးနဲ့ တွဲပြီး ဓာတ်ပုံရိုက်ချင်ကြသေးလား"

"ဘာကိုဆိုလိုတာလဲ"

"ကျွန်တော်တို့အနေနဲ့က ဒီအမဲကောင်ကြီးကို လက်ရှိပစ္စုပ္ပန်ကို သယ်သွားလို့မရဘူး၊ သူဟာ ဒီမှာလသေတဲ့နေရာမှာပဲ ရှိနေရမယ်၊ ဒါမှ ပိုးမွှားတွေ၊ ငှက်တွေ၊ တိရစ္ဆာန်တွေက စားနိုင်မှာပေါ့၊ ဒါကြောင့် သူကို သယ်သွားလို့မရဘူး၊ လောကကြီးမှာ အရာရာတိုင်းဟာ သူ့ ဟန်ချက်နဲ့သူ ညီနေရမယ်၊ ဒါပေမယ့် ကျွန်တော်တို့ ဒီသတ္တဝါကြီးနားမှာ ရပ်ပြီး ဓာတ်ပုံတော့ ရိုက်ယူလို့ ရပါတယ်"

ထိုအခါ မုဆိုးနှစ်ယောက်သည် ခေတ္တမျှ စဉ်းစားပြီး သူတို့ခေါင်းကို ခါယမ်းပြလိုက်ကြ၏။ ထို့နောက် သတ္တုတံတားလေးပေါ်မှ ပြန်လျှောက်လာကာ ကာလယန္တရားကြီးအတွင်းရှိ



www.burmeseclassic.com

www.burmeseclassic.com



ထိုင်ခုံပေါ်တွင် ခြေပစ်လက်ပစ် ထိုင်ချလိုက်ကြ၏။ ထိုအချိန်တွင် တိုင်ရင်းနိုးဆော သတ္တဝါကြီးထံ လှည့်ကြည့်လိုက်ကြရာ ကမ္ဘာဦး လင်းနို့ကြီးများနှင့် ရွှေရောင်တောက်နေသည့် ပိုးကောင်များ သည် သတ္တဝါကြီးကိုယ်ပေါ်၌ ပျံ့ဝဲစားသောက်နေကြပြီ ဖြစ်၏။ ထိုအခိုက် ယာဉ်ကြီး၏ ကြမ်းပြင်ပေါ်မှ ထူးခြားသောအသံ တစ်ခုကြောင့် သူတို့အားလုံး တုန်လှုပ်သွားကြ၏။ အက်ကင်း သည် တုန်လှုပ်စွာ ထိုင်နေ၏။ "ဝမ်းနည်းပါတယ် ဗျာ"ဟု သူက စိတ်လှုပ်ရှားစွာ ပြော၏။ ထိုအခါ ထရားဗစ်က . . .

"မတ်တတ်ရပ်စမ်း"ဟု အော်ပြောလိုက်၏။ ထိုအခါ အက်ကင်း က မတ်တတ်ရပ်လိုက်၏။

"ခင်ဗျား ဒီယာဉ်က အပြင်ဘက် တံတားဆီကို ထွက် သွားပါ၊ ခင်ဗျားကို ဒီယာဉ်နဲ့ ပြန်မခေါ်ဘူး၊ ဒီမှာပဲ ထားခဲ့မယ်" ဟု ထရားဗစ်သည် အက်ကင်းကို သေနတ်နှင့် ညွှန်ပြရင်း ပြော နေ၏။ ထိုအခါ လက်ပရန်က ထရားဗစ်၏လက်ကို လှမ်းဆုပ် လိုက်ပြီး "နေပါဦးဗျ"ဟု ပြောဆိုတားမြစ်လိုက်ရာ ထရားဗစ်က လက်ကို တွန်းဖယ်လိုက်၏။

"မင်း . . . မသိပါဘူးကွယ်၊ ဒီအူကြောင်ကြောင် လူကြောင့် တို့တစ်ဖွဲ့လုံး သေတော့မလို့ သိသိလေးလိုတယ်၊ မင်း သူ့ဖိနပ်တွေကို ကြည့်စမ်းပါ၊ ရွှံ့တွေပေနေတယ်၊ သူ စကြႋ်တား အောက်ဘက်ကို ဆင်းသွားတယ်ဆိုတာ ပြနေတာပဲ၊ သူ့ကြောင့် ကျုပ်တို့အားလုံး ဒုက္ခရောက်ပြီး ဘယ်အတိုင်းအတာအထိ ဆုံးရှုံးမယ်ဆိုတာ ဘယ်သူမှ မပြောနိုင်ဘူး၊ ပြဿနာပါပဲ၊ ကျုပ် တို့က စကြႋ်တံတားက အောက်ကို လုံးဝမဆင်းပါဘူးလို့ အာမခံ



www.burmeseclassic.com

www.burmeseclassic.com



သွားရပြီး အာမခံကြေး ဒေါ်လာသန်းပေါင်းများစွာ တင်ထားခဲ့ရတယ်၊ အခုတော့ သူ့အောက်ကို ဆင်းသွားခဲ့တယ်၊ ဒီကိစ္စအစိုးရကို အစီရင်ခံစာ တင်ရတော့မယ်၊ ကျုပ်တို့ရဲ့ လုပ်ငန်းပိုင်စင်ပိတ်ခံရမလား မသိဘူး၊ ဒီကိစ္စဟာ ကမ္ဘာ့သမိုင်းဖြစ်စဉ်မှာ ဘယ်လိုများ ပြောင်းလွဲသွားမလဲဆိုတာ ဘယ်သူကမှ မသိနိုင်ပေဘူး”

“သိပ်စိတ်မပူပါနဲ့ဦး၊ ခေါင်းအေးအေးထား စဉ်းစားစမ်းပါ၊ သူ့ခြေထောက်ကိုလဲ ကြည့်ပါဦး၊ သူ့ခြေထောက်မှာ အနံမှုန့်နည်းနည်းပါးပါး ပေလာတာပါ”

“ခင်ဗျားတို့၊ ကျုပ်တို့ ဘာမှမသိတာတွေ အများကြီးပဲ . . .၊ ကဲ . . . အက်ကင်း၊ ခင်ဗျား ထွက်သွားပါ”

ထိုအခါ အက်ကင်းသည် သူ့ရှပ်အင်္ကျီအိတ်ကို စမ်းလိုက်ပြီး-

“ဘယ်လောက်ပဲပျက်စီးပါစေ၊ ကျုပ် ပေးလျော်ပါမယ်၊ ဒေါ်လာတစ်သိန်းပဲဖြစ်ပါစေ”ဟု ပြောပြီး ချက်လက်မှတ်စာအုပ်ကို ပေးလိုက်၏။ ထရားဗစ်သည် အက်ကင်း၏ ချက်လက်မှတ်စာအုပ်ကို ကြည့်ပြီး ‘ထွီခနဲ’ လုပ်လိုက်၏။ ထို့နောက် အက်ကင်းအား ကြည့်၍ . . .

“ကဲ . . . ဒီလိုလုပ်ပါ၊ ခင်ဗျား ဒီစကြိုတံတားလေးအတိုင်း ထွက်သွားပြီး ဟိုသေနေတဲ့ တိုင်ရင်နိုဆောရပ်သတ္တဝါကြီးရဲ့ ပါးစပ်ထဲသို့ ခင်ဗျား လက်တံတောင်ဆစ်လောက်အထိ ထင်အောင်နှိုက်ပါ၊ ဒါဆိုရင် ခင်ဗျားကို ကျုပ်တို့နဲ့ ပြန်ခေါ်မယ်”

“ဟာ . . . မဟုတ်တာ၊ ခင်ဗျားတို့ဟာက အဓိပ္ပာယ်မရှိဘူး”



www.burmeseclassic.com

www.burmeseclassic.com



"ခင်ဗျား ဘာကြောက်နေတာလဲ၊ ဒီသတ္တဝါကြီးက သေ နေပြီး သွားပဲဟာ၊ ကျုပ်တို့ ပစ်ခတ်ခဲ့တဲ့ ကျည်ဆန်တွေကို ကာယ ယန္တရားထဲမှာ ထားပစ်ခဲ့လို့ မရဘူး၊ ထားခဲ့ရင် တစ်ခုခု ပြောင်းလ သွားနိုင်တယ်၊ ဒါကြောင့် ဟောဒီမှာ မောင်းချခေးကျည်ဆ တွေကို ဟိုအကောင်ကြီး ကိုယ်ထဲက တူးပြီး နှိုက်ယူခဲ့"ဟု ပြေ လိုက်၏။ ထိုအချိန်တွင် တောကြီးသည် ပြန်၍လှုပ်လှုပ်ရှားရှာ ဖြစ်လာ၏။ တောကြီးထဲတွင် ကမ္ဘာဦး၏ စိတ်တုန်လှု ချောက်ချားဖွယ်ရာများနှင့် ကျေးငှက်တို့၏ အော်မြည်သံ များဖြ ပြန်လည်စည်ကားလာ၏။ ထိုအချိန် အက်ကင်းသည် သတ္တ ကြီး လဲကျရာဆီ တထိတ်ထိတ်နှင့် စမ်းစမ်းလှမ်းသွားလေ၏ နောက် မိနစ်အနည်းငယ်အကြာတွင် မစ္စတာ အက်ကင်းသည် တံတောင်ဆစ် အထိ သွေးများ စိုရွှဲလျက် ပြန်ရောက်လာ၏ သူသည် လက်နှစ်ဘက်ကို ဆန့်ပြ၏။ လက်ထဲတွင် ကျည်ဆ ခွံများ ပါလာလေ၏။ ထို့နောက် များမကြာမီပင် သူ လဲ သွား၏။ ထိုအခါ လက်ပရန်က ထရားဗစ်အား . . .

"ခင်ဗျားကလဲဗျာ . . . သူလိုလူမျိုးကိုမှ ဒီအလု ခိုင်းရတယ်လို့ဗျာ"ဟု မြည်တွန်တောက်တီးလေ၏။ ထိုအ ထရားဗစ်က . . .

"ဒီလောက် လုပ်ခိုင်းရုံနဲ့ သူ သေမသွားနိုင်ပါ ကွာ. . . ဒါမှ နောက်ဆို ခုလို အမဲလိုက်ပွဲမျိုးမှာ သူ နောက်



www.burmeseclassic.com

www.burmeseclassic.com



လုပ်ဝံ့မှာ"ဟု ပြောဆိုပြီး အက်ကင်းကို ပတ်လက်ဆွဲလှန်လိုက် ၏။ ပြီးမှ . . .

"ကဲ. . . ယန္တရားကြီးရဲ့စက်ကို စနိုးတော့၊ ကျုပ်တို့ ပြန်ကြမယ်"

ထိုအခါ ၁၄၉၂. . . ၁၇၇၆. . . ၁၈၁၂ခုနှစ်. . . တစ်စတစ်စ ခုနှစ်များသည် ရှေ့သို့ တိုးတိုးလာလေ၏။ သူတို့ ဆိုးအဖွဲ့သည် ပေကျံနေသော မျက်နှာ၊ ခြေ၊ လက်များကို ဆေးကြောပြီး အဝတ်အစားလဲကြ၏။ ထိုအချိန်တွင် အက်ကင်း သည် သတိပြန်ဝင်လာလေ၏။ ထိုအခါ ထရားဗစ်သည် အတန် ကြာ စိုက်ကြည့်နေခဲ့၏။

"ကျုပ်ကို စိုက်မကြည့်ပါနဲ့၊ ကျုပ် ဘာမှမလုပ်ခဲ့ပါဘူး"

"ဒီကိစ္စကို ကျန်တဲ့လူတွေထဲက ဘယ်သူမှ အတည်ပြု ပြောနိုင်ဘူး"

"စကြိုတ်တားက သွေ့ဖယ်ဆင်းသွားတာပဲ၊ ကျုပ်ဖိနပ်မှာ ။ နည်းနည်း ပေလာတာပဲရှိတယ်၊ ကဲ . . . ကျုပ်ကို ဘာထပ် လုပ်စေချင် သေးလဲ၊ အောက်ဆင်းပြီး တောင်းပန်ရဦးမှာလား"

"အိုး . . . ဒါကတော့ တောင်းပန်သင့်ရင် တောင်းပန် မယ်၊ ဒီမှာ . . . မစ္စတာ အက်ကင်း၊ ခင်ဗျားကို ကျုပ် သတိ တစ်ခု ပေးထား ချင်တယ်၊ ကျုပ်သေနတ်ဟာ အဆင်သင့်ပဲ၊ ခင်ဗျားကို ကျုပ်သတ်မိ တော့မယ်"

"ကျုပ်ကို သတ်မိမယ်ဟုတ်လား . . . ကျုပ်မှာ ဘာ အပြစ်မှ မရှိဘူး"



www.burmeseclassic.com

www.burmeseclassic.com



ဤသို့ဖြင့် ကာလယန္တရားယာဉ်ကြီးသည် ၁၉၉၉ . . . ၂၀၀၀ ခုနှစ် . . . ၂၀၅၆ ခုနှစ်အထိ ရောက်လာပြီးနောက် ရပ်သွားလေ၏။

"အားလုံးထွက်ကြတော့"ဟု ထရားဗစ်၏ အမိန့်ပေးသံ ထွက်ပေါ်လာ၏။ သူတို့ မူလထွက်ခဲ့ကြသည့် ရုံးခန်းထဲသို့ ပြန်ရောက်လာ၏။ ရုံးခန်းသည် မူလအတိုင်းပင် ဖြစ်၏။ စားပွဲနောက်တွင် မူလက ကုမ္ပဏီဝန်ထမ်းပင် ထိုင်နေ၏။ ထို့နောက် ထရားဗစ်သည် ရုံးခန်းတစ်ဝိုက်ကို စူးစမ်းသကဲ့သို့ မျက်စိဝေ့ကြည့်လိုက်ပြီး . . .

"ဒီမှာ အခြေအနေဘယ်လိုရှိလဲ၊ အားလုံး ချောချောမောမော ရှိကြရဲ့လား"

"ဟုတ်ကဲ့ . . . အားလုံးအဆင်ပြေချောမောပါတယ်၊ အခုလို ခင်ဗျားတို့ ဘေးမသီရန်မခ ပြန်ရောက်လာတာ ကြိုဆိုပါတယ်' ဟု ပြောဆိုလာသောအခါတွင်မှ ထရားဗစ်သည် စိတ်သက်သာရာ ရသွားပြီး . . .

"ကဲ . . . အက်ကင်း၊ ထွက်ခဲ့တော့၊ နောက်ကို ကာလယန္တရားနဲ့ ခင်ဗျား ဘယ်တော့မှ မလိုက်နဲ့တော့" ဟု ပြောလိုက်၏။ အက်ကင်းက မည်သို့မှ မတုံ့ပြန်ချေ။ ထိုအခါ ထရားဗစ်က စိတ်မရှည်ဟန်ဖြင့်-

"ကျုပ်ပြောတာ ကြားရဲ့လား၊ ဘာတွေငေးငိုင်နေတာလဲ"ဟု မေးလိုက်၏။ အက်ကင်းသည် မူလက ကုမ္ပဏီတွင်



www.burmeseclassic.com

www.burmeseclassic.com



ချိတ်ဆွဲထားသည့် နံရံမှ ကြော်ငြာကို ငေးကြည့်နေခြင်း ဖြစ်၏။ ကြော်ငြာတွင် ရေးသားထားသော ကြော်ငြာတွင် စာလုံးပေါင်း သတ်ပုံတို့သည် မူလကနှင့် မတူဘဲ ကပေါက်တိကပေါက်ချော ဖြစ်ကုန်၏။ ထို့ကြောင့် အက်ကင်း သည် ပါးစပ်အဟောင်းသား ဖြစ်သွား၏။ သူသည် သူ ထိုင်ခုံဆိုဖာထဲ သို့ နစ်ဝင်သွားသလား ပင် ထင်ရ၏။ ထို့နောက် သူ့ဖိနပ်ထဲတွင် ပေနေသည့် ရွှံ့စလေး ကို စမ်းသပ်မိ၏။ ထိုရွှံ့ခဲလေးကို ကတုန်ကယင်ဖြင့် မြှောက် ကြည့်မိ၏။ ထို့နောက် သူ့နှုတ်မှလည်း . . .

"အို . . . ဒီလောက်လေးနဲ့ မဖြစ်နိုင်ပါဘူး"

သေသေချာချာ ကြည့်သောအခါ အဆိုပါ ရွှံ့ခဲလေး ထဲတွင် အမည်းရောင်၊ အဝါရောင်၊ အစိမ်းရောင်ပါရှိသည့် လိပ်ပြာအသေ ကလေးတစ်ကောင်ကို တွေ့ရလေ၏။ ထို့နောက် အက်ကင်းက . . .

"အင်း . . . ဒါလောက်လေးနဲ့တော့ ဘာမှမဖြစ်နိုင် ပါဘူး၊ ဒီလိပ်ပြာလေးတစ်ကောင်ကြောင့်တော့ သိပ်ပြီး မပြောင်း လဲ နိုင်ပါဘူး" ဟု ပြောလိုက်၏။ ထို့နောက် သူသည် လိပ်ပြာ သေလေးကို ကြမ်းပြင်ပေါ် ပစ်ချလိုက်၏။ ထိုအခါ အချိန် ကာလနှင့်ညီမျှသော အကျိုးဆက် အဆင့်ဆင့်ပြောင်းလဲမှုကို ဖြစ်ပေါ်စေသောအခါ အက်ကင်းသည် ခေါင်းချာချာလည် သွားတော့၏။

ထို့နောက် သူသည် ကတုန်ကယင်ဖြင့် . . .

"မနေ့တုန်က ရွေးကောက်ပွဲမှာ ဘယ်သူနိုင်သွားသလဲ" ဟု မေးလိုက်ရာ ကုမ္ပဏီဝန်ထမ်းက ရယ်ပြီး . . .



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်သူနိုင်ရမှာလဲဗျ၊ ခင်ဗျားလဲ သိရဲ့သားနဲ့၊ လိုင်းမင်း နိုင်တာပေါ့၊ ဘယ်သူနိုင်ရမှာလဲ၊ ဟိုလူပျော့လူညံ့ ကိတ် ရှုံးတာပေါ့ဗျ၊ အခုဆို ကျုပ်တို့ တကယ့်ရဲရဲတောက်လူကို ရပြီဗျ"ဟု ကုမ္ပဏီအမှုထမ်းက ပြောပြီးနောက် စကားရပ်ကာ. . . "ခင်ဗျားက ဘာဖြစ်လို့လဲဗျ"ဟု မေးလိုက်ရာ အက်ကင်းသည် ဒူးညွတ်ကျသွားခဲ့၏။ ထို့နောက် တုန်ယင်သောလက်ဖြင့် စမ်းသပ်ကောက်ယူလိုက်ပြီး . . .

"ဒီလိပ်ပြာလေးကို ပြန်ရှင်အောင်လုပ်ပြီး အတိတ်ကာလ ယန္တရားထဲ ပြန်ယူသွားလို့မရတော့ဘူးလား၊ ဒါမှမဟုတ် ကျုပ်တို့ ခရီးမထွက်ခင် အစကအခြေအနေမျိုး ပြန်လုပ်လို့မရတော့ဘူးလားဗျာ၊ တဆိတ်ပြောကြပါဦး"

ဟု ပြောပြီးနောက် အက်ကင်းသည် ကုမ္ပဏီအမှုထမ်းများကို လည်းကောင်း၊ ကာလယန္တရားယာဉ်ကြီးကို လည်းကောင်း လှည့်လည် တောင်းပန်နေလေ၏။ နောက်ဆုံးတွင် အက်ကင်းသည် ခက်တရော် တင်းမာနေသော ထရားဗစ်၏ မျက်နှာကို မော့ကြည့်၍ အကူအညီ တောင်းလေရာ ထရားဗစ်က ဦးခေါင်းကို တွင်တွင်သာ ခါယမ်း ပြလေတော့၏။

**Sound of the Thunder**

by Ray Broadbury

◆ ● ◆



www.burmeseclassic.com

www.burmeseclassic.com

## ကလေးတစ္ဆေ

"ကျွန်မဟာ တစ္ဆေသရဲဆိုတာတွေကို လုံးဝ မယုံကြည်ဘူး ဆိုတာ ရှင်အသေအချာ သိတယ်နော်"

ဆံပင်အနည်းငယ် ဖြူစပြုနေသောအပျိုကြီးက သူ့စကားကို ရပ်လိုက်၏။ ကျွန်ုပ်ကို သံသယနှင့် ကြည့်လိုက်၏။ ကျွန်ုပ်မှာမူ ကျွန်ုပ် စိတ်ဝင်စားနေသည့် ဇာတ်လမ်းတစ်ပုဒ် ဆုံးရှုံးသွားမည်စိုး၍ ဤ အချက်ကို သေချာသိပါကြောင်းဖြင့် သူမအား အလျင်အမြန် ထောက်ခံလိုက်ရ၏။

သူမက ဇာတ်လမ်းကို ဆက်ပြောတော့မှပင် ကျွန်ုပ်မှာ စိတ်သက်သာရာ ရလေတော့၏။

"အဖြစ်ကတော့ အထူးဆန်းဆုံး အဖြစ်အပျက်ပါပဲရှင်၊ ဖြစ်ခဲ့ တာတော့ ကြာလှပါပြီ၊ ဒါပေမယ့် ကျွန်မအာနေနဲ့ကတော့



www.burmeseclassic.com

www.burmeseclassic.com



ခုထိ အဲဒါကို ဘယ်လိုလုပ်ရမှန်း မသိသေးဘူး၊ ဇာတ်လမ်းက ဒီလိုပါ၊ ဟိုးဆောင်းတွင်းတုန်းက ကျွန်မဟာ အိန္ဒိယနိုင်ငံမှာ ရောက်နေတဲ့ ကျွန်မမောင်ရဲ့အိမ်ကို ထိန်းသိမ်းစောင့်ရှောက်နေရချိန်တုန်းကပါ၊ အဲဒီအချိန်မှာပဲ ကျွန်မ မိတ်ဆွေတစ်ဦးဆီက စာတစ်စောင်ရပါတယ်။ သူက သူ့ဆီကို ကတိ ပေးထားတဲ့အတိုင်း ရက်ရှည်အကြာကြီးလာလည်ပါလို့ ဆိုတယ်"

"စာထဲမှာ ရေးထားတာကတော့ သူ့ခင်ပွန်းဟာ တစ်လလောက် ခရီးထွက်ရမှာဖြစ်လို့ သူမလည်း လိုက်မသွားနိုင်ဘူး၊ သူမနဲ့ သူမရဲ့သမီးလေးပဲ ကျန်ရစ်ခဲ့မယ်တဲ့။ အဲဒီအချိန်မှာ ကျွန်မလာလည်ရင်တော့ သူတို့အပေါ် သိပ်ကရုဏာရှိရာရောက်ပါတယ်တဲ့"

"ဒီတော့လည်း နောက်ဆုံးမှာ ကျွန်မဟာ သူ့ဆီက ဖိတ်ခေါ်မှုကို လက်ခံလိုက်တယ်လေ၊ ကျွန်မရဲ့မောင်ကို အသုံးမကျတဲ့ အစေခံတွေနဲ့ ထားခဲ့ရမှာကို မလိုလားပေမယ့် သူမဆီကို ကျွန်မသွားခဲ့ပါတယ်၊ ပူအိုက်ရှည်လျားတဲ့ခရီးအဆုံးမှာတော့ သူမရှိရာကို ကျွန်မဟာ ညနေငါးနာရီလောက်မှာ ရောက်သွားခဲ့ပါတယ်"

"ကျွန်မရဲ့ မိတ်ဆွေဖြစ်တဲ့ မစ္စပိုးလော့က်ကတော့ ပလက်ဖောင်းပေါ်မှာ ကျွန်မကိုလာကြိုပါတယ်၊ ဘူတာရုံအပြင်ဘက်မှာတော့ လှည်းတစ်စီး စောင့်နေပါတယ်၊ ကျွန်မတို့တစ်တွေဟာ အဲဒီလှည်းပေါ်တက်ပြီး မာကျောဖြူဖွေးနေတဲ့ လမ်းကြမ်းကို ခပ်သွက်သွက် စီးလာခဲ့ကြပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



"မေရီကတော့ အဲဒီအချိန်ကတည်းက သူ့သမီးလေး အကြောင်းကို စပြီးပြောတော့တာပါပဲ၊ ကလေးနာမည်က 'ဒေါ့တ်'တဲ့၊ ကလေးက အခါလည်နဲ့ (၈)လပဲ ရှိသေးတယ်၊ အသက်နဲ့မလိုက်အောင် အရပ်က မြင့်နေကြောင်း ဘယ်လောက် စားတယ်၊ ဘာတွေပြောတယ်၊ အာယားမက ကလေးအကြောင်း ကို ဘယ်လိုပြောတယ် စသည်ပေါ့လေ"

"ဝန်ခံရမယ်ဆိုရင်တော့ ကျွန်မဟာ ကလေးတွေကို သိပ် မချစ်တတ်ပါဘူး၊ သူ့နေရာနဲ့သူတော့ သဘောကျတယ်၊ ဒါပေမယ့် ကလေးတွေကို ဘယ်လိုပြုမူဆက်ဆံရမယ်ဆိုတာ နားမလည်ဘူး၊ ပြီးတော့လည်း ကလေးတွေဟာ နောက်ထပ်ပြီး ဘာလုပ်မယ်၊ ဘာပြောမယ်ဆိုတာကိုလည်း တွေးပြီး စိုးရိမ်မိ တတ်တယ်လေ" "ဒီတော့ ကျွန်မဟာ မေရီကို ခင်ပေမယ့် သူပြောနေတဲ့အကြောင်းအရာကိုတော့ ကျွန်မဖြင့် စိတ် သိပ် မဝင်စားလှပါဘူး၊ အိမ်ကိုရောက်တော့ မေရီက ပြောင်ပဲမေး ပါတယ်လေ၊ ဘာအရင် လုပ်ရင် ကောင်းမလဲတဲ့၊ ကလေးကို အရင်ကြည့်မလား၊ လက်ဖက်ရည် ကို အရင်သောက်မလား ပေါ့. . . တဲ့ . . . ကျွန်မက ရဲရဲတင်းတင်းပဲ လက်ဖက်ရည် သောက်မယ်လို့ ပြောလိုက်တယ်၊ လူက မောကလဲမော၊ ရေလဲ ငတ်နေပြီကိုး၊ ဒီလိုမှ မပြတ်သားရင် တစ်ချိန်လုံး ဒေါ့တ်ကိစ္စနဲ့ပဲ အချိန်ကုန်သွားမှာပါ"

"လက်ဖက်ရည် သောက်ပြီးသွားတော့ ကျွန်မပဲ ကိုယ့်အခန်း ကိုပဲ သွားပါတော့တယ်၊ မေရီက သူ့ကလေးကိုပြဖို့



www.burmeseclassic.com

www.burmeseclassic.com



ခေါ်လာပါတယ်။ ကျွန်မတွေ့ဖူးသမျှ ကလေးတွေထဲမှာတော့ ဒီကလေးဟာ ချစ်စရာအကောင်းဆုံးပါပဲ၊ သူ့မျက်နှာကလေးဟာ ကျက်သရေရှိပြီး ချစ်စရာ ကောင်းနေတဲ့အတွက် သူဟာ ကျွန်မရဲ့ မိခင်စိတ်ဓာတ်ကင်းမဲ့တဲ့ နှလုံးသားကိုတောင် ပိုင်ဆိုင်သွားခဲ့ပါတယ်၊ တစ်ချိန်က ထားရှိခဲ့တဲ့ ကလေးမချစ်တတ်တဲ့ ကျွန်မရဲ့ စိတ်ဟာလဲ အရည်ပျော်သွားပါတော့တယ်"

"မေရီဟာ ကလေးကို ကျွန်မရဲ့ လက်ထဲထည့်ပြီး ဂုဏ်ယူဝမ်းမြောက်တဲ့အပြုံးနဲ့ မတ်တတ်ရပ်နေပါတယ်၊ ကျွန်မလဲ သော့တွဲကို အသံမြည်အောင် လှုပ်ပြပြီး ကလေးသဘောကျအောင် ကြိုးစားပမ်းစား လုပ်နေမိပါတယ်၊ ကလေးက ခဏကြာရင်တော့ အော်တော့မှာပဲလို့ ကျွန်မထင်မိပေမယ့် ကလေးဟာ မအော်တဲ့အပြင် ကျွန်မရဲ့လှုပ်ရှားမှု တွေကိုတောင် စိတ်ဝင်စားစွာ ကြည့်နေတာမြင်ရတော့ ကျွန်မဖြင့် ကလေးကို သိပ်ချစ်မိသွားတော့တာပါပဲရှင်၊ ဒါပေမယ့် ကလေးက သူ့အမေဆီ လက်ဆန့်တန်းပေးလိုက်တော့ ကျွန်မလဲ နည်းနည်းစိတ်သက်သာရာရသွားပါတယ်"

"အဲဒီနောက် မေရီလည်း အာယားမလေးကို ခေါ်ပြီး ကလေးကို ကလေးခန်းထဲ ခေါ်သွားဖို့ ပြောလိုက်ပါတယ်၊ အဲဒီအချိန်မှာ မျက်နှာလှလှလေးနဲ့ အမျိုးသမီးတစ်ယောက်ဝင်လာပြီး ကလေးကို ခေါ်သွားပါတယ်၊ ကျွန်မကတော့ အာယားမလေးရဲ့ သဘောထားဟာ ဆိုးပုံရတယ်လို့ မှတ်ချက်ချလိုက်တော့ မေရီက အဲဒီအာယားမနဲ့ဆိုရင် သူ့ကလေးကို စိတ်ချရတဲ့အကြောင်း



www.burmeseclassic.com

www.burmeseclassic.com



အာယားမဟာ ပြောစရာမရှိအောင် တော်တဲ့အကြောင်း ပြန်ပြောပါတယ်"

"နောက်တစ်နေ့မနက် ကျွန်မအိပ်ရာကနိုးတော့ ကျွန်မမျက်နှာကို နူးညံ့တဲ့လက်ကလေးနဲ့ ပွတ်နေတာ ခံစားရပါတယ်၊ မျက်လုံးဖွင့်ကြည့်လိုက်တော့ ဒေါ်တ်ဟာ ကျွန်မရဲ့ခေါင်းအုံးထောင့်စွန်းမှာ မတ်တတ်ရပ်နေတာကို တွေ့ရပါတယ်"

"အော်. . . ကလေးပါလား၊ တစ်ယောက်တည်းလား"လို့ မေးရင်း ကျွန်မက သူ့ကို ခုတင်ပေါ် မ,တင်လိုက်ပါတယ်။ နောက်တော့ ကလေးရဲ့ခြေထောက်တွေကနေ တစက်စက်ကျပြီး စိုနေတာကို တွေ့ရပါတယ်"

"ကလေးက စိုနေတဲ့သူ့ခြေထောက်လေးကို ကိုင်ပြီး သေသေ ချာချာကြည့်နေပါတယ်၊ ပြီးတော့မှ ရေချိုးခန်းတံခါးကို လက်ညှိုးထိုးပြတယ်၊ တံခါးက ပွင့်နေပြီး ကျွန်မအိပ်တဲ့နေရာကနေ လှမ်းမြင်နေရပါတယ်၊ ရေချိုးခန်းထဲမှာ ရေကရားတစ်လုံး မှောက်နေပြီး ရေတွေက ကြမ်းပြင်ပေါ်မှာ စီးနေပါတယ်၊ ဒါတွေ လုပ်ခဲ့တာကတော့ ဒေါ်တ်လေးရဲ့လက်ရာတွေပါပဲ"

"ကျွန်မလဲ အဝတ်လဲတဲ့ ဂါဝန်ရှည်ကြီးကိုဝတ်လိုက်ပြီး ကလေးကို သူ့အမေဆီခေါ်သွားပြီး အကျိုးအကြောင်း ရှင်းပြလိုက် ပါတယ်၊ မေရီလည်း ကလေးရဲ့ စိုနေတဲ့ဖိနပ်ကလေးနဲ့ ခြေအိတ်တွေကို ကမန်းကတန်း ဆွဲချွတ်လိုက်ပြီး အာယားမလေးကို အော်ခေါ်လိုက် ပါတယ်။ အာယားမလေးက ခုနှစ်ချင်း



www.burmeseclassic.com

www.burmeseclassic.com



ရောက်လာပြီး သူ့သခင်မကို ကြည့်ပြီး ငြိမ်ငြိမ်သက်သက် မတ်တတ်ရပ်နေပါတယ်"

"ကလေးကို ဒီလိုပစ်ထားတာ ဘာသဘောလဲ"

"မေရီက ဒေါသတကြီးနှင့် ကလေး၏ဖိနပ်များနှင့် ခြေအိတ်များကိုစုပြီး၊ အာယာမလေးဆီကို ပစ်ပေးလိုက်ပါတယ်၊ ပြီးတော့ ချောက်တဲ့ဖိနပ်နဲ့ ခြေအိတ်တွေကို ယူခဲ့ခိုင်းလိုက်ပါတယ်၊ ကလေးဖိနပ် တစ်ဖက်က အာယာမလေးရဲ့ပါးကို ထိသွားတယ်၊ ဘာဖြစ်လို့လဲ ဆိုတော့ မေရီဟာ မလိုအပ်ပဲ သူ့အင်အားတွေကို အလဟဿ သုံးဖြုန်းပစ်လိုက်လို့ပါပဲ"

"အဲဒီ အချိန်တုန်းက အခန်းထဲက ထွက်သွားတဲ့ အာယာမလေးရဲ့မျက်နှာကို ကျွန်မဘယ်တော့မှ မေ့ပျောက်သွားနိုင်မှာ မဟုတ်တော့ပါဘူး၊ သူ့မျက်နှာဟာ မကောင်းဆိုးဝါး မိစ္ဆာမျက်နှာပါပဲ၊ ဒါပေမယ့် မေရီကတော့ မမြင်လိုက်ပါဘူး၊ သူက ကလေးရဲ့အေးနေတဲ့ ခြေထောက်တွေကို သူ့လက်တွေနဲ့ ပွတ်သပ်ဆုပ်နယ်ပေးနေရလို့ပါပဲ"

"မေရီရေ . . . အဲဒီအာယာမကတော့ မကောင်းဘူးဟေ့၊ သူ့ကို အလုပ်က ထုတ်သာထုတ်ပစ်လိုက်ပါတော့၊ ဒီလိုမျက်နှာထားမျိုးက သိပ်ပြီးကြောက်စရာကောင်းတဲ့ပုံစံမျိုးပါပဲ၊ ကိုယ်တော့ ဒါမျိုးတစ်ခါမှ မမြင်ဖူးဘူး"လို့ ကျွန်မက စိတ်ပူပြီး ပြောလိုက်ပါတယ်။ ဒါပေမယ့် မေရီကတော့ သဘောရိုးနဲ့ ပြန်ပြောလိုက်ပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



"သူငယ်ချင်းရယ်၊ မင်းကလဲ စုဏ္ဏကိုယကို အဓိပ္ပာယ်မဲ့ အမြင်ကတ်နေတာကိုး၊ သူက သူမှားမှန်းသိပြီး ရှက်သွားတာပါ" တဲ့ . . .

"ဒီလိုနဲ့ ဒီကိစ္စလဲ ပြီးသွားပါတယ်၊ ဒါပေမယ့် ကျွန်မကတော့ စုဏ္ဏကိုယကို မုန်းမြဲမုန်းနေဆဲပါပဲ၊ ကျွန်မ ဒီမှာလာနေတာ ရက်က တဖြည်းဖြည်းကြာလာတော့ ဒေါ်တ်လေးကို ကျွန်မ ပိုပိုပြီး သံယောဇဉ် တွယ်လာပါတော့တယ်၊ စုဏ္ဏကိုယရဲ့ရှေ့မှာတောင် တလေးကို ကြည့်နေ ရတာ သည်းမခံနိုင်တော့ပါဘူး"

"ကျွန်မလာနေတာ တစ်လကလဲ အကုန်မြန်လိုက်တာ ပါပဲရှင်၊ ကျွန်မလဲ စိတ်မကောင်းစွာနဲ့ပဲ ပြန်ရပါတော့မယ်၊ ပိုဆိုးတာက အိမ်လဲ ပြန်ရောက်ရော ကျွန်မရဲ့မောင်ကို "အလုပ်က မမျှော်လင့်ဘဲ ခေါ်သွားတော့ ကျွန်မတစ်ယောက်တည်း ကျန်ခဲ့တော့တာပေါ့လေ"

"အဲဒီတော့မှ ဒေါ်တ်လေးကို လွမ်းမိလိုက်တာလေ၊ ညိုရွဲတဲ့ မျက်လုံးတွေ၊ တိုပြီး ရွှေရောင်ရှိတဲ့ ဆံပင်ခွေလေးတွေ၊ အို . . . ကျွန်မ ကတော့ ကလေးကို တကယ်သံယောဇဉ်ရှိနေမှန်း သိလိုက်ရပါပြီ၊ အဲဒီ အချိန်မှာပဲ မစ္စတာပိုးလော့က်ဆီက စာရောက်လာပါတယ်၊ ဒေါ်တ်ကလေး ဆုံးသွားရှာပြီတဲ့"

"ကျွန်မဟာ စာကို ထပ်ခါတလဲလဲ ဖတ်မိပါတယ်၊ ဒါပေမယ့် မယုံနိုင်ဘူး၊ ဇာတ်လမ်းတစ်ခုလုံးကတော့ လျှို့ဝှက်ဆန်းကြယ် ဖြစ်နေ ပါပြီ၊ မေရီနဲ့ ဒေါ်တ်လေးကို ကျွန်မ ခွဲခွာခဲ့တာ သာမှမကြာသေးပေ။ ကျွန်မ ပြန်လာခဲ့တုန်းက ဘူတာပလက်



www.burmeseclassic.com

www.burmeseclassic.com



ဖောင်းပေါ်မှာ သူ့အမေရဲ့ လက်ထဲက ဒေါ်တက်ကလေးကို ကျွန်မ မြင်ယောင်နေမိပါသည်။ သူ့လက် ကစ်ကစ်လေးတွေကို ကျွန်မ နမ်းပြီး ခွဲခွာနှုတ်ဆက်နေတဲ့ ကလေးကဖြင့် ကျန်းမာပကတိ ရှိနေဆဲပါပဲ”

“မစ္စတာပိုးလော့က်ဟာ ကွဲအက်သွားတဲ့နှလုံးသားနဲ့ ဒီစာကို ရေးလိုက်တာပါ၊ တစ်နေ့ခင်းမှာ ကလေးဟာ ဟိုဟိုဒီဒီ လျှောက်သွားရင်းနဲ့ မြစ်ထဲကျသွားပုံရပါတယ်၊ မြစ်က သူတို့ ပန်းခြံရဲ့အပြင်ဘက်မှာ ကပ်နေတာပဲကိုး၊ ပြီးတော့လဲ ကလေး ဆောင်းတဲ့ဦးထုပ်ကို ရေထဲမှာ မျောနေတာ တွေ့ရတယ်၊ ရေစပ်မှာလဲ ကလေးတစ်နေ့လုံးထိုင်ပြီး ဆော့ကစားနေခဲ့တဲ့ ကစားစရာ တွေကိုတွေ့ရတယ်တဲ့၊ နေရာအနှံ့ရှာဖွေပေမယ့်လဲ ဘာသဲလွန်စ မှ မတွေ့ရဘူးတဲ့”

“ကလေးအမေကတော့ သိပ် စိတ်ထိခိုက်သွားလို့ မစ္စတာ ပိုးလော့က်က သံကြိုးရိုက်လိုက်ပြီး ခွင့်တောင်းထား တယ်တဲ့၊ မေရီကို ချက်ချင်း အင်္ဂလန်ကို ခေါ်သွားဖို့ပါပဲ၊ သူက စာထဲမှာ ရေးထားပါသေး တယ်၊ အာယားမလေး စုဏ္ဏိယဟာ ဒီကိစ္စတွေ ဖြစ်နေတဲ့အချိန်မှာ ခွင့်ယူသွားနေတယ်တဲ့၊ သူရှိနေရင် ဒီလိုဖြစ်မှာ မဟုတ်ဘူးတဲ့”

“မေရီကလဲ ကျွန်မဆီကို သတင်းစကား ပါးလိုက်ပါ သေးတယ်၊ သူတို့မရှိတဲ့အချိန်မှာ အာယားမလေး စုဏ္ဏိယကို အလုပ်ပေးထားပါတဲ့၊ သူတို့ကလေးကို အင်မတန်ချစ်တဲ့ အာယားမလေး၊ သူ တစိမ်းအိမ်တွေကို ရောက်သွားမှာစိုးလို့ပါတဲ့၊



www.burmeseclassic.com

www.burmeseclassic.com



နောက်ပြီးတော့လဲ အာယားမလေးက သိပ်သစ္စာရှိပြီး၊ ဒီကိစ္စကြောင့် စကားတောင်မပြောနိုင်လောက်အောင် ဖြစ်သွားလို့ပါတဲ့. . . .”

“ကျွန်မကလဲ ချက်ချင်းပဲ သံကြိုးရိုက်လိုက်ပါတယ်၊ စုလ္လိုယ ကို လိုလိုလားလား လက်ခံပါ့မယ်လို့လေ၊ အရင်တုန်းက မုန်းတီးခဲ့တာတွေကိုလဲ ကျွန်မမေ့သွားပါပြီ။ လောလောဆယ် မှာတော့ ကလေးကိုလဲ ကောင်းကောင်းသိပြီး၊ သိပ်ချစ်တဲ့ လူတစ်ယောက် ကျွန်မအနားမှာ ရှိဖို့လိုတယ်လေ”

“အာယားမလေးလဲ ရောက်လာရော၊ သူ့ရဲ့ ပြောင်းလဲသွားတဲ့ သွင်ပြင်ကြောင့် ကျွန်မ အကြီးအကျယ် တုန်လှုပ်သွားတာပါပဲ၊ သူ့မျက်နှာဟာ အရင်ကထက် တစ်ဝက်လောက်ပဲ ကျန်ပါတော့တယ်၊ မျက်လုံးတွေကလဲ ပြူးကျယ်နေပြီး ထူးထူး ခြားခြား တောက်ပနေပါတယ်”

“ပထမတော့ သူက စကားမပြောပဲ ငြိမ်နေပါတယ်၊ ဒါပေမယ့် ဒေါ်တ်လေးအကြောင်းကို ကျွန်မက စပြီးပြောလိုက်တော့ သူက မျက်ရည်ဖြိုင်ဖြိုင်ကျပြီး ငိုယိုတော့တာပါပဲ၊ ဒါနဲ့ ကျွန်မလဲ ကလေးအကြောင်းကို မပြောတော့ပါဘူး၊ ဒီအကြောင်း ကို သူ နားမခံနိုင်ဘူး မဟုတ်လား၊ ပထမညမှာ ကျွန်မအကျီ ချွတ်တော့ သူက ဝိုင်းကူပြီး ချွတ်ပေးပါတယ်၊ ပြီးတော့ အခန်း ထဲက မထွက်သေးဘဲ ကျွန်မကို ကြည့်နေပါတယ်၊ စကားလဲ မပြောပါဘူး”

“ဘာလဲ”လို့ ကျွန်မကမေးလိုက်တော့ . . .



www.burmeseclassic.com

www.burmeseclassic.com



"သခင်မရယ်၊ ကျွန်မကို ဒီည အဝတ်လဲခန်းမှာပဲ အိပ်ခွင့် ပြုပါလား"လို့ တိုးတိုးလေးပြောလာပါတယ်၊ ကျွန်မကလဲ လိုလိုလားလားပဲ ခွင့်ပြုလိုက်ပါတယ်၊ ဘာလို့လဲဆိုတော့ ဒီ မိန်းကလေးရဲ့ အာရုံကြောတွေဟာ သိပ်ပြီးချောက်ချား နေပြီ ဆိုတော့ အဖော်လိုတယ်ပေါ့လေ။ ဒီနောက်တော့ ကျွန်မလဲ အိပ်ရာဝင်ပြီး အိပ်ပျော်သွားလိုက်တာ နာရီပေါင်းအတော် ကြာတော့ ကျွန်မ လန့်နိုးသွားပါတယ်၊ စိတ်ထဲမှာလဲ အိမ်ရဲ့ဝင်းခြံ ထဲမှာ ကလေးတစ်ယောက်ယောက် အော်ငိုနေတဲ့အသံကို ကြား နေရသလိုပါပဲ"

"အသံကတော့ နားထောင်လေ၊ ပိုပြီး ထင်ရှားလေပါပဲ၊ ငိုနေတဲ့ ကလေးဟာ ဘယ်သူ့ကလေးလဲဆိုတာကိုလည်း. . . သူ သိ မသိမေး ကြည့်ပါတယ်၊ သူက ကမန်းကတန်းထပြီး ဘယ် ကလေးငိုသံမှ သူမကြားရပါဘူးလို့ ခပ်ဆတ်ဆတ် ပြန်ပြောပါ တယ်"

"ကျွန်မလဲ တံခါးကိုဖွင့်ပြီး ဝရန်တာဘက်ကို ထွက် သွားပါတယ်၊ ဘာသံမှမကြားရလို့ အော်ဟစ်ပြီး မေးတော့လဲ ဘာမှ ဖြေသံ ထူးသံမကြားရပါဘူး၊ ဒီတော့လဲ ကျွန်မစိတ်က ထင်လို့ပဲဆိုပြီး ပြန်အိပ်လိုက်တာ မိုးလင်းတဲ့အထိပါပဲ. . ."

"နောက်တစ်နေ့ညစာကို ကျွန်မ အပြင်မှာထွက်စား ပါတယ်၊ အပြန်ကျတော့ ကျွန်မရဲ့ အလှပြင်ခန်းထဲမှာ တစ်ယောက်ယောက် စကားပြောနေသံကို ကြားရလို့ အံ့ဩ သွားပါတယ်၊ ကမန်းကတန်း ဝင်ကြည့်လိုက်တော့ စုဇ္ဇကိုယ်ဟာ



www.burmeseclassic.com

www.burmeseclassic.com



အပြင်ကိုထွက်တဲ့ တံခါးမကြီးရှေ့မှာ ဒူးထောက်ပြီး တစ်ယောက်ယောက်ကို အပြင်ထွက်သွားဖို့ အသံကုန် နှင်ထုတ်နေတာတွေ့ရတာပါပဲ"

"သူဟာ ကျွန်မကို မြင်လဲမြင်လိုက်ရော၊ စိတ်တုန်လှုပ်ချောက်ချားနေတဲ့ပုံနဲ့ ကျွန်မဆီကို လာပါတယ်၊ ပြီးတော့မှ သူက အသံကုန် အော်ဟစ်လိုက်ပါတယ်"

"ဟို . . . သခင်မ . . . သူ့ကို ထွက်သွားခိုင်းလိုက်ပါ"

"ဘယ်သူ့ကို ထွက်သွားခိုင်းရမှာလဲလို့ ကျွန်မက မေးတော့ သူက . . ."

"ဒေါ်တ်ကိုပေါ့၊ သူက ငိုပြီးလာနေတယ်၊ နားထောင်ကြည့်ပါလား . . . တဲ့"

"သူက အသက်အောင့်ပြီး စောင့်နေတုန်း ကျွန်မလဲ မတ်တတ်ရပ်ပြီး နားထောင်နေတုန်းမှာပဲ တံခါးရဲ့ အခြားတစ်ဘက်မှာ ကလေးတစ်ယောက် ငိုယိုပြီးတွားနေတာကို ကြားရတဲ့အကြောင်း ကျွန်မအတိအလင်းပဲ ကြေညာလိုက်ပါတယ်"

"ကျွန်မလဲ ကြောက်လွန်းလို့ စကားတောင် မပြောနိုင်တော့ ပါဘူး၊ ပြီးတော့မှ တံခါးကို တွန်းဖွင့်ပြီး၊ ဖယောင်းတိုင်ကို ခေါင်းပေါ်မှာ မြှောက်ပြီး ကိုင်ထားလိုက်ပါတယ်၊ တကယ်တော့ အလင်းရောင်တောင် မလိုအပ်ပါဘူး၊ လပြည့်ညရဲ့အလင်းရောင်က ရှိနေလို့ပါ။ ဒါပေမယ့် ဘယ်ကလေးတစ်ယောက်ကိုမှ မတွေ့ရပါဘူး၊ ဝရန်တာမှာလဲ ရှင်းနေပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်မလဲ ဒီကိစ္စကို အရင်းအမြစ်ထိလိုက်ဖို့ စိတ်ကို ဆုံးဖြတ်လိုက်ပါတယ်၊ ဒါကြောင့် အစေခံတန်းလျားကိုသွားပြီး အစေခံတွေကို နှိုးလိုက်ပါတယ်၊ ဘယ်သူကမှ ကလေးတစ်ယောက် ငိုတဲ့ အသံအကြောင်းကို မပြောကြပါဘူး၊ နောက်ပြီးတော့လဲ သူတို့ဟာ ခြံဝန်းထဲမှာ သေသေချာချာ ရှာကြပေမယ့်လဲ ဘာမှ မတွေ့ကြရပါဘူး၊ ဒီတော့ အစေခံတွေလဲ သူတို့အိမ်သူတို့ ပြန်ကြပြီး ကျွန်မလဲ ကိုယ့်အိမ်ဝရန်တာကို ကိုယ်ပြန်လာခဲ့ပါတယ်၊ အဲဒီမှာ စုဏ္ဏကိုယဟာ စိတ်အလှုပ်ရှားဆုံး အခြေအနေ ရောက်နေတာကို တွေ့ရတော့တာပါပဲ"

"သူက လက်သီးတွေကိုဆုပ်ပြီး မျက်လုံးတွေလဲ ပြူးကျယ်နေပါတယ်၊ သူက ပြောပါတယ်"

"သခင်မ . . . ကျွန်မ အားလုံးဖွင့်ပြောရင် သူသွားမှာ လားတဲ့"

အဲဒီတော့ ကျွန်မလည်း သူ့ကို နှစ်သိမ့်ပေးရင်း . . .

"အေးအေး. . . ပြောချင်တာရှိရင်ပြောလေ"ဟု ကျွန်မ က ပြောလိုက်ရာ သူသည် ကျွန်မလက်ကောက်ဝတ်ကို ဆွဲပြီး အဝတ်အစားလဲတဲ့အခန်းကို ခေါ်သွားပါတယ်၊ ဟိုရောက်တော့ တံခါးကို သူက အသေအချာပိတ်လိုက်ပါတယ်"

"ဒီတံခါးကို ကျောနဲ့ကပ်ပြီးရပ်နေပါ၊ ဒါမှ သူ မဝင် နိုင်မှာ"လို့ သူက ပြောပါတယ်၊ ကျွန်မအနေနဲ့ကတော့ အရူးမနဲ့ နေရသလို ခံစားမိပြီး စိတ်ထဲက ကြောက်လာမိပါတယ်၊ ဒါ ကြောင့် သူပြောသလိုပဲ လုပ်လိုက်မိပါတယ်၊ ပြီးတော့မှ သူ



www.burmeseclassic.com

www.burmeseclassic.com



ဘာပြောမလဲဆိုတာ စောင့်နေပါတယ်၊ သူက အခန်းထဲမှာ ခေါက်တုံ့ခေါက်ပြန် လမ်းလျှောက်ရင်း စာသံပေသံ ကဗျာသံနဲ့ ပြောပြတော့တာပါပဲ"

"အဲဒါ ကျွန်မလုပ်တာပါ၊ ကျွန်မ ဒေါ်တင်တီးလေးကို သတ်ခဲ့ မိပါတယ်၊ သူက အမြဲတမ်း ကျွန်မနောက်ကို လိုက်နေတယ်လေ၊ ဒီညနဲ့ မနေ့ညတုန်းက သူ့ငိုသံကြားရတယ်နော်၊ ဒေါ်တင်လေးရဲ့အမေဟို သခင်မက ကျွန်မမျက်နှာကို ဖိနပ်နဲ့ ပစ်ပေါက်လိုက်တဲ့နေ့မှာပဲ ကျွန်မ နှလုံးသားထဲကို မကောင်းဆိုးဝါး ဝင်သွားခဲ့ပါတယ်၊ ကျွန်မလဲ စိတ်ထိခိုက်လွန်းလို့ ခွင့်ယူပြီး စိတ်ကို ဖြေသိမ့်ခဲ့ပါသေးတယ်၊ ဒါပေမယ့် မရပါဘူး၊ ခံစားချက်က ပြင်းထန်လွန်းတယ်လေ၊ ကျွန်မနားထဲမှာ 'သတ်ပစ်လိုက်၊ သတ်ပစ်လိုက်'ဆိုတဲ့ အသံကိုပဲ ကြားနေရပါတယ်"

"ဒါကြောင့် ခွင့်ယူပြီး ဒုတိယနေ့မှာ ကျွန်မဟာ သခင်မ အိမ်ကို တိတ်တိတ်လေးပြန်လာပြီး ချုံတွေကြားထဲမှာ ပုန်းနေခဲ့ပါတယ်၊ နောက်တော့ ကလေးတစ်ယောက်တည်းကို သွားတွေ့တော့ ဖမ်းပြီး သတ်ခဲ့ပါတော့တယ်၊ ကလေးကတော့ ကျွန်မကို တွေ့ရတော့ သိပ်ကို ဝမ်းသာပြီး ရယ်မောပြောဆိုနေပေမယ့်၊ ကျွန်မမျက်နှာလဲမြင်ရော ကြောက်လန့်ပြီးငိုလိုက်တာ၊ ဟိုနေ့ကကြားရတဲ့ အသံအတိုင်းပါပဲ၊ ကျွန်မဟာ သူ့ရဲ့ ဖြူဖွေးသေးသွယ်တဲ့ လည်တိုင်ကို ကျွန်မရဲ့လက်တွေနဲ့ ညှစ်ထား လိုက်ပါတယ်၊ ကြည့်ပါလား . . . ကျွန်မလက်တွေဟာ ဘယ် လောက် ကြီးမားသန်စွမ်းသလဲလို့၊ ကလေးလည်ပင်းကို ညှစ်ထား လိုက်တာ ကလေးသေတော့မှပဲ လွှတ်လိုက်ပါတော့တယ်၊ ကျွန်မ



www.burmeseclassic.com

www.burmeseclassic.com



ကိုယ်ထဲက မကောင်းဆိုးဝါးလဲ အဲဒီတော့မှ ထွက်သွားပါတော့တယ်၊ ကျွန်မ ဘာလုပ်လိုက်မိသလဲဆိုတာ တွေ့ရမြင်ရပါပြီ၊ ကျွန်မရဲ့ စကတ်ကို ဆုတ်ကိုင်ထားတဲ့ ကလေးရဲ့လက်ချောင်းတွေကို ကျွန်မ ဖြေလို့မရတော့ပါဘူး၊ သူက အသေဆုပ်ကိုင်ထားတာဆိုတော့ ကျွန်မလဲ စကတ်ကိုချွတ်ပြီး ကလေးကို အဲဒီစကတ်နဲ့ပဲ ပတ်လိုက်ရပါတော့တယ်”

သူမသည် သူ့စကားကို ရုတ်တရက် ရပ်လိုက်ပါတယ်။ ကျွန်မဟာ ငြိမ်ပြီး နားထောင်နေလိုက်မိပါတယ်။

“နောက်ပြီးတော့ကော မင်းက ဘာထပ်လုပ်သေးသလဲ”ဟု ကျွန်မသည် စုဏ္ဏိယကို မေးလိုက်သောအခါ သူသည် လည်ပြန်ကြည့် ပြီး ဖြေလိုက်ပါတယ်။

“ကလေးလဲ မေ့မြောနေတုန်း၊ ကျွန်မဟာ မြစ်မြင်တော့ ကျွန်မလဲ ကမန်းကတန်း မြစ်ဘက်ဆီသို့ ပြေးသွားပါတယ်”

ထို့နောက် အာယာမလေးလဲ သူ့ပါးစပ်က အော်ဟစ်ပြီး လက်တွေကို ခေါင်းပေါ် တင်ကာ ကျွန်မရဲ့ခြေရင်းမှာပဲ လဲကျသွားပါ တော့တယ်၊ သူဟာ သတိလဲ မရှိတော့ပါဘူး၊ ပါးစပ်မှာလဲ အမြှုပ်တွေ ထွက်နေပါတယ်။

“နောက်ဆုံးတော့ အာယာမလေးလဲ သွက်သွက်ခါအောင် ရှူးသွပ်သွားပါတော့တယ်၊ ဆရာဝန်အနေနဲ့ကတော့ သူမဟာ အတိတ်က အန္တရာယ်တစ်ခုခုကို တွေ့ခဲ့ရတယ်လို့ ဆိုပါတယ်၊ ဒီတော့ ကျွန်မကလဲ ဒီအကြောင်းတွေကို ပြောပြတော့ ဆရာဝန်က ဒါဟာ စိတ်ချောက်ချားမှု တစ်ရပ်ပဲလို့ ပြောလာပါတယ်”



www.burmeseclassic.com

www.burmeseclassic.com



"သူမကို တစ်ခါတော့ ကျွန်မသွားကြည့်ခဲ့ပါသေးတယ်၊ သူ့ကို အချုပ်အချယ်နဲ့ ထား,ထားပါတယ်၊ ဒါပေမယ့် မြင်ရတွေ့ရ တာတော့ စိတ်ဆင်းရဲစရာကောင်းလွန်းလို့ အဲဒီကို ကျွန်မ နောက်ထပ် မသွားတော့ပါဘူး"

"သူမသည် အကျဉ်းထောင်ကြမ်းပြင်ပေါ်တွင် ထိုင်ပြီး တကယ်မရှိသောကလေးကို ချော့သိပ်နေပါသည်။ ထို့အပြင် သူမသည် အာယားမများဆိုနေကျ ကလေးချော့သီချင်းကို သီဆိုနေပါတယ်"

"ကျွန်မက သူ့ကို စကားပြောလိုက်သောအခါ သူသည် ကျွန်မကို မှုန်မှိုင်းပြီး အဓိပ္ပါယ်မရှိ၊ ခံစားမှုကင်းမဲ့နေသော မျက်လုံးများဖြင့် စိုက်ကြည့်နေတတ်ပါတယ်။ ပြီးတော့မှ ကျွန်မကို လုံးဝမမြင်မတွေ့ဟန်ဖြင့် ကလေးကိုပဲ ဆက်ချော့နေပါတယ်"

"ကလေးငိုသံ ကြားသေးလား"ဟု ကျွန်မက အရဲစွန့်ပြီး မေးလိုက်သောအခါ သူက စိတ်မရှည်ဟန် စိတ်ရှုပ်ထွေးဟန်ဖြင့် ပြန်ဖြေလေ၏။

"အို . . . ဘယ်သိနိုင်ပါ့မလဲ၊ မသိဘူး၊ ဒါဟာ ဒေါ့တ်လေးရဲ့ ဝိညာဉ်ဆိုတာလဲ ကျွန်မမယုံနိုင်ပါဘူး၊ ဒါဖြင့်ရင် အဲဒါက ဘာလဲ . . . တဲ့"

**CHUNIA, Ayah**

by Alice Perrin

From East of Suez (1926)

◆ ● ◆



www.burmeseclassic.com

www.burmeseclassic.com

## မရဏာရက်ချိန်းပြောင်းစေသူ

သေဒဏ်ပေးခံရရန် ကျိန်းသေသလောက် ရှိသည့် ရာဇဝတ်သားကား ထောင်အချုပ်ခန်းအတွင်း၌ပင် သေဆုံးသွားခဲ့၏။ အဆိုပါ ရာဇဝတ်သား သေဆုံးရသည့်ရောဂါကား ကြောက်မက်ဖွယ် ပြင်းထန်သည့် ပုလိပ်ရောဂါ ဖြစ်၏။ သေဆုံးသူသည် ရာဇဝတ်သားဖြစ်သဖြင့် ဆွေမျိုးမိသားစုအား ပြန်ပေး၍လည်း မဖြစ်ပေ။ ထို့ကြောင့် ထောင်ပိုင်ကြီးသည် ထိုရာဇဝတ်သား အလောင်းမြေကျရေးအတွက် အထူးပင် အလုပ်ရှုပ်လျက်ရှိနေလေ၏။ အဆိုပါ သေဆုံးသွားသော ရာဇဝတ်သားမှာ ရုပ်ရည်သနားကမားရှိ၏။ သူသေဆုံးကာနီး ပြုစုလိုက်ရသော သူနာပြုဆရာမလေးပင် စိတ်မကောင်းဖြစ်လွန်း၍ အကျဉ်းထောင်နံရံထောင့်တွင် မရှက်နိုင်ဘဲ တရှုံ့ရှုံ့ ငိုကြွေးနေလေ၏။

**ငြိမ်းချမ်းစာအုပ်တိုက်**

www.burmeseclassic.com

www.burmeseclassic.com


ဆရာဝန်ကမူ ပုလိပ်ရောဂါပိုးမွှားများ မပြန့်နှံ့စေရန် စနစ်တကျ မီးရှို့လျက်ရှိ၏။ ထောင်ပိုင်ကြီးသည် မျက်နှာကို လက်ကိုင်ပဝါဖြင့်အုပ်၍ အခန်းတွင်းသို့ ဝင်လာပြီး သေဆုံးသူ ရာဇဝတ်သားအား ကြည့်ရှု၏။ ရာဇဝတ်သား၏ တောင့်တင်းနေသော ကိုယ်ခန္ဓာနှင့် အပြာစင်းများကိုတွေ့လိုက်ရသဖြင့် ကျေနပ်သွားပုံပေါ်၏။

ထောင်ထုံးစံအရ ဆရာဝန်က သေဆုံးကြောင်း သေစာရင်း လက်မှတ် ထုတ်ပေးသောအခါ အမှန်တကယ် သေဆုံးမှု ရှိမရှိ ထောင်ပိုင်ကြီးက စစ်ဆေးရ၏။ ထို့မျှသာမက ဂျူရီလူကြီး ၁၂ ဦးကလည်း အမှန်တကယ် သေဆုံးကြောင်း ရှိ မရှိကို ထပ်မံစစ်ကြရမည် ဖြစ်၏။

ထို့ကြောင့် ဂျူရီလူကြီး ၁၂ ဦးသည် နှာခေါင်းများတွင် လက်ကိုင်ပဝါကိုယ်စီပိတ်၍ ထောင်အချုပ်ခန်းထဲသို့ ဝင်သွားကြလေ၏။ ထောင်အမှုထမ်းတစ်ဦးက အဆိုပါ အချုပ်ခန်းသို့ ဦးဆောင်ခေါ်သွား၏။ အဆိုပါ ဂျူရီလူကြီးများသည် အလောင်းကို ခပ်လှမ်းလှမ်းမှ ကြည့်ကြ၏။ အသက်မရှုကြောင်း တွေ့ရသဖြင့် ခေါင်းညိတ်ကာ ခပ်သွက်သွက်ပင် စစ်ဆေးပြီး အခန်းတွင်းမှ ပြန်ထွက်သွားကြ၏။

အဆိုပါ ဂျွန်နေဗီဆန်ဟု အမည်ရှိသော ရာဇဝတ်သား၏ အလောင်းကို သစ်သားခေါင်းတလားတစ်ခုထဲသို့ ထည့်ပြီး ခေါင်းအဖုံးကို ဝက်အူဖြင့် ပိတ်လိုက်၏။ ထို့နောက် အဆိုပါ


www.burmeseclassic.com

www.burmeseclassic.com



ခေါင်းတလားကို အသုဘတင်လှည်းတစ်စီးဖြင့် တင်ဆောင်၍ သုဘရာဇာတစ်ဦးထံ သယ်သွားခဲ့ပါသည်။

ထောင်ပိုင်ကြီးသည် အိမ်သို့ ပြန်ရောက်သောအခါ မိမိ၏ လက်ကိုင်ပဝါ၌ ပုလိပ်ရောဂါပိုးများ ကူးစက်သွားပြီလော ဟူသော သံသယစိတ်ဖြင့် သို့လောသို့လော ဖြစ်နေလေ၏။

ထောင်ပိုင်ကြီး ဤသို့စိုးရိမ်နေစဉ် အများက သေဆုံးပြီဟု မှတ်ယူထားခဲ့သော ဂျွန်နဗီဆန်သည် ဝက်အူချောင်းတစ်ပန်းကန်ကို အားရပါးရ စားသောက်လျက်ရှိနေပါတော့သည်။

ဤကဲ့သို့ ထူးထူးဆန်းဆန်းနည်းဖြင့် ထောင်ထဲမှ လွတ်မြောက်သွားသူမှာအင်္ဂလန်နိုင်ငံတစ်ဝှမ်းခေတ်သစ်ရော်ဘင်ဟုဟူ၍ နာမည်ကျော်ကြားခဲ့သူတစ်ဦး ဖြစ်၏။

သူ့အား ဖမ်းဆီးရမိခဲ့ပြီး ရုံးတင်စစ်ဆေးခဲ့စဉ်ကလည်း သူ၏ ဓားပြတိုက်ခံခဲ့ရဖူးသူ ယောကျ်ား၊ မိန်းမ အများအပြားက လက်ထိတ်ခတ်ခံထားရသူ သူ့အား လာရောက်ကြည့်ရှုကြ၏။ လာရောက်ကြည့်ရှု သူများပြားလွန်းလှသဖြင့် အလှည့်ကျ တန်းစီ၍ ကြည့်ရှုခဲ့ကြရ၏။ ဂျွန်နဗီဆန်က သူ့အား လာကြည့်သူ ပရိသတ်များအား ရယ်မောပြခဲ့လေ၏။ သူသည်ကား သေဒဏ်စီရင်ခံရမည့်အချိန်ကို စောင့်စားနေရသူဖြစ်၏။ သူ မည်သည့် အကြောင်းများကြောင်း သေဒဏ်စီရင်ခံရသည့် ရာဇဝတ်သားဘဝသို့ အဘယ်အကြောင်းကြောင့် ကျရောက်ခဲ့ရ ပါသနည်း။

ဒဒဒ



www.burmeseclassic.com

www.burmeseclassic.com



ဂျွန်နပီဆန်ကို ၁၉၃၆ ခုနှစ်တွင် ယော့ရှိုင်းယားနယ်၊ ပွန်တီ ဖရက်မြို့လေး၌ မွေးဖွားခဲ့၏။ သူ၏မိဘများကမူ လူရိုးလူမှန်များ ဖြစ်၏။ သူကိုယ်တိုင်လည်း ငယ်စဉ်ကလေးဘဝက ပါးနပ်လိမ္မာသူလေး ဖြစ်၏။ သူ အသက် ၁၃ နှစ်သားအရွယ်သို့ ရောက်သောအခါတွင်မှ သူသည် သူတစ်ပါးတို့၏ ကြက်ခိုးရမှု၊ သစ်သီးခိုးစားရမှု နေကောင်း ထိုင်သာရှိသူအဖြစ် ပြောင်းလဲသွားတော့၏။

တစ်နေ့တွင် သူသည် ငွေဇွန်းလေးတစ်ချောင်းကို ခိုးယူစဉ် မိသွားခဲ့သဖြင့် ကျောင်းအုပ်ဆရာကြီးက သူ့ကို ပြင်းပြင်းထန်ထန် ဆုံးမခဲ့လေ၏။ သူ့ကို ကျောင်းသားအများရှေ့တွင် ကြိမ်လုံးဖြင့် ရိုက်၍ ဆုံးမပြခဲ့၏။ ထို့ကြောင့် သူသည် ဆရာကြီးအား မကျေနပ်၍ ထိုနေ့ ညတွင် ကျောင်းအုပ်ကြီးအိမ်သို့ ဖောက်ထွင်းဝင်ရောက်ပြီး ငွေဆယ်ပေါင်နှင့် ဆရာကြီး၏ မြင်းကြီးကို ခိုးထုတ်၍စီးကာ လန်ဒန်မြို့တော် သို့ ထွက်ခွာခဲ့လေတော့၏။

သူသည် လေးရက်တိုင် မြင်းစီး၍ ခရီးနှင်ခဲ့ပြီးနောက် မြို့သို့ လှမ်းမြင်ရသောနေရာသို့ ရောက်သောအခါ ခြေကုန်လက်ပန်းကျနေသော မြင်းကြီးကို လည်ပင်းလိမ်ချိုး၍ သတ်ထားခဲ့ပြီးနောက် ခြေလျင် လျှောက်၍ သွားခဲ့လေ၏။ သူသည် သူ၌ရှိသော ငွေဆယ်ပေါင် အားကိုးဖြင့် လန်ဒန်မြို့ထဲတွင် ရင်ကော့ကာ သွားလာခဲ့၏။ နောက်နာရီ အနည်းငယ်အကြာတွင် သူသည် အရက်ဆိုင်တစ်ဆိုင်၌ အလုပ်ရရှိ ခဲ့၏။ နောက်နှစ်ရက်ခန့်



www.burmeseclassic.com

www.burmeseclassic.com



အကြာတွင် သူသည် တစ်နေရာမှ ငွေပေါင် ၂၀၀ ကို ခိုးယူရရှိခဲ့ပြီးနောက် ဥရောပတိုက်သို့ ခရီးထွက်ခဲ့ပြန်ပါသည်။

ဟော်လန်နိုင်ငံသို့အရောက်တွင် သူသည် သူ၏ဝါသနာဖြစ်သော ခိုးမှုတစ်ခု၌ အဆင်မချောဖြစ်ကာ ဟော်လန်ထောင်သို့ ရောက်ရှိသွားခဲ့ရ၏။

သို့သော်လည်း ဂျွန်နဗီဆန်သည် သူ၏အားထုတ်မှုဖြင့် ထောင်ထဲတွင် ကြာရှည်ကြာမျှ မနေရဘဲ ထွက်ပြေးလွတ်မြောက်ခဲ့၏။ ထို့နောက် ဖင်လန်နိုင်ငံသို့ ဆက်လက်ထွက်ခွာခဲ့လေရာ ဖင်လန်နိုင်ငံ၌ စစ်ပွဲတစ်ပွဲနှင့် ရင်ဆိုင်တိုးခဲ့သဖြင့် သူသည် အသက်အန္တရာယ် လုံခြုံဘေးကင်းရေးအတွက် စစ်တပ်တစ်တပ်ထဲသို့ ဝင်လိုက်၏။ သူဝင်သော စစ်တပ်မှာ စပိန်တပ်မတော်ရှိ အင်္ဂလိပ်အပျော်တမ်းတပ်ဖွဲ့ ဖြစ်လေ၏။

သူသည် အဆိုပါစစ်တပ်တွင် စစ်ပြီးသည်အထိ မနေဘဲ သူ၏လခများနှင့် အခြားသူတို့၏ ငွေများကိုပါ လစ်၍ အင်္ဂလန်သို့ ပြန်လာခဲ့လေ၏။ သူသည် ပြန်ရောက်ကာစက ထုပ်ထုပ်ပိုက်ပိုက် ရလာခဲ့သော ငွေကြေးလေးနှင့် အတော်ပင် ဟန်ကျပန်ကျနေနိုင်ခဲ့ သေး၏။ သို့သော် သူ၏ဗီဇအရ လူကောင်းသူကောင်းအဖြစ် နေထိုင်လုပ်ကိုင်ရခြင်းကို အလွန်ပင် ငြီးငွေ့လှရကား မူလဇာတိရုပ် ပြန်ပေါ်လာတော့၏။

ထို့ကြောင့် ဂျွန်နဗီဆန်သည် သူ၏ငွေရှာဖွေရေးလုပ်ငန်းအတွက် လိုအပ်သောပစ္စည်းများ ဖြစ်သည့် ပစ္စတိုသေနတ် နှစ်လက်၊ မျက်နှာဖုံးတစ်ခု၊ ဘွတ်ဖိနပ်အရှည်တစ်ရန်၊



www.burmeseclassic.com

www.burmeseclassic.com



ကုတ်အင်္ကျီ တစ်ထည်၊ မြင်းတစ်ကောင်တို့ကို ဝယ်ယူခဲ့ပြီး သူ၏လမ်းဓားပြလုပ်ငန်းကို စတင် လုပ်ကိုင်ခဲ့လေတော့၏။ အဆိုပါလုပ်ငန်းမှာ သူ၏ဗီဇနှင့်ကိုက်ညီလှရကား မကြာမီ ရက်သတ္တပတ်အနည်းငယ်အတွင်း သူသည် ခရီးသည်တို့၏ ငွေကြေး၊ လက်ဝတ်လက်စား၊ နာရီအများအပြားကို စုဆောင်း ရရှိခဲ့ပြီး နိုင်ငံအဝှမ်းတွင် ခေတ်သစ်ရော်ဘင်ဟု ဟူသောအမည် ဖြင့် ကျော်ကြားသွားခဲ့လေတော့၏။

ထိုကဲ့သို့ ကျော်ကြားခဲ့ရခြင်း အကြောင်းအရင်းမှာ တစ်နေ့တွင် သူသည် ထမင်းဆိုင်ငယ်လေးတစ်ဆိုင်၌ တည်းခိုနေစဉ် တွေ့ကြုံရသည်မှာ လယ်သမားအိုကြီးတစ်ဦးသည် အဆမတန်ကြီးမားလှသော အတိုးနှုန်းထားများကြောင့် သူ ချေးယူထားသည့် ငွေရှင်အား သူ့လယ်လေးကို ရောင်းချ၍ ကြွေးဆပ်လိုက်ရ၏။ ထိုအဖြစ်အပျက်ကို ကတုန်ကယင်ဖြင့် ဝမ်းနည်းပက်လက်ပြောဆိုရင်း ကိုယ့်ကိုကိုယ် သတ်သေချင်သည်အထိ စိတ်ထိခိုက်လျက်ရှိ၏။ ထိုသို့ အဘိုးအို၏ ပြန်ပြောင်းပြောပြနေခြင်းကို ထမင်းဆိုင်ရှိလူများ ဝိုင်း၍နားထောင် နေစဉ် မလှမ်းမကမ်းရှိစားပွဲတွင် ထိုင်နေသော လူတစ်ဦးသည် သူနှင့် မဆိုင်သကဲ့သို့ ထိုင်နေလေ၏။ ထိုအခါ ဂျွန်နဗီဆန်က အဆိုပါ ခပ်မဆိတ်ထိုင်နေသူအား လက်ညှိုးထိုး၍ "ဒီလူက ဘယ်သူလဲ"ဟု မေးလိုက်ရာ စကားဝိုင်းထဲမှ လူတစ်ယောက်က . . .

"အဲဒီလူပေါ့ဗျ၊ အဘိုးကြီးရဲ့ ကြွေးရှင်ဆိုတာလေ"ဟု ဖြေလိုက်၏။ ထိုအခါ ဂျွန်နဗီဆန်လည်း သူ့စဉ်းလက်စ



www.burmeseclassic.com

www.burmeseclassic.com



အစားအသောက်များကို ခပ်မြန်မြန် လက်စသတ်လိုက်ပြီးနောက် သူ့အခန်းရှိရာ အပေါ်ထပ်သို့ တက်သွားခဲ့၏။ ပြန်ဆင်းလာသောအခါ ငွေထုပ်တစ်ထုပ် ပါလာ၏။ ထိုငွေစဖြင့် ကြွေးရှင်ကို ပြန်ဆပ်ပေးလိုက်၏။

နောက်တစ်နာရီခန့်အကြာတွင် ငွေထုပ်ပိုက်၍ ပြန်လာသူ လယ်သမားအိုကြီး၏ ကြွေးရှင်သည် လူပြတ်သော လမ်းတစ်နေရာ၌ လမ်းမားပြတစ်ဦးနှင့် ပက်ပင်းတိုးလေတော့၏။ ထို့ကြောင့် ကြွေးရှင်သည် အဆိုပါငွေထုပ်ကို လမ်းမားပြလက်သို့ အပ်လိုက်ရ၏။ ထိုအခါ လမ်းမားပြ ဂျွန်နဗီဆန်လည်း ငွေထုပ်ကို ယူ၍ ထမင်းဆိုင်အပေါ်ထပ်သို့ ပြန်တွယ်တက်ပြီး အိပ်နေခဲ့လေ၏။ နောက်တစ်နေ့နံနက်စောစောတွင် ချွတ်ခြုံကျနေသော လယ်သမားအိုကြီးထံ သူမသိသော လူရွယ်တစ်ဦးက မြင်းတစ်စီးဖြင့် ရောက်လာပြီး ငွေအိတ်တစ်အိတ်လှမ်းပေးရင်း . . .

"ရော့ . . . ခင်ဗျားလယ်"

ထိုအခါ လယ်သမားအိုကြီးသည် တအံ့တသြဖြင့် ပြန်မေးရင်း . . .

"အဲဒီမှာ ခင်ဗျားလယ်လေ၊ အဲဒီအထုပ်ထဲမှာ ခင်ဗျားလယ်ပေါ့"ဟု ပြောဆို၍ လူရွယ်သည် မြင်းကို ဒုန်းစိုင်းစီး၍ ပြန်သွားလေ၏။

ထိုကဲ့သို့ ဂျွန်နဗီဆန်သည် လမ်းမားပြအဖြစ်နှင့်အတန်ကြာနေခဲ့ပြီး တဖြည်းဖြည်း ဘေးအန္တရာယ် ထူပြောလာကြောင်း ဆင်ခြင်မိသဖြင့် မားပြဘဝကို စွန့်လွှတ်ပြီး ဇာတိရွာသို့



www.burmeseclassic.com

www.burmeseclassic.com



ပြန်လာခဲ့လေ၏။ သူ့ဇာတိမြို့မှ သူ၏ဖခင်ကြီးနှင့် ဒေသခံများက သူ့အား ရော်ဘင်ဟု လက်သစ်အဖြစ် လှိုက်လှဲစွာကြိုဆိုခဲ့ကြ၏။ ထို့အပြင် သူသည် လီချက်စတာမြို့ဝန်ပင်ဖြစ်သွားခဲ့၏။ မည်ကဲ့သို့ မြို့ဝန်ဖြစ်သွားသည် ကိုကား အသေအချာ မသိရပေ။ သို့သော် သူသည် လူကြီးလူကောင်း အဖြစ်တစ်နှစ်ခန့်နေထိုင်ခဲ့ပြီးနောက် သူ့ဖခင်ကြီးကွယ်လွန်သော အခါတွင်ကား သူ၏ မူလဇာတိဖြစ်သော လမ်းဓားပြ ပြန်ဆက်လုပ်လေ၏။

ထိုအခါတွင်ကား သူကံမကောင်းတော့ပေ။ ခိုးထုပ်ခိုးထည်ဖြင့် လက်ပူးလက်ကြပ်မိပြီး လီချက်စတာအကျဉ်းထောင်သို့ ပြန်ရောက် သွားလေတော့၏။ ထိုအခါ ရော်ဘင်ဟုလက်သစ်ထောင်ထဲတွင် ရောက်နေသောသတင်းသည် အင်္ဂလန်တစ်ပြည်လုံး၌ နာမည်ကြီးသွားခဲ့၏။

ထိုအခါ ကောလာဟလသတင်းများလည်း ထွက်ပေါ်ခဲ့၏။ ဂျွန်နဗီဆန် ထောင်ထဲရောက်နေသည်ဆိုခြင်းမှာ မဟုတ်နိုင်ကြောင်း၊ သူသည် အလွန်ပင် ခုန်ပျံကျော်လွှားနိုင်သူဖြစ်ကြောင်း၊ နံရံအမြင့်ကြီးများကို မြင်းဖြင့်ဖြစ်စေ၊ မြင်းမပါဘဲဖြစ်စေ ခုန်ကျော်နိုင်ကြောင်း၊ သူ့ကို တစ်ချိန်တည်း တစ်ပြိုင်တည်း၌ နေရာနှစ်နေရာ၌ တွေ့ကြရကြောင်း၊ သူသည် မြေလျှိုးမိုးပျံ၍ ကိုယ်ဖျောက်နိုင်ကြောင်း သတင်းများ အင်္ဂလန် တစ်ပြည်လုံး ပျံ့နှံ့နေလေ၏။

**ငြိမ်းချမ်းစာအုပ်တိုက်**

www.burmeseclassic.com

www.burmeseclassic.com



လူအချို့၏ အပြောအရ ဂွန်နဗီဆန်ကို လီချက်စတာမြို့ အနီး၌ ညစဉ် မြင်းနက်ကြီးကို စီး၍ မြင်တွေ့ရကြောင်း၊ အချို့ကလည်း သူ့ကို လန်ဒန်၊ ဘရစ်စတူန်းမြို့များတွင် မြင်တွေ့ကြရကြောင်း ပြောဆိုကြလေ၏။ ဤကဲ့သို့ ပြင်ပလောကတွင် ကောလာဟလ သတင်းမျိုးစုံ ပျံ့နှံ့နေစဉ် ဂွန်နဗီဆန်သည် လီချက်စတာထောင်၏ အခန်းကျဉ်းလေး ထဲတွင် ထိတ်တုံးကြီး ခတ်လျက် ခံထားရလေ၏။ ထို့ကြောင့် လှုပ်ရှားမှု ပင် မပြုနိုင် ဖြစ်နေရလေ၏။

ထိုအခါ လီချက်စတာထောင်ပိုင်ကြီးအဖို့မှာမူကား မည်မျှပင် နာမည်ကြီးသော လူစွမ်းကောင်းဖြစ်စေကာမူ သာမန်လူသား တစ်ယောက်မျှသာဖြစ်ပြီး၊ မကြာမီရက်ပိုင်းအတွင်း ရုံးတင်စစ်ဆေးခံရမည်ဖြစ်ပြီး ဂွန်နဗီဆန်ကို သေဒဏ်ပေးခံရမည်မှာကား သေချာလှပေ၏။ ယူဆထား၏။ သူသည် ကြိုးစင်ထက်တွင် ကွပ်မျက်ခံရမည်ကား ကျိန်းသေသလောက်ရှိသူဟု ထောင်ပိုင်ကြီးကိုယ်၌က ယုံကြည်ခဲ့၏။ သို့ရာတွင် သူ၏ အထင်နှင့်အမြင်ပါ စင်အောင်လွဲခဲ့၏။

ထောင်ပိုင်ကြီးနှင့် ထောင်အမှုထမ်းများသည် ဂွန်နဗီဆန်ကို ထိတ်တုံးခတ်ထားသည့်အပြင် မျက်ခြည်မပြတ် စောင့်ကြည့်ခဲ့၏။ ထိုသို့ ကြည့်နေစဉ်မှာ ရာဇဝတ်သား ဂွန်နဗီဆန်သည် အပြင်းအထန် ဖျားပါတော့၏။ ထို့ကြောင့် ထိတ်တုံးဖြုတ်ပေးလိုက်၏။ သူသည် နာမည်ကြီး အကျဉ်းသားတစ်ဦး ဖြစ်သဖြင့်လည်း သူတွေ့လိုသူ ဧည့်သည်များအား တွေ့ဆုံခွင့် ပေးထား၏။



www.burmeseclassic.com

www.burmeseclassic.com



သို့ဖြင့် ဂျွန်နဗီဆန်က သူ့မိတ်ဆွေတစ်ဦးအား သူ့ကို သူ၏ ဆရာဝန်ဖြင့် တွေ့ဆုံပေးရန် ပြောကြားလာ၏။ ဂျွန်၏ အခြေအနေမှာ အတော်ပင် ဆိုးဝါးကြောင်း ပုဂ္ဂိုလ်အတော် များများက ထောင်းပန်ကြသဖြင့် ထောင်ပိုင်ကြီးသည် ဂျွန်နဗီ ဆန်အား သူ့ကိုယ်ပိုင်မိသားစု ဆရာဝန်ဖြင့် ကုသရန် အခွင့်ပြု လိုက်လေ၏။

သူ၏ မိသားစုဆရာဝန်ကြီးမှာ ဥပမိရုပ်ကောင်းလှ ပြီး တစ်ခေါင်းလုံး ဆွတ်ဆွတ်ဖြူနေ၏။ ထို့ကြောင့် ထောင်အမှု ထမ်းများက လေးလေးစားစား ဆက်ဆံကြလေ၏။ ထောင်အမှု ထမ်းများက သူတို့ နှစ်ဦးပြောဆိုကြသည့်စကားကို ကြားနိုင် လောက်သည့် မလှမ်းမကမ်း အကွာအဝေးမှ စောင့်နေကြလေ ၏။

အဆိုပါ ဂျွန်၏မိသားစုဆရာဝန်ကြီးသည် ဂျွန်နဗီဆန် ကို သေချာစွာ စစ်ဆေးစမ်းသပ်ပြီးနောက် ခေါင်းကို ဖြည်းညင်း စွာ ခါရမ်းလိုက်၏။ ထို့နောက် ဆရာဝန်ကြီးသည် ထောင်အမှု ထမ်း တစ်ဦးအား သူ့ကို ထောင်ပိုင်ကြီးထံ ပို့ပေးရန် ပြောသဖြင့် ထောင်အမှုထမ်းသည် ဆရာဝန်ကြီးအား ထောင်တွင်းရှိ လမ်းကျဉ်းလမ်းကွေ့များကို ကျော်ဖြတ် ၍ ထောင်ပိုင်ကြီးထံ ခေါ်ဆောင်သွားလေ၏။ ထိုအခါ ထောင်မိုင်ကြီးက-

"အခြေအနေက ဘယ်လိုရှိလို့ပါလဲဗျ" ဟု မေးလိုက်ရာ ဆရာဝန်ကြီးက . . .



www.burmeseclassic.com

www.burmeseclassic.com



"ခင်ဗျားတို့ရဲ့ အကျဉ်းသားရဲ့ အခြေအနေက အတော့်ကို ဆိုးဝါးနေပါတယ်၊ ပြင်းပြင်းထန်ထန်ကို ကြောက်စရာကောင်းအောင်လည်း ဖျားနေပါတယ်၊ ဒါကြောင့် သူ့ကို ခုလိုပဲ မှောင်မည်းညစ်ပေနေတဲ့ အခန်းထဲမှာ ဆက်ထားရင် သေနိုင်တယ်"ဟု ပြောသောအခါ ထောင်ပိုင်ကြီးက အကျဉ်းသားအား အခန်းနေရာ ရွှေ့ပြောင်းပေးရန် မဖြစ်နိုင်ကြောင်း ငြင်းဆိုသော်လည်း ဆရာဝန်ကြီးက အကျဉ်းသား၏ ရောဂါအခြေအနေ ပိုမိုဆိုးဝါးပါက အခြားသူတို့အား ကူးစက်နိုင်ကြောင်း ပြောဆိုသောအခါတွင်မှ အခန်းပြောင်းပေးရန် သဘောတူ သွားလေ၏။

ဤသို့ဖြင့် နောက်တစ်နာရီခန့်အကြာတွင် အကျဉ်းသား တစ်ပတ်ခန့် နေခဲ့ရသောအခန်းမှ ပိုမိုကျယ်ဝန်းသောအခန်းသို့ ပြောင်းရွှေ့ပေးခဲ့၏။ အကျဉ်းသားသည် အသက်ကိုပင် မနည်းရှူ၍ နေရသဖြင့် အသက်ရှင်ရန် မျှော်လင့်ချက်ကား နည်းပါးလှပေ၏။

ဆရာဝန်ကြီးသည် သူ့လူနာအား အထူးကြိုးစား၍ ကုသပေး၏။ တစ်နေ့ ၃ ကြိမ် လာရောက်ကုသပေး၏။ နောက်တစ်ကြိမ် ထောင်ပိုင်ကြီးနှင့် ဆုံတွေ့သောအခါ သူနာပြုဆရာမ တစ်ဦး ထားပေးရန် တောင်းဆိုပြန်၏။ ထိုအခါ ထောင်ပိုင်ကြီးက . . .

"ဒီပုံစံအတိုင်းဆိုရင် သူနာပြုဆရာမ ထားစရာ မလိုလောက်ပါဘူး" ဟု ပြောလိုက်သောအခါ ဆရာဝန်ကြီးက



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပါတယ်၊ ဒါပေမယ့် သူဟာ သိပ်အားနည်းနေတယ်၊ သနားစရာကောင်းလောက်အောင် အားနည်းနေတယ်၊ ဒါကြောင့် နူးညံ့တဲ့အပြုအစုလေးများကြောင့် သူဟာ ညင်ညင်သာသာ အသက်ထွက်နိုင်မှာမို့ပါ"ဟု ရှင်းပြပြီးနောက် နောက်တစ်နေ့တွင် ဆရာဝန်ကြီးသည် ချောမောလှပ၍ သတ္တိရှိသော အမျိုးသမီးငယ်တစ်ဦးကို ခေါ်ဆောင်လာလေ၏။ သူမမှာ ၁၈ နှစ်ခန့်သာ ရှိလေ၏။ အဆိုပါသူနာပြုဆရာမရောက်လာပြီး နှစ်ရက်အကြာတွင် ဆရာဝန်ကြီးသည် လူနာ၏ရောဂါကို ရှာဖွေတွေ့ရှိတော့၏။ လူနာရောဂါမှာ ပလိပ်ရောဂါဖြစ်ကြောင်း ကြေညာခဲ့လေ၏။ ယခုအခါတွင် လူနာ၏ ချိုင်းကြား၊ ပေါင်ခြံများတွင် အကျိတ်များထွက်လာ၏။ နောက်တစ်နေ့တွင် လူနာ၏ အရေပြားအောက်မှ အညိုစင်းကြီးများ ပေါ်လာတော့၏။ လူနာ၏အခြေအနေမှာ မျှော်လင့်ချက် မရှိတော့ပေ။ အခြားလူများအား ရောဂါကူးစက်မြန်လွယ်သောအခြေ အနေသို့ ရောက်ရှိနေပြီ ဖြစ်၏။

ထောင်ပိုင်ကြီးသည် ရာဇဝတ်သားအခြေအနေကို သိရှိရန် လာကြည့်သေး၏။ သို့သော် လူနာ၏ ခုတင်နားအထိကား မသွားခဲ့ပေ။ လေးလေးပင်ပင်ကြီး အသက်ရှူရှိုက်နေရသော လူနာကို အဝေးမှသာ ကြည့်သွားခဲ့၏။ လူနာ၏ တစ်ကိုယ်လုံးတွင် အညိုစင်းများ ပေါ်နေပြီ ဖြစ်၏။ ထိုအခါ ထောင်ပိုင်ကြီးသည် သူ၏နှာခေါင်း၊ ပါးစပ်ပေါက်တို့ကို လက်ကိုင်ပဝါဖြင့် ပိတ်ပြီး ခပ်သွက်သွက် ပြန်လှည့်ထွက်သွားလေတော့၏။



www.burmeseclassic.com

www.burmeseclassic.com



နောက်တစ်နေ့တွင် လူနာ၏ ပြင်းထန်ဆိုးဝါးသော ညည်းညူသံကြီးကို ထောင်ကြီးတစ်ခုလုံးနီးပါး ကြားနေကြရ၏။ ထို့ကြောင့် မည်သည့် ထောင်အမှုထမ်းမှ အကျဉ်းသားထားရာ နေရာမှ ကိုက်တစ်ရာ အတွင်းသို့ ဖြတ်သန်းခြင်း မပြုကြတော့ပေ။ အကျဉ်းသားသည် နောက်တစ်နေ့ တိုင်အောင်ပင် ဆက်လက် ညည်းတွားနေလေ၏။ ထိုနေ့ညပိုင်း ရောက်သော အခါတွင်မှ ကွယ်လွန်သွားလေ၏။ နံနက်မိုးလင်း အလင်း ရောင်ပေါ်လာသည်အထိ ဆရာကြီးနှင့် သူနာပြုဆရာမလေး တို့သည် အတူရှိနေကြ၏။ နံနက်လင်းသောအခါတွင်မှ သူနာပြု ဆရာမလေးသည် သူနာပြုပစ္စည်းများ ထည့်သောခြင်းကို ဆွဲ၍ ထောင်တွင်းမှ ငိုရှိုက်ရင်း ထွက်သွားသည်ကို ထောင်သားအားလုံး မြင်တွေ့လိုက်ရ၏။

ဆရာဝန်ကြီးသည် အကြောင်းစုံကို ထောင်ပိုင်ကြီးထံ သတင်းပို့လိုက်၏။ သေဆုံးသူ၏ အခန်းတွင်း၌ ရောဂါပိုးမွှားများ သေစေရန် ဆေးမှုန့်များကို မီးရှို့ထား၏။ ဤတစ်ကြိမ်တွင် ထောင်ပိုင်ကြီးသည် အကျဉ်းခန်းအတွင်းသို့ပင် မဝင်တော့ဘဲ အခန်းဝမှနေ၍ လှမ်းကြည့်လိုက်၏။ အကျဉ်းသားကား အသက် မရှိတော့ပေ။ ဆရာဝန်ကြီးက သွေးခုန်မှုမရှိတော့ကြောင်း၊ အကျဉ်းသားမှာ သေဆုံးသွားပြီဖြစ်ကြောင်း အတည်ပြုလိုက် လေ၏။ ထို့နောက် အဖွဲ့ဝင် ၁၂ ဦးပါသော ဂျူရီလူကြီးများ ကလည်း အလောင်းစစ်ဆေးရန်လာကြပြန်၏။ သူတို့ဆရာဝန်၏ ရောဂါကူးစက်ပြန့်ပွားနိုင်ကြောင်း ကြိုတင်သတိပေးချက်ကြောင့်



www.burmeseclassic.com

www.burmeseclassic.com



လည်းကောင်း၊ ဆေးမှုန့်များ မီးရှို့ထားသော မီးခိုးငွေ့များ အကြားမှ လူသေကောင်တင်ထားသော ခုတင်ပေါ်သို့ ခေတ္တ ခဏမျှ ကြည့်ရှုပြီး၊ ကြွန္ဒြေမပျက်ခပ်မြန်မြန်စစ်ဆေးပြီး ပြန်ထွက် သွားကြ၏။

ထိုသို့ ထွက်သွားစဉ် နောက်ဆုံးကျန်ခဲ့သော ဂျူရီလူကြီး သည် အလောင်းကောင်ထံမှ ချောင်းဆိုးသံသဲ့သဲ့ကို ကြားလိုက် မိ၏။ အဆိုပါ ချောင်းဆိုးသံမှာ ကျန်းမာသောသူတစ်ဦး၏ အဆုတ်ထဲသို့ မီးခိုးဝင်သဖြင့် မွန်ပြီး ချောင်းဆိုးသောအသံမျိုး ဖြစ်၏။ သူကိုယ်တိုင်လည်း မီးခိုးမွန်ပြီး ချောင်းဆိုးလေရာ သူလည်း ဆက်လက် မစဉ်းစားတော့ဘဲ အခြားသူများနောက်မှ ခပ်သုတ်သုတ် လိုက်ပါသွားတော့၏။

ခေတ္တကြာသောအခါ သုဘရာဇာတစ်ဦးနှင့် နောက် လိုက် ၃ ဦးသည် ခေါင်းတစ်လုံးကို ထမ်း၍ ထောင်ထဲ ဝင်လာ၏။ တာဝန်ကျထောင်အမှုထမ်းမှာ ရောဂါကူးစက်မည်ကို ကြောက် သဖြင့် အခန်းတံခါး ဖွင့်ပေးပြီး အခြားနေရာသို့ ရှောင်သွား လေ၏။

ထို့နောက် သုဘရာဇာနှင့်အဖွဲ့သည် လူသေကောင်ကို အခေါင်းထဲ ညင်သာစွာထည့်ပြီး ခေါင်းအဖုံးကို သေချာစွာ ပိတ်ကာ ခေါင်းကိုထမ်း၍ ထောင်မှအပြင်သို့ ထွက်ခွာလာ တော့၏။ ဆရာဝန် ကြီးလည်း နောက်မှ လိုက်ပါလာခဲ့၏။

သူတို့ ထောင်နံရံကြီးကို ကျော်လွန်မိသည်အထိ အခြား သူ တစ်စုံတစ်ယောက်ကိုမျှ မတွေ့မြင်ကြရချေ။ ထို့နောက်



www.burmeseclassic.com

www.burmeseclassic.com



သူတို့သည် အဆင်သင့်ရပ်ထားသော လှည်းပေါ်သို့ ခေါင်းကို တင်ပြီး သုသာန်ရှိ သုဘရာဇာဇရပ်သို့ လှည်းကို ဆွဲသွားကြလေ၏။ ဇရပ်သို့ ရောက်ကြသောအခါ သူတို့သည် ခေါင်းကို လှည်း ပေါ်မှ ဖြည်းညင်းစွာချပြီး ခေါင်းအဖုံးရှိ စက္ကူများကို လှည့်ဖွင့်ပြီး ခေါင်းဖုံးကို လှပ်ကာ . . .

"ကဲ . . . ဂျွန်၊ ထလို့ရပြီ"ဟု ပြောလိုက်သောအခါ အလောင်းသည် မျက်စိများပွင့်လာ၍ သူ့မျက်နှာမှာ မချိုမချဉ် ပုံစံ ဖြစ်နေ၏။ သုဘရာဇာ၏ အိမ်ရှင်မသည် မီးဖိုပေါ်မှ ဝက်အူ ချောင်းကြော်အိုးကို ချလိုက်၏။ ထို့နောက် ထမင်းစားပွဲတစ်ခုကို ခင်းလိုက်၏။ ပြီးနောက် ဂျွန်သည် ဝက်အူချောင်းကြော်ပန်းကန် ကို ယူ၍ အားရပါးရ စားလေတော့၏။

ဤကြိုးပမ်းဆောင်ရွက်မှုများကား ဂျွန်နပီဆန်နှင့် အဖွဲ့၏ ပြောင်မြောက်လှသော အသက်ဘေးမှ လွတ်မြောက်ရန် ကြိုးပမ်းအား ထုတ်ခဲ့သည့် လှည့်ကွက်တစ်ရပ်ပင် ဖြစ်၏။ ဤလှုပ်ရှားမှုတွင် ဆရာဝန်ကြီးနှင့် သူနာပြုဆရာမလေးတို့သည် အလွန်ပင် စွန့်စားခဲ့ကြ၏။ အထူးသဖြင့် သူတို့သည် ဤအရေး တွင် ဆေးပညာကို အသုံးပြု၍ လှည့်ကွက်ထွင်ခဲ့ကြ၏။

အညိုစင်းများ ဖန်တီးရာတွင် သူနာပြုဆရာမသည် ကလေးများ ဆော့ကစားရာတွင် အသုံးပြုသည့် ရေဆေးခေါ် ကပ်ခွာဆေး တစ်မျိုးကို အသုံးပြု၍ ဖန်တီးခဲ့၏။ ဤကဲ့သို့ ခက်ခက်ခဲခဲ သေဘေးမှ လွတ်မြောက်ရန် အားထုတ်ခဲ့ရသော်လည်း ဂျွန်နပီဆန်သည် ကောင်းမွန် အေးဆေးစွာ ဘဝကို



www.burmeseclassic.com

www.burmeseclassic.com



ဆက်လက်နေထိုင်ခြင်း မပြုခဲ့ပေ။ ထို့နောက် သူသည် မြင်း တစ်စီးရှာကာ လမ်းခားပြတစ်ဦးအဖြစ် ပြန်လည်လုပ်ကိုင်ခဲ့ပြန် ပါသည်။

သူသည် သူကျွမ်းကျင်သော လမ်းခားပြတစ်ဦးအဖြစ် ပြန်လည် လုပ်ကိုင်ရာတွင် ပုံမှန်ခားပြတိုက်ခြင်းမျိုးပင် မဟုတ် တော့ဘဲ သူ့ပါးစပ်မှလည်း သူ့ကိုယ်သူ နာမည်ကျော် ဂျွန်နဗီဆန် ဖြစ်ကြောင်း ထုတ်ဖော်ပြောဆိုခဲ့သေး၏။

ထို့ကြောင့် ကောလာဟလသတင်းများ ပြန်လည်ထွက် ပေါ် လာခဲ့၏။ အချို့က ဂျွန်နဗီဆန်သည် သူ့ကို မြှုပ်ထားရာ ခေါင်းထဲမှ ပြန်ထွက်လာကြသည်ဟု ချဲ့ထွင်ပြောဆိုလာကြသဖြင့် သက်ဆိုင်ရာ ပုဂ္ဂိုလ်များသည် ဂျွန်နဗီဆန်၏ခေါင်းကို ပြန်လည် တူးဖော်ကာ စုံစမ်းစစ်ဆေးကြလေ၏။ ထိုအခါ ခေါင်းတလား ကြီး ပိတ်ထားသော ဝက်အူများပင် လက်ရာခြေရာမပျက် ပိတ် ထားသည်ကို တွေ့ရပြီး အထဲသို့ ဖွင့်ကြည့်သောအခါတွင်မှ ဗလာ နတ္ထိဖြစ်နေသည်ကို တွေ့မြင်ကြရ လေ၏။

ထိုအခါ ထောင်ပိုင်ကြီးသည် သူ၏ထောင်ကြီးထဲ၌ပင် ပြန်၍ အကျဉ်းသားအဖြစ် စံမြန်းရလေတော့၏။ ထိုအချိန်တွင် ဆရာဝန်ကြီးရော၊ သူနာပြုဆရာမတို့ပါ ကြက်ပျောက် ငှက်ပျောက် ပျောက်ကုန် ကြ၏။

ဤသို့ဖြင့် ဂျွန်နဗီဆန်သည် နောက်ထပ် ၁၀ နှစ်ထိုင် ကာ သူကျွမ်းကျင်သော လမ်းခားပြလုပ်ငန်းကို ဆက်လက် လုပ်ကိုင်နိုင်ခဲ့၏။ သူ၏ လျင်မြန်ဖျတ်လတ်မှု၊ ဖြတ်ထိုးဉာဏ်



www.burmeseclassic.com

www.burmeseclassic.com



ကောင်းမှုတို့ကြောင့် သူ့အား ဖမ်းဆီး၍ မရခဲ့ပေ။ သူ၏ လှည့်ကွက်ကြောင့် သူကျူးလွန်သော ဓားပြမှုအတွက် အခြား ဓားပြတစ်ဦး အဖမ်းခံသွားရ၏။

ဤသို့ဖြင့် ဂွန်နဗီဆန်တွင် တဖြည်းဖြည်း နောက်လိုက် နောက်ပါများ များပြားလာ၏။ ၁၆၄၅ ခုနှစ်တွင် ဈေးသို့ သယ် ဆောင် သွားသော ကျွဲ၊ နွားအုပ်များကိုပင် လုယူတိုက်ခိုက်သဖြင့် တစ်နိုင်ငံလုံး အုတ်အော်သောင်းတင်း ဖြစ်သွားခဲ့၏။ ထို့ကြောင့် အာဏာပိုင်များသည် သူ့အား လက်ပူးလက်ကြပ် ဖမ်းမိရန် ကြိုးပမ်းခဲ့သဖြင့် အဖမ်းခံရပြီး ထောင်ထဲတွင် နှစ်အတန်ကြာ သွားနေခဲ့ရ၏။ ထို့ကြောင့် သူသည် ထောင်ထဲမှ လွတ်မြောက် ရေး၊ လွတ်ငြိမ်းခွင့်ရရေးအတွက် စစ်တပ်ထဲတွင် အပျော်တမ်း စစ်သည်အဖြစ် ဝင်ရောက်အမှုထမ်းခဲ့၏။ ထို့နောက် သူသည် လွတ်ငြိမ်းခွင့်ရသည်နှင့် လမ်းဓားပြ ပြန်လုပ်ခဲ့၏။ ဤတစ်ကြိမ် တွင် ဂွန်၏သတင်းမှာ ပိုမိုကျော်ကြားလာသဖြင့် ရှင်ဘုရင်ပင် မနေသာတော့ဘဲ ဆုတော်ငွေများ ထုတ်ရတော့၏။ လန်ဒန် ဂေဇက်ထဲ၌ . . .

"ရာဇဝတ်သား ဂွန်နဗီဆန်ကို လက်ရဖမ်းဆီးပေးနိုင်ပါ က ဆုတော်ငွေ ပေါင်နှစ်ဆယ် ချီးမြှင့်မည်"ဟု ကြေညာလိုက်၏။

တစ်နေ့ ၁၆၅၈ ခုနှစ်၊ မတ်လ ၁ ရက်နေ့တွင် ဗိုလ်ကြီး ဟတ်ကက်ဆယ်သည် ဂွန်ကို တွေ့သွားခဲ့၏။ ထို့ကြောင့် သေနတ် ကို ထုတ်ပြီးချိန်ကာ . . .



www.burmeseclassic.com

www.burmeseclassic.com



"ခင်ဗျားဟာ ဂျွန်နပီဆန်ပဲ"ဟု ပြောလိုက်၏။ ထိုအခါ ဂျွန်က

"ကျွန်တော့်နာမည်က ဂျွန်ဆင်ပါ၊ ဘာများလုပ်မိလို့ပါလဲ" ဟု လှိမ့်လိုက်၏။

"မဟုတ်ဘူး၊ ခင်ဗျားဟာ နပီဆန်ပဲ၊ ကျုပ်နဲ့သာ လိုက်ခဲ့ပေတော့"ဟု ပြောဆိုခေါ်ဆောင်လေ၏။ ထိုအခါ ဂျွန်နပီဆန်လည်း ခပ်ပြုံးပြုံးလုပ်ပြီး ပခုံးနှစ်ဘက်ကို တွန့်ပြပြီး . . .

"ဒီနာမည်ကိစ္စက ဘာလဲဗျ၊ ဒီနာမည်ကို ကျုပ်အနေနဲ့ ဘာ ဖုံးကွယ်စရာမှ မရှိပါဘူး"

သို့သော် ယခုတစ်ကြိမ်တွင် ဂျွန်နပီဆန်သည် မလွတ်မြောက်တော့ပေ။ သူ ယခင် လီချက်စတာတွင် လှည့်ဖြားခဲ့သည်များကို သိရှိထားပြီးဖြစ်သော ယော့ခ်ျ အကျဉ်းထောင်ထောင်ပိုင်ကြီးသည် သူ့အား မည်သည့်အခွင့်အရေးကိုမျှ မပေးတော့ဘဲ တင်းတင်းကျပ်ကျပ် ထားလေ၏။ အကျဉ်းသားတစ်ဒါဇင်ကို ခတ်နိုင်သော ထိတ်တုံးကြီးဖြင့် ခတ်ထား၏။ သူ၏ အော်ဟစ်ညည်းတွားသံများကို မည်သူကမျှ ဂရုမပြုတော့ပေ။ ပြောင်လှောင်သရော်ခြင်းများသာ ပြုခဲ့ကြတော့၏။ သူ့အမှုကိုလည်း မြန်မြန်ပြီးနိုင်သမျှ ပြီးစီးရန် ရုံးတင်စစ်ဆေးခဲ့၏။

သူ့ကြောင့် အဖမ်းခံရသော လီချက်စတာ ထောင်ပိုင်ကြီးမှာ ဂျူရီလူကြီး ၁၂ ဦး ထောက်ခံချက်အရ ယခုအခါတွင်မှ ထောင်မှ လွတ်တော့၏။

**ငြိမ်းချမ်းစာအုပ်တိုက်**

www.burmeseclassic.com

www.burmeseclassic.com



၁၈၆၅ ခုနှစ်၊ မေလ ၁ ရက်နေ့တွင် စီရင်ချက်ချပြီးနောက် ၃ရက်အကြာ ပြစ်ဒဏ်စီရင်ရန် သူ့အား ခေါ်ဆောင်သွားခဲ့၏။ မေလ ၄ ရက်နေ့ နံနက်စောစောတွင် မျက်နှာကို အဝတ်စည်းခံထားရသော ဂျွန်နဗီဆန်သည် သစ်ပင်တစ်ပင်အောက်ရှိ လှည်းတစ်စီးပေါ်တွင် မတ်တတ်ရပ်လျက်ရှိ၏။ လည်ပင်းတွင် ကြိုးကွင်းစွပ်ပြီးနောက် လှည်းကို မောင်းထွက်သွားသောအခါတွင် ဂျွန်နဗီဆန်၏ ခန္ဓာကိုယ်ကြီးသည် တွန့်လိမ်ကွေးကောက်ရင်း သစ်ပင်တွင် တန်းလန်းကြီး ကျန်ရစ်ခဲ့၏။

လာရောက်ကြည့်ရှုသူ လူထုပရိသတ်ကြီးမှာ တိတ်ဆိတ်လျက်ရှိ၏။ ဂျွန်၏ ကိုယ်ခန္ဓာကြီး လုံးဝငြိမ်သက်သွားသောအခါတွင်မှ ကြိုးကို ဖြုတ်ချပြီး အသင့်ရှိသည့်ခေါင်းတစ်လုံးထဲ ထည့်လိုက်ကြ၏။ ထိုအချိန်မှစ၍ ဂျွန်နဗီဆန်သည် ခေါင်းထဲမှ ပြန်မထနိုင်တော့ပေ။

သို့သော် ဂျွန်နဗီဆန်၏ ဥပဓိရုပ်ကောင်းမှု၊ သတ္တိရှိမှု၊ ကြင်နာသနားတတ်မှုတို့သည်ကား အင်္ဂလန်နိုင်ငံတွင် ပြောစမှတ်ပြုလောက် အောင်ပင် တွင်ကျန်ရစ်ခဲ့ပါတော့သတည်း။

**World's most Thrilling Esapes**

◆ ● ◆



www.burmeseclassic.com

www.burmeseclassic.com

## ရုပ်ပြောင်းရုပ်လွှဲအတတ်ပညာ

အေးမြသည့် ရာသီဥတု၏ တစ်ခုသောနံနက်တွင် အသက် ၃၀ ဝန်းကျင်ရှိ အရပ်မြင့်မြင့် ဗလကောင်းကောင်းနှင့် အဲလက်ဘာရစ်ဂ်စ်သည် ရှေးဟောင်းခရီးသွားကားတစ်စီးကို ဒါန်ဝါရိသစ်တောအတွင်း မောင်းနှင်လျက် ရှိလေသည်။ သူသည် ကာနာရာခရိုင်၏ သစ်တောဝန်ထောက်ဖြစ်ပြီး ဒါန်ဝါရိတွင် အခြားသော အင်္ဂလိပ်သစ်တောအရာရှိများ၊ အိန္ဒိယအရာရှိများနှင့် ဆွေးနွေးရန် ခရီးထွက်လာခြင်းဖြစ်ပါသည်။ သူသည် ဂတ်စ်တောင်တန်းများပေါ်သို့ ရောက်ရှိလာပြီး ကျယ်ပြန့်သည့် လွင်ပြင်သို့ နောက်ထပ် မိုင် ၂၀ ထက်မနည်း သွားရပေဦးမည်။

ဤလမ်းခရီးကို သူသည် ကောင်းစွာ ကျွမ်းကျင်နေပြီဖြစ်၏။ လွန်ခဲ့သည့် သီတင်းပတ်လေးငါးပတ်ခန့်ကပင် သူနှင့် အင်္ဂလိပ်လူမျိုး မိတ်ဆွေတစ်ဦးက ဤလမ်းအတိုင်းမောင်း



www.burmeseclassic.com

www.burmeseclassic.com



လာခဲ့ပြီး ကွေ့တစ်ခုတွင် ကျားတစ်ကောင်နှင့် ရင်ဆိုင်တွေ့ခဲ့ရသေး၏။ ကျားသည် တစ်ချက်ဟိန်းပြီး တစ်ဖက်သို့ ရှောင်သွားခဲ့လေ၏။

ဘာရစ်ဂ်စ်လည်း ကား၏အမြန်နှုန်းကိုမြှင့်၍ ကားကိုအပြင်း မောင်းခဲ့လေ၏။ ရှေ့တစ်မိုင်ခန့်တွင် တောထဲ၌ ထင်းခွေနေသည့် တော သူမိန်းမကြီးနှစ်ယောက် သုံးယောက်ကို တွေ့ခဲ့ပြန်ပါသည်။ သူတို့က စိုးရိမ်တကြီးဖြင့် ဤနားတစ်ဝိုက်တွင် ကျားတစ်ကောင်ရှိနေသဖြင့် သူတို့၏ကားပေါ်သို့တက်၍ လိုက်ခဲ့ကြရန် အော်ဟစ်ပြောဆိုလိုက်ရာ ထိုမိန်းမကြီးများက သူ၏ဖိတ်ခေါ်မှုကို အပြုံးနှင့် ပယ်ချခဲ့ကြလေ၏။ သူတို့က ပြောလိုက်ပါသေး၏။

"ဩော် . . . ဟိုကျားအိုကြီးကို ပြောတာလား၊ နေ့တိုင်းတွေ့နေကျပါပဲ၊ သူက ဘာမှ ရန်မပြုပါဘူး၊ တစ်ခါမှလဲ လူတွေကို ဒုက္ခမပေးပါဘူး"

ဘာရစ်ဂ်စ်လည်း အထက်ပါအဖြစ်အပျက်ကို ပြန်လည်သတိရပြီး ပြုံးလိုက်ပါတော့သည်။ ပြီးနောက် သူတို့ဘေးပတ်ဝန်းကျင်ရှိ သစ်ပင်ကြီးများကို ကြည့်လိုက်၏။ သို့သော် သူမောင်းနှင်သွားရမည့် လမ်းကြောင်းလည်း ပိတ်ဆို့နေသည်ကို တွေ့ရှိရလေ၏။

ထိုစဉ် သူတို့အရှေ့ဘက်ရှိ မြက်ခင်းပေါ်သို့ အင်္ဂလိပ်လူမျိုးတစ်ဦး ထွက်ပေါ်လာလေ၏။ သူ့တွင် ဦးထုပ်လည်း မပါရှိပေ။ ဝတ်ထားသည်မှာလည်း ထူးဆန်းသည့် မီးခိုးရောင်



www.burmeseclassic.com

www.burmeseclassic.com



ပိတ်စတစ်စဖြစ်ပြီး ဟောင်းနွမ်းသော်လည်း ပုံပန်းကျန၍ အကြမ်းခံသော ဝတ်စုံတစ်စုံ ဖြစ်လေသည်။ ဤတောကြီး မျက်မည်းထဲတွင် ဒီလူဘာတွေလုပ်နေပါလိမ့်ဟု ဘရစ်ဂ်စ်သည် တွေးနေမိ၏။

သူလည်း ထိုသူ၏အနီးသို့ ရောက်ရှိသောအခါ ကားကို ဘရိတ်အုပ်၍ ရပ်လိုက်၏။ အနီးသို့ရောက်သောအခါတွင်မှ ထိုသူ၏ ကိုယ်လုံးကိုယ်ပေါက်ထူးခြားပုံကို ဘရစ်ဂ်စ် သတိပြုမိလေ၏။ သူသည် အရပ်အမောင်း ၆ပေ-၂ လက်မခန့်ရှိသော်လည်း သူ၏ခြေလက်များမှာ 'တို'နေလေ၏။ သူ့အရပ်နှင့်စာလျှင် အချိုးအစားလုံးဝမကျပေ။ တစ်ဖက်တွင်လည်း ခြေဆံလက်ဆံတိုမှုကြောင့်ပင်လျှင် သူ့ခန္ဓာကိုယ်သည် ကြောင်တစ်ကောင်ကဲ့သို့ လှပပြီး ကျက်သရေရှိနေလေ၏။

ဘရစ်ဂ်စ်က ထိုသူကို ယဉ်ကျေးစွာဖြင့် . . .

"ဟယ်လို ! ဘာဖြစ်လို့လဲ၊ ကျွန်တော် ဘာအကူအညီ ပေးရမလဲ၊ လမ်းပျောက်နေပြီထင်တယ်"ဟု နှုတ်ဆက်လိုက်၏။ ထိုအခါ လူစိမ်းက သာယာယဉ်ကျေးသည့်လေသံဖြင့် ပြန်ဖြေလိုက်၏။

"မဟုတ်ပါဘူး၊ လမ်းမပျောက်ပါဘူး၊ ကျွန်တော်က ဒီတောကို ကျွမ်းကျင်ပါတယ်၊ ပြီးတော့လဲ ဒေသဆိုင်ရာ လမ်းညွှန်များလဲ ရှိပါတယ်၊ ကျွန်တော်က တောပစ်ထွက်လာတာပါ၊ အခုက ကျွန်တော် စခန်းကိုပြန်မလို့ပါ၊ စခန်းက တောအစပ်မှာဆိုတော့ နည်းနည်းလှမ်းနေလို့ ကားကြုံ လိုက်ချင်လို့ပါ"ဟု



www.burmeseclassic.com

www.burmeseclassic.com



ပြန်ဖြေလိုက်ရာ၊ ဘာရစ်ဂ်စ်လည်း ရင်းရင်းနှီးနှီး လေသံမျိုးဖြင့် . . .

"အို . . . ရတာပေါ့ . . . လာပါ . . .၊ အပေါ်ကိုတက်ပါ၊ ကျွန်တော်ပြောပြမယ်၊ အခု ကျွန်တော်တို့ ရှေ့ ၂ မိုင်လောက်မှာရှိတဲ့ မြေညီကို မောင်းမယ်၊ ဟိုရောက်မှ မနက်စာစားမယ်၊ ကားနောက်ပိုင်းမှာ စားစရာခြင်းတောင်း ပါလာပါတယ်၊ ခင်ဗျားပါ ဝင်စားရင်တော့ ပျော်စရာ ကြီးပါပဲဗျာ"

"သိပ်ကို ကျေးဇူးတင်ပါတယ်ဗျာ . . . ကျွန်တော့်နာမည်က ဆာဗိုင်းလ်ပါ၊ ကျွန်တော်က တပ်ရင်း ၈၂ ကပါ၊ လွန်ခဲ့တဲ့သုံးနှစ်က ကျွန်တော်ပင်စင်ယူလိုက်ပါတယ်၊ ခုတော့ အားတဲ့အတွက် တစ်ခါ တလေ တောပစ်ထွက်တာပါဗျာ"

ကားသည် မကြာမီ မြေညီသို့ ရောက်လာလေ၏။ ဘာရစ်ဂ်စ်သည် ကားတံခါးကိုဖွင့်၍ ထွက်လိုက်၏။ ပြီးနောက် စားစရာခြင်းတောင်းကို ကားနောက်ပိုင်းမှထုတ်၍ သင့်တော်သည့် ကမူပေါ်သို့ တင်လိုက်လေ၏။ ခြင်းတောင်းထဲတွင် စားသောက်ဖွယ်အစုံ ပါရှိလေ၏။ ပိုင်ရှင်ကိုယ်တိုင်ကလည်း ခရီးထွက်လျှင် ကိုယ်တိုင် စိတ်ကြိုက် စီစဉ်လေ့ ရှိလေသည်။

ဓာတ်ဘူးကြီးနှစ်လုံးနှင့် လက်ဖက်ရည် အပြည့်ထည့်ပြီး ဖြူဖွေးတောက်ပသည့် ပန်းကန်ခွက်ယောက်၊ ဇွန်း၊ ခက်ရင်း၊ ဓားတစ်စုံနှင့် အအေးဓာတ်ပေးထားသည့် ကြက်သား၊ ဝက်ပေါင်ခြောက်၊ အမဲသားပြား၊ စပျစ်သီးခြောက်၊ ကိတ်မုန့်၊ သစ်သီး



www.burmeseclassic.com

www.burmeseclassic.com



များတို့သည် ခရီးသည်၏ ဆာလောင်မွတ်သိပ်မှုကို စောင့်ဆိုင်း ကြိုဆိုနေလေ၏။

ဘရစ်ဂ်စ်သည် ကြက်သားကို အတုံးကြီးတစ်တုံး လှီးလိုက်ပြီး မိတ်ဆွေသစ် လူစိမ်းကို ပေးကျွေးလိုက်၏။ ထိုအချိန်တွင် ဆာဗိုင်းလ်သည် ပန်းကန်ပြားကို အလောတကြီး ယူလိုက်သဖြင့် ဘရစ်ဂ်စ်၏ စိတ်ထဲတွင် 'ဒီလူတော့ ငတ်နေတယ် ထင်တယ်'ဟုပင် ထင်မြင်မိလိုက် ပါသေး၏။

အမှန်တကယ်ပင် ထိုလူစိမ်းသည် ငတ်မွတ်နေခဲ့သူ ဖြစ်လေ၏။ ထို့ကြောင့်လည်း ဘရစ်ဂ်စ်သည် ပထမတစ်ပန်းကန် မကုန်မီပင် သူ၏ပထမပန်းကန် ကုန်သွား၍ ဒုတိယပန်းကန် စားရန် အဆင်သင့်ဖြစ်နေလေ၏။ ထို့နောက်တွင် ဆာဗိုင်းလ်သည် ကြည်လင်ယဉ်ကျေးသော အသံမျိုးဖြင့် ပြောလိုက်လေ၏။

"ဒီသစ်တောထဲမှာ တစ်ယောက်တည်း ခရီးသွားရတာ မကြောက်ဘူးလား" ဟု မေးလိုက်ရာ ဘရစ်ဂ်စ်က အံ့သြစွာဖြင့် ပြန်ဖြေ လေ၏။

"ဟင့်အင်း . . . ဘာဖြစ်လို့လဲ"

"အင်းလေ၊ ဒါကလဲ အရုပ်စကားဖြစ်ချင်ဖြစ်မှာပါ၊ ဒါပေမယ့် တချို့ ယုံကြည်စိတ်ချရလောက်တဲ့ လူတွေဆီက ကြားရတာကတော့ ဒီသစ်တောတစ်ဝိုက်မှာ ကျားသစ်လူသားတွေရှိတယ်တဲ့ဗျ"

ဘရစ်ဂ်စ်က ထိုသူသည် အရှေ့ထောင်မှ လွတ်လာသူများ ဖြစ်နေမည်လားဟု စဉ်းစားမိလေ၏။ ထို့ကြောင့် သူ့အား တိုက်ရိုက်ပြန်မေးမည့်အစား တည်ငြိမ်စွာ ပြန်ပြောလိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



"ဟင့်အင်း . . . ကျွန်တော်တော့ တစ်ခါမှ ဒါမျိုး မကြားဖူး ပါဘူး၊ ခင်ဗျားပြောတဲ့ ကျားသစ်လူသားဆိုတာ ဘာလဲဗျ"

"အဲဒါတွေကတော့ သူတို့ပြောင်းချင်တဲ့စိတ်ရှိတဲ့အခါ မျိုးမှာ ပြောင်းလဲပစ်လို့ရတဲ့ ယောကျ်ား မိန်းမတွေပေါ့ဗျာ၊ နောက်ပြီးတော့လဲ လူ့ဘဝပြန်ပြောင်းတဲ့ ကျားသစ်တွေလဲရှိသေး တယ်၊ ဘာပဲဖြစ်ဖြစ် မထူးပါဘူးလေ၊ နောက်ဆုံးတော့ အတူတူပဲ. . . . မဟုတ်ဖူးလား"ဟု ပြော လိုက်၏။ စကားအဆုံး တွင် ဆာဗိုင်းလ်သည် ဟန်လုပ်၍ပြုံးလိုက်၏။

ဘရစ်ဂ်စ်လဲ အလေးအနက် စိတ်ဝင်စားစပြုလာသည်။

"အဲဒီလိုလူမျိုးကို ခင်ဗျားလဲ မတွေ့ဖူးဘူး၊ မဟုတ်လား"

"ဟာ . . . တွေ့ဖူးတာပေါ့ဗျာ၊ ကျွန်တော်က သိပ်ကံဆိုး တော့ လွန်ခဲ့တဲ့ လေးနှစ်လောက်တုန်းက အဲဒီလိုမျိုး မိန်းမ တစ်ယောက်ကို လက်ထပ်ခဲ့မိတယ်လေ"

ထိုစကားကြားရသောအခါ ဘရစ်ဂ်စ်သည် မျှော်လင့် ထား သည်ထက်ပင် ပိုလွန် အံ့သြနေလေတော့၏။

"ဟာ . . . ခင်ဗျားဟာကလဲ . . . ဒါမျိုးတော့ဖြင့် ကျုပ် အနေနဲ့ မယုံနိုင်ပေဘူးဗျ"

ဆာဗိုင်းလ်၏ ယဉ်ကျေးသောအမူအရာက မပြောင်း လဲပါ။

"အင်းလေ၊ ဒီစကားမျိုးကတော့ ရုတ်တရက်တော့ လက်ခံ နိုင်ဖွယ် မရှိပါဘူး၊ ဒါပေမယ့် ခင်ဗျား နည်းထောင်



www.burmeseclassic.com

www.burmeseclassic.com



ချင်တယ်ဆိုရင်တော့ ကျွန်တော့အဖြစ်ကို ကျွန်တော် ပြန်ပြောပြမယ်၊ နားထောင်ပြီးမှ ယုံတာ မယုံတာ ခင်ဗျားသဘောပေါ့၊ ဟုတ်လား"

"ကောင်းပြီ . . . ပြောပါဗျာ"

"လွန်ခဲ့တဲ့ ၈ နှစ်လောက်တုန်းက ကျွန်တော်ဟာ ဗိုလ်မှူး အဆင့်ကို ရရှိခဲ့ပါတယ်၊ အဲဒီမှာ ကျွန်တော်လည်း အိမ်ထောင်ပြုဖို့ အချိန်ကျပြီလို့ ထင်လိုက်မိပါတော့တယ်၊ တပ်ထဲမှာက ဗိုလ်ကြီး အဆင့်ထက် နိမ့်တဲ့လူတွေဟာ လူပျိုတွေများပါတယ်၊ အိမ်ထောင်ရှိတဲ့ ဗိုလ်ကြီးတွေဟာလည်း လူသိပ်မများပါဘူး၊ ဒါပေမယ့် ဗိုလ်မှူးတွေ အနေနဲ့ကတော့ ဇနီးရှိဖို့လိုအပ်တယ်၊ ဒါနဲ့ ကျွန်တော်လဲ သင့်လျော်တဲ့ အမျိုးသမီးတစ်ဦးကို ရှာခဲ့ပါတယ်"

"ယောက်ျားတစ်ဦးဟာ ဇနီးရှာပြီဆိုရင် အံ့ဩစရာကောင်းတာက သူရှာနေတဲ့ ပုံစံမျိုးရှိတဲ့မိန်းမကို မကြာခင်မှာပဲ တွေ့ရတော့တာ ပါပဲဗျာ၊ ကျွန်တော့်ရဲ့ ဘဝကြင်ဖော်ကို ခန်းအက်ရှ်ဒေသက ဒူလီယာမှာ တွေ့ခဲ့ပါတယ်၊ အဲဒီမှာ သူ့အဖေက မီးရထားအရာရှိတစ်ဦးပါ၊ လက်ထပ်ပြီးတော့ ပျားရည်ဆမ်းခရီးသွားဖို့ကျတော့ သူက အနောက်ဘက်မှာရှိတဲ့ ခန်းအက်ရှ်ဒေသက တောနက်ကြီးတွေထဲမှာ တောလိုက်ဖို့ ပြောလာပါတယ်၊ တကယ်တမ်း တောထဲကို သွားတဲ့အခါကျတော့လဲ သူဟာ ခါတိုင်းထက် ပိုပြီးမြူးတူးပျော်ရွှင်နေတယ်ဗျ၊ ပျားရည်ဆမ်းခရီး ပြီးတော့ ကျွန်တော့်တပ်ရှိတဲ့ "မဟောင်း"ကို



www.burmeseclassic.com

www.burmeseclassic.com



သွားကြပါတယ်။ မိုးတွင်း ကာလကလည်း တဖြည်းဖြည်း ကုန်လွန်သွားပါတယ်၊ အဲဒီမှာ ပိုလိုတို့၊ ကရစ်ကက်တို့၊ တင်းနစ်တို့ ကစားရတာလဲ စစ်တပ်ရဲ့ ထုံးစံတစ်ခု မဟုတ်လား။ ကျွန်တော်တို့အားရင် ကစားကြပါတယ်၊ ကျွန်တော့် ဇနီးဟာ နည်းနည်းတော့ မျက်နှာမျှားချင်တယ်ဗျ၊ ဒါကလဲ သိပ်တော့ မဆန်းပါဘူး၊ သူ့ဘဝဆိုတာလဲ ကျွန်တော်နဲ့လက်ထပ်ပြီးမှသာ ပြင်ပ လောကကို ထိတွေ့ရတာလေဗျာ၊ အဲဒီတော့ သူလဲ လွတ်လပ်တဲ့ ဘဝရဲ့အရသာကို အစွမ်းကုန် ခံစားချင်ရှာမှာ ပေါ့လေ"

"သူ့ရဲ့ အခင်မင် အရင်းနှီးဆုံးပုဂ္ဂိုလ်ကလဲ အစိုးရ အရာရှိ တစ်ဦးပါပဲ၊ နာမည်က ထရဲဗယ်လီယန်တဲ့၊ နိုင်ငံရေး ဌာနမှာ လုပ်ပါတယ်၊ သူ့ရာထူးကတော့ ဆာဝီလီယံရဲ့ ပထမ လက်ထောက်အရာရှိ ပါပဲ၊ ဆာဝီလီယံဟာ ဗဟိုအိန္ဒိယနိုင်ငံ ဘုရင်ခံချုပ်ရဲ့ ကိုယ်စားလှယ် တစ်ဦးပဲပေါ့ဗျာ၊ ထရဲဗယ်လီယန် ဟာ ခန့်ခန့်ချောချောနဲ့ ကိုယ်လုံးကိုယ်ပေါက် ခပ်ဖြောင့်ဖြောင့် တစ်ယောက်ပါ၊ ကျွန်တော်ကိုယ်တိုင် သူ့ကို သိပ်ပြီးခင်မင်တော့ ကျွန်တော့်ဇနီးနဲ့ အခုလို ခင်ခင်မင်မင် နေတာကို ကျွန်တော့် အနေနဲ့ နည်းနည်းလေးမှ သဝန်မကြောင်ခဲ့ပါဘူး၊ နိုဝင်ဘာလ လောက်ကျတော့ ဘန်ဒဲယ်ခန်းမှာရှိတဲ့ ဆာဝီလီယံရဲ့စခန်း မှာ ခရစ္စမတ်စ်အားလပ်ရက်(ဆယ်ရက်)ကို အဲဒီမှာလာနေဖို့ ဖိတ်ကြားခြင်းကို ခံရပါတယ်၊ ထရဲဗယ်လီယန်က ကျွန်တော်တို့ အတွက် ဖိတ်ကြားလိုက်တာပဲလို့ ကျွန်တော်ထင်လိုက်မိပါတယ်၊



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်ထင်တဲ့ အတိုင်းလဲ မှန်ပါတယ်၊ ဗဟိုအိန္ဒိယကို စခန်းထွက်ရမယ်ဆိုလို့ ကျွန်တော်တို့ကတော့ ပျော်နေတာပါပဲ။ ကျွန်တော့်အနေနဲ့လဲ ပထမဆုံး ကျားကိုပစ်ရတော့မယ်လို့ တွေးတောရင်း ပျော်မိပါတယ်"

"အင်း. . . ခပ်တိုတိုပြောရရင်တော့ အဲဒီစခန်းကို ခရစ္စမတ်အကြိုနေ့ ညနေပိုင်းမှာ ရောက်သွားခဲ့ပါတယ်၊ အဲဒီမှာက လူသိပ်မများပေမယ့် ကြီးမားပြီး ဇိမ်ကျတဲ့တဲကြီးတွေက အများကြီးရှိပါတယ်၊ ရောမကြီးကျယ်ခန်းနားတဲ့ တဲကြီးတစ်လုံးကို နှစ်ပိုင်းပိုင်းထားပြီး တစ်ပိုင်းက ထမင်းစားခန်း၊ တစ်ပိုင်းက ဧည့်ခန်းလုပ်ထားပါတယ်၊ ဆာဝီလီယံဟာ ဧည့်သည် ၈ ဦးကို ဖိတ်ကြားထားခဲ့ပါတယ်၊ ကျွန်တော်အပါအဝင် ၃ဦးက ဇနီးသည်တွေကို ခေါ်လာကြပါတယ်၊ ခရစ္စမတ်နေ့အတွက်လဲ ပွဲကြီးပွဲကောင်းတစ်ခုကိုလည်း စီစဉ်ထားပါတယ်၊ သူကိုယ်တိုင်တော့ တောပစ်မလိုက်ပါဘူး၊ ဒါပေမယ့် တစ်နေ့မှာ သူက ဆာဝီလီယံကို လာတွေ့ပါတယ်"

"ခင်ဗျား သူ့ကိုသိသလား"ဟု ဆာဗိုင်းလ်က ဖြတ်မေးလိုက်၏။

"ဟင့်အင်း . . . မဟာရာဂျာတွေနဲ့ ကျွန်တော်က အသိအကျွမ်းနည်းပါတယ်"

"ခင်ဗျား သူ့ကို တစ်ခါတွေ့ဖူးရင်တော့ ဘယ်တော့မှ မေ့မှာ မဟုတ်တော့ သူ့အရပ်က ၆ ပေရှိပြီး ရုပ်ရည်ရူပကာယက သိပ်ပြီး ချောမောပါတယ်၊ ကျွန်တော့်ဇနီးနဲ့ ကျွန်တော်က



www.burmeseclassic.com

www.burmeseclassic.com



သပ်သပ်စီ တည်းရပါတယ်၊ ကျွန်တော်က အိပ်ရင် သိပ်ဟောက် တတ်တော့ သူကလည်း တစ်ယောက်တည်း အိပ်ချင်တာနဲ့တော့ အတော်ပဲ ဖြစ်သွားပါတယ်၊ ကျွန်တော်တို့ရဲ့ တဲနှစ်လုံးဟာ စခန်းရဲ့အစွန်မှာ ရှိပါတယ်၊ ခရစ္စမတ် နေ့ကျတော့ ကျွန်တော် တို့အားလုံး တဲကြီးထဲမှာ ပျော်ပျော်ရွှင်ရွှင် တွေ့ဆုံကြပြီး ပေါင်မုန့် မီးကင်၊ ကြက်ဥနဲ့ လက်ဘက်ရည်ကို စားသောက်ကြရင်း တစ်ဦးနဲ့တစ်ဦး ပျော်ရွှင်သော ခရစ္စမတ်စ်ဖြစ်ပါစေလို့ ဆု တောင်းပေးကြပါတယ်၊ ပြီးတော့မှ ခရီးထွက်ကြတယ်လေ၊ လမ်းခရီး တစ်ခုလုံးလိုလိုပဲ မဟာရာဂျာရဲ့ဆင်တွေပေါ်ကပဲ စီးပြီး လိုက်ခဲ့ရပါတယ်၊ ပထမပိုင်းတော့ စိတ်ဝင်စားစရာ ကောင်းပါတယ်၊ ဒါပေမယ့် နွေးကွေးလွန်းပါတယ်၊ တစ်နာရီမှ နှစ်မိုင်လောက်ပဲ ခရီးပေါက်ပါတယ်၊ ကျားတွေရှိတဲ့နေရာလည်း ရောက်ရော ကျွန်တော်တို့လူစုလဲ ဆင်တွေပေါ်က ဆင်းပြီး သတ်မှတ်ထားတဲ့နေရာတွေကို လမ်းလျှောက်သွားကြပါတယ်၊ ကျွန်တော်က လူသစ်ဆိုတော့ အပြင်ဘက်စခန်းမှာ နေရာယူ ရပြီး တကယ်တမ်း ပစ်ရခတ်ရတဲ့အထဲမှာ မပါပါဘူး၊ ဒါပေမယ့် အကောင်ကြီးပစ်တဲ့ပွဲမှာတော့ ကံက စကားပြောတယ်လေ”

“ရုတ်တရက်ဆိုသလိုပါပဲ၊ ဂြိုဟ်းမားတဲ့ သားကောင်ရဲ့ လေးလံပျင်းတွဲတဲ့ ခြေသံကိုကြားရပြီးတဲ့နောက် ကျွန်တော်ရှိ နေတဲ့ သစ်ပင်အောက်က မြေပြန့်ပေါ်ကို ကျားထီးကြီး တစ်ကောင် ထွက်လာပါတယ်၊ ကျားကြီးက အားကောင်း မောင်းသန်ရယ်ပါ။ သူ့ကိုယ်ပေါ်က အစင်းတွေဟာ တောက်



www.burmeseclassic.com

www.burmeseclassic.com



ပြောင်နေပြီး သူ့အမွေးတွေကလည်း ဆောင်းလည် ဆိုတော့ အရှည်ကြီးတွေနဲ့ပေါ့၊ ကျွန်တော်လဲ သူ့ရဲ့ပခုံးကို သေသေချာချာချိန်ပြီး ပစ်ထည့်လိုက်ပါတယ်၊ ကျားကြီး လဲကျသွားပါတယ်၊ နောက်ထပ်တစ်ချက်ပစ်လိုက်ပြီး သေနတ်ကို ကျည်ဆန်ဖြည့်ရင်းနောက် တစ်ကောင်ကို စောင့်နေပါတယ်၊ အဲဒီအချိန်မှာပဲ နောက်ထပ်သေနတ် သံနှစ်ချက် ကြားရပါတယ်၊ သေနတ်သံတစ်ချက်နဲ့တစ်ချက်ကြားမှာ အချိန်တိုလေးပဲ ခြားပါတယ်၊ အသံလာတာကတော့ ဆာဝီလီယံတို့ ဘက်ကလာတဲ့ အသံပါပဲ၊ သူတို့လဲ ကျားတစ်ကောင်တော့ရပြီလို့ ကျွန်တော် ထင်လိုက်ပါတယ်၊ ကျွန်တော့်တွေးလုံး မှန်ပါတယ်၊ တောခြောက်သူတွေတက်လာတော့ အတွေ့အကြုံတွေကို နှိုင်းယှဉ်ကြပါတယ်၊ တောခြောက်တဲ့အထဲမှာ ကျားကြီးတစ်ကောင်နဲ့ ကျားမတစ်ကောင် ပါပါတယ်၊ ကျွန်တော်က တစ်ကောင်ရတယ်ဆိုတော့ ဆာဝီလီယံက တခြားတစ်ကောင်ကို ရတာပေါ့လေ"

"ခင်ဗျားကတော့ အတော်ကံကောင်းတဲ့လူပဲဗျ၊ ပထမတစ်ကြိမ် တော်တက်တာနဲ့ ကျားရတယ်ဆိုတော့ . . ." ဟု ဘရစ်ဂ်စ်က ခပ်တိုးတိုး ပြောလိုက်လေ၏။

"ဟုတ်ပါတယ်၊ ကျွန်တော် ကံကောင်းပါတယ်၊ အဲဒီညထမင်းပွဲမှာတော့ ကျွန်တော့်ထက်ပိုပြီး ပျော်ရတဲ့ညီ့သည်မရှိတော့ ပါဘူး၊ ဒါပေမယ့် ခုတော့ ကျွန်တော်ဟာ ဇာတ်လမ်းရဲ့ အဆိုးဘက်ကို ရောက်လာပါပြီ၊ ခင်ဗျား မငြီးငွေ့ပါဘူးနော်"

ဆာဗိုင်းလ်က မေးခွန်းထုတ်ရင်း ပြောလိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



"မငြီးငွေ့ပါဘူးဗျာ . . . တဆိတ်လောက် ဆက်ပြောပါ၊ ကျွန်တော် သိပ်စိတ်ဝင်စားပါတယ်"

"ကောင်းပါပြီဗျာ . . . . နောက်တစ်နေ့မနက် တဲကြီးမှာ လက်ဖက်ရည်နဲ့ မုန့်စားကြသောက်ကြတော့ ဗဟိုအိန္ဒိယမြင်းတပ်က ဟောင်းဝပ်ဆိုတဲ့ လူငယ်တစ်ဦးက အကြီးအကျယ်တုန်တုန်လှုပ်လှုပ်နဲ့ ပြေးဝင်လာပါတယ်၊ သူက ဆာဝီလီယံသော်မဆင့်ကို ဦးတည်ပြီး အော်ပြောလိုက်ပါတယ်"

"ဆရာ . . . မနေ့ညက ကျွန်တော်တို့တဲထဲကို ကျားသစ်တစ်ကောင် ဝင်လာပါတယ်၊ ကျွန်တော့်တဲနဲ့ ကပ်ရက်က ထရဲဗယ်လီယန်ရဲ့ တဲအပြင်ဘက်မှာရယ်၊ ခြေရာလမ်းကြောင်းတွေ တွေ့ရတယ်"

"သူ့စကားကြောင့် မဖြစ်နိုင်တာလို့ ပြောတဲ့အသံတွေ ထွက် လာပြီး အားလုံးက ကျားသစ်ခြေရာတွေကိုကြည့်ဖို့ ပြေးထွက်လာကြ ပါတယ်၊ တကယ်ပဲ ခြေရာတွေရှိနေပါတယ်၊ ဘာမှသံသယဖြစ်စရာ မရှိပါဘူး၊ ကျားသစ်က သိပ်တော့ မကြီးနိုင်ပါဘူး၊ ခြောက်ပေခွဲ၊ ခုနစ်ပေ ဆိုတာ အလွန်ဆုံးပေါ့၊ ခြေရာကို ကြည့်ပြီး ဆုံးဖြတ်ရတာလေ"

"ဒီအကြောင်းကို တစ်ယောက်တစ်ပေါက် ပြောကြပြီးတော့ တခြားအကြောင်းတွေကို ပြောကြပါတယ်၊ အဲဒီနေ့က တောရဲ့ဟိုဘက်ပိုင်းကို ခြောက်ကြသေးတယ်၊ ဒါပေမယ့် ဘာမှ မရပါဘူး၊ နောက် တစ်နေ့မနက်ကျတော့ ဟောင်းဝပ်ရောက်လာပြီး စခန်းထဲကို ကျားသစ်ဝင်လို့ ခြေရာအသစ်တွေ



www.burmeseclassic.com

www.burmeseclassic.com



ထပ်တွေ့ရကြောင်း ပြောပြန်ပါလေရော၊ ဒီတစ်ခါတော့ ခြေရာတွေဟာ ကျွန်တော့်ဇနီးနေတဲ့ တဲရဲ့အပြင်ဘက် မှာ ဖြစ်နေတယ်၊ ကျွန်တော်လဲအကော်ကြီး ထိတ်လန့်သွားပါတယ်၊ ထရဲဗယ်လီယန်ကိုယ်တိုင်လဲ ဒီသတင်းကိုကြားရတော့ သတိလစ်မတတ် ဖြစ်သွားခဲ့ပါတယ်၊ ဒီကိစ္စကို ဆာဝီလီယံတော့ သတိပြုမိသလား၊ မပြုမိဘူးလား မပြောတတ်ပါဘူး၊ ဒါပေမယ့် သူသတိပြုမိရင်လဲ သူက ဖုံးကွယ်ပြီး ပြောလိုက်ပါတယ်"

"ငါပြောမယ်၊ မင်းတို့ထဲက တစ်ယောက်ယောက်က ဒီနေ့ညမှာ စခန်းနဲ့ကပ်လျက်နေပြီး ကျားသစ်အလာကို ထိုင်စောင့်ရမယ်။ တို့က ဆိတ်တစ်ကောင်ကို ချည်ထားပေးမယ်၊ ကျားသစ်ဟာ ဒီညနေ ၅ နာရီ ၆ နာရီလောက်မှာ ထွက်လာမှာပဲ၊ သူက ဆာလဲဆာနေပြီ၊ လူလဲ မကြောက်တော့ဘူးဆိုတော့ ဒီညမှာ တို့စခန်းကိုဝင်တော့မှာ မဟုတ်ဘူး၊ ဆာဗိုင်းလ် မင်းထိုင်ပြီးစောင့်မလား" တဲ့ . . .

ကျွန်တော်ကလဲ လွယ်လွယ်ကူကူပဲ သဘောတူလိုက်ပါတယ်၊ နောက်တော့ ရဲမင်းကြီးဂျိုးဝါးစ်တို့အဖွဲ့နဲ့အတူ တောပစ်သွားကြတော့ ဝက်ဝံကြီးတစ်ကောင် ရလာပါတယ်၊ နောက်တော့ လက်ဖက်ရည် သောက်ကြပြီးတဲ့နောက် ကျွန်တော်ဟာ စခန်းနဲ့ ကိုက် ၂၀၀ လောက်ဝေးတဲ့ သစ်ပင်တစ်ပင်မှာ သွားထိုင်နေပါတယ်၊ ဆိတ်တစ်ကောင်ကိုလဲ အဲဒီမှာ ချည်ထားလိုက်ပါတယ်၊ ဒါပေမယ့် ကျားသစ်ရဲ့ အရိပ်အယောင်တောင် မတွေ့ရပါဘူး၊ ဘယ်မျောက်ကမှလည်း အသံမပြုပါဘူး၊ ဘယ်



www.burmeseclassic.com

www.burmeseclassic.com



ငှက်ကမှလည်း အသံမပေးကြပါဘူး၊ ဆိတ်ကလည်း အေးအေး ဆေးဆေးပဲ ငြိမ်နေပါတယ်၊ ခဏတော့ မြက်စားနေပါတယ်၊ နောက်တော့ အသာပဲလှဲချပြီး ငြိမ်နေပါတယ်၊ မြင်ရတာကတော့ ဆိတ်ဟာ အိပ်ပျော်သွားတဲ့ပုံပါပဲ"

"ကျွန်တော်လဲ စိတ်လှုပ်ရှားလာပြန်ပါတယ်၊ တစ်ချိန် တည်းမှာပဲ ထရဲဗယ်လီယန်ရဲ့သွင်ပြင်ကို မနက်စာစားတုန်းက တွေ့ရတဲ့ပုံကို ခေါင်းထဲကထုတ်လို့မရနိုင်ဘူး ဖြစ်နေပါတယ်၊ ကျွန်တော်လဲ ဆာဝီလီယံရဲ့ ဖိတ်ကြားချက်ကိုလက်ခံခဲ့တာ မှားပြီ လို့ နောင်တရမိပါတယ်၊ ပထမနဲ့ ဒုတိယညတွေတုန်းက ထရဲဗယ် လီယန်ဟာ ကျွန်တော့် အကြိုက်ကိုလိုက်ပြီး ကျွန်တော့်ကို သိပ် ဂရုစိုက်တာပါပဲ၊ ဒါပေမယ့် တတိယနေ့ကျတော့ သူဟာ ကျွန်တော့်ဇနီးကို ရှောင်နေပုံရပါတယ်၊ စတုတ္ထနေ့ကျတော့ သူ့ကြည့်ရတာ ကျွန်တော့်ဇနီးကို ကြောက်နေပုံ ရပါတယ်"

"ညစာစားချိန် မရောက်မီမှာပဲ ကျွန်တော်ဟာ သစ်ပင် အောက်က ထွက်ပြီး ကျွန်တော့်တဲကို ပြန်ပါတယ်၊ ညစာအတွက် အဝတ်အစားလဲပါတယ်"

"ကျွန်တော်ဟာ အင်မတန် အအိပ်ကြီးတဲ့လူပါ၊ ဒါ ပေမယ့် အစားများလို့ပဲဖြစ်ဖြစ်၊ အသောက်များလို့ပဲဖြစ်ဖြစ်၊ ကျွန်တော်ဟာ သန်းခေါင်ကျော် နှစ်ချက်ထိုးချိန်ဆို နိုးနေကြပါ။ အဲဒီညက လကလဲ ပြည့်ခါနီးပြီ၊ လရောင်အောက်မှာ မြင်လိုက် ရတဲ့မြင်ကွင်းကြောင့် ကျွန်တော်ဟာ ဖောက်ထိုးမိုးမျှော် ဖြစ်လု မတတ် ဖြစ်သွားပါတယ်၊ ကျားသစ်တစ်ကောင်ဟာ ကျွန်တော့်



www.burmeseclassic.com

www.burmeseclassic.com



တဲရဲ့ ခန်းဆီးနားကိုကပ်ပြီး ဖြတ်သွားတယ်ခင်ဗျ၊ အဲဒီညက သိပ်မချမ်းလို့ ကျွန်တော်လဲ တဲရဲ့ရွက်ထည် တံခါးတွေကို ချ မထားပါဘူး၊ ကျွန်တော်လဲ ဘာလုပ်ရမှန်း မသိတော့ပါဘူး၊ လူက ကြောက်ကလဲကြောက်နေပါပြီ၊ အကောင်းဆုံးကတော့ တစ်မိနစ် နှစ်မိနစ်လောက် စောင့်ပြီးမှ အပြင်ထွက်ပြီး ချောင်းဖို့ပါပဲလို့ ထင်လိုက်ပါတယ်၊ အဲဒီအတိုင်းပဲ ကျွန်တော်လုပ်လိုက်ပါတယ်၊ ကျွန်တော်လဲ တဲတံခါးဝကို ခေါင်းပြူပြီး ကျားသစ်ကိုကြည့်လိုက် တော့ မရှိတော့ဘူး၊ ပျောက်သွားပြီဗျ၊ ဒါနဲ့ ကျွန်တော်လဲ ကျွန်တော့်မိန်းမရဲ့တဲကို သွားကြည့်တော့ တဲထဲမှာ ဘယ်သူမှ မရှိဘူး၊ သူ့ညဝတ်အကျႌက ခုတင်ပေါ်မှာပဲ ရှိနေပါတယ်၊ ကျွန်တော်လဲ ကျွန်တော့်ဇနီးဟာ ထရဲဗယ်လီယန်ရဲ့တဲကို သွား တယ်လို့ထင်ပြီး ခေါင်းထဲ သွေးတက်လာပါတယ်၊ ဒါပေမယ့် သူ့အဝတ်အစားတွေအားလုံးက သူ့ကုလားထိုင် ပေါ်မှာ ရှိနေတော့ ကျွန်တော်လဲ စိတ်ကို တည်ငြိမ်အောင် ကြိုးစား လိုက်ပါတယ်၊ ထရဲဗယ်လီယန်ရဲ့တဲကို သွားပြီး လူရယ်စရာ ဖြစ်အောင်တော့ မလုပ်တော့ဘူးလို့ စိတ်ကို ဆုံးဖြတ်လိုက်ပါ တယ်၊ ကိုယ့်တဲကိုယ် ပြန်လာပြီး ကျွန်တော့်ဇနီး ပြန်လာတော့မှပဲ မေးကြည့်တော့မယ်ဆိုပြီး အိပ်ရာထဲ ပြန်လှဲနေလိုက်တာ တစ်ခဏအတွင်း အိပ်ပျော်သွားလိုက်တာ နံနက်မိုးလင်းလို့ ကျွန်တော့်ဇနီးက ဝတ်စားပြီး မနက်စာသွားမစား တော့ဘူးလား လို့ မေးတော့မှပဲ နိုးလာပါတော့တယ်၊ ကျွန်တော်လဲ ကမန်း ကတန်း အဝတ်အစားလဲပြီး ထမင်းစားခန်းကို သွားခဲ့ပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



"အဲဒီတော့မှ စိတ်လှုပ်ရှားစရာကို ပိုပြီးတွေ့ခဲ့ရပါတယ်၊ ဒီတစ်ခါတော့ ကျားသစ်ရဲ့ ခြေရာအသစ်စက်စက်တွေကို တွေ့ရဘဲ့အတွက် ကျွန်တော်က ထရဲဗယ်လီယန်ကို လှမ်းကြည့်လိုက်တော့ သူ့မျက်နှာဟာ ဖြူဖျော့ပြီး ကြောက်ရွံ့နေတဲ့ပုံ ပေါ်နေပါတယ်၊ သူက သူဖျားနေလို့ ခွင့်လွှတ်ပါဆိုပြီး ထိုင်ရာက ထသွားပါတယ်၊ အဲဒီအချိန်မှာ ကျွန်တော်လဲ ကျွန်တော့်မိန်းမကို ညကတဲထဲမှာမရှိဘဲ ဘာဖြစ်လို့ အပြင်ထွက်သွားတာလဲလို့ မေးလိုက်ပါတယ်၊ သူက ကျွန်တော့် မျက်နှာကို ကြည့်ပြီး ရယ်တော့တာပါပဲ၊ ဘာကိုဆိုလိုတာလဲလို့လည်း မေးလိုက်ပါသေးတယ်၊ ကျွန်တော်ကလဲ ညတုန်းက အကြောင်းတွေကို ပြန်ပြောပြတော့ သူက ပြောတယ်၊ "ကိုအဂ္ဂာရယ်၊ ရှင် အိပ်မက်နေတာ ဖြစ်မှာပေါ့၊ ကျွန်မက သန်းခေါင်ကျော်နှစ်ချက်ထိုးကြီးမှာ ကိုယ်လုံးတီးနဲ့ စခန်းထဲလျှောက်သွားနေမှာလား" . . . တဲ့၊ ကျွန်တော်လဲ ဘာပြော ရမှန်းမသိတော့ပါဘူး၊ လတ်တလောမှာတော့ ကျွန်တော် အိပ်မက် မက်နေတယ်လို့ပဲ ထင်လိုက်မိပါတယ်၊ နောက်ညကျတော့ ရိုင်ဖယ်ကိုကိုင်ပြီး ကျားသစ်လာရင် ပစ်သတ်မယ်လို့ မအိပ်ဘဲစောင့်လိုက်ဖို့ စိတ်ကို ဆုံးဖြတ်လိုက်ပါတယ်၊ ဒီအကြံအစည်ကိုတော့ ဘယ်သူ့မှ မပြောတော့ပါဘူး၊ ကျွန်တော့်ဇနီးကိုလဲ မပြောဘူး၊ ပြောလိုက်ရင် လူတိုင်းလိုလိုက ထိုင်စောင့်နေတော့ ကျားသစ်က ကြောက်လာပြီး လာမှာမဟုတ်တော့ဘူး"

"ညစာစားပြီး ကုလားထိုင်ကို တဲခါးပေါက်နားမှာ ထားပြီး တဲကိုလည်း အကာမကာဘဲ ထားလိုက်ပါတယ်၊



www.burmeseclassic.com

www.burmeseclassic.com



သန်းခေါင်ကျော် တစ်ချက်ထိုးအထိတော့ မအိပ်ပါဘူး။ နောက်တော့ ကျွန်တော် အိပ်ပျော်သွားဟန်တူပါတယ်၊ ဒါပေမယ့် ၂ချက်ထိုးတော့ ပြန်နိုးလာပါတယ်၊ လရောင်အောက်မှာ ဟိုညက တွေ့ခဲ့တဲ့ ကျားသစ်ပဲ ကျွန်တော့်တဲနားမှာ ဖြတ်သွားတာ တွေ့ရပါတယ်၊ ကျွန်တော်လဲ ရိုင်ဖယ်ကို ကိုင်ထားပြီး ကျည်ရှိ မရှိ စစ်ဆေးလိုက်ပါတယ်၊ ပြီးတော့မှ ခြေဖျားထောက်ပြီး ကျားသစ် နောက်ကို လိုက်သွားပါတယ်၊ ကျွန်တော်က သိပ်စိုးရိမ်နေတာ က ဒီကျားသစ်ဟာ လူကို စားဖူးတဲ့ ကျားသစ်ဆိုရင် ထရဲဗယ် လီယန်တော့ ကျွန်တော်မရောက်ခင် သေမှာပါပဲလို့ တွေးမိ ပါတယ်"

"သူ့တဲလဲရောက်ရော တဲတံခါးကို တစ်ဘက်က အသာ မ,ပြီး ကြည့်လိုက်ပါတယ်၊ ကျားသစ်က ထရဲဗယ်လီယန်ရဲ့ ခုတင် ဘေးမှာ ရပ်လို့ ထရဲဗယ်လီယန်ကတော့ ကြောက်လန့်တဲ့ မျက်နှာနဲ့ ခုတင်ပေါ်မှာ ထိုင်နေပါတယ်၊ ကျွန်တော့်အမြင် မှာတော့ ထရဲဗယ်လီယန်တစ်ချက်လှုပ်လိုက်တာနဲ့ ကျားသစ်က သူ့ကို ခုန်အုပ်ပြီး ချီသွားတော့ မှာပါပဲ၊ ဒီတော့ ကျွန်တော်က ရိုင်ဖယ်သေနတ်ကို သေသေချာချာ မြှောက်ပြီး ကျားသစ်ရဲ့ နှလုံးသားနေရာကို ချိန်ပြီးတော့ ပစ်ထည့်လိုက် ပါတယ်၊ ကျား သစ်ဟာ မြေကြီးပေါ်ကို ပုံရက်သားကျသွားပါတယ်၊ ကျွန်တော်လဲ ပြေးဝင်ပြီး ပြောလိုက်ပါတယ်၊ တော်သေးတာပေါ့ ကိုယ့်လူရာ၊ ကိုယ် အချိန်မီရောက်လာပေလို့ပဲ"



www.burmeseclassic.com

www.burmeseclassic.com



"အဲ့ဩစရာကောင်းတာက သူက ကျွန်တော့်ကို ကျေးဇူးတင်တယ်လို့လဲ မပြောဘူး၊ ဘာမှလည်းမပြောတော့ပါဘူး၊ သိပ်ခံစားနေရတဲ့ မျက်နှာထားနဲ့ သူက သေနေတဲ့ကျားသစ်ကို လက်ညှိုးညွှန်ပြပါတယ်၊ ကျွန်တော်လဲ သူညွှန်ပြတဲ့နေရာကို ကြည့်လိုက်တော့ ကျားသစ်ဟာ တဖြည်းဖြည်း ပြောင်းလဲလာတာကို တွေ့ရပါတယ်၊ သူ့ရဲ့ အမွေးတွေလဲ ပျောက်ကွယ်သွားတယ်၊ ရှေ့ခြေထောက်တွေက ရှည်ထွက်လာပြီး လူတစ်ယောက်ရဲ့လက်တွေ ဖြစ်လာပါတယ်၊ ခန္ဓာကိုယ်ကလဲ ပုတိုသွားပါတယ်၊ မျက်နှာကလဲ တိရစ္ဆာန်ပုံပျောက်ကွယ်သွားပြီး လူပုံစံဖြစ်လာပါတယ်၊ နောက်ဆုံး ကြောက်စရာကောင်းတာကတော့ ကျွန်တော် ကိုယ်တိုင်ပစ်ချလိုက်တဲ့ ကျားသစ်ဟာ ကျွန်တော့်ဇနီးရဲ့ ကိုယ်တုံးလုံးအလောင်းကြီး ဖြစ်သွားပါတော့တယ်"

"ကျွန်တော်က ထရဲဗယ်လီယန်ကို ကြည့်ပြီးတော့ မေးပြောလိုက်ပါတယ်"

"ဒါက ဘာအဓိပ္ပါယ်လဲ"လို့ မေးတော့ သူကလဲ အရှုံးတစ်ပိုင်း အတွေးအခေါ်နဲ့ ပြန်ပြောပါတယ်၊ ငါတော့ ယုတ်ညံ့တဲ့လူဆိုးလို ပြုမူမိပြီ ဆာဗိုင်းလ်ရယ်၊ မင်းနဲ့ မိတ်ဆွေဟန်ဆောင်နေရပေမယ့် တကယ်တော့ ငါက မင်းမိန်းမနဲ့ ဖောက်ပြန်နေကြတာကွ၊ ခရစ္စမတ်နေ့မှာ ညဘက်ကို ငါ့ဆီလာဖို့ သူ့ကို ငါကတိတောင်းခဲ့တယ်၊ မင်းနဲ့ သူကလဲ တဲတစ်လုံးစီ နေကြတာဆိုတော့ မသိမမြင်အောင် လာလို့ ရနေတာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"ခွေးမသား . . . အောက်တန်းစား"

"ဟုတ်ပါတယ်၊ ငါဟာ မင်းပြောတဲ့အတိုင်း မှန်ပါတယ်၊ ဒါကြောင့်လဲ ခုတော့ ထိုက်တန်အောင် ပြစ်ဒဏ်ပေးခံရတာပေါ့၊ မင်း မိန်းမက ငါအိပ်ပျော်နေတဲ့ သန်းခေါင်ကျော်နှစ်ချက်ထိုးမှာ လာတယ်၊ ငါလန့်နိုးလို့ ကြည့်လိုက်တော့ ငါ့အိပ်ရာဘေးမှာ အိုဗာကုတ်အဟောင်း တစ်ထည်ပဲ ဝတ်ပြီး မတ်တတ်ရပ်နေတာ တွေ့ရတယ်၊ ငါက လက်ကို ဆန့်တန်းလိုက်တော့ သူက ငါ့ကို နမ်းတယ်လေ၊ ငါက သူ့ကို ပွေ့ဖက်လိုက်တော့ သူကလဲ မရုန်းကန်ဘူး၊ ဒါပေမယ့် သူပြန်မယ်လုပ်တော့ အဝတ်အစားတစ်ခုမှ ပါလာတာမတွေ့လို့ ငါက သူ့ကို ဘယ်လိုလုပ်ပြီး လာသလဲလို့ မေးလိုက်တယ်၊ သူက လရောင်အောက်မှာ ကွင်းပြင်ကို ကိုယ်လုံးတီးတော့ ဖြတ်ပြီးမလာနိုင်ဘူး၊ သူက ရယ်မောပြီးတော့ အဝတ်အစားတွေ မလိုပါဘူးလို့ ပြောတယ်၊ သူက ငါ့ခုတင်ဘေးမှာ မတ်တတ်ရပ်နေရင်း ငါ့မျက်စိအောက်မှာပဲ ကျားသစ်ဖက်ကို တဖြည်းဖြည်း ပြောင်းသွားတော့တာပဲ၊ ငါက ကြောက်လွန်းလို့ ဘာတစ်ခွန်းမှ မပြောလိုက်နိုင်ဘူး၊ ငါ့တဲထဲက သူထွက်သွားပြီးသူ့တဲကို ပြန်လျှောက် သွားတာကိုပဲ ကြည့်နေမိပါတော့တယ်၊ ငါပြန်အိပ်တော့ ဘယ်လိုမှ အိပ်လို့မရတော့ဘူး၊ မနက်မိုးလင်းတဲ့အထိ အိပ်လို့မရတော့ဘူး၊ အဲဒီ ကတည်းက ငါ အိပ်မရတာ ညတိုင်းပါပဲ၊ သူက ငါ့ဆီကို လာတာပဲ၊ သူက ကျားသစ်ဘဝနဲ့ ဝင်လာတယ်၊ နောက်တော့ မိန်းမချော တစ်ယောက်အဖြစ် ပြောင်းလဲသွားတယ်၊ ပြီးတော့တခါ



www.burmeseclassic.com

www.burmeseclassic.com



ကျားသစ်ပြန်ဖြစ်သွားတယ်၊ ငါ့မျက်နှာတွေ ဒီလောက်ချောင်ကျ နေတာကို မင်းသတိမထားမိဘူးလား၊ ငါတော့ ရှူးခါနီးနေပြီ ခုတော့ တော်သေးတာပေါ့၊ မင်းက ကျားကို ပစ်သတ်လိုက်လို့ ငါ့အနေနဲ့တော့ ဝဋ်ကျွတ်သွားပြီ"

"ကျွန်တော် ဘာမှပြန်မပြောရသေးမီမှာပဲ ဆာဝီလီယံ ရယ်၊ ရဲမင်းကြီးရယ်၊ မြင်းတပ်က ဟောင်းဝါဒ့်ရယ်၊ အခြား လူနှစ်ယောက် သုံးယောက်ဟာ ထရဲဗယ်လီယန်ရဲ့တဲထဲကို စုပြီ ဝင်ရောက်လာကြ ပါတယ်၊ ဟောင်းဝါဒ့်ကတော့ ပျော်လို့ရွှင်လို့ အော်ဟစ်နေတယ်"

"ကောင်းတယ်ဗျာ . . . ခင်ဗျားတို့ ဒီကောင်ကြီးကို ရလိုက်သလား၊ ဘယ်သူပစ်လိုက်တာလဲ"

ထို့နောက် သေနတ်တစ်လက်ကို လက်ထဲမှာ ဆုပ်ကိုင် ထားတဲ့ ကျွန်တော်ရယ်၊ ကျွန်တော့်ရှေ့မှာ ကပ်ပြီးတော့ရှိနေတဲ့ ကျည်ဆန် ဒဏ်ရာတစ်ချက်နဲ့ ကျွန်တော့်ဇနီးရဲ့အလောင်းရယ် စတဲ့မြင်ကွင်းတွေကိုလည်း တွေ့သွားရော၊ သူတို့အားလုံး တိတ်သွားကြပါတယ်၊ ဆာဝီလီယံက တည်ငြိမ်အေးဆေးတဲ့ အသံနဲ့ပြောလိုက်ပါတယ်၊ "တစ်ဆိတ်လောက် ဘာတွေဖြစ် သွားတယ်ဆိုတာ ရှင်းပြစမ်းပါ၊ ဆာဗိုင်းလ်"တဲ့၊ ကျွန်တော် ကလည်း ပြန်ပြောလိုက်ပါတယ်။

"ထရဲဗယ်လီယန်ကို မေးပါခင်ဗျာ၊ သူ ရှင်းပြ လိမ့်မယ်" အလို . . . ဆာဝီလီယံက ထရဲဗယ်လီယန်ဘက်ကို လှည့်ပြီး ကြည့်လိုက်တော့ ထရဲဗယ်လီယန်က အရှူး တစ်



www.burmeseclassic.com

www.burmeseclassic.com



ယောက်ကဲ့သို့ ရယ်မောပြီး ပြောလိုက်လေ၏။ သူက သူ့ကိုယ်သူ ကျားသစ်ကိုပစ်နေတယ်လို့ ထင်နေတာ၊ တကယ်တော့ သူဟာ သူ့မိန်းမကို သူသတ်ပစ်လိုက်တာပဲ၊ ဟား ဟား . . . "

ဆာဝီလီယံက ကျွန်တော့်ဘက်ကိုလှည့်ပြီး ပြောလိုက်ပါတယ်။

"မင်း ရှင်းရမယ် . . . ဆာဗိုင်းလ်"

"ထရဲဗယ်လီယန်ပြောတာ မှန်ပါတယ်ခင်ဗျာ၊ သူ့တဲထဲကို ကျားသစ်ဝင်သွားတာ ကျွန်တော် မြင်ပါတယ်၊ ကျွန်တော်လဲ နောက်က လိုက်ချောင်းတော့ ကျားသစ်က သူ့ကို ခုန်အုပ်တော့မှာမို့ ကျွန်တော် ပစ်လိုက်ရတာပါ။ ခုတော့ အဲဒီကျားသစ်က ကျွန်တော့်မိန်းမဖြစ် သွားပါပြီ၊ ကျွန်တော်တော့ နားမလည်နိုင်တော့ပါဘူးဗျာ"

"ဒီတော့ ဆာဝီလီယံက ခပ်တင်းတင်းပြန်ပြော လိုက်ပါတယ်"

"ဒီပုံပြင်မျိုးကို တို့ယုံကြည်လိမ့်မယ်လို့ မမျှော်လင့်ပါနဲ့ . . . ဆာဗိုင်းလ်၊ ကဲ . . . ရဲမင်းကြီး မစ္စတာဂျိုးဝါး တာဝန်ရှိတဲ့အတိုင်းသာ ဆောင်ရွက်ပါတော့"

"အဲဒီတော့ ဂျိုးဝါးလဲ ရှေ့တိုးလာပြီး ကျွန်တော့်ကို ဖမ်းလိုက်ပါတယ်၊ ကျွန်တော့်ကိုလဲ ရဲအစောင့်အကြပ်နဲ့ "မဟောင်း" ကို ပြန်ပို့ပြီး အဲဒီကျမှ ရှေ့နေငှားခွင့်ပြုပါတယ်၊ ကျွန်တော်က ရှေ့နေအဖြစ် လောရင့်ကို ငှားရမ်းပြီး ဖြစ်ခဲ့သမျှ အကြောင်းစုံကိုလဲ ပြောပြလိုက်ပါတယ်၊ ဒါပေမယ့် ကျွန်တော်ပြောတာတွေကို



www.burmeseclassic.com

www.burmeseclassic.com



တစ်လုံးမှ သူမယုံဘူးဆိုတာ သူ့မျက်နှာကိုကြည့်တာနဲ့ ထင်ရှားနေပါတယ်၊ နောက်ဆုံးတော့ သူက စိတ်ပျက်လက်ပျက်နဲ့ ပြန်အော်ပြောပါတော့တယ်၊ "ဒီမှာ . . . ဆာဗိုင်းလ်၊ ငါက မင်းရဲ့ရှေ့နေကွ၊ ဒီတော့ မင်းပြောတာကို ငါယုံရမယ်၊ ဒါပေမယ့် ရှင်းရှင်းပြောရရင် ငါမယုံနိုင်ဘူး၊ မင်းရဲ့ရှေ့နေ ဖြစ်တဲ့ ငါတောင် မယုံဘူးဆိုတော့ တရားသူကြီးနဲ့ ဂျူရီအဖွဲ့ဝင်တွေက ဘယ်လိုလုပ်ပြီး ယုံမှာလဲကွာ၊ ကဲ . . . ဒီတော့ ငါပြောမယ်၊ ဒီအမှုကို ငါ့နည်း ငါ့ဟန်နဲ့ပဲ လုပ်ပါရစေကွာ၊ မင်းမှာ တခြားပြစရာအကြောင်းတွေ အများကြီးရှိပါတယ်၊ ကျားသစ်ကိုစောင့်နေတဲ့ မင်းရဲ့လက်ထဲမှာ သေနတ်ရှိနေတယ်၊ ညဘက်အချိန်မတော်ကြီးမှ မင်းဇနီးက ထရဲဗယ်လီယန်ရဲ့ တဲထဲကိုဝင်သွားတာ မြင်လိုက်တော့ မင်းက ဘာမှမမြင်တော့ပဲ သူ့နောက်ကိုလိုက်သွားမယ်၊ နောက်တော့ ဒေါသကို မထိန်းနိုင်ဘဲ မင်းဇနီးကို သေနတ်နဲ့ ပစ်သတ်လိုက်တယ်၊ ဒါပဲပေါ့၊ ပြင်သစ်နိုင်ငံမှာဆိုရင်တော့ မင်းဟာ တရားသေလွတ်နိုင်တယ်၊ အိန္ဒိယ မှာတောင်မှ ဒီအမှုဟာ လူသတ်မှုမဟုတ်ဘူး၊ လူသေမှုလောက်ပဲ ဖြစ်မယ်၊ မင်းလဲ အလွန်ဆုံးကျရင် ထောင် ၂ နှစ်ပါပဲ"

"အဲဒီတော့ ကျွန်တော် ဘာလုပ်ရမှာလဲ၊ ကျွန်တော့်အတွက် တစ်ဦးတည်းသော မျက်မြင်သက်သေဖြစ်တဲ့ ထရဲဗယ်လီယန်ကလဲ သွက်သွက်ခါ ရူးသွားပါပြီ၊ ကျွန်တော့်ရှေ့နေကတောင် ကျွန်တော်ပြောတာ မယုံရင် ဂျူရီလူကြီးများအနေဖြင့် ကျွန်တော့်ဘက်မှာကတော့ မျှော်လင့်ချက်မရှိပါဘူး၊ အဲဒီတော့ ကျွန်တော့်



www.burmeseclassic.com

www.burmeseclassic.com



အနေနဲ့က လူသေမှုတစ်မှုအရ အပြစ်ရှိကြောင်းလဲ ဝန်ခံပြီး လူသတ်မှုပြစ်မှုက လွတ်အောင် ရုန်းရတာပေါ့၊ ထုံးတမ်းအစဉ်အလာအတိုင်း သက်သေလေးငါးယောက်ကိုပဲ စစ်ခဲ့ပြီးနောက် ကျွန်တော်က လောရင့်ပြောတဲ့ အတိုင်းလုပ်တော့ ထောင်ဒဏ်သုံးနှစ်ပဲ ကျခဲ့တယ်၊ ထောင်ထဲမှာလဲ အနေအထိုင်ကောင်းလို့ နှစ်လသုံးလ လျှော့ရက်ရတော့ ၂ နှစ်၊ ၉ရက် ပဲ နေရတယ်။ ပူနာမြို့နားက ရီရိုးဒါးထောင်မှာပါ၊ ထောင်ထဲကလဲ လွတ်လာရော အလုပ်အကိုင်ကလဲ မရှိ၊ ငွေကြေးလဲ မရှိနဲ့ အခုမြင်ကြရတဲ့ ပုံစံအတိုင်းပေ့ါဗျာ"

ဆာဗိုင်းလ်သည် ထိုင်ရာမှ ထလိုက်၏။ အဒေသောင်းဆန့်တော့မည့်ဟန် ပြင်လိုက်လေ၏။ သူသည် ယခုလောလောလတ်လတ် စားဝတ်နေရေးအတွက် သစ်တောဌာနတွင် ယာယီခန့်ထားလိုက်ရလျှင် ကောင်းလေမည်လားဟု ဘရစ်ဂ်စ်က တွေးနေလေသည်။ သူတွေးနေစဉ်မှာပင် ဆာဗိုင်းလ်၏ ကိုယ်ပေါ်၌ ပြောင်းလဲမှုကို တွေ့လိုက်ရသည်။ သူ့ကုတ်အင်္ကျီအဝါတွင် အနက်လုံးများပေါ်လာလေ၏။ သေးသွယ်၍ ငုံ့ကျနေသော သူ့လက်ချောင်းများမှာ ရှည်လျား၍ ကောက်ကွေး လာ၏။ သူ့နားရွက်များသည်လည်း ဦးခေါင်းထိပ်သို့ ရောက်လာပြီး သေး၍ချွန်နေလေ၏။ သူ့မျက်နှာတစ်ခုလုံးလည်း ရှေ့သို့ ထွက်လာပြီး တောရိုင်းတိရစ္ဆာန်တစ်ကောင်၏မျက်နှာ ဖြစ်လာသည်။



www.burmeseclassic.com

www.burmeseclassic.com



ရုတ်တရက်ပင် ဆာဗိုင်းလ်သည် သူ့မူလအသံ မဟုတ်သော အသံမျိုးဖြင့် ပြောလိုက်၏။

"ဒီတော့ ခင်ဗျားမှာပါတဲ့ ငွေတွေအားလုံး ကျုပ်ကို ပေးမလား၊ ဒါမှမဟုတ် . . ."

သူ့စကားမဆုံးခင်မီပင် ဘရစ်ဂ်စ်၏ဦးနှောက်သည် လျှပ်ပြက် သကဲ့သို့ အလုပ်လုပ်လေ၏။ အကယ်၍ ဆာဗိုင်းလ်သာ ကျားသစ်ဖြစ်သွားလျှင် သူ ခုခံနိုင်မည်မဟုတ်။ ဒီတော့ ကျားသစ်များကြောက်သည့် တစ်ခုတည်းသော တိရစ္ဆာန်ကို စဉ်းစားရလေ၏။

"ကျွဲ . . ကျွဲ"ဟု အော်လိုက်တော့မှ ဆာဗိုင်းလ်သည် ကြောက်လန့်စွာ လှည့်ကြည့်လိုက်၏။ ထိုအခိုက်မှာပင် ဘရစ်ဂ်စ်က အမြန်မတ်တတ်ထရပ်ပြီး ရှိသမျှခွန်အားကိုစု၍ ဆာဗိုင်းလ်၏ မေးရိုးကို ရိုက်လိုက်၏။ ဆာဗိုင်းလ်က မျက်နှာပြန်အလှည့်နှင့် ဆုံသဖြင့် ချက်ကောင်းကို ထိပြီး တစ်ချက်တည်းနှင့် လဲကျသွားလေတော့၏။

ဘရစ်ဂ်စ်လည်း အစားအသောက် ပစ္စည်းပစ္စယအားလုံးကို ပစ်ထားခဲ့ပြီး ကားပေါ်သို့ ကမန်းကတန်းခုန်တက်ကာ ကားကို စက်နှိုးလိုက်၏။ ကားသည် စက်မနှိုးဘဲ ဆလင်ဒါ ၆ လုံး အနက် ၄ လုံးသာ အလုပ်လုပ်သဖြင့် ကားကတော့ လိမ့်သွားလေ၏။ တစ်မိနစ် နှစ်မိနစ်မျှ ကြာ၍ နောက်သို့ လှည့်ကြည့်လိုက်ရာ ကျားသစ်ဘဝသို့ အပြည့်အစုံ ရောက်ရှိနေသည့် ဆာဗိုင်းလ်သည် လဲကျနေရာမှ ပြန်ထလာပြီး သူ့



www.burmeseclassic.com

www.burmeseclassic.com



ကားနောက်သို့ ပြေးလိုက်လာနေသည်ကို တွေ့ရလေသည်။ သူက ကားကို မြန်မြန်မောင်းသော်လည်း မရဘဲရှိနေကာ ကျားသစ်က မီလာလေ၏။ ကားနောက်ပိုင်းတွင် သိမ့်ကနဲဖြစ်သွားပြီး ကျားသစ်ဦးခေါင်းနှင့် ရှေ့လက်များသည် ကားပေါ်သို့တက်မည့် ဆဲဆဲတွင် သူသည် ကားစက်နှိုးသည့် ဟန်ဒယ်ဂေါက်ကိုဆွဲယူပြီး ကျားသစ်၏ဦးခေါင်းကို ရှိသမျှ အားများစုစည်း၍ လွှဲရိုက်လိုက်၏။ ရိုက်ချက်က အတော်ထိသွားသဖြင့် ကျားသစ်သည် လက်ကို လွှတ်ပြီး မြေကြီးပေါ်သို့ ကျသွားလေတော့၏။

ဘရစ်ဂ်စ်လည်း နောက်ထပ် ကိုက်လေးငါးရာ ထပ်မောင်းရာ မတ်စောက်သော တောင်တက်လမ်းသို့ ရောက်ရှိသွားလေ၏။ ကားကို အရှိန်လျှော့၍ နောက်သို့ပြန်ကြည့်လိုက်သောအခါ ကျားသစ်သည် လိုက်လာနေဆဲပင်ဖြစ်၍ သူသည် ကား၏စက်ရှိန်ကို မြှင့်လိုက်ရာ ကားသည် လုံးဝရပ်တန့်သွားလေတော့၏။

"ဒုက္ခပဲ၊ အင်း . . . စတာ့တာ အလုပ်မလုပ်ရင် ငါတော့ သေပြီ၊ ဘယ်တော့မှ အင်ဂျင်ကို ဟန်ဒယ်ဂေါက်နဲ့ လှည့်ရတော့မှာ မဟုတ်ဘူး"

သူသည် စိတ်ညစ်ညစ်နဲ့ စက်နှိုးလိုက်ရာ ကံအားလျော်စွာပင် ကားစက်သည် နိုးလာပြီး တောင်ကုန်းမှဆင်းနိုင်တာ ကျားသစ်နှင့် ဝေးသွားလေတော့၏။ သို့သော် ကျားသစ်သည် တောကျွမ်းသူပီပီ ဖြတ်လမ်းမှ လာစောင့်နေလိမ့်မည်ဟု သူထင်သည်။ ဒီတစ်ခါတော့ သူသည် ကားစက်ရှိန်နှုန်းကို



www.burmeseclassic.com

www.burmeseclassic.com



မြင့်၍ မောင်းလိုက်၏။ ကံကောင်း ထောက်မ,သဖြင့် ကျားသစ် ကုတ်သည့်ဒဏ်မှ လေးငါးလက်မသာ ကွာဝေးခဲ့လေ၏။ သူ့နောက်မှ အော်ပြောသံကို ကြားနေရ၏။

"ကဲ . . . သွားတော့နော် ရောင်းရင်းကြီး၊ ကားကြုံစီးခဲ့ရတာအတွက်ရော၊ နံနက်စာ ကောင်းကောင်းစားခဲ့ရတဲ့အတွက်ပါ သိပ်ကျေးဇူးတင်ပါတယ်"

ဟု-အော်ပြောနေသည်ကို ကားနှင့်ကိုက်-၃၀၀ခန့် အကွာတွင် အရင်တွေ့မြင်ခဲ့ရသည့် ပုံစံအတိုင်း ဆာဗိုင်းလ်ကို တွေ့မြင်ရလေ တော့၏။

"အလုပ်ကောင်း နေရာကောင်းလေးတွေများတွေ့ရင် ကျွန်တော့်ကို ပြောပါနော်၊ ကျွန်တော်က ဒါရ်ဝါရ်သစ်တောထဲမှာ အမြဲရှိနေမှာပါ"

ဆာဗိုင်းလ်ပျောက်ကွယ်သွားပြီးနောက် ဘာရစ်ဂ်စ်မှာ မရှူးရှဲ တမယ်ကားကို အပြင်းမောင်းခဲ့လေ၏။ တစ်နာရီခွဲမျှ အပြင်းမောင်းပြီးနောက် ဘာရစ်ဂ်စ်သည် သူ့အိမ်ရှင်ဖြစ်သူ ဒါရ်ဝါရ်သစ်တောဝန်ထောက် မစ္စတာဘူရှန်း၏ အိမ်သို့ ရောက်ရှိသွားတော့၏။ ဘူရှန်းမှာ သဘောကောင်းသည့် စကော့လူမျိုး ဖြစ်လေသည်။ ဘာရစ်ဂ်စ်က သူ့ကို စိတ် လှုပ်ရှားစွာ မေးလိုက်၏။

"ဒီမှာ . . ဘူရှန်း၊ ကျွန်တော့်ကို ပြောပြစမ်းပါဗျာ၊ ကျားသစ် လူသားဆိုတာ ကျားသစ်ဘဝကို ပြောင်းလဲသွားတဲ့ လူသားတွေလား၊ ဒါမှမဟုတ် လူဘဝကို ပြောင်းလဲသွားခဲ့တဲ့ ကျားသစ်တွေလား"



www.burmeseclassic.com

www.burmeseclassic.com



ဘရစ်ဂ်စ်၏ ပုံပန်းသဏ္ဍာန်ကိုကြည့်ပြီး တစ်ခုခုတော့ ဖြစ် လာပြီဟု ဘူရှန်းတွေးမိလေ၏။ ထို့ကြောင့် ကျားသစ် လူသားနှင့် ပတ်သက်၍ သူ တစ်ကြိမ်တစ်ခါမျှ မကြားဖူးသော်လည်း မိခင်ဖြစ်သူက အမေးအမြန်းထူသည့် ကလေးငယ်ကို ဖျောင်းဖျသကဲ့သို့ သူက ဘရစ်ဂ်စ်ကို ပြောလိုက်၏။

"ဘရစ်ဂ်စ်ရယ် . . မင်းဘာတွေလျှောက်ပြောနေတာလဲကွာ၊ လူကနေပြီး ကျားသစ်ဘဝကို ပြောင်းသွားတာတော့ ရှိတာပေါ့ကွာ၊ ဒါပေမယ့် ကျားသစ်ကနေပြီး လူဘဝကို ပြောင်းဖို့ဆိုတာတော့ သိပ်မိုက်မဲရာ၊ ဉာဏ်တုံးရာကျပေတော့မပေါ့၊ မဟုတ်ဘူးလား"

ဘရစ်ဂ်စ်သည် လောလောဆယ်တွင် ထိုအဖြေနှင့်ပင် ကျေနပ်လိုက်ရ၏။ ဘူရှန်းက ဆက်လက်ပြီး ပြောလိုက်၏။

"မင်းကြည့်ရတာ သိပ်ပင်ပန်းနေပုံရတယ်၊ ဝီစကီနဲ့ဆော်ဒါ သောက်ပြီး ရေမိုးချိုးလိုက်ပါလားကွာ၊ အားလုံး အသင့်ရှိပါတယ်၊ ပြီးတော့ လက်ဖက်ရည်သောက်ကြတာပေါ့၊ အဲဒီတော့မှ မင်းရဲ့အဖြစ်အပျက်ကို အစအဆုံး ပြောပြပါလားကွာ၊ ဟုတ်လား"

ဘရစ်ဂ်စ်သည် ဝီစကီနှင့်ဆော်ဒါကြောင့်လည်းကောင်း၊ အိမ်ရှင်ဖြစ်သူ၏ အားပေးနှစ်သိမ့်မှုကြောင့်လည်းကောင်း၊ သူ့စိတ်တွေ ပြန်လည်မူမှန်လာလေ၏။ ရေမိုးချိုးပြီး လက်ဖက်ရည်သောက် နေကြစဉ်တွင် ဘရစ်ဂ်စ်သည် ဘူရှန်းအား သူ၏ အံ့ဩဖွယ် အဖြစ်အပျက်ကို ပြောပြလိုက်၏။ ပြီးနောက်



www.burmeseclassic.com

www.burmeseclassic.com



ကျားသစ်လူသားတို့၏ မူလအစနှင့်ပတ်သက်ပြီး ထပ်မံ မေးမြန်းပြန်လေသည်။

ဘူရှန်းက ရှင်းပြလိုက်၏။

"အင်း. . . ဒါဟာ အရေးမပါဘူးလို့ ဆာဗိုင်းလ်ပြောတာကို ငါလက်ခံပါတယ်၊ ဒါပေမယ့် သူ့ဇနီးရဲ့ဖြစ်ပုံကိုကြည့်ပြီး လူကနေပြီး ကျားသစ် ဖြစ်သွားနိုင်တာဟာ လူသားတွေရဲ့ တစ်ခုတည်းသော အခွင့်ထူးတစ်ရပ် ဖြစ်ပုံရတယ်လေ၊ အိန္ဒိယ လူမျိုးတစ်ယောက်အနေနဲ့ကတော့ သူ့ဇနီးရဲ့ဝိညာဉ်ဟာ ဆာဗိုင်းလ်ရဲ့ ကိုယ်ထဲကို ဝင်ရောက်သွားတယ်လို့ ဆိုရမှာပဲ၊ ဒါပေမယ့် ဒါကလဲ ပြဿနာတစ်ခုပေါ် လာနိုင်တယ်၊ ဆာဗိုင်းလ်ရဲ့ဇနီးဟာ ဒီပညာကို ဘယ်ကနေပြီး တတ်လာခဲ့သလဲ၊ နောက်တစ်ဖက်မှာလဲ ဆာဗိုင်းလ်ဟာ ဒီဇာတ်လမ်းကိုထွင်ပြီး တောထဲမှာ ရှိနေတုန်း သူကိုယ်တိုင် ကျားသစ်အဖြစ် ပြောင်းလဲသွားနိုင် အောင် အချိန်ယူခေါ်တဲ့အနေနဲ့ မင်းတို့ကို အချိန်ဆွဲထားတာလဲ ဖြစ်နိုင်တယ်၊ မင်းရဲ့ ကားစတာ့တာနှိုးလို့ ချက်ခြင်းမရသလို သူ့ကိုယ်ထဲက အတွင်းအင်ဂျင်ကိုလဲ အနှိုးရခက်နေမှာပေါ့၊ ဒီမှာ . . . ငါပြောမယ်၊ မင်း ဒါရိဝါရ်ကိုပြန်ရင် မင်းနဲ့အတူ ငါပါ လိုက်ခဲ့မယ်၊ မင်းတို့ကိုင်တဲ့ ဘရောင်နင်အော်တိုမက်တစ်မျိုးမဟုတ်တဲ့ ခြောက်လုံးပြူးကို ငါယူလာခဲ့မယ်၊ ကျည်ဆန်လဲ အပြည့် ထည့်ခဲ့မယ်၊ ဒီတစ်ခါ ဆာဗိုင်းလ်နဲ့တွေ့လို့ ကတော့ ဒီကောင်ကွဲပြီလို့သာ မှတ်လိုက်ပေတော့"

ငြိမ်းချမ်းစာအုပ်တိုက်

www.burmeseclassic.com

www.burmeseclassic.com



"ဘူရှန်းသည် ခပ်တိုးတိုး ရယ်လိုက်သော်လည်း ဘရစ်ဂ်စ်သည် ကျယ်လောင်စွာ ရယ်မောလိုက်၏။ သို့သော် သူတို့နှစ်ဦးစလုံးပင် ဆာဗိုင်းလ်ကို နောက်ထပ် မတွေ့ကြတော့ပေ။ ခြောက်လုံးပြူးဖြင့်လည်း ပစ်စရာမလိုတော့ပေ။ အကြောင်းမူကား . . .

ရီရိုးဒါးအကျဉ်းထောင်သို့ လှမ်း၍ စုံစမ်းလိုက်သော အခါတွင် ထိုနာမည်မျိုးရှိသော အင်္ဂလိပ်လူမျိုး တစ်စုံတစ်ယောက်မျှ ထိုထောင်တွင် မကျခဲ့ဖူးကြောင်း ကြားသိရလေ၏။ အမှန်တကယ်တော့ ဆာဗိုင်းလ်ဆိုသည့်အမည်ပင်လျှင် လုပ်ကြံဖန်တီးထားသော အမည်ဖြစ်နိုင်ပေ၏။ သို့တည်းမဟုတ် ဘူရှန်းသည်ပင်လျှင် အတွေးမှားနိုင်ပေ၏။

ဘရစ်ဂ်စ်တွေ့ဆုံခဲ့ရသည့် ဆာဗိုင်းလ်အမည်ခံယူထားသူသည် ကျားသစ်ဘဝမှ လူဘဝသို့ပြောင်းလဲနိုင်သူဖြစ်ပြီး၊ လူဘဝမှလည်း ကျားသစ်ဘဝသို့ ပြောင်းလဲနိုင်သူတစ်ဦး ဖြစ်နိုင်သောကြောင့် ပေတည်း . . .

**Panther People**

by C.A Kincaid (1936)

From Indian Christmas Stories (1936)

◆ ● ◆



www.burmeseclassic.com

www.burmeseclassic.com

# အန်ကောဝပ်ရတနာသိုက်

ဤမှတ်တမ်းအဖြစ်အပျက်မှာ လွန်ခဲ့သော နှစ်ပေါင်း အတန်ကြာက အင်ဒိုချိုင်းနားနယ်၊ ကမ္ဘောဒီးယားနိုင်ငံရှိ ခမာ လူမျိုးတို့၏ ရှေးဟောင်း အန်ကောဝပ်မြို့ဟောင်းကြီးအတွင်း၌ တွေ့ကြုံခဲ့ရသော ကျွန်ုပ်နှင့် ကျွန်ုပ်၏မိတ်ဆွေ ဂျင်မီဆန်းဒါး တို့၏ ကိုယ်တွေ့အဖြစ် အပျက်တစ်ခု ဖြစ်ပါသည်။

အဆိုပါ အန်ကောဝပ်မြို့တော်ကြီးသည် လွန်ခဲ့သော နှစ်ပေါင်း ၇၀၀ ကျော်ခန့်ကစ၍ ထူးဆန်းစွာတိမ်မြုပ် ပျောက် ကွယ်သွားခဲ့သော ခမာလူမျိုးတို့၏ ရှေးမြို့တော်ဟောင်း ကြီးတစ်ခု ဖြစ်ပါသည်။ အဆိုပါ တိမ်မြုပ်နေသော မြို့တော် ဟောင်းကြီးကို ပြင်သစ်လေယာဉ်မှူး တစ်ယောက်က ဦးဆုံး ရှာဖွေတွေ့ရှိခဲ့ခြင်း ဖြစ်၏။ ထိုလေယာဉ်မှူးသည် ကမ္ဘောဒီးယား တောနက်ကြီးများ ဖြတ်သန်း၍ စာပို့လေယာဉ်ကို မောင်းနှင်



www.burmeseclassic.com

www.burmeseclassic.com



သွားစဉ် မြို့ပျက်ကြီးအား မမျှော်လင့်ဘဲ တွေ့ရှိခဲ့ခြင်း ဖြစ်၏။ သူသည် လေယာဉ်ကို အဆိုပါ မြို့ပျက်ကြီးအပေါ် ခပ်နိမ့်နိမ့် ပျံသန်း၍ ကြည့်ရှုသောအခါ အဆိုပါနေရာသည် သစ်ပင်ချုံနွယ် ပိတ်ပေါင်းများ ထူထပ်စွာ ဖုံးအုပ်နေသော မြို့တော်ပျက်ကြီး တစ်ခု ဖြစ်နေကြောင်း အံ့သြဖွယ်ရာ တွေ့ရှိရလေ၏။

ထို့ကြောင့် ထိုတွေ့ရှိမှုကို ကမ္ဘောဒီးယား ပြင်သစ်ကိုလိုနီ အစိုးရထံ သတင်းပို့လိုက်သောအခါ အစိုးရက အမိန့်ထုတ်ပြန်၍ ၎င်း ဒေသအနီးတစ်ဝိုက်ရှိ ရွာသူရွာသားများအား ဆင့်ခေါ်၍ ၎င်းမြို့တော်ဟောင်းကြီးကို ရှင်းလင်း ဖော်ထုတ်စေလေ၏။ မြို့ဟောင်းကြီးသည် ညောင်ပင်၊ မန်ကျည်းပင်၊ ဝါးပင် စသည့် သစ်ကြီးဝါးကြီးများ ထူထပ်စွာ ပေါက်ရောက်နေသဖြင့် အတော်ပင် ခက်ခက်ခဲခဲ ရှင်းလင်းခဲ့ကြရလေ၏။ အဆိုပါ မြို့တော်ဟောင်းကြီးအတွင်းတွင် ရှေးဟောင်း ခမာယဉ်ကျေးမှုဆိုင်ရာ ကြီးကျယ်သော အဆောက်အဦကြီးများ၊ ခမ်းနား ကြီးမားလှသော ဗုဒ္ဓရုပ်ပွားတော်ကြီးများစွာကို တွေ့မြင်ကြရလေ၏။ အဆိုပါ ဗုဒ္ဓရုပ်ပွားတော်ကြီးများ ရှိသောနေရာတွင် များပြားလှစွာသော မြွေဟောက်ကြီးများကို တွေ့မြင်ခဲ့ကြရလေ၏။

ထိုအချိန်က ကျွန်ုပ်သည် အင်ဒိုချိုင်းနားဆိုင်ရာ ပြင်သစ်အရာရှိတစ်ဦးဖြစ်ပြီး ယဉ်ကျေးမှုအဖွဲ့တစ်ခုနှင့် ခရီးထွက်ခဲ့ရာ တရုတ်နိုင်ငံ ပီကင်းမြို့တော်သို့ ရောက်ရှိနေစဉ် ဖြစ်၏။ ထိုသို့ ရောက်ရှိနေ စဉ်၌ ခမာလူမျိုးတို့၏ အန်ကောဝပ် မြို့ဟောင်းကြီးအကြောင်းကို ကြားသိခဲ့ရခြင်း ဖြစ်၏။ တစ်ဖက်



www.burmeseclassic.com

www.burmeseclassic.com



တည်းပင် ကြားသိရသော သတင်းတစ်ပုဒ်မှာ ဧင်းမြို့တော် ဟောင်းကြီးကို စွန့်စွန့်စားစား သွားရောက်ခဲ့ကြသော မျက်နှာဖြူ လူမျိုး ၄ ဦးတို့သည် ထူးဆန်းစွာ သေဆုံးခဲ့ရခြင်းပင် ဖြစ်၏။

ကျွန်ုပ်သည် ကမ္ဘာပေါ်ရှိ ရတနာသိုက်များနှင့် ပတ်သက်၍ သဲလွန်စရှာဖွေနေသူ ဖြစ်၏။ ယခင်ကတည်းက ခမာပြည်၏ တောနက် ဟင်းထဲတွင် ပျောက်ဆုံးနေသော မြို့တော် ကြီးတစ်ခုရှိကြောင်း ကြားဖူးခဲ့၏။ အဆိုပါ မြို့ပျက်ကြီးထဲတွင် ရွှေ ငွေ ရတနာပစ္စည်း မြောက်မြားစွာ ရှိကြောင်းလည်း သိရှိ ထား၏။

ထို့ကြောင့် ကျွန်ုပ်သည် ခြေထောက်တွင် ဗွေပါသူပီပီ ထို နေရာသို့ မသွားရရင် မနေနိုင်အောင် ဖြစ်ခဲ့ရ၏။ ကျွန်ုပ်၏ ပင်ကို ဗီဇကလည်း ထူးဆန်းသော အဆောက်အဦများ၊ ကြောက်မက်ဖွယ် ကောင်းသော၊ ဆန်းကြယ်သော သတ္တဝါများကို သွားရောက်ကြည့်ရှုလိုသော ဆန္ဒကလည်း ပြင်းစွာရှိနေ၏။ သို့ပါ၍ ကျွန်ုပ်သည် အတူ တွဲဖက်လုပ်ကိုင်နေကျ သူငယ်ချင်း ဖြစ်သူ ဂျင်မီဆန်းဒါးနှင့် အချိန်းအချက်ပြုလုပ်၍ ခမာပြည်သို့ ထွက်ခွာခဲ့လေ၏။ ကျွန်ုပ်စီးလာသော လေယာဉ် လေဆိပ်သို့ ဆိုက်ရောက်လာသောအခါ ဂျင်မီဆန်းဒါးက လာရောက်ကြိုဆို စောင့်မျှော်နေလေ၏။

ဂျင်မီနှင့် ကျွန်ုပ်သည် စွန့်စားခန်းမျိုးစုံကို အတူလက် တွဲ၍ လုပ်ကိုင်ခဲ့ကြဖူးသူများ ဖြစ်၏။ သူသည် အရပ် ၆ ပေ အောက် နိမ့်သဖြင့် ကျွန်ုပ်တို့ အနောက်နိုင်ငံသားများအတွက်မူ



www.burmeseclassic.com

www.burmeseclassic.com



လူပုတစ်ယောက်ဟုသာ ဆိုရမည် ဖြစ်၏။ သို့သော် သူသည် သတ္တိဗျတ္တိတို့ဖြင့် ပြည့်ဝကုံလုံသူတစ်ယောက်ဖြစ်ပေရာ မည်သည့် အန္တရာယ်ကိုမဆို မကြောက် မရွံ့၊ ရဲရဲရင့်ရင့် ရင်ဆိုင်ဝံ့သူတစ်ဦး ဖြစ်၏။

ကျွန်ုပ်ကလည်း ဂျင်မီနှင့် တွေ့ကြသောအခါ မိမိ ကြား သိခဲ့ရသမျှ အန်ကောဝတ်မြို့တော်ဟောင်းကြီးအကြောင်းကို ပြောပြလိုက်သောအခါ သူ၏ ညိုမှောင်မျက်လုံးများသည် အရောင်တလက်လက် တောက်ပလာပြီး စိတ်ပါဝင်စားစွာ နားထောင်နေလေ၏။ ကျွန်ုပ်၏ စကားဆုံးသည်နှင့် ဂျင်မီ က . . .

"ဟယ်ရီရေ . . . မင်း အခုပြောပြခဲ့တဲ့ အကြောင်းအရာ တွေက အထူးအဆန်းတွေချည်းပါပဲလား၊ ဒါကြောင့် ငါလဲ အဲဒီ အန်ကောဝပ်မြို့တော်ဟောင်းကြီးကို တို့ ခုပဲ သွားကြည့်ချင်လှပြီ ကွယ်"ဟု ဆိုလာလေ၏။ ထို့နောက် သူက ဆက်ပြီး သူကြားဖူး နားဝ ရှိခဲ့ဖူးသည့် ခမာလူမျိုးတို့၏ ရာဇဝင်ပုံပြင်မှတ်တမ်းများကို အကိုးအကား အထောက်အထားများဖြင့် ပြောဆိုပြန်၏။ တစ်ချိန်တုန်းက ခမာလူမျိုးသည် အလွန်တရာ ချမ်းသာကြွယ်ဝ သည့်လူမျိုးများ ဖြစ်ခဲ့ကြ၏။

ထို့ကြောင့် ကြီးမားများပြားလှသည့် ရတနာများရှိသည့် ရတနာသိုက်ကြီးတစ်ခု အန်ကောဝပ်မြို့တော်ဟောင်းတွင် ရှိရမည် ဟူသော အယူအဆ ပို၍ခိုင်မာသထက် ခိုင်မာလာ၏။ ထိုအခါ ဂျင်မီက . . .



www.burmeseclassic.com

www.burmeseclassic.com



"ဟယ်ရီ . . . အဲဒီ အန်ကောဝပ်မြို့တော်ဟောင်းက ဒီကနေပြီး ဘယ်လောက်ဝေးသလဲ"

"ဒီကနေပြီး မဲခေါင်မြစ်ကို ဆန်တက်သွားလို့ရှိရင် အထက်ဘက်မှာ ခမာလူမျိုးတွေရဲ့ ရှေးဟောင်းမြို့ပျက်ကြီး တစ်ခုရှိတယ်လို့ ပြောတယ်၊ အဲဒီ ရှေ့ဟောင်းမြို့ကြီးဆိုတာ အန်ကောဝပ်မြို့တော်ဟောင်းကြီးပဲ ဖြစ်မယ်၊ ရတနာသိုက်က အဲဒီမြို့ဟောင်းထဲမှာ ရှိနိုင်တယ်"ဟု ပြောသောအခါ ဂျင်မီ ဆန်းဒါးက ခေါင်းကို ခါယမ်းလိုက်ပြီး . . .

"ဟုတ်ပါ့မလား သူငယ်ချင်းရာ၊ အဲဒီမြို့တော် ဟောင်းကြီးထဲမှာ အရင်က လူတချို့ ရှာခဲ့ပြီးကြပြီးပြီ၊ သူတို့ ကတော့ ဘာရတနာ ရွှေ ငွေ ကျောက်သံပတ္တမြားမှ မရခဲ့ဘူး"

ထိုကိစ္စနှင့်ပတ်သက်၍ ကျွန်ုပ်တို့သည် တစ်ညလုံး အသေး စိတ် ဆွေးနွေးခဲ့ကြ၏။ နောက်ဆုံး ရရှိလာသောအဖြေမှာ ရတနာများ ကျိန်းသေရှိနိုင်သည့် အန်ကောဝပ်မြို့ဟောင်း အစစ်ကို ရှာဖွေရန် ဖြစ်၏။ နောက် သီတင်းသုံးပတ်မျှ ကြာ သောအခါ ကျွန်ုပ်တို့သည် ဆိုင်ဂုံမြို့တော်သို့ သွားရောက်ကြပြီး ပြင်သစ်ကိုလိုနီအစိုးရထံ သွားရောက်၍ ခွင့်ပြုချက် တောင်းခံ ဆွေးနွေးကြလေ၏။

ထိုအခါ ပြင်သစ်ကိုလိုနီအစိုးရနှင့် ကျွန်ုပ်တို့ သဘော တူညီ ချက် ရရှိကြလေ၏။ အဆိုပါ သဘောတူညီချက်မှာ အဆိုပါ ရှေးမြို့ဟောင်း၌ ရတနာသိုက်ကို ရှာဖွေတွေ့ရှိခဲ့က အခိုးပါ



www.burmeseclassic.com

www.burmeseclassic.com



ရတနာများ၏ သုံးပုံတစ်ပုံကို ဤရွှေမြို့တော်ဟောင်းကြီး ပြုပြင်မွမ်းမံရန်အတွက် ပေးရမည် ဖြစ်၏။

ထို့နောက် ဂျင်မီဆန်းဒါးသည် ဟန္တိုင်မြို့ရှိ သူ၏ မိတ်ဆွေ တစ်ဦးထံမှ မိတ်ဆက်စာ ထောက်ခံချက်ကို ယူပြီးနောက် ကျွန်ုပ်တို့သည် ပီနံသို့ ထွက်ခွာခဲ့ကြလေ၏။ မိတ်ဆက်စာ ပေးလိုက်သော ပီနံရှိ ကုန်သည်ကြီးသည် ကျွန်ုပ်တို့နှစ်ဦးအား ကောင်းမွန်စွာ ကြိုဆိုပြီး ဧည့်ဝတ်ကျေအောင် ပြုစုကူညီလေ၏။ ကျွန်ုပ်တို့ ဆက်လက်၍ ခရီးထွက်မည်ရှိသောအခါ သူသည် ကျွန်ုပ်တို့အတွက် ဒေသခံတိုင်းရင်းသား နှစ်ဦးကိုပါ လမ်းပြအဖြစ် ထည့်ပေးလိုက်ပါသည်။ နောက်တစ်ပတ်ခန့် ကြာသောအခါ ကျွန်ုပ်တို့သည် အဆိုပါ လမ်းပြနှစ်ဦးနှင့်အတူ မဲခေါင်မြစ်ကို ဆန်တက်ခဲ့ကြရာ တဖြည်းဖြည်း နေရောင်ပင် မထိုးအောင် ပိန်းပိတ်အောင် ထူထပ်လွန်းသဖြင့် နောက်ကျိနေလေ၏။ လမ်းပြများသည် ဝေးလံသီခေါင်သော အရပ်တွင် နေထိုင်ကြသော တိုင်းရင်းသားများဖြစ်သဖြင့် အယူသီးကြလေ၏။ သူတို့နှစ်ယောက်အား ကျွန်ုပ်တို့က ပစ်တိုနှင့် ရေပစ်ဟူသော အမည်များ ပေးထားကြ၏။ ပစ်တိုသည် အင်္ဂလိပ်စကားကို အတန်ငယ်ပြောဆိုတတ်သဖြင့် ထိုဘာသာစကားဖြင့် သူ့အတွေ့အကြုံကို ကျွန်ုပ်တို့အား ပြောပြလေ၏။ အဆိုပါ လမ်းပြနှစ်ယောက်တို့သည် အလွန်ပင် အတွဲညီကြလေ၏။

ညဘက်သို့ ရောက်သောအခါ ကျွန်ုပ်တို့သည် မဲခေါင်မြစ် နံဘေးကို ကပ်၍ မြစ်ကမ်းပေါ်တက်ကာ သာယာတဲ



www.burmeseclassic.com

www.burmeseclassic.com



များထိုးပြီး မီးဖို ကြီးများ ဖိုကြကာ အဆိုပါ လမ်းပြနှစ်ဦးသည် ကျွန်ုပ်တို့အား ခမာလူမျိုးတို့၏ ရှေးဟောင်းဒဏ္ဍာရီလာ မြွေနဂါး လူမျိုးများအကြောင်းကို တခမ်းတနားပြောပြလေ၏။ အဆိုပါ မြွေနဂါးလူမျိုးများသည် ညအခါတွင် မကောင်းဆိုးဝါးများ အသွင်သဏ္ဌာန် ဖန်တီးနိုင်ကြကြောင်းလည်း သိရှိရပါသည်။ ကျွန်ုပ်တို့ မဲခေါင်မြစ်ကြောင်းတစ်လျှောက် ဆန်တက်လာကြရာ အချို့နေရာများတွင် အဝတ်အစားများ မလုံမခြုံဝတ်ထား ကြသည့် လူမျိုးအချို့ကို တွေ့မြင်ကြရပါသည်။ အဆိုပါလူမျိုး အမျိုးသမီးများသည် ဆန်ဖွပ်မောင်းထောင်းလုပ်နေကြသည်ကို တွေ့ မြင် ကြရ၏။ ကျွန်ုပ်တို့ကား အဆုံးမမြင်ရသေးသော တောနက်ကြီးအတွင်းပိုင်းသို့ တဖြည်းဖြည်း ဝင်ရောက်သွားခဲ့လေ၏။

ခရီးထွက်၍ ၃ ရက်မြောက်နေ့သို့ ရောက်သောအခါ သစ်ပင် သစ်တော ထူထပ်လှသည့် နေရာတစ်ခုသို့ ရောက်ရှိခဲ့၏။ တိုင်းရင်းသားလမ်းပြတို့၏ ပြောပြချက်အရ ဤတောနက်ကြီး၏ မြောက်ပိုင်းတွင် ခမာလူမျိုးတို့၏ ရှေးဟောင်းမြို့တော်ပျက်ကြီး တစ်ခုရှိသည်ဟု သိရှိကြရပါသည်။ လမ်းပြနှစ်ဦးတို့က သူတို့သည် ကျွန်ုပ်တို့အား အဆိုပါ မြို့တော်ပျက်ကြီးသို့ရောက်အောင် ပို့ပေးမည်ဖြစ်သော်လည်း အထဲသို့ မူကား လိုက်၍မဝင်ဝံ့ကြောင်း ကြိုတင်၍ ပြောထားကြ၏။ အကြောင်းမှာမူ အဆိုပါ မြို့တော် ပျက်ကြီးအတွင်း၌ အလွန်ကြောက်မက်ဖွယ် ကောင်းသော မြွေနဂါးကြီးများ ရှိသောကြောင့်ဟု ဆိုကြ၏။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ်တို့သည် ခရီးလမ်းဆုံးနှင့် နီးကပ်သထက် နီးကပ်လာသောအခါ သစ်ပင်သစ်တောများအကြားမှာ တောရိုင်းတိရစ္ဆာန်များ၏ ပြေးလွှားလှုပ်ရှားသံ အမျိုးအမည် မခန့်မှန်းနိုင်သော သတ္တဝါအချို့၏ အော်ဟစ်သံများကို တစ်တောလုံးပဲ့တင်ထပ်မျှ ကြားခဲ့ကြရသဖြင့် ကျွန်ုပ်တို့လည်း မျက်စိလျှင်လျှင်ဖြင့် တောထဲသို့ လိုက်ကြည့်ကြရာ တစ္ဆေသရဲများကို မထင်မရှားတွေ့မြင်ကြရ၏။ ထိုတောထဲတွင် ဆင်များသည် အရပ်မျက်နှာမျိုးစုံသို့ သွားလာနေကြသည်ကို တွေ့မြင်ကြရ၏။ ထိုအထဲတွင် ကျားကိုလည်း တွေ့မြင်ရ၏။ သို့သော် ကျားသည် ကျွန်ုပ်တို့အား ရန်မရှာဘဲ တစ်ဖက်သို့ ပြန်လှည့်သွားခဲ့၏။

ဤသို့ဖြင့် ခရီးဆက်ထွက်လာခဲ့ရာ ငါးရက်ပြည့်မြောက်သောနေ့တွင် မွန်းတည့် အချိန်ခန့်တွင် ကျွန်ုပ်တို့သည် စမ်းချောင်းကလေး တစ်ခုအနီး၌ ယာယီရွက်ဖျင်တဲတစ်လုံးကို အမြန်ထိုးလိုက်ကြ၏။ ပြီးသောအခါ လမ်းပြ ပစ်တီနှင့် ရေပစ်တို့သည် ဤတောထဲရှိ လူရိုင်းများနှင့် သွားရောက်တွေ့ဆုံ၍ အခြေအနေကို မေးမြန်းလိုသည်ဟု ပြောဆိုကာ ထွက်သွားကြ၏။ ကျွန်ုပ်တို့လည်း သူတို့အား အဆိုပါနေရာတွင်ပင် နေထိုင်ပြီး နာရီပေါင်းများစွာကြာအောင် စောင့်ဆိုင်းကြပါသော်လည်း လမ်းပြနှစ်ယောက်သည် ပေါ်မလာခဲ့ပေ။ ထိုသို့ ကျွန်ုပ်တို့ နှစ်ဦးသည် လမ်းပြနှစ်ယောက်ကို ပျင်းရိငြီးငွေ့ဖွယ်ရာ စောင့်ဆိုင်းနေစဉ် အဝတ်အစားများကို အရှက်လုံရုံ ဝတ်ဆင်ထားသော တောတွင်း သားနှစ်ယောက်ကို တွေ့မြင်ကြရ၏။ သူတို့၏



www.burmeseclassic.com

www.burmeseclassic.com



လက်ထဲတွင် ချွန်ထက်သော လှံများကို ကိုင်ထားပြီး ပါးစပ်ဖြင့်မှုတ်၍ ပစ်ခတ်ရသော မှုတ်ပြောင်းများကိုလည်း ကိုင်ဆောင် ထားကြ၏။

သူတို့၏ အသားအရောင်မှာ မည်းနက်နေ၏။ ကျွန်ုပ်စိတ်ထင် အဆိုပါလူများသည် လာအိုလူမျိုးများထဲမှ ဖြစ်နိုင်သည်ဟု ယူဆရပေ၏။ ကျွန်ုပ်တို့မှာကား စလွယ်သိုင်းထားသောလွယ်အိတ်အတွင်းရှိ ခြောက်လုံးပြူးများကို အသင့်ပြင်ဆင်ကိုင်တွယ်ရင်း သူတို့၏ အခြေအနေကို စောင့်ကြည့်နေမိ၏။ သို့သော် သူတို့သည် ကျွန်ုပ်တို့အား မည်သို့မျှ ဒုက္ခပေးခြင်းမရှိဘဲ တောတွင်းသို့ ခပ်အေးအေးပင် ဝင် ရောက်သွားကြသည်။

အဆိုပါ တောတွင်းသား နှစ်ဦးသည် တောတွင်းတစ်နေရာ၌ ကျွန်ုပ်တို့၏လမ်းပြနှစ်ယောက်နှင့် တွေ့ဆုံမိကြသဖြင့် သူတို့အား ကျွန်ုပ်တို့ထံ တစ်ဖန် ပြန်၍ခေါ်ခဲ့ကြပြီးမိတ်ဆက်ပေးလေ၏။ ထို့နောက် သူတို့အား ကျွန်ုပ်တို့၏လမ်းပြများက အနီးပတ်ဝန်းကျင် အနေအထားကို မေးမြန်းစုံစမ်းကြ၏။

တောတွင်းလူနှစ်ဦး၏ ပြောပြချက်အရ သိရှိသည်မှာကျွန်ုပ်တို့ ရှာဖွေနေသော ပျောက်ဆုံးနေသည့် ရှေးဟောင်းမြို့ပျက်ကြီးသည် ဤနေရာ အရှေ့မြောက်စူးစူး၊ ဆယ့်ငါးမိုင်ခန့်အကွာအဝေးခန့်တွင် ရှိကြောင်း ပြောပြကြ၏။ သို့သော် သူတို့ကား အတိအကျ ရှိသည် မရှိသည်ကိုကား ရေရေရာရာ ပြောဆိုခြင်း မပြုကြပေ။ ဆက်လက်ပြီး တောတွင်းလူများက ဒါကြံပြု



www.burmeseclassic.com

www.burmeseclassic.com



ကြသည်မှာ ကျွန်ုပ်တို့သည် အဆိုပါ ပျောက်ဆုံးနေသော ရှေးခမာမြို့တော်ကြီးရှာဖွေသည့် လုပ်ငန်းကို ရပ်တန့်လျှင် ကောင်းမည်ဖြစ်ကြောင်း၊ အကယ်၍ ရှေ့ဆက်လက်ပြီး အဆိုပါ လုပ်ငန်းကို အကောင်အထည်ဖော်မည်ဆိုပါက မလွဲမသွေ သေမင်းလက်ထဲ မုချရောက်မည်ဖြစ်ကြောင်း၊ ဤနေရာမှပင် အေးချမ်းစွာ နောက်ပြန်လှည့်ကြလျှင် အကောင်းဆုံးဖြစ်မည်ဖြစ် ကြောင်းတို့ကိုပါ တစ်ဆက်တည်း ပြောဆိုသွားကြ၏။

ကျွန်ုပ်နှင့် ဂျင်နီလည်း နာရီဝက်ခန့် တိုင်ပင်ဆွေးနွေး ကြပြီးနောက် တောတွင်းသို့ ဝင်ရောက်၍ အဆိုပါ အရှေ့ မြောက် အရပ်သို့သွားနိုင်မည့်လမ်းကြောင်းများကို ရှာဖွေခဲ့ကြပြီး စခန်းသို့ ပြန်လာခဲ့ကြ၏။ စခန်းသို့ ရောက်သောအခါ ကျွန်ုပ် တို့၏ လမ်းပြနှစ်ဦးဖြစ်သည့် ပစ်တီနှင့် ရေပစ်တို့က သူတို့သည် ဤနေရာမှ ရှေ့သို့ တစ်လက်မမျှ မရွေ့လျားလိုတော့ကြောင်း ပြောဆိုကြ၏။

ထိုအခါ ဂျင်မီဆန်းဒါးက သူ့အိတ်ထဲတွင် ထည့်ထား သည့် ရွှေဒင်္ဂါးပြား ၂၀ခန့်ကို ထုတ်ယူပြီး ကျွန်ုပ်တို့နှင့် ဆက်လက် လိုက်ပါက ပေးမည်ဖြစ်ကြောင်း မည်သို့ပင် စည်းရုံးစေကာမူ သူတို့၏ဆုံးဖြတ်ချက်ကား ပြောင်းလဲမသွားတော့ပေ။ အကြောက် တရားကသာ သူတို့အပေါ် လုံးဝချုပ်ကိုင်အနိုင်ယူသွားပြီ ဖြစ်၏။ ထို့ကြောင့် ကျွန်ုပ် တို့နှစ်ယောက်ထဲ ရှေ့ဆက်ခဲ့ကြရ၏။

ထိုနေ့ညတွင် ကျွန်ုပ်နှင့် ဂျင်မီတို့သည် သစ်ပင်တစ်ပင် ခြေ ရင်းတွင် တစ်ယောက်တစ်လှည့်စီအိပ်ရင်း ကင်းစောင့်ကာ



www.burmeseclassic.com

www.burmeseclassic.com



ကုန်လွှန် စေခဲ့ရ၏။ ညကား တိတ်ဆိတ်မည်းမှောင်လွန်းလှ၏။ တောကလည်း အလွန်ပင် ထူထပ်နက်ရှိုင်းလှ၏။ လက်ရှိအခြေအနေကို တွေးမိတိုင်း တုန်လှုပ်ဖွယ်ကောင်းလှလေ၏။ တောခြင်ကြီးများ၏ တဝီဝီအော်မြည် သံ၊ နာကျင်စူးရှအောင် ကိုက်ခဲမှုတို့ကြောင့် တစ်ညလုံး ကောင်းစွာ အိပ်စက်ခြင်း မပြုခဲ့ရဘဲ မိုးလင်းခဲ့ရ၏။

နံနက် မိုးသောက်သည်နှင့် တစ်ပြိုင်နက် ကျွန်ုပ်တို့သည် နံနက်စာကို ခပ်မြန်မြန် စားသောက်လိုက်ကြပြီးနောက် ခရီးဆက်ထွက် ခဲ့ကြလေ၏။ တောကြီးကား နက်သထက်နက်၍ ထူသထက်ထူထပ် လှ၏။ သစ်ပင်ကြီးများ၊ ချုံနွယ်များသည် တစ်ပင်ကိုတစ်ပင် ရစ်ပတ် ယှက်နွယ်၍ တိုးမပေါက်အောင် ရှိခဲ့၏။ ဤသို့ဖြင့် ကျွန်ုပ်တို့သည် ခက်ခဲလှသော တောတွင်းခရီးကို (၆)မိုင်မျှ ခရီးပေါက်ခဲ့လေ၏။ တစ်ဖက်မှလည်း ကျွန်ုပ်တို့၏ ခရီးဆုံးသို့ ပို၍ နီးကပ်လာပြီဖြစ်၍ ဝမ်းသာအားတက်မိရ၏။ သို့သော်လည်း မှက်၊ ခြင်၊ ယင်၊ ဖြုတ် စသည့် တောတွင်းကပ်ပါးပိုးကောင်များ၏ ကိုက်ခဲမှုကြောင့် စိတ်တိုင်းကျ စိတ်ကူးမယဉ်နိုင်ပေ။ ထိုသို့ ဆက်လက်ပြီး ရှေ့သို့ မှန်မှန်ဆက်လျှောက်သွားကြရာ တစ်နေရာအရောက်တွင် ဂျင်မီက ကျွန်ုပ်၏ လက်မောင်းကို ရုတ်တရက် လှမ်းကိုင်လိုက်ပြီး . . .

"ဟိတ် . . . ဟယ်ရီရေ၊ ကြည့်လိုက်စမ်းပါဦးဗျ"ဟု ဝမ်းသာအားရ ပြောဆိုလာသဖြင့် ကျွန်ုပ်လည်း သူ ညွှန်ပြရာသို့ လှမ်းကြည့်လိုက်သောအခါ ရှေ့ဘက်မြင်ကွင်း၌ ထူထပ်သိပ်သည်း



www.burmeseclassic.com

www.burmeseclassic.com



လှသော ကမ္ဘောဒီးယားတောအုပ်ကြီးကို ကျော်ပြီး ကြည့်လိုက်သောအခါ ရွှေမနီးမဝေး တွင် စိမ်းလန်းစိုပြည်စွာ ရှိနေသော ကွင်းပြင်များအလွန်၌ ပျက်စီး ယိုယွင်းနေသော မြို့တော်ဟောင်းကြီးတစ်ခုကို ရင်သပ်ရှုမောဖွယ်ရာ တွေ့မြင်ကြရလေ၏။

နောက် မိနစ် ၂၀ မျှအကြာတွင်မူကား ကျွန်ုပ်တို့သည် အန် ကောဝပ်မြို့ဟောင်းကြီးအတွင်းသို့ ဝင်ရောက်ကြည့်ရှုခွင့် ရကြလေ တော့၏။ မြို့တော်ကြီးသည် အုတ်တံတိုင်းကြီးများကို ထုထည်ကောင်းစွာ ကာရံထားပြီး ပြဿဒ်များ၊ မုခ်များ၊ မြို့ရိုးကြီးများ၊ တံတိုင်းကြီးများ၊ ရုပ်တုကြီးများကို ချုံနွယ်၊ သစ်ပင်ပိတ်ပေါင်းများ ထူထပ်စွာ ပိတ်ဖုံး ထားသည့်အကြားမှ တွေ့မြင်ကြရ၏။ ကျွန်ုပ်တို့နှစ်ဦးလည်း ရှေးဟောင်း မြို့ပျက်ကြီး၏ အခြေအနေတို့ကို ကြည့်ရှုရင်း လမ်းလျှောက်သွားကြစဉ် အခြားအသံဗလံအားလုံး တိတ်ဆိတ်နေပြီး ကျွန်ုပ်တို့၏ ခြေသံများကိုသာ ပဲ့တင်ထပ်မျှ ကြားနေရလေ၏။ ထိုအခါ ကျွန်ုပ်က . . .

"ကဲ . . . ဂျင်မီ၊ တို့လုပ်ငန်းအတွက် ဘယ်နေရာကစပြီး ရှာရင်ကောင်းမလဲ"ဟု မေးလိုက်ရာ သူလည်း စဉ်းစားရကျပ်ဟန်ဖြင့် အနီးရှိ ဘုရားပရဝုဏ်ကြီးတစ်ခုအတွင်းရှိ ဗုဒ္ဓရုပ်ပွားတော်ကြီးတစ်ဆူကို ငေးစိုက်နေသဖြင့် ကျွန်ုပ်လည်း အဆိုပါနေရာတွင်ပင် ထိုင်ချလိုက်ပြီး အမောအပန်းဖြေရင်း နားလိုက်၏။ ထိုအချိန်တွင် ဂျင်မီသည် မြို့ပျက်ကြီးအတွင်း လှည့်ပတ်ကြည့်ရှုဦးမည်ဟု ပြော၍ ထွက်ခွာသွားလေ၏။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ်လည်း နောက်သို့ လှည့်ကြည့်လိုက်ရာ ဂျင်မီကို အရိပ်အယောင် မျှပင် မတွေ့ရတော့ပေ။ သူ့အား မိနစ်အနည်းငယ်မျှ စောင့်ကြည့်သော်လည်း ပေါ်မလာသဖြင့် ကျွန်ုပ်သည် စိုးရိမ်ပူပန်လာလေ၏။ ထို့ကြောင့် အသံထွက်၍ . . .

"ဂျင်မီရေ . . . ဂျင်မီ၊ မင်း ဘယ်နေရာမှာလဲ"ဟု ဟစ်အော်ခေါ်နေမိ၏။ သို့သော် ကျွန်ုပ်၏ အသံသာ အုတ်နံရံများဖြင့် ပဲ့တင် ရိုက်ခတ်၍ ပြန်လာ၏။ ဤသို့ ထပ်ခါတလဲလဲ အော်ဟစ်ခေါ်ငင်သော် လည်း မည်သည့်တုံ့ပြန်မှုမျှ ပေါ်ထွက်မလာခဲ့ပေ။ ရှေးအန်ကောဝပ် မြို့ဟောင်းကြီးမှာမူ လွန်စွာပင် တိတ်ဆိတ်လျက် ရှိ၏။ ကျွန်ုပ်အဖို့ကား တဖြည်းဖြည်း စိမ့်၍ ကြောက်လာခဲ့၏။ ထို့ကြောင့် ဂျင်မီအား ပြန်တွေ့ရန်အတွက် အပူတပြင်း ရှာဖွေနေပြန်ပါသည်။ သို့သော် အချိန်သာ တရွေ့ရွေ့ကုန်သွားခဲ့၏။ ဂျင်မီကို အစအနမျှ မတွေ့ရပေ။

ထို့ကြောင့် ကျွန်ုပ်၏ ကြောက်ရွံ့စိတ်သည် စက္ကန့်နှင့်အမျှ တိုး၍တိုး၍သာ လာပါတော့၏။ ကျွန်ုပ်၏ စိတ်ထဲ၌ ဂျင်မီသည် အရှင်လတ်လတ် မြေမျိုခံရပြီလောဟုပင် သံသယဖြစ်မိတော့၏။ ထိုနေ့ ညကား နေရထိုင်ရ အခက်ဆုံးပင် ဖြစ်၏။ ညောင်ပင်ကြီးတစ်ပင်၏ အောက်တွင် ရိုင်ဖယ်သေနတ်ကို ပေါင်ပေါ်တင်ရင်း အိပ်စက်ခဲ့ရ၏။ သို့သော် ဤမျှကြီးကျယ်လှသော မြို့ပျက်ကြီးအတွင်းတွင် တစ်ဦးတည်း ရှိနေသည့်အဖြစ်ကို တွေးမိပြီး ကျော်ချမ်းကာ အိပ်တစ်ဝက် နိုးတစ်ဝက်



www.burmeseclassic.com

www.burmeseclassic.com



ဖြင့် ကြောက်ရွံ့ခြင်း၊ ထိတ်လန့်ခြင်း၊ စိုးရိမ်ပူပန်ရခြင်း ဝေဒနာများကို ခံစားရင်း နံနက်လင်းခဲ့ရ၏။

ကျွန်ုပ်၏စိတ်တွင်မူ ဂျင်မီသည် ဤမြို့ပျက်ကြီး အတွင်း၌ မုချမသွေ ရှိကိုရှိနေမည်ဟု တစ်ထစ်ချ ယုံကြည်ယူဆသဖြင့် မတွေ့ တွေ့အောင် ရှာဖွေရန် စိတ်ပိုင်းဖြတ်လိုက်၏။ ထို့ကြောင့် ကျွန်ုပ်သည် မြို့ပျက်ကြီးအတွင်း၌ နေရာလပ်မကျန် မနေမနား ရှာဖွေလေ၏။ သို့သော် ခြေသလုံး ကြွက်သားများသာ တောင့်တင်းလာခဲ့၏။ မတွေ့ခဲ့ပေ။ သို့ပါသော်လည်း ကျွန်ုပ်သည် ဇွဲကိုမလျှော့ဘဲ ဆက်လက်ရှာဖွေမြဲ ရှာဖွေခဲ့လေရာ တစ်နေရာ အရောက်တွင် တစ်စုံတစ်ဦး၏ ညည်းညူနေသော အသံကို သဲကွဲစွာကြားရသဖြင့် ထိုနေရာသို့ ရှာဖွေရလေ၏။ နောက်ဆုံးတွင် ဆိုးရွားသောဒုက္ခများဖြင့် ကြုံတွေ့နေရသည့် ဂျင်မီကို တွေ့မြင်ရလေ၏။

ဂျင်မီအား ချုပ်ပုပ်ထူထပ်စွာ ပေါက်ရောက်နေသည့်နေရာ၌ တွေ့မြင်ရ၏။ သူ၏အဝတ်အစားများသည် စုတ်ပြတ်လျက် တစ်ကိုယ်လုံး သွေးများ လိမ်းကျံပေစွန်းနေကာ ပြင်းထန်သော ဝေဒနာတစ်ရပ်ကို ခံစားရင်း မျက်လုံးအစုံကို မှိတ်ထားလေ၏။ သူသည် နာကျင်စွာ ခံစားနေရသောကြောင့် တစ်ကိုယ်လုံး တွန့်လိမ် ကောက်ကွေးနေလေ၏။ သူ၏ အင်္ကျီနှင့် ဘောင်းဘီမှာ စုတ်ပြတ်၍ သွေးများစွာ ယိုစီးကျနေလေ၏။ ထို့ကြောင့် ကျွန်ုပ်သည် ဂျင်မီနားသွား၍ ဒူးထောက်ထိုင်၍ လိုက်ပြီး ရေဘူးထဲမှ ရေများကို သူ့ပါးစပ်ထဲသို့ လောင်းချပြီး



www.burmeseclassic.com

www.burmeseclassic.com



တိုက်ကျွေးလိုက်လေ၏။ ထိုအခါတွင်မှ ဂျင်မီ၏ မျက်လုံးများ ဖြည်းလေးစွာ ပွင့်လာပြီး . . .

"ကျုပ် . . . ရတနာသိုက်ကို တွေ့ . . . တွေ့ရပြီ၊ ဗုဒ္ဓရုပ်ပွားတော်ကြီးတစ်ဆူရဲ့အနီးမှာ တွေ့ခဲ့ရတာဗျ" ဟု တိုးညင်းသောလေသံဖြင့် ပြောပြလေ၏။ သူ့ကို ကြည့်ရသည်မှာ ဝေနာပြင်းထန်စွာ ခံစားနေရသော်လည်း စိတ်ပျော်ရွှင် လန်းဆန်းနေပုံရရှိလေ၏။

"ဒါတွေကတော့ ဟုတ်ပါပြီ ဂျင်မီရယ်၊ အခု အချိန်မှာတော့ စကားများများ မပြောသင့်ဘူး" ဟု သူ့အား သတိပေးလိုက်၏။ ထို့နောက် ကျွန်ုပ်သည် ဂျင်မီ၏ ညာဘက်လက်ထဲ၌ ဆုပ်ကိုင်ထားသည့် အရာဝတ္ထုများကို သတိပြုလိုက်မိ၏။ ထိုအရာများမှာ ခိုဥသဏ္ဍာန်ရှိသော ကျောက်မျက်ရတနာများကို တွေ့မြင်ရလေ၏။ ထိုအခါ ကျွန်ုပ်က

"ကဲ . . . ဂျင်မီ၊ မင်းလက်ထဲက ရတနာတွေကို ငါ့ကို ပေးထား၊ ငါသိမ်းထားပေးမယ်၊ ခုတော့ မင်းဒဏ်ရာတွေအတွက် ဆရာဝန်နဲ့ ပြမှဖြစ်မယ်"ဟု ပြောလိုက်သောအခါ ဂျင်မီက ခပ်မြန်မြန်ပင် ဟန့်တားလိုက်ပြီး . . .

"နေပါစေ ဟယ်ရီရယ် . . . ကျုပ်အကြောင်း ကျုပ်သိတယ်၊ ဆရာဝန်ခေါ်ပြလဲ ဘာအကြောင်းမှ ထူးမယ်မထင်ဘူး" ဟု ဂျင်မီ တိုးညင်းအားလျော့စွာ ပြောနေသဖြင့် ကျွန်ုပ်လည်း ဂျင်မီ၏ ခြေလက်များကို ငုံ့၍စမ်းသပ်ကြည့်ရှုလေရာ သူ၏



www.burmeseclassic.com

www.burmeseclassic.com



ခန္ဓာကိုယ်အနှံ့အပြားတွင် ကျိုးကြေလျက်ရှိသည်ကို စိတ်မချမ်းမြေ့ဖွယ် တွေ့မြင်ရလေ၏။ ထို့ကြောင့် ကျွန်ုပ်လည်း ကျွန်ုပ်ထံတွင်ရှိသမျှ ဆေးဝါးတို့ဖြင့် ခပ်သုတ် သုတ် ကုသပေးလေ၏။ ထို့နောက် ကျွန်ုပ်က . . .

"ဂျင်မီ မင်းကို တို့စခန်းချတဲ့နေရာဆီကို ခေါ်သွားမယ်"

"မကြောင်နေပါနဲ့ ဟယ်ရီရယ်၊ ငါဟာ ဒီဒဏ်ရာနဲ့ မကြာခင် သေရတော့မှာပါ"ဟု ပြောလာသဖြင့် ကျွန်ုပ်က ဂျင်မီအား ချော့မော့ပြောဆိုပြီး ကျွန်ုပ်တို့ စခန်းချရာနေရာသို့ ခေါ်ဆောင်လာခဲ့၏။ လမ်းတစ်လျှောက်တွင် သူသည် ပြင်းထန်သောဝေဒနာကို ခံစားညည်းညူနေရသဖြင့် ကျွန်ုပ်လည်း ပါရှိလာသည့် မော်ဖင်းဆေးအား ထိုးပေးပြီး စခန်းရောက်အောင် ခေါ်ဆောင်ခဲ့ရ၏။

ကျွန်ုပ်နှင့် ဂျင်မီတို့လည်း မက်ခဲပင်ပန်းကြမ်းတမ်းစွာဖြင့် ချောင်းကလေးတစ်ချောင်း၏ ကမ်းနံဘေးမှ လျှောက်လာခဲ့ကြရာ လမ်းတစ်ဝက်အရောက်တွင် ကျွန်ုပ်တို့၏ လမ်းပြများဖြစ်ကြသော ပစ်တီနှင့် ရေပစ်တို့သည် ကျွန်ုပ်တို့အား စိတ်ပူပန်စွာ စောင့်မျှော်နေကြသည်ကို တွေ့ရလေ၏။ ထို့ကြောင့် သူတို့လည်း ဂျင်မီကို တွဲခေါ်ကာ ထူထပ်လှသော ကမ္ဘောဒီးယားတောတောင်အထပ်ထပ်ကို ဖြတ်ကျော်ခဲ့ကြ လေ၏။

ကျွန်ုပ်တို့ မူလစခန်းချရာနေရာသို့ မရောက်မီ ဂျင်မီ၏ အခြေ အနေကို အကဲခတ်ကြည့်ရာ ရရှိထားသော ဒဏ်ရာများ



www.burmeseclassic.com

www.burmeseclassic.com



အတော်ပြင်းထန်သဖြင့် လွန်စွာပိန်ချုံးလျက်ရှိကြောင်း တွေ့ရ၏။ သူ၏ကိုယ်အလေးချိန်မှာ ပေါင် ၉၀ လောက်သာရှိတော့ကြောင်း တွေ့ရ၏။ ကျွန်ုပ်တို့ စခန်းချရာနေရာသို့ ရောက်ရှိကြသောအခါ ဂျင်မီ၏ဒဏ်ရာကို အစွမ်းကုန် ကုသပေးပြီး ကောင်းစွာအနားယူစေလေ၏။ ထို့အပြင် လမ်းပြတို့က ခေါ်လာသည့် ဒေသခံ တိုင်းရင်းသားတို့ကလည်း သူတို့၏ ရိုးရာဆေးဝါးများဖြင့် အထူး ကုသပေးကြ၏။

ကျွန်ုပ်မှာမူကား လွန်စွာမှပင် ပင်ပန်းနွမ်းနယ်လှသောကြောင့် အိပ်စက်အနားယူရလေ၏။ ကျွန်ုပ် အိပ်ရာမှ နိုးလာချိန်တွင် ဂျင်မီသည် ယခင်ကလောက် ဝေဒနာကို ပြင်းပြင်းထန်ထန် မခံစားရတော့ပဲ အတော်ပင် နေသာထိုင်သာရှိနေသည်ကို တွေ့ရ၏။ ထို့ကြောင့် ကျွန်ုပ်တို့လည်း ဂျင်မီ၏ ပေကျံစုတ်ပြတ်နေသည့် အဝတ်အစားတို့ကို လဲလှယ်ပေးကြလေ၏။

ဤသို့ဖြင့် တောစခန်းတွင် အချိန် ၃ ရက်မျှ ကြာပြီးနောက် ဂျင်မီသည် ဒေသခံတို့၏ အထူးကြပ်မတ်ကုသပေးမှုကြောင့် အတော်ပင် လျှောက်နိုင်သွားနိုင် အခြေအနေသို့ ရောက်ရှိခဲ့လေ၏။ သို့သော် သူ၏ အတွင်းကြေဒဏ်ရာများကား ပျောက်ကင်းမှု မရှိသေးပေ။ ဂျင်မီသည် သူ၏ဝေဒနာများ အတော်အတန် သက်သာမှုရလာသဖြင့် သူကြုံတွေ့ရသော အတွေ့အကြုံများ ပြန်ပြောင်းပြောပြလေ၏။



www.burmeseclassic.com

www.burmeseclassic.com



သူသည် ကျွန်ုပ်နှင့်ခွဲပြီး မြို့တောင်ဘက်ကြီးအတွင်း ဝင်သွားသောအခါ တဖြည်းဖြည်း လမ်းလျှောက်ဝင်သွားရင်း တစ်နေရာ၌ ကျောက်ပြားတစ်ချပ်ကို အမှတ်မဲ့ တက်နင်းမိပြီး အောက်သို့ လိမ့်ကျသွားခဲ့လေ၏။ ထို့နောက် သူသည် လေဟာနယ်ထဲသို့ ကျသွားသည်ဟု ထင်မိ၏။ နောက်ဆုံးတွင် တစ်စုံတစ်ရာဖြင့် ဆောင့်မိသွား၏။ ထိုအခါ သူသည် ကြောက်အားလန့်အားဖြင့် လက်ထဲရှိ ပစ္စတိုမောင်း ခလုတ်ကို ညှစ်ချလိုက်ရာ ကျည်ဆန်ထွက်သွားပြီး မြည်ဟိန်းသွား၏။ သူသည် အဆိုပါ အမှောင်ထုထဲ ကျသွားသောအခါ အော်ဟစ်အကူ အညီတောင်းသော်လည်း ကျွန်ုပ်အနေဖြင့် ကြားနိုင်ခြင်းမရှိသဖြင့် သူ့ အား မကူညီနိုင်ဖြစ်ခဲ့ရလေ၏။ ထို့နောက် ဆက်လက်ပြီး ဂျင်မီဆန်းဒါး က . . .

"ကျွန်တော်လဲ အောက်ရောက်တော့ လက်နှိပ်ဓာတ်မီးနဲ့ ထိုးကြည့်ပြီး ရှေ့ကို တဖြည်းဖြည်း လျှောက်သွားခဲ့ပါတယ်၊ အဲဒီအချိန်မှာ လေဟာတစ်နေရာက တိုက်နေတာကို ခံစားမိတာနဲ့ စိတ်ထဲမှာတော့ အဲဒီဘက်မှာ အပေါက်တစ်ပေါက်ရှိရမယ်လို့ တွေးမိပါတယ်၊ ကျွန်တော့်ဘေးပတ်လည်မှာတော့ နံရံကြီးတွေကာထားတာ တွေ့ရပါတယ်၊ အဲဒီနေရာတွေတစ်ခုလုံးများ မြွေတွေအတော်များများပဲ တွေ့ရပါတယ်၊ ဒီမြွေတွေက လွတ်အောင် မနည်းရှောင်ပြီး ပြေးလွှားထွက် ရပါတယ်၊ ကျွန်တော့် လက်ထဲက သေနတ်ကိုလဲ သတိနဲ့မြဲမြဲကိုင်ပြီး အသင့်ပြင်ထားရတယ်၊ အဲဒီလမ်းတစ်လျှောက်လုံးဟာ ကျောက်တုံးတွေကို စီပြီးခင်းထားတဲ့ စကြံလမ်းတစ်ခုကို ရောက်ပါတယ်၊ အဲဒီလမ်းတစ်လျှောက်ကို တည့်တည့်စွတ်ပြီးပြေးထွက်လာရင် တစ်နေရာ



www.burmeseclassic.com

www.burmeseclassic.com



ရောက်တော့ ကျောက်သားကို ထွင်းထုထားတဲ့ ဗုဒ္ဓရုပ်ပွားတော် တစ်ဆူကို တွေ့လိုက်ရပါတယ်၊ ဒါနဲ့ ကျွန်တော်လဲ လက်နှိပ် ဓာတ်မီးနဲ့ သေသေချာချာ ထိုးကြည့်တော့ ထူးခြားလှတဲ့ အခြင်း အရာတစ်ခုကို တွေ့မြင်လိုက်ရ ပြီးတော့ ခြေလှမ်းတွေ တုန့်ခနဲ ဖြစ်သွားတယ်"

"ဘာဖြစ်လို့လဲဆိုတော့ အဲဒီ ဗုဒ္ဓဆင်းတုတော်ကြီးရဲ့ ရှေ့တော် မှောက်မှာ အရောင်တွေ တပြိုးပြိုးတပျက်ပျက်နဲ့ လက်နေတဲ့ ကျောက်သံ ပတ္တမြားအပုံကြီးကို တွေ့လိုက်ရတယ်၊ ကျွန်တော်ရဲ့လက်နှိပ်ဓာတ်မီး အရောင်အောက်မှာ ရတနာ တွေဟာ တလက်လက်ဖြစ်နေတယ်၊ အဲဒီ အချိန်မှာပဲ တရှီးရှီး အသံကြီးတစ်သံကို ကြားလိုက်ရပါတယ်၊ တဖြည်း ဖြည်းနဲ့ အဲဒီအသံဟာ ကျွန်တော့်ဘက်ကို နီးသထက်နီးလာတယ်၊ အဲဒီ တော့ ကျွန်တော်လဲ အသံကြားရာကို လက်နှိပ်ဓာတ်မီးနဲ့ ထိုးကြည့်လိုက်တော့ လား. . . လား . . . ရောမမြွေကြီး တစ်ကောင် ဖြစ်နေတာကိုးဗျ၊ ဒီမြွေကြီးဟာ မြွေဟောက်လို ပါးပျဉ်းထောင်ထားပြီး၊ စပါးကြီး မြွေထက်လဲ အများကြီး ကြီး တယ်၊ ခမာလူမျိုးတွေရဲ့ ဒဏ္ဍာရီထဲက မြွေနဂါးကြီးထင်ပါရဲ့ ဗျာ . . . မြွေကြီးဟာ မျက်လုံးစိမ်းစိမ်းကြီးတွေနဲ့ ပါးပျဉ်းထောင် ခေါင်းရမ်းပြီး ပြေးလိုက်လာတယ်၊ မီလဲလာရော ကျွန်တော့်ကို လိုက်ပေါက်တော့တာပဲ၊ ကျွန်တော်လဲ နံဘေးကို ရှောင်လိုက်တဲ့ အချိန်မှာ လက်နှိပ်ဓာတ်မီးလဲ လက်ထဲက လွတ်ကျသွားတယ်၊ အဲဒီ လက်နှိပ်ဓာတ်မီးရဲ့ မီးရောင်ကလဲ ကံအားလျော်စွာပဲ



www.burmeseclassic.com

www.burmeseclassic.com



မြွေနဂါးကြီးကို တည့်တည့်ထိုးမိရက်သား ဖြစ်နေတယ်၊ ဒါနဲ့ ကျွန်တော်လဲ လက်ထဲမှာ ရှိတဲ့ သေနတ်နဲ့ မြွေကြီးကို နှစ်ချက်လောက် လှမ်းပစ်လိုက်ပြီး ဆက်ထွက်ပြေးတာပေါ့၊ မြွေကြီးတလဲ နောက်ကနေပြီး တစ်ခါကပ်လိုက်လာပြန်တယ်၊ ကျွန်တော်လဲ မှောင်မှောင်မည်းမည်းထဲမှာ အသက်လုပြီး အားကုန်ပြေးခဲ့ရတယ်၊ ကျွန်တော်လဲ ပြေးရင်းက မြွေကြီးကို သေနတ်နဲ့ လှည့်ပစ်တယ်၊ ပစ်ရင်း ကျည်ကုန်သွားလို့ ကျည်ဆန်ထပ်ဖြည့်ရသေးတယ်၊ ကျွန်တော် ဘယ်လောက်ပဲ သေနတ်နဲ့ပစ်ပစ်ပါပဲဗျာ၊ နောက်တော့ မြွေကြီးက ကျွန်တော့်ကို မီလာပြီး ရစ်ပတ်ဖျစ်ညှစ်တော့ တာပါပဲဗျာ၊ ကျွန်တော်လဲ ခွန်းအားရှိသမျှ ဖျစ်ညှစ်ရုန်းပြီး ထွက်ပြေးရတာပဲပေါ့ဗျာ၊ ဒါပေမယ့် တစ်ကိုယ်လုံး နာကျင်ကိုက်ခဲလွန်းလို့ ခြေထောက်ကို အနိုင်နိုင်သယ်ပြီး ပြေးခဲ့ရတယ်၊ ပထမတော့ မြွေနဂါးကြီး ရစ်ပတ်ဖျစ်ညှစ်လို့ အရိုးတွေ ကြေမွသွားပြီလို့ ထင်မိသေးတယ်၊ နောက် တော့ ထွက်ပေါက်တစ်ခု တွေ့တာနဲ့ အပြင်ကို အသည်းအသန် ထွက်ခဲ့ရတယ်"

"အဲဒီလိုနဲ့ ကျွန်တော် မြွေနဂါးရန်က လွတ်ခဲ့တယ်၊ ကျွန်တော်နဲ့အတူ ရတနာသိုက်ထဲက ပစ္စည်းအချို့ ယူလာနိုင်ခဲ့တယ်၊ ဒီရတနာ တွေကလဲ မြွေကြီးနဲ့ မတွေ့ခင်ကလေးတင်က ယူထားမိလိုက်လို့ ပါလာတာပဲ၊ နောက်တော့ ကျွန်တော်လဲ တဖြည်းဖြည်း တရွတ်ဆွဲပြီး လမ်းလျှောက်သွားတာ တောစပ်ရောက်တော့ သတိလက်လွတ် ဖြစ်သွားတယ်၊ နောက်တော့ ခင်ဗျားနဲ့ တွေ့ရတာပဲဗျ"



www.burmeseclassic.com

www.burmeseclassic.com



ဤအဖြစ်အပျက်ကား ကျွန်ုပ်၏မိတ်ဆွေ ဂျင်မီဆန်းဒါး ပြန်ပြောပြသော သူ၏အန်ကောဝပ်ရတနာသိုက် အတွေ့အကြုံပင် ဖြစ်၏။

နောက်တစ်နေ့တွင် ကျွန်ုပ်နှင့် ဂျင်မီတို့ ပီနန်သို့ ပြန်ခဲ့ကြ၏။ ပီနန်ရောက်သောအခါ ဆရာဝန်များဖြင့် အထူးကြပ်မတ်ကုသပါသော်လည်း ရရှိလာသော ဒဏ်ရာက ပြင်းထန်လွန်းသဖြင့် အဖျားဝင်လာလေ၏။ ထိုမှတစ်ဖန် ကျွန်ုပ်သည် ဂျင်မီဆန်းဒါးအား ဆိုင်ဂုံမြို့ အရောက် ပြန်ခေါ်လာပြီး ဆေးရုံတင်၍ ဆေးကုပြန်၏။ နောက်ဆုံး၌ ဂျင်မီဆန်းဒါးသည် ဆိုင်ဂုံဆေးရုံပေါ်၌ပင် ဝေဒနာကို အပြင်းအထန် အလူးအလဲခံစားရင်း သေဆုံးသွားပါတော့၏။

နောက် သီတင်းနှစ်ပတ်ခန့်အကြာတွင် ကျွန်ုပ်သည် ဖိလစ်ပိုင်နိုင်ငံ မနီလာမြို့သို့ ရောက်ရှိခဲ့၏။ ဂျင်မီဆန်းဒါး၏ ရတနာများကို ရောင်းချလိုက်သောအခါ ဒေါ်လာ ခြောက်သိန်းနီးပါး ရရှိခဲ့လေ၏။ အဆိုပါငွေအား တစ်ဝက်ခွဲ၍ ဂျင်မီဆန်းဒါး၏ မိခင်ကြီးထံသို့ ပေးပို့ခဲ့ပါသည်။

ကျွန်ုပ်သည်ကား နောက်နောင်တွင် မြွေနဂါးကြီးများ စောင့်ကြပ်သည့် အန်ကောဝပ်ရတနာသိုက်ကို နောက်တစ်ကြိမ်သွားရန် စိတ်ပင် မကူးရဲတော့ပေ။

**From A.A.T Magazing**

**by Alice Perrin**

◆ ● ◆

**ပြီးချမ်းစာအုပ်တိုက်**

www.burmeseclassic.com